www.burmeseclassic.com

မောင်ထင်

# အတွေးပဒေသာ

BURMESE CLASSIC .com

ပါရမီ
စာပေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| • | နိဒါန်း | ၅ |
| ၁။ | ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာ လူငယ်များအသင်း | ၁၁ |
| ၂။ | ရှေးခေတ်က သာသနာကို တည်ဆောက်ပုံ | ၁၉ |
| ၃။ | ဝေယျာဝစ္စဒါန | ၃၁ |
| ၄။ | စရဏတရား | ၃၅ |
| ၅။ | ဘီလပ်ရှင်ပြု | ၃၉ |
| ၆။ | ရှင်ပြုခြင်းအနှစ်သာရ | ၄၂ |
| ၇။ | နိုင်ငံခြားသာသနာပြု မြန်မာ ရဟန်းတော်များ | ၅၆ |
| ၈။ | နွံအတ္တမြှုပ်ထိ | ၇၀ |
| ၉။ | လေနှင့်အတူ | ၇၄ |
| ၁၀။ | လူငယ်နှင့် စီးကရက် | ၇၇ |
| ၁၁။ | လူမှုဝန်ထမ်းလုပ်ငန်း | ၈၁ |
| ၁၂။ | ကျောင်းသားနှင့် မူးယစ်ဆေးဝါး | ၈၅ |
| ၁၃။ | စာပေ ကျေးဇူးရှင်ကြီးများ | ၈၉ |
| ၁၄။ | နောင်ကာန်ရိပ်သာ | ၉၄ |
| ၁၅။ | ချစ်ခြင်းမေတ္တာကို ကလေးတို့မြင်ကြပုံ | ၁၀၅ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၆။ | သုံးပါးရတနာ | ၁၂၁ |
| ၁၇။ | ပုဏ္ဏာစဝိယ | ၁၂၆ |
| ၁၈။ | ဂါရဝတရား | ၁၃၅ |
| ၁၉။ | ဝီယဝါစာ | ၁၄၁ |
| ၂၀။ | မေတ္တာသည်သာလျှင် | ၁၄၈ |
| ၂၁။ | မနောကံ | ၁၅၇ |
| ၂၂။ | ရှေးလူကြီးနှင့် နှောင်းလူငယ် | ၁၆၁ |
| ၂၃။ | ကျွန်တော်၏ ငယ်ဆရာများ | ၁၆၉ |
| ၂၄။ | ဘွဲ့ရသောအခါ ပညာရှာ | ၁၈၁ |
| ၂၅။ | ငယ်စဉ်အခါ ပညာရှာ | ၁၈၆ |
| ၂၆။ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မိဘတို့တာဝန် | ၁၉၈ |
| ၂၇။ | ပရဟိတလုပ်ငန်း | ၂၀၁ |
| ၂၈။ | သတ္တလောက | ၂၀၉ |
| ၂၉။ | ဗုဒ္ဓိုလ်နှံ | ၂၁၇ |
| ၃၀။ | ပြောင် | ၂၂၄ |


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကျွန်တော်သည် မြန်မာစာသင်ပုန်းကြီးကုန်အောင် သင်ပြီးမှစ၍‘အယ်ဒီတာ’ ဖြစ်ချင်သည်။ အယ်ဒီတာဆိုသောစကားမှာ အင်္ဂလိပ်စကားဖြစ်၍ ငယ်ရွယ်သော ထိုကာလ၌ ထိုစကားကို ဘာစကားမှန်း မသိပါ။ သို့သော် ဖခင်ဖြစ်သူက သူ့ဝါသနာအလျောက် သူရိယသတင်းစာကိုဖတ်ပြီး သတင်းထူးလျှင် အိမ်နီးချင်းတို့ကိုဖိတ်၍ စာပေဝိုင်းပြုလုပ်လေ့ရှိသဖြင့် အယ်ဒီတာဆိုသည်မှာ သတင်းတို့ကို စုဆောင်းပုံနှိပ် ထုတ်ဝေရောင်းချသူဟု ကျွန်တော် ရေးတေးတေးနားလည်ပါသည်။ ထို့ကြောင့် ‘ငါ ကြီးလာရင် အယ်ဒီတာလုပ်မယ်’ ဟု စိတ်ထဲမှာကျိတ်ပြီး ရည်ရွယ်ခဲ့ပါသည်။ သို့သော် ကြီးပြင်းလာ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ၊ ဝတ္ထု စသည်တို့ကို ကောင်းစွာဖတ်တတ်သောအခါ သတင်းစာလုပ်ငန်းထဲသို့ မည်သည့်အပေါက်မှ ဝင်ရောက်မှန်း မသိသောကြောင့် ရှေးဦးစွာ မိမိငယ်စဉ်က ပညာသင်ယူခဲ့သော မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းတွင် လစာထက်ဝက်ကိုလျှော့၍ အထက်တန်းပြကျောင်းဆရာ လုပ်ခဲ့ပါသည်။ အမြဲလုပ်ရန် စိတ်မကူးခဲ့ပါ။ သို့သော် ထိုခေတ်က သဘာဝအတိုင်း မြို့အုပ်စာမေးပွဲဟုခေါ်သော စာမေးပွဲကို ဝင်၍ဖြေရန် သူငယ်ချင်းများက

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်း၍ ထိုစာမေးပွဲအတွက် လျှောက်လွှာတင်ပြီး စာမေးပွဲဝင်ခငွေကြေးကို ပေးဆောင်ခဲ့ပါသည်။ ထိုစဉ်က မြို့အုပ်စာမေးပွဲဟု ခေါ်သော စားမေးပွဲမှာ မြို့အုပ်အလုပ်နှင့် နယ်ပိုင်အလုပ် နှစ်ခုအတွက် ပေါင်း၍ ဖြေဆိုရသော စားမေးပွဲ ဖြစ်သည်။ တစ်ခုနှင့်နေရာမကျလျှင် နောက်တစ်ခုကို ချိတ်နိုင်သောကြောင့် ကျွန်တော်သည် ထိုစာမေးပွဲကိုဝင်၍ လက်တည့်စမ်းလိုက်ပါသည်။

ထိုစဉ် သတင်းစာလောကထဲမှာ 'နျူးဘားမား'* ဟုခေါ်သော အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် သတင်းစာသည် မြန်မာနိုင်ငံသားတို့၏ အာဘော်ကို ထုတ်ဖော်ပေးသော သတင်းစာ ဖြစ်သည်။ များသောအားဖြင့် ကျွန်တော်ကဲ့သို့သော လူငယ်များက နှစ်ခြိုက်စွာ ဖတ်ရှုကြပါသည်။ ထို့ကြောင့် ထိုနျူးဘားမားသတင်းစာတိုက်သို့ သတင်းစာလုပ်ငန်းအတွက် လျှောက်လွှာတင်လိုက်ပါသည်။

နျူးဘားမားသတင်းစာတိုက်ကို ထုတ်ဝေသူမှာ ဂျပန်ခေတ်က မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံတွင် သံအမတ်အဖြစ်ဖြင့်ဆောင်ရွက်ခဲ့သူ ဒေါက်တာသိန်းမောင် ဖြစ်သည်။ ကျွန်တော့လျှောက်လွှာကိုရသော ဒေါက်တာသိန်းမောင်က ကျွန်တော့ကိုခေါ်ယူ၍ ထုံးစံအတိုင်း မေးမြန်းပါသည်။ အထူးပြု၍ မေးမြန်းသောအချက်မှာ နျူးဘားမားသတင်းစာမှာ အလုပ်လျှောက်ဘိသကဲ့သို့ အခြားမှာ မည်သည့်အလုပ်များ လျှောက်ထားပါသလဲဟု မေးသည်။ ကျွန်တော်က အမှန်အတိုင်းပင် မြို့အုပ်စာမေးပွဲဝင်ရန် လျှောက်လွှာတင်ထားကြောင်း မကွယ်မဝှက် ဖြေလိုက်ပါသည်။ စင်စစ် ကျွန်တော်က မြို့အုပ်၊ ဝန်ထောက်စာမေးပွဲကို ဝင်ထားကြောင်း အမှန်အတိုင်းမပြောဘဲနေလျှင်လည်း ကိစ္စမရှိပါ။ သို့သော် ကျွန်တော်သည် မှန်သည်ကို ကွယ်ဝှက်၍ မပြောတတ်ပါ။ ထိုအခါ ဒေါက်တာသိန်းမောင်က အလိမ္မာနှင့် 'မြို့အုပ်စာမေးပွဲ မအောင်လျှင် လာခဲ့ပါ' ဟုကြွေတစ်ခွဲသားနှင့် ပြောပါသည်။

* New Burma

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဒေါက်တာသိန်းမောင် ပြောစကားများကို များစွာ နှစ်ခြိုက်ပါသည်။ မြို့အုပ်စာမေးပွဲမအောင်လျှင် ဈေးဘားမားမှာ သတင်းစာဆရာဝင်လုပ်မယ်’ ဟု စိတ်ကူးပြီး အလုပ်လျှောက်ခဲ့ခြင်း ဖြစ်သည်။ ဒေါက်တာသိန်းမောင်ကလည်း မြို့အုပ်စာမေးပွဲအောင်သူသည်‘ဈေးဘားမား’ တိုက်ဝင်ပြီး အယ်ဒီတာလုပ်တော့မည်မဟုတ်ဟု နားလည်ထားပြီး ဖြစ်ပါလိမ့်မည်။ သို့သော် လူကြီးပီပီ အလိမ္မာသုံး၍ ပြောလိုက်သည်။ ကျွန်တော့စိတ်ထဲမှာ မြို့အုပ်စာမေးပွဲကျသော်လည်း အရေးမကြီး။ စာမေးပွဲ မအောင်လျှင် လာခဲ့ပါဟုဆိုခြင်းသည် အားရစရာကောင်းသော စကားဖြစ်သည်ဟု အောက်မေ့ပါသည်။

အတိုချုပ်ပြောရလျှင် ကျွန်တော်သည် မြို့အုပ်လုပ်ငန်းအတွက် အောင်မြင်၍ အရွေးခံရပါသည်။ အစိုးရအမှုထမ်းဘဝ၌ ကျင်လည်ခဲ့ရသောအခါ ဝါသနာကိုမစွန့်နိုင်သောကြောင့် စာအမျိုးမျိုးကိုရေးသားခဲ့ရာ ကျွန်တော့မိတ်ဆွေ သူငယ်ချင်းများ၏ လောကထဲတွင် ကျွန်တော့စာများသည် အမျိုးမျိုး ဝေဖန်ခြင်းကို ခံရပါသည်။ အချို့က ကျွန်တော့စာကို ရယ်ကြသည်။ အချို့က အမြင်ကတ်ကြသည်။ အချို့က ဖောက်ပြန်သောမင်းမှုထမ်းဘဝကို ကလိမိသောအခါ စာဖွဲ့ခြင်းလုပ်ငန်း၌ အန္တရာယ် ဖြစ်တတ်သောကြောင့် ကျွန်တော့ကို သတိပေးကြသည်။ သို့သော် ကျွန်တော်သည် စာပေလုပ်ငန်းကိုမှီ၍ ပုဂ္ဂိုလ်စွဲ အာဃာတဖြင့် ကဲ့ရဲ့သကြိုဟ် စကားတင်း မဆိုတတ်ပါ။ နုစဉ်အခါက မတော်တာကို မြင်လျှင် ရယ်ချင်သောဝါသနာကြောင့် ရာမရာ တော်မတော် မစဉ်းစားမိဘဲ အမြင်မတော်လျှင် ကလောင်နှင့် ကလိပါသည်။ ဤသို့ကလိသည်မှာ ရယ်စရာ သက်သက်ရေးခြင်းဖြစ်သည်ဟု ယူဆပါသည်။ ပုဂ္ဂိုလ်စွဲ အာဃာတဖြင့် ကျွန်တော်ရေးခြင်း မဟုတ်ပါ။ ကျွန်တော်သည် စာဖတ်တတ်သောအရွယ်သို့ ရောက်သောအခါ ကျွန်တော့ဖခင်၏ ကျေးဇူးကြောင့် မစ္စတာ မောင်မှိုင်း အမည်ဖြင့် ဖွဲ့နွဲ့ရေးသားသော စာများကို ဖတ်ရှုခွင့်ရသောအခါ ထိုပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ရေးဟန်နှင့် လေသံကို အလွန်သဘောကျပါသည်။ များသောအားဖြင့် ထိုခေတ်က လူကြီးများ၏ ဟာသစာတ်နှင့် ဟာသအဖွဲ့အနွဲ့တို့ကို နှစ်ခြိုက်၍ ယင်းတို့ကို တက္ကသိုလ်ကျောင်းသားအရွယ် ရောက်သည့်တိုင်အောင် အစဉ်တစိုက် လေ့လာခံပါသည်။ အထူးသဖြင့် တက္ကသိုလ်သို့ ရောက်သောအခါ ကျွန်တော်အလွန်နှစ်ခြိုက်သော အဖွဲ့အနွဲ့တို့မှာ မြန်မာစာပေသမိုင်း၌ ထင်ရှားသော ရကန်အဖွဲ့ထဲတွင် အကျုံးဝင်သည်ကို မြန်မာစာဌာန ကထိကဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၏ မြန်မာစာပေ ပို့ချချက်များတွင် ကြုံတွေ့ရပါသည်။ ထိုစဉ်က ကျွန်တော်သည် မူလက ဆေးတက္ကသိုလ်ဝင်ရန် ရည်ရွယ်ချက် ရှိခဲ့သော်လည်းငှင်းရည်ရွယ်ချက်ကို စွန့်လွှတ်၍ မြန်မာစာ၊ အင်္ဂလိပ်စာပေနှင့် အရှေ့တိုင်းသမိုင်းတို့ကို ဝိဇ္ဇာတန်းအတွက် ယူခဲ့ပါသည်။ ထိုအခါ အင်္ဂလိပ်စာပေ ဘာသာရပ်၌ ပြဋ္ဌာန်းထားသော စကားပြေအဖွဲ့နှင့် ကဗျာအဖွဲ့တို့ကို သင်ယူရပါသည်။ အင်္ဂလိပ်စာပေတွင် ဆတ်တိုင်းယား*အဖွဲ့သည် ကျွန်တော် စာပေစိတ်ကို နှိုးဆွပေးပါသည်။ မြန်မာစာကထိက ဆရာကြီးဦးလင်းက မြန်မာစာပေ၌ ထင်ရှားသော ရကန်အဖွဲ့ကို ပို့ချသောအခါ ယင်းအဖွဲ့သည် အင်္ဂလိပ်စာပေ၌ရှိသော ဆတ်တိုင်းယားအဖွဲ့နှင့် အလားတူဖြစ်သည်ဟု ကျွန်တော်တို့ တပည့်များက မှတ်သားကြရပါသည်။ ကျွန်တော်သည် အင်္ဂလိပ် ဆတ်တိုင်းယားအဖွဲ့၌လည်းကောင်း၊ မြန်မာရကန်အဖွဲ့၌လည်းကောင်း အထူးဝါသနာပါပါသည်။ ထိုဝါသနာကြောင့် ကျွန်တော်ဖွဲ့နွဲ့သော အရေးအသားများတွင် အင်္ဂလိပ်လို ဆတ်တိုင်းယားခေါ် အဖွဲ့အနွဲ့မျိုးနှင့် မြန်မာလို ရကန်အဖွဲ့အနွဲ့မျိုး၏ ဩဇာလွှမ်းမိုးလျက်ရှိပါသည်။ မြန်မာစာပေ လိုက်စားသူတို့က ထိုဆတ်တိုင်းယားနှင့်တူသော မြန်မာပုံစံကို 'သရော်စာ' ဟု ခေါ်ဝေါ်နေကြပါသည်။ သို့သော် ယင်းသရော်ခြင်းသည် သာမည ကရော်ကရော် မဟုတ်ပါ။ လောကကြီးတစ်ခုလုံးကို သရော်သော

*Satire

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ် ရှိပါသည်။ လောကထဲတွင် လူရှိပါသည်။ ထို့ကြောင့် လူ့လောကကို သရော်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် 'သရော်' ဟူသော ဝေါဟာရမှာ မပြည့်စုံဟု ထင်သည်။ စင်စစ် ယင်းမှာ 'ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုခြင်း' ဖြစ်သည်။ အင်္ဂလိပ်စာပေတို့၌ သူတို့ ရည်ရွယ်သော 'ထေလုံး ငေါ်လုံး' က တစ်မျိုး၊ မြန်မာစာပေ၌ 'ထေ့ပုံ ထေ့နည်း' က တစ်မျိုး၊ ဖွဲ့နွဲ့ပုံ ထပ်တူထပ်မျှ မဟုတ်သောကြောင့် 'ဆတ်တိုင်းယား'ကို ရကန်ဟု အတိအကျ မပြောလိုပါ။ သို့ရာတွင် လူ့လောကထဲမှာ လူ့အဖြစ်အပျက်တို့ ဖောက်ပြန်ပုံကိုလေ့လာလျှင် လူလျှင်လူချင်းအတူတူဟု ဆိုနိုင်ပါသည်။ လောကတစ်ခုလုံးကို ဟာသဟု မြင်ပုံမြင်နည်းမှာ လူလျှင်လူချင်း အတူတူဟုပြောလျှင် ရနိုင်ပါသည်။ ထို့ကြောင့် အနက်အဓိပ္ပာယ် ပေါ်အောင် ပြောကြစို့ဟုဆိုလျှင် 'လောကသရော်စာ' ဟုပြောလျှင် ရိုင်းလိမ့်မည်မထင်ပါ။ ယေဘုယျအားဖြင့် ထိုဝေါဟာရကို ပစ္စုပ္ပန်ကို ကိုယ်စားပြုနေကြသော လူငယ်တို့သည် နှစ်ခြိုက်စွာ အသုံးပြုနေကြပါသည်။ နောင်အခါတွင် ယခုထက် အဓိပ္ပာယ်ရှိသော ဝေါဟာရကို အနာဂတ်တွင် ရှာ၍ ရနိုင်လိမ့်မည်ဟု မျှော်လင့်လိုပါသည်။

ယခုကျွန်တော် နိဒါန်းသွယ်နေသည်မှာ ခေတ်ဟောင်းမှ ခေတ်သစ်သို့ ရွေ့လျားလာသောအခါ ကျွန်ုပ်တို့တွေ့နေရသော စာပေဂန္ထဝင်၏ အပြောင်းအလဲများကို ရှင်းလင်းတင်ပြ၍ အနာဂတ်တွင် ကျွန်ုပ်တို့ ကြုံရဦးမည့် စာပေဆိုင်ရာကိစ္စတို့ကို နိဒါန်းသဖွယ် ညွှန်းဆိုနေခြင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကျွန်တော်တို့၏ စာပေအဖွဲ့အနွဲ့များ၏ တိုးတက်ရာ တိုးတက်ကြောင်းကို မှန်းဆခြင်းပင် ဖြစ်သည်။ ဤအချက်သည် စာပေ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးပါသည်။ သို့သော် အလားတူ အရေးကြီးသော အချက်တစ်ခုမှာကား စာပေကြောင့် လူမျိုး၏ စာရိတ္တဖွံ့ဖြိုးတိုးတက်ခြင်းပင် ဖြစ်သည်။ အမှန်မှာ ဤစာတိုပေစသည် ကျွန်ုပ်တို့တက်လူများ၏ တိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ရန် ရည်သန်သော အာသီသများကို ညွှန်ပြထားသည်ဟု ဆိုနိုင်ပါသည်။ ဤအချက်သည် စာရေးသူ၏ဆန္ဒ ဖြစ်ပါသည်။ ထိုဆန္ဒဖြင့် လူငယ်သည် လူကြီးဖြစ်အောင် မည်သို့ ကြိုးပမ်းရသည် ဆိုသည်ကို ဤစာတိုပေစက အကြမ်းအားဖြင့် ဖော်ပြထားပါသည်။ ဤအချက်ကို စာရှုသူတို့က ဂရုဓမ္မပြု၍ ရှာဖွေဖတ်ရှုလျှင် တွေ့နိုင်ပါလိမ့်မည်။ ဤကိစ္စ၌ အထွေအထူး အကျယ်ချဲ့၍ ဖော်ပြစရာမလိုဟု ထင်ပါသည်။ ဤဆောင်းပါးစုကို ဖတ်ရှုရင်းနှင့် လူငယ်သည် မိမိ၏စာပေအဖွဲ့အနွဲ့ကို ခိုင်မာအောင် ပြုစုပျိုးထောင်ပြီးလျှင် အတွေးအခေါ် ရင့်သန်လာလိမ့်မည်ဟု ကျွန်တော်၏ အာသီသ မဖြစ်မြောက်သေးဟု ယူဆလျှင် ဝါသနာအလျောက် ဖြစ်မြောက်အောင် ကြိုးစားပါဦးမည်။ ရယ်စရာဟု ရေးရင်းနှင့် အမြင်ကတ်စရာ ဖြစ်လာလျှင် ကျွန်တော်၏ ချွတ်ယွင်းချက်ဟု မှတ်ယူကြပါ။ ကျွန်တော်ကား အများနားဝင်အောင် ကြိုးစားသွားပါမည်။ ကျွန်တော့မှာ လူ့လောကကြီးကို အကြောင်းမဲ့ အပြစ်ဆိုရန် ဆန္ဒမရှိပါ။ ပြုပြင်လိုသော အာသီသသာ ရှိပါသည်။ ဤ အာသီသ မပြည့်ဝလျှင် ပြည့်ဝအောင် ကြိုးစားပါဦးမည်။

ဤဆောင်းပါးများကို တစ်စုတစ်ပေါင်းတည်း တင်ပြရာ၌ မူလက မဂ္ဂဇင်းအသီးသီးတွင် ရက်စွဲနှင့်တကွ တင်ပြခဲ့သော အစဉ်အလာအတိုင်း တင်ပြရန် စိတ်ကူးခဲ့ပါသည်။ သို့ရာတွင် ဆောင်းပါးများမှာ သူ့နေရာနှင့်သူ တစ်မျိုးစီ တစ်မျိုးစီ ဖြစ်နေသောကြောင့် အမျိုးချင်းမတူရာ တူရာကို တစ်ပေါင်းတည်း တင်ပြလျှင် ပို၍သင့်မြတ်မည်ဟု ယူဆသောကြောင့် မူလဆောင်းပါးများ၏ ရက်စွဲကို ပဓာနမထားဘဲ သဘောချင်း တူရာတူရာတို့ ပေါင်းစည်း၍ စာဖတ်သူတို့ စဉ်းစားရန် ရည်သန်ပြီးလျှင် ယခုဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။

မောင်ထင်

www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာ လူငယ်များအသင်း

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဂျပန်နိုင်ငံတွင် သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ကျင်းပခဲ့ဖူးပါသည်ဟုဆိုလျှင် ကျွန်ုပ်တို့နိုင်ငံ ဗုဒ္ဓဘာသာဝင် အချို့တို့သည် သို့လောသို့လော ဝေဖန်ပြောဆိုကောင်း ပြောဆိုကြပေမည်။ အဘယ်ကြောင့်ဆိုသော် သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓဇယန္တိပူဇော်ပွဲကြီးကို ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးအဖြစ်ဖြင့် ကျွန်ုပ်တို့ ကျင်းပခဲ့သည်မှာ မကြာသေးသောကြောင့် ဖြစ်သည်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာဝင်တို့မှာ အများအားဖြင့် မဟာယာန ဂိုဏ်းဝင်များ ဖြစ်သည်။ ထိုဂိုဏ်းဝင်ပုဂ္ဂိုလ်တို့က သာသနာနှစ်ကို ဘီစီ ၅၆၆ ခုနှစ်မှစ၍ ရေတွက်သည်။ ထို့ကြောင့် ၁၉၃၄ ခုနှစ်တွင် သာသနာ ၂၅၀၀ ပြည့်မြောက်ပြီးဟူ၍ ဗုဒ္ဓပူဇော်ပွဲကြီးကို ဝှဲချီး ဆင်ယင်ကျင်းပကြ သည်။

ဤဆောင်းပါးတွင် ဤကဲ့သို့ သာသနာသက္ကရာဇ်ချင်း မတူကြ သည်ကို ဖွဲ့နွဲ့အစီရင်ခံရန် မရည်ရွယ်ပါ။ စင်စစ် ဂျပန်အမျိုးသားတို့သည် မိမိတို့၏ အမှတ်အသားအတိုင်း သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် ကို ကျင်းပခဲ့ပြီးသည့်တိုင်အောင် မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာတင်သော အခါ ကျွန်ုပ်တို့နှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ တစ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပင် ဖြစ်သော်ငြားလည်း တူညီသော ရည်ရွယ်ချက်တစ်ခု၌ ဒေသအလိုက် ကွဲပြားခြားနားခြင်းကို ပဓာနမပြုဘဲ ပူးပေါင်းဆောင်ရွက်သောသဘောကို ကျွန်ုပ်တို့ သာဓုခေါ်ကြရမည်ပင် ဖြစ်သည်။ ဤဆောင်းပါး၏ ရည်ရွယ်ချက်မှာ သာသနာ ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ်ပွဲ၌ ဂျပန်ဗုဒ္ဓဘာသာဝင်တို့ မည်သို့ဆောင်ရွက်ကြသည်ကို တစ်စိတ်တစ်ဒေသအားဖြင့် ဗဟုသုတ ရကြပါစေရန် ရည်ရွယ်ပါသည်၊ အတုယူဖွယ်ဟု ယူဆကြပါလျှင် အတုယူနိုင်စေရန် ဖြစ်ပါသည်။

ထိုခေတ်၌ ဂျပန်နိုင်ငံတွင် ဗုဒ္ဓဘာသာဝင် လူငယ်များအသင်းချုပ်ဟူ၍ ရှိပါသည်။တစ်နိုင်ငံသားလုံးရှိ ဗုဒ္ဓဘာသာဝင်လူငယ်များအသင်းတို့ကို စုပေါင်းဖွဲ့စည်းသော အသင်းချုပ် ဖြစ်သည်။

သာသနာ ၂၅၀၀ ပြည့်သော ၁၉၃၄ ခုနှစ် နွေကာလတွင် ထိုအသင်းချုပ်ကြီးက ကြီးမှူး၍ ကွန်ဖရင့်တစ်ရပ် ခေါ်ပါသည်။ ထိုကွန်ဖရင့်က ဗုဒ္ဓဘာသာဝင်အချင်းချင်းတို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းကို ရည်စူး၍ ဗုဒ္ဓအဆုံးအမ၌ တညီတညွတ်တည်း ဖြစ်ကြစေရန် ဟူသော အာသီသကိုထားကြသည်။ ထိုအာသီသအတိုင်း ဗုဒ္ဓတရားတော်(ပိဋကတ်သုံးပုံ) ကို အသစ်တစ်ဖန် ဂျပန်လိုပြန်သောကိစ္စကို အားပေးပါသည်။ ထိုစဉ်က နာဂိုယာမြို့တော် ဗုဒ္ဓဘာသာအသင်းသည် ပြည်သူအများ ဖတ်ရှုနိုင်သော ဗုဒ္ဓဓမ္မ ဘာသာပြန်ကျမ်းကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ထိုအခါ၌ ကွန်ဖရင့်၌ ထိုကျမ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆို၍ ဝေငှဖြန့်ချိသည်။ ရည်ရွယ်ချက်မှာ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းသော ကမ္ဘာ့ပရိသတ်တို့ ဖတ်ရှုနိုင်ကြပါစေ ဟူသော ရည်ရွယ်ချက် ဖြစ်သည်။

ထိုအင်္ဂလိပ်ဘာသာပြန်ကျမ်းသည် ရည်ရွယ်ချက်ကို အထမြောက်အောင် ဆောင်ရွက်ပေးနိုင်သည်ဟု ထင်မြင်ပါသည်။

ထိုကျမ်း၌ ဗုဒ္ဓ(ဘုရား) အကြောင်း အပိုင်းကဏ္ဍတစ်ခု၊ ဓမ္မ(တရားတော်) အကြောင်း အပိုင်းကဏ္ဍတစ်ခု၊ ပဋိပတ္တိအကြောင်း အပိုင်းကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com


တစ်ခု၊ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူတို့၏ ဓမ္မအဖွဲ့အကြောင်း အပိုင်းကဏ္ဍတစ်ခုဟု၍ အပိုင်းလေးပိုင်း ခွဲခြားပြဆိုထားပါသည်။ နောက်ဆက်တွဲအြဖနေဖြင့် အသောကမင်းတရားကြီးပြဋ္ဌာန်းသော ကျင့်ဝတ်များနှင့် ဂျပန်မင်း ရှုတိုကုပြဋ္ဌာန်းသော ကျင့်ဝတ်များကို ဖော်ပြထားသည်။ ဤကျမ်းအမည်ကို The Teaching of Buddha (The Buddhist Bible) ဟု အမည်ပေးပါသည်။ ဗုဒ္ဓအဆုံးအမကျမ်းဟူ၍ ခေါ်နိုင်ပါသည်။

ဘုရားနှင့်ဆိုင်ရာအခန်းတွင် သကျမုနိ၏အတ္ထုပတ္တိကို နှစ်ခန်းခွဲ၍ ဖော်ပြသည်။ ပထမ၌ မြတ်စွာဘုရား၏ဖြစ်စဉ်ကို ဖော်ပြ၍ ဒုတိယ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ ဟောကြားခဲ့သော တရားတော်တို့ကို ဖော်ပြပါသည်။

ထို့နောက် အခန်း(၂)၌ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်အောင် မည်သို့ကျင့်ခဲ့သည်ကိုလည်းကောင်း၊ အခန်း(၃)၌ မြတ်စွာဘုရားကို မည်သို့ကြည်ညိုရမည်ကိုလည်းကောင်း ဖော်ပြပါသည်။

တရားနှင့်ဆိုင်ရာ ဒုတိယပိုင်းတွင် အခန်း(၁)၌ ဓမ္မစကြာ တရားတော်၊ သစ္စာလေးပါးတရားတော်၊ ပဋိစ္စသမုပ္ပာဒ်တရားတော် စသည်တို့ကို ဖွင့်ဆိုသည်။ အခန်း(၂)၌ အတ္တ ပယ်ရာပယ်ကြောင်း တရားများနှင့်တကွ မဇ္ဈိမပဋိပဒါအကြောင်းကို အခန်းငယ် ငါးခန်းဖွဲ့၍ပြဆိုသည်။ အခန်း(၃)၌ အဘိဓမ္မာတရားတို့ကို ရှင်းလင်းပြဆိုသည်။ ထိုသို့ ပြဆိုရာ၌ လူ့စိတ်အကြောင်း၊ မြတ်စွာဘုရား စိတ်အကြောင်း၊ မြတ်စွာဘုရား၏ သဘာဝအကြောင်း၊ အနတ္တအကြောင်းတို့ကို ပြဆိုသည်။ ထို့နောက် အခန်း(၄)တွင် လူ့သဘာဝနှင့် လူတို့၌ရှိသော တဏှာ၊ လောဘ စသည့် တရားတို့ကို ပြဆိုသည်။ အခန်း(၅)တွင် သံသရာဝဋ် ဒုက္ခတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း စင်ကြယ်သောတရား (ဝိသုဒ္ဓိမဂ်)တို့ကို ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယပိုင်းတွင် ပဋိပတ်တို့ကို ဖွင့်ဆိုသည်။ စိတ်ကို စင်ကြယ်အောင် မည်သို့ ကျင့်ရမည်ဟူသောအကြောင်း၊ သစ္စာတရားကို မည်သို့ ရှာကြံရသည်ဟူ၍လည်းကောင်း၊ နောက်ဆုံးတွင်သမာဓိရအောင် မည်သို့ ပြုမူနေထိုင် ကျင့်ကြံရသည်ဟူ၍လည်းကောင်း အခန်း ၄ ခန်းခွဲ၍ ဖော်ပြပါသည်။

စတုတ္ထပိုင်းတွင် လူ့ဘောင်ကိုစွန့်၍ ရဟန်းပြုကြသော ဘိက္ခုတို့၏အကြောင်း၊ လူ့ဘောင်ကို မစွန့်နိုင်ဘဲ ဝတ်ကြောင်နှင့်ပင် တရားတော်အတိုင်း ကျင့်ကြံနေထိုင်ကြသော ဥပါသကာ၊ ဥပါသကီတို့အကြောင်း၊ ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုတို့၏အကြောင်း။ ဗုဒ္ဓဘာသာဝင် အိမ်ရှင်မတို့၏အကြောင်း၊ လောကအကျိုးကို ဆောင်ရွက်ခြင်း အကြောင်း စသည်တို့ ပါဝင်သည်။ အခန်း(၃)ခန်းခွဲထားရာ နောက်ဆုံးအခန်းတွင် ဗုဒ္ဓသာသနာ အဆုံးအမ၌တည်သော ကလျာဏပုထုဇဉ် အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာနိုင်မည့် အချက်အလက်တို့ကို ဖော်ပြထားပါသည်။

ဤကား မာတိကာအညွှန်း ကောက်နုတ်ချက်မျှသာ ဖြစ်ပါသည်။ မာတိကာကိုချည်း ဖတ်လျှင် ကျမ်းလေးလိမ့်မည်ဟု ထင်ကောင်းထင်စရာ ရှိပါသည်။ သို့သော် စီစဉ်ရေးသားပုံမှာ လူငယ်ကို လူငယ်အလျောက်၊ လူလတ်ကို လူလတ်အလျောက်၊ လူကြီးကို လူကြီးအလျောက်၊ နုသူကို နုသူအလျောက်၊ ရင့်သူကို ရင့်သူအလျောက် ဗုဒ္ဓဘာသာပီပီ ကျင့်ရသော တရားတို့ကို လက်လှမ်းမီအောင် ရေးသားထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓအဆုံးအမမှာ အိမ်တွင်းမှအစပြု၍ တည်ရပါလိမ့်မည်။ ဘုရား၊ ကျောင်းကန်တို့၌သာ ဗုဒ္ဓအဆုံးအမ ရှိရမည်မဟုတ်။ အိမ်တွင်း၌လည်း ရှိရပါလိမ့်မည်။ ထို့ထက် အနုစိတ်၍ ပြောရသော လူတိုင်းလူတိုင်း၏ နှလုံးသားထဲ၌ ဗုဒ္ဓအဆုံးအမ တည်ရမည်။ ဤကဲ့သို့ ဗုဒ္ဓအဆုံးအမ၌ တည်လျှင် လူ့လောကကောင်းကျိုးချမ်းသာကို ကြံဆတီထွင် လုပ်ကိုင်သမျှတို့သည် အောင်မြင်ခြင်းသို့ ရောက်ရမည်မှာ မလွဲပါ။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းမှစ၍ သာသနာအဆုံးအမ တည်စေခြင်းငှာ စီရင်ရေးသားပုံကို နမူနာအလို့ငှာ ဘာသာပြန်ပြလိုက်ပါသည်။

**အိမ်တွင်း၊ အိမ်သူ၊ အိမ်သားတို့၏ လူနေမှုသဘာဝ**

ကြမ္မာဆိုးသည် အရှေ့အရပ်မှဝင်သည်ဟူ၍လည်းကောင်း၊ အနောက်အရပ်မှ ဝင်သည်ဟူ၍လည်းကောင်း ထင်မြင်ကြသည်မှာ မှား၏။ ကံကြမ္မာကို မိမိ၏ စိတ်က ဖန်တီးသည်။ ထို့ကြောင့် မိမိ၏ အတွင်းစိတ်ကို ထိန်းကျောင်းခြင်းမပြုဘဲ ပြင်ပမှလာသော အကြောင်းတရားတို့ကို ယိုးမယ်ဖွဲ့ခြင်းသည် မိုက်မှားသော အပြုပေတည်း။

ရှေး သူဟောင်းတို့ထံမှ ဆင်းသက်လာသော ထုံးစံတစ်ခုရှိ၏။ ယင်းမှာ ဤသို့တည်း။ ကျွန်ုပ်တို့သည် နံနက်မိုးသောက်သော် အိပ်ရာမှထ၍ မျက်နှာသစ်၏။ ပလုတ်ကျင်း၏။ ထို့နောက် အရပ်ခြောက်ပါးကို ရှိခိုး၏။ အရှေ့ရပ်သို့လှည့်၍ ဦးချ၏။ အနောက်အရပ်သို့ လှည့်၍ ဦးချ၏။ တောင်အရပ်သို့လှည့်၍ ဦးချ၏။ မြောက်အရပ်သို့လှည့်၍ ဦးချ၏။ အထက်ဘဝဂ်သို့မျှော်၍ ဦးချ၏။ အောက်အရပ်သို့ငုံ့၍ ဦးချ၏။ ထို့နောက် ယနေ့အဖို့ ငြိမ်းချမ်းပါစေ၊ ကံကောင်းပါစေဟု ဆုတောင်း၏။ ဤကား ဗုဒ္ဓအဆုံးအမ မဟုတ်ပေ။ မြတ်စွာဘုရားကမူကား သစ္စာတည်ရာအရပ်ခြောက်ပါးကို အလေးပြုလော့ဟု ဆုံးမ၏။ ကံမကောင်း အကြောင်းမလှ မဖြစ်ရလေအောင် ပညာသတိ ရှိရမည်။ ကိုယ်ကျင့်တရား ကောင်းရမည်ဟု ဟော၏။

အရပ်ခြောက်ပါးတည်းဟူသော မြို့ကတံခါးမှ ကောင်းမှုကို ဖျက်ဆီးသော အကြောင်းတရား၊ (ဒုစရိုက်)လေးပါး၊ စိတ်ကို ညစ်ညမ်းသောအကြောင်းတရားလေးပါး၊ ဥစ္စာပျက်စီးရာ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com


ကြောင်းဖြစ်စေသော အကြောင်းတရားခြောက်ပါး စသည်တို့ ဝင်လာတတ်သည်။ ယင်းတံခါး ပေါက်တို့ကို ပိတ်ရမည်။

ကောင်းမှုကို ဖျက်ဆီးသော တရားတို့ကား သူတစ်ပါး အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိပ်ရာကို ပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုခြင်း ဟူသည်တို့တည်း။ စိတ်ကို ညစ်ညမ်းစေသော အကြောင်းတရားလေးပါးတို့ကား လောဘ၊ ဒေါသ၊ မောဟ။ ဘယာတည်းဟူသော အကြောင်းတရားတို့တည်း။ ဥစ္စာနေကို ယိုဖိတ်စေသော အပေါက်ကြီး ခြောက်ပေါက်တို့ကား သေရည် သေရက် မူးယစ်သောက်စားခြင်း၊ မိုက်မဲသောအမှုကို ပြုခြင်း၊ ဇာတ်သဘင်၊ အငြိမ့်စသော ဖြေဖျော်မှုတို့ကို အကြောင်းပြု၍ ညဥ့်နက်အောင်နေထိုင်ခြင်း၊ လောင်းကစားခြင်း၊ မသူတော်တို့နှင့် ပေါင်းခြင်း၊ မိမိလုပ်ငန်းကို သတိမမူ မေ့လျော့ခြင်းတည်း ဟူသော ယိုပေါက်များဖြစ်၏။ ဤကဲ့သို့သော အမူအကျင့်တို့ကို စွန့်ပစ်သောသူသည် မြတ်စွာဘုရား၏ တပည့်သားပီပီ အရပ်ခြောက်ပါးကို ရှိခိုးသည် မည်၏။ အမှန်တရားကို ရရာရကြောင်း နည်းလမ်းခြောက်ပါးကား အဘယ်နည်း။ မိခင်၊ ဖခင်တို့၏ ကျင့်ဝတ်၊ သားသမီးတို့၏ ကျင့်ဝတ် စသည်တို့သည် အရှေ့အရပ်နှင့်တူ၏။ လင့်ဝတ်၊ မယားဝတ် ဟူသည်ကား အနောက်အရပ်နှင့်တူ၏။ ဆရာ့ဝတ်၊ တပည့်ဝတ်တို့ကား တောင်အရပ်နှင့်တူ၏။ မိတ်ဆွေ သင်္ဂဟတို့၏ ကျင့်ဝတ်ကား မြောက်အရပ်ပင်ဖြစ်၏။ 'မကောင်း မြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ် သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဟူသော ကျင့်ဝတ်များ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားစဉ်မှစ၍ ရှေ့အဖို့၌ကား ကျွန်တော်တို့ငယ်ရွယ်စဉ်က သင်ခဲ့ကြရသော မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ် စသည်တို့ကို ဖော်ပြထားပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော သိင်္ဂါလောဝါဒ သုတ်၊ ဗြဟ္မာဇာလသုတ် အစရှိသော သုတ်တို့မှ ထုတ်နှုတ်၍ သဘောပေါက်အောင် ရေးသားထားသည်။

သာမာဝတီ မိဖုရားသည် ရှင်အာနန္ဒာအား အဝတ်ငါးရာ လှူ၏။ ထိုအခါ ဥဒေနီမင်းသည် အဝတ်ငါးရာကို အလှူခံသော အာနန္ဒာအပေါ်၌ သက်ာမကင်း ဖြစ်၏။ (ယခုခေတ်စကားနှင့် ပြောရသော် အာနန္ဒာက အလွဲသုံးစားပြုမည်ကို စိုးရိမ်၏)။ ထို့ ကြောင့် မင်းကြီးသည် အာနန္ဒာကိုမေး၏။ ထိုအခါ အရှင်အာနန္ဒာ က 'ရဟန်းတို့၌ အဝတ်အစား ချို့တဲ့၏။ ထို့ကြောင့် ရဟန်းတို့ကို ပေးမည်' ဟု ဆိုလေသည်။

"အဝတ်များဟောင်း၍ အရှင် မည်သို့ ပြုမည်နည်း"

"အဝတ်ဟောင်းတို့ကို အိပ်ရာခင်းအဖြစ်ဖြင့် အသုံးပြု မည်"

"အိပ်ရာခင်း ဟောင်းသော် အရှင် မည်သို့ ပြုမည်နည်း"

"အိပ်ရာခင်းဟောင်းသော် ခေါင်းအုံးစွပ်အဖြစ်ဖြင့် အသုံး ပြုမည်"

"ခေါင်းအုံးစွပ်ဟောင်းသော် မည်သို့ ပြုမည်နည်း"

"ခေါင်းအုံးစွပ်ဟောင်းသော် ကြမ်းခင်အဖြစ်ဖြင့် အသုံးပြု မည်"

"ကြမ်းခင်းဟောင်းသော် အသို့ပြုမည်နည်း"

"ကြမ်းခင်းဟောင်းသော် ကြမ်းသုတ်အဝတ်အဖြစ်ဖြင့် အသုံးပြုမည်"

www.burmeseclassic.com

www.burmeseclassic.com



"ကြမ်းသုတ်ဟောင်းသော် အသို့ပြုမည်နည်း"

"ကြမ်းသုတ်ဟောင်းသော် အဝတ်ကို အစိတ်စိတ်အမြွာမြွာ ပြု၍ ရွှံ့စေးနှင့် နှံပြီးသော် ကျောင်းသင်ခန်းနံရံတို့ကို ဖာထေးပြုပြင်မည်"

ဤအဖြစ်မှ ဥပဒေသကို ထုတ်ထား၏။ ဤကမ္ဘာလောက၌ 'ငါ့ဟာ' ဟူ၍ အပိုင်မရှိ။ ခေတ္တခဏ၌ ကျွန်ုပ်တို့သည် ဝတ္ထုပစ္စည်းတစ်ခုကို ရ၏။ ဤသို့ရခြင်းမှာ အကြောင်းအရာ အမျိုးမျိုးတည်းဟူသော ပယောဂကြောင့် ရခြင်းသာဖြစ်သည်။ ထိုအကြောင်းတရားတို့ ညီညွတ်နေသောအခိုက်၌သာ ထိုပစ္စည်းကို ထိုက်တန်အောင် သုံးစွဲကြရမည်။ ကိုယ်ကျိုးအတွက်ချည်းသာ သုံးစွဲခြင်းငှာ မထိုက်။

ဤကဲ့သို့သော အခြေခံတရားဓမ္မ စခန်းမှစ၍ မြတ်စွာဘုရား၏ အဆုံးအမ အဆိအနှစ်တို့ကို ရေးသားထားသည်။ ဗုဒ္ဓဘာသာဝင်တိုအဖို့ကို ကျမ်းတစ်ခုခုကို လက်စွဲပြုလျှင်ပင် ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်း၊ ဥပါသကာ၊ ဥပါသကီအကြောင်း စသော အကြောင်းမျိုးစုံတို့ကို သိနိုင်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဤလက်စွဲကျမ်းမျိုး ပေါ်ပေါက်သော် ကောင်းလေစွဟု ထင်မြင်မိပါသတည်း။

**ရတနာမွန်မဂ္ဂဇင်း၊ မေ ၁၉၇၄**

www.burmeseclassic.com

www.burmeseclassic.com

# ရှေးခေတ်က သာသနာကို တည်ဆောက်ပုံ

ရှေးမြန်မာတို့သည် မိမိတို့၏ သားသမီးများကို ဗုဒ္ဓမြတ်စွာ၏ အဆုံးမ၌ တည်စေခြင်းငှာ ငယ်စဉ်တောင်ကျေးကလေးဘဝမှ အစပြု၍ ပဲ့ပြင် သွန်သင်ခဲ့ကြသည်။ ယနေ့လည်း ဤအစဉ်အလာအတိုင်းပင် ဗုဒ္ဓအဆုံး အမ၌ တည်သော မိဘတို့သည် သားသမီးတို့ကို ပဲ့ပြင်သွန်သင်လျက်ပင် ရှိကြသည်ဟု ယူဆရပေသည်။

သားသမီးတို့ သိတတ်သောအရွယ်သို့ ရောက်သောအခါ မိဘတို့က သားသမီးတို့ကို အိပ်ရာမဝင်မီ အမိ အဖတို့ကို ကန်တော့တတ်ရန် သင်ပေးကြသည်။ ထိုမှတစ်ဆင့် သက်ကြီးဝါကြီးတို့ကို ကန်တော့တတ် ရန်လည်း သင်ပေးကြသည်။ မိမိအိမ်သို့ ဆွမ်းခံဝင်သော ဘုန်းကြီး ရဟန်း တို့ကို ကန်တော့တတ်ရန်ကိုလည်း သင်ပေးကြသည်။ နောင်သောအခါ သားသမီးတို့ စကားပြောတတ်သောအရွယ်သို့ ရောက်သော် မိဘတို့က 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'ဟူသော သရဏဂုံသုံးပါးကို သားသမီးတို့အား ချပေးသည်။ ဤကား သရဏဂုံ တည်စေခြင်းငှာ ဖြစ်၏။ သရဏဂုံတည်လျှင် သားသမီးတို့ ဗုဒ္ဓအယူ၌ တည်ပြီဟု မှတ်ယူရသည်။ ဤအရွယ်၌ မိဘတို့က သားသမီးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ကျောင်း၊ တန်ဆောင်း စသည်တို့ကို ခေါ်ဆောင်သွားတတ်သော ကြောင့် သားသမီးတို့သည် ဘုရားကို လည်းကောင်း၊ သံဃာကို လည်း ကောင်း ကောင်းစွာ သိလာကြ၏။

ထို့နောက် သားသမီးတို့သည် ဘုန်းကြီးကျောင်းသို့ ရောက်ဖန်များ လတ်သော် ငါးပါးသီလကို နားလည်လာကြသည်။ ဤသို့ နားလည်သော အရွယ်မှ အစပြု၍ သူ့အသက်သတ်ခြင်းသည် မကောင်း၊ သူ့အသက် မသတ်ခြင်းသည် ကောင်း၏ဟူသော နားလည်မှုမှ အစပြု၍ ကောင်းမှု၊ မကောင်းမှုဟူသော သဘောကို နားလည်လာကြသည်။ ဤအချိန်တွင် နေ့စဉ်ဖြစ်စေ ဥပုသ်နေ့တိုင်း၌ဖြစ်စေ ဘုန်းတော်ကြီးအား အမှူးထား၍ မိဘ၊ ဆရာသမား၊ ဆွေမျိုးညာတိ၊ မိတ်သင်္ဂဟတို့ကို ခဲဖွယ်ဘောဇဉ် တို့ဖြင့် လှူဒါန်းလုပ်ကျွေးရခြင်းကြောင့် ဒါနဆိုသော အဓိပ္ပာယ်ကိုလည်း နားလည်လာကြသည်။ ထိုမှတစ်ဆင့် မိဘတို့က သွန်သင်ပေးခြင်းကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကို အကြိမ်ကြိမ် အဖန်ဖန် ပွားများတတ်ကြသည်။ နုနယ်သောအရွယ်၌ ထိုလက္ခဏာရေး သုံးပါးကို ကလေးသူငယ်တို့ အနက်မထင်နိုင်။ သို့သော် ထိုလက္ခဏာရေး သုံးပါးကို အကြိမ်ကြိမ် အဖန်ဖန် ပွားများတတ်သောအကျင့် ဖြစ်ထွန်းလာ သောအခါ လူငယ်သဘာဝမှ လူကြီးသဘာဝသို့ ကူပြောင်းသည်ရှိသော် မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အတ္တမဟုတ်သော သဘောကို ထင်မြင်လာလေသည်။ ဤကား ဘာဝနာ၏ အကျိုးပေတည်း။ ဤနည်း ဖြင့် ကလေးသူငယ်တို့သည် တရားကို တစ်စတစ်စနှင့် သိလာကြသည်။

ထိုအခြေခံတို့ ခိုင်မြဲလာသောအခါနိဗ္ဗာန်ကိုမျက်မှောက်ပြုရသည် ဆိုသော သဘောတရား၌ သဘောပေါက်လာကြလေသည်။

ဤကား ကျွန်ုပ်တို့ ယနေ့တိုင် ကျင့်သုံးနေကြသော အစဉ်အလာ တစ်ရပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အစဉ်အလာဆိုသည်မှာ ဇာစ်မြစ်ကိုသိမှ ကောင်းသည်။ အစဉ်အလာ ဖြစ်ပေါ်လာခြင်း အကြောင်းအရာကို နားမလည်လျှင်ရှေးက ထိုသို့ လုပ်ခဲ့ကြ၍ ယခု ဤသို့ လိုက်လုပ်ပါသည် ဟူသော သာမည အချက်လောက်ကိုသာ နားလည်ပြီးလျှင် အရာခပ်သိမ်းတို့၌ လေးလေးပင်ပင် မရှိဘဲ နေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့၏ ဘေးဘိုးဘီဘင် အစဉ်အဆက်တို့က ကျွန်တော်တို့အား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ၌တည်အောင် မည်သို့ပြုလုပ်ခဲ့ကြပါသနည်းဟု ကျွန်တော် စူးစမ်းကြည့်မိသည်။ ဤသို့ စူးစမ်းရာမှ တွေ့ရှိသော အချက်တစ်ရပ်ကို တင်ပြလိုပါသည်။

ခရစ် ၁၇၈၃ ခုနှစ်တွင် အီတလီနိုင်ငံမှ စေလွှတ်သော ခရစ်ယာန်ဘုန်းကြီး ဖားသားစန်ဂျာနိုသည် မြန်မာနိုင်ငံ အင်းဝနေပြည်တော်သို့ ရောက်ရှိ၍ ၁၈ဝ၈ ခုနှစ်အထိ နေထိုင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်နေထိုင်ခဲ့သော ခေတ်ကာလမှာ ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉) လက်ထက်တော်တွင်း ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓဘာသာအကြောင်းနှင့် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သာသနာပြုသည့်အကြောင်းများကို လေ့လာရာ ထိုကိစ္စနှင့် ပတ်သက်၍ ခရစ်ယာန်သာသနာပြုတို့က ၁၇၄၆ ခုနှစ်ကပင်လျှင် စုဆောင်းလေ့လာထားသော အချက်တို့ကို တွေ့ရလေသည်။

အလောင်းမင်းတရားကြီး (၁၇၅၂-၆ဝ) လက်ထက်၌ ရန်ကုန်မြို့ တပ်ကလေးအရပ်တွင် ပေါ်တူဂီခရစ်ယာန်အစု နေထိုင်ကြသည်။ ထို ခရစ်ယာန်တို့သည် ၁၇၅၆ ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ အခွင့်အမိန့်ကို ခံယူ၍ ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ဆောင်ကို ဆောက်လုပ်ကြသည်။ ထိုဘုရားရှိခိုးကျောင်း၏ အကြီးအမှူးမှာ အီတာလျံ ခရစ်ယာန်ဘုန်းကြီး ဖားသားအဗင်နာတီ (Father Avenati) ဖြစ်သည်။ ထိုဘုန်းတော်ကြီးနှင့်အတူ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ရန်အလို့ငှာ ဖားသား

www.burmeseclassic.com

www.burmeseclassic.com



ပါကိုတို (Father Percoto) သည် ၁၇၆၁ ခုနှစ်တွင်ရန်ကုန်မြို့သို့ရောက်ရှိလာပြန်သည်။ ထိုဘုန်းကြီးရောက်ပြီး နှစ်နှစ်ခန့်ကြာသောအခါ ဖားသားအဗင်နာတီအနိစ္စရောက်သဖြင့် ဖားသားပါကိုတိုကပင်လျှင် ခရစ်ယာန်ကျောင်းကို ဦးစီးနာယကအဖြစ်ဖြင့် ကြည့်ရှုစောင့်ရှောက်ရသည်။

ထိုပါကိုတိုသည် မြန်မာဘုရင်မင်းမြတ်၏ ဆရာတော်တစ်ဦးထံ မြန်မာစာသင်ယူ၍ ဗုဒ္ဓဘာသာအကြောင်းကို မေးမြန်းစုံစမ်းပြီးလျှင် စုံစမ်းချက်တို့ကို ၎င်းတို့၏ ဘာသာစကားဖြင့် မှတ်တမ်းတင်ကာ သိမ်းဆည်းထားသည်။ ဖားသားစန်ဂျာမနို အင်းဝနေပြည်တော်သို့ ရောက်ရှိလာသောအခါ အဆိုပါမှတ်တမ်းကို အခြေပြု၍ 'မြန်မာဧကရာဇ် ဘုရင်နိုင်ငံတော်အကြောင်း' စာတွင် ပါကိုတို၏ မှတ်စာကို ထည့်သွင်းဖော်ပြသည်။

ထို့ကြောင့် ယခုဖော်ပြထားသော အချက်အလက်တို့တွင် အလောင်းမင်းတရားကြီးလက်ထက်၌ ဗုဒ္ဓသာသနာ့ဝန်ဆောင် ရဟန်းသံဃာတို့က မိမိတို့၏ တပည့်သားမြေးများကို သာသနာဝင်ဖြစ်အောင် မည်ကဲ့သို့ ပြုစုပျိုးထောင်ကြောင်း တွေ့ရပါလိမ့်မည်။

၁၇၆၃ ခုနှစ် မှတ်တမ်းများအရ ဖားသားစန်ဂျာမနိုကတစ်ဆင့် ဖော်ပြရာတွင် ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာကြောင်း၊ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူတို့အကြောင်း အတော်ပင် စုံလင်စွာ ဖော်ပြပါသည်။ ခရစ်ယာန်ဘာသာဝင်တစ်ဦးက ဗုဒ္ဓသာသနာကို ယုံမှားသံသယနှင့် စူးစမ်းသောသဘောများ ပါရှိသည် မှန်ပါသည်။ သို့သော် မေးသူက သံသယနှင့်မေးသောအခါ ဖြေသူက တိကျခိုင်လုံအောင် ဖြေရစမြဲ ဖြစ်သည်။ ထို့ကြောင့် ၁၇၆၁ ခုနှစ် မှတ်တမ်းသည် ဗုဒ္ဓသာသနာပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ ထိုခေတ်က တကယ်ပြုလုပ် ဆောင်ရွက်သောလုပ်ငန်းစဉ် မှတ်တမ်းဖြစ်သည်ဟု ခိုင်မာစွာ ယူဆနိုင်ပါသည်။ ကျွန်တော်ကား လိုရင်းအချက်တို့ကိုသာ ထုတ်နုတ်ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယာန်ဘုန်းကြီးတို့က ဗုဒ္ဓဘာသာ ဆရာဘုန်းတော်ကြီးအား ရှေးဦးစွာ ဂေါတမမြတ်စွာဘုရားအကြောင်းကို မေးဟန်တူပါသည်။ သူတို့ ခရစ်ယာန်အမြင်၌ ကျွန်တော်တို့၏ ဘုရားကိုပင်လျှင် ဂေါ့ဒ်ဟု မြင်နေဟန် တူပါသည်။ ထို့ကြောင့် မြတ်စွာဘုရားအား 'ဂေါ့ဒ်ဂေါတမ' ဟု ရေးမှတ်ကြသည်။

ဘုရင်မင်းမြတ် ကိုးကွယ်အပ်သော ဆရာဘုန်းကြီးကမူ အောက်ပါအတိုင်း အမိန့်ရှိပါသည်။

"ငါတို့ ဤကမ္ဘာ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူ၍ ဘုရားလေးဆူ ပွင့်ခဲ့ပြီးပြီ။ ထိုဘုရားရှင်တို့တွင် ငါတို့ ဂေါတမ မြတ်စွာဘုရားကား သက်တော် ၃၅ နှစ်တွင် ဘုရားဖြစ်၍ ၄၅ ဝါပတ်လုံး တရာဒေသနာတို့ကို ဟောကြားပြီးလျှင် သက်တော် ၈၀ ရွယ်တွင် ပရိနိဗ္ဗာန်ပြုသည်။ မြတ်စွာဘုရားသည် သာသနာအနှစ် ၅၀၀၀ တည်မည်ဟု ဗျာဒိတ်ထားတော်မူခဲ့သည်။ ငါတို့ မြတ်စွာဘုရား နိဗ္ဗာန်ဝင်သည်ဆိုသော စကား၌ နိဗ္ဗာန်ဆိုသည်မှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားတို့၏ ချုပ်ရာ၊ ငြိမ်းရာ၊ ကုန်ဆုံးရာကို ဆိုလိုသည်။ မြတ်စွာဘုရား၏ တရားတော်တို့သည် နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း တရားတော်တို့တည်း"

ဗုဒ္ဓဘာသာဘုန်းတော်ကြီးက ဤသို့မိန့်တော်မူသောအခါ ခရစ်ယာန်သာသနာပြုတို့က 'ဂေါတမမြတ်စွာဘုရားသည် ဤလောက၌ ဘုရားစစ်၊ ဘုရားမှန် ဖြစ်ပါသလော ဟု စောဒက တက်ကြ၏။ ခရစ်ယာန်တို့၏ အသုံးအနှုန်း၌ ဂေါ့ဒ် အစစ်အမှန်ဟု ဖော်ပြထားပါသည်။

ထိုအခါ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးက

"ဘုရားရှင်သည် သစ္စာလေးပါးကို ပိုင်းခြားထင်ထင်မြင်၍ နိဗ္ဗာန် ရောက်ရာရောက်ကြောင်း တရားတို့ကို သိသောကြောင့် ဘုရားစင်စစ်ဖြစ်သည်။ ငါပြဆိုခဲ့သောဘုရားလေးဆူတို့မပွင့်မီ ကြားကာလတွင် မစစ်မမှန်သော ဘုရားတို့ ရှိကြဖူးသည်။ ဥပမာ ဂေါတမမြတ်စွာဘုရား မပွင့်မီက

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဦးသော ဘုရားတု၊ ဘုရားယောင်တို့သည် မိမိတို့ အသီးသီး၌ရှိသော တပည့်ပေါင်း ၅၀၀ စီ အခြွေအရံနှင့် နေကြသည်။"

ထိုအခါ ခရစ်ယာန်သာသနာပြုတို့က ဆက်၍မေးသည်။ ဤအမေးအဖြေကို အောက်ပါအတိုင်း အကျဉ်းချုံး၍ ပြဆိုလိုက်ပါသည်။

မေး ဘုရာတု၊ ဘုရားယောင်တို့က အဘယ်တရားကို ဟောကြား၍ လူတို့အား ဆုံးမပါသနည်း။

ဖြေ သူတို့ကလွဲမှားသောအယူများကို ဟောကြသည်။ တစ်ဦးက ဤလောကတွင် ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဇာတ်မြင့်ခြင်း၊ နိမ့်ခြင်း စသောအကြောင်းရင်းတို့ကို ဖန်တီးသူကား တောတောင်ရေမြေကိုစိုးသော နတ်ကြီးပင်ဖြစ်သည်ဟု ဟောကြားသည်။ တစ်ဦးကမူ လူတို့သေလွန်သော် တိရစ္ဆာန်ပြန်၍ မဖြစ်၊ တိရစ္ဆာန်တို့ သေလွန်သော် လူပြန်၍မဖြစ်။ လူသေလျှင် လူပြန်ဖြစ်၍၊ တိရစ္ဆာန်သေလျှင် တိရစ္ဆာန်သာ ဖြစ်သည်ဟု ဟောသည်။ တစ်ဦးကမူ နိဗ္ဗာန်သည်မရှိ။ သက်ရှိတို့၏ အကြောင်းရင်ခံသည် အမိ၏ဝမ်းပင် ဖြစ်သည်။ အမိဝမ်းမှကျွတ်၍ သေလွန်သောအခါ အဆုံးစွန်သောဘဝသို့ ရောက်သည်။ နောက်ထပ် ဘာမျှပြန်မဖြစ်ဟု ဟောသည်။ တစ်ဦးကမူ သက်ရှိတို့၌ အစဟူ၍လည်းမရှိ။ အဆုံးဟူ၍လည်းမရှိ။ ထို့ကြောင့်နိဗ္ဗာန်ဟူသည်မှာ ဘယ်သောအခါမျှမဆုံးနိုင် (မရနိုင်)။ လောက၌ ကုသိုလ်တရားမရှိ၊ အကုသိုလ်တရားလည်းမရှိ။ အားလုံးဖြစ်သမျှသည် မတော်တဆတိုက်ဆိုင်၍ ဖြစ်ကြခြင်းပင်တည်းဟူ၍ ဟောသည်။ တစ်ဦးကမူကား နိဗ္ဗာန်ဟူသည်မှာ ကမ္ဘာတည်သရွေ့ ကာလပတ်လုံး၌ အသက်ရှင်၍နေကြသော နတ်ကြီး၊ ပြဟ္မာကြီးတို့၏ အရာသာဖြစ်သည်။ မိဘတို့ကို လုပ်ကျွေးခြင်းသည် ကုသိုလ်ဖြစ်၏။ တိရစ္ဆာန်တို့ကို သတ်ခြင်းကား အကုသိုလ် မဟုတ်၊ ဤတရားတို့ကို ကျင့်လျှင် နောက်တစ်ဖန် လူပြန်ဖြစ်နိုင်မည်။ မကျင့်လျှင်မူကား ဒဏ်ခတ်ခြင်းကို ခံရမည်ဟူ၍ ဟော၏။ ကျန်နောက်ဆုံးတစ်ဦးကမူကား ဤကမ္ဘာလောကကြီးကို ဖန်ဆင်းသော တန်ခိုးတော်အရှင် ရှိသည်ဟု ဟော၏။

www.burmeseclassic.com

www.burmeseclassic.com



မေး ဘုရားစစ်၊ ဘုရားမှန်ပွင့်သောအခါ ဘုရားတု၊ ဘုရားယောင်တို့က သူတို့၏ အယူမှားများကို ပယ်ပါသလား။

ဖြေ ပယ်သူလည်း ပယ်ကြ၏။ မပယ်သူလည်း မပယ်ကြ။ မြတ်စွာဘုရားသည် သရက်ပင်အောက်၌ တန်းခိုးပြာဋိဟာကို ပြတော်မူသည်။ ထိုအခါ (တန်းခိုးပြိုင်၍ ရှုံးသော) တိတ္ထိကြီးများသည် လည်ပင်းကို စရည်းအိုးဆွဲ၍ ရေထဲသို့ ခုန်ချကာ မိမိကိုယ်ကို မိမိစီရင်ကြသည်။ ၎င်းတိတ္ထိဆရာကြီးများလွန်သော် တပည့်တို့အနက် အချို့က အယူမှားကို စွန့်ကြသည်။ အချို့ကား မစွန့်ကြလေ။ ဆူးကို 'မွေးညှပ်'နှင့် နုတ်သော် ရကောင်း၏။ နှလုံးသား၌ စွဲနေသော အယူမှားကို နုတ်ရန်ကား ခဲယဉ်းလှ၏။

မေး ယင်းသို့ဆိုလျှင် အယူမှားကိုပယ်ရန် နည်းမရှိပြီလော။

ဖြေ ရှိ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတို့သည် မိစ္ဆာဒိဋ္ဌိကို နုတ်ပယ်နိုင်သော 'မွေးညှပ်' နှင့်တူ၏။

မေး ထိုတရားတို့ကား အဘယ်နည်း။

ဖြေ ငါးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ကို တည်ဆောက်ရာ၏။ အလှူပေးရာ၏။ ဒုစရိုက်ဆယ်ပါးကိုရှောင်၍ သုစရိုက်တို့ကိုကျင့်ရာ၏။ ကုသိုလ်၊ အကုသိုလ်ဟု ရှိ၏။ ကုသိုလ်ကိုပွား၍ အကုသိုလ်ကို ပယ်ခြင်းငှာ ငါတို့မြတ်စွာဘုရားက ဟောကြား တော်မူ၏။ ဤတရားတို့ကို သိသူသည် မိစ္ဆာဒိဋ္ဌိအယူကို နုတ်ပယ်နိုင်သည်။

မေး ဂေါတမမြတ်စွာဘုရာက လူ့တို့အတွက် ဟောကြားသော အယူဝါဒနှင့်လမ်းစဉ်တရားတို့ကို ပြောပြပါဦး။

ဖြေ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်မှ ရှောင်ကြဉ်ခြင်း၊ သူ့သားအိမ်ရာကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ယစ်မျိုးငါးပါးကို မှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော ပဉ္စငါးပါးကို မြဲကြရမည်။ ဒုစရိုက် ၁၀ ပါး

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိ၏။ ယင်းတို့ကား (၁) ပါဏာတိပါတ သူ့အသက်သတ်ခြင်း ၊ (၂) အဒိန္နာဒါန သူ့ဥစ္စာခိုးခြင်း၊ (၃) ကာမေသုမိစ္ဆာစာရ သူ့သားအိမ်ရာ ပြစ်မှားခြင်း (ကာယဒုစရိုက် ၃ ပါး)၊ (၄) မုသာဝါဒ လိမ်လည်ခြင်း၊ (၅) ပိသုဏာဝါစာ ကုန်းချောခြင်း၊ (၆) ဖရုသဝါစာ ဆဲရေးခြင်း၊ (၇) သမ္ဖပ္ပလာပ ပြိဖျင်းသောစကားကို ဆိုခြင်း (ဝစီဒုစရိုက် ၄ ပါး)၊ (၈) အဘိဇ္ဈာ သူတစ်ပါးအား မနာလိုခြင်း၊ (၉) ဗျာပါဒ သူတစ်ပါး ပျက်စီးစေကြောင်း ကြံစည်ခြင်း၊ (၁၀) မိစ္ဆာဒိဋ္ဌိ လွဲမှားသောအယူကို ယူခြင်း (မနောဒုစရိုက် ၃ ပါးဟူ၍ ဖြစ်သည်။ ဒုစရိုက်ကို ရှောင်ကြဉ်ရမည်။ ဤကဲ့သို့ ပဥ္စသီဠ မြဲခြင်း၊ ဒုစရိုက်ကိုရှောင်ခြင်း ဟူသည်တို့မှာ သီလ ဖြစ်သည်။ အကျင့်သီလနှင့် ပြည့်စုံသူသည် ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့မှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဝင်နိုင်၏။

မေး ဤကောင်းမှုများအပြင် အခြားကောင်းမှုများလည်း ရှိပါသေးသလား။

ဖြေ ရှိ၏။ ကျန်ကောင်းမှုနှစ်ပါးကား ဒါနနှင့်ဘာဝနာဖြစ်၏။ ဒါနကား အလှူပေးခြင်းတည်း။ ဘာဝနာကား အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးကို ပွားများခြင်းတည်း။

သီလ၊ ဒါန၊ ဘာဝနာ ဟူသော ကောင်းမှုတို့ကို ဆည်းပူးခြင်း မပြုသူသည် ငရဲသို့ လားလတ္တံ့။ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌ ဖြစ်လတ္တံ့။ တိရစ္ဆာန် ဖြစ်လတ္တံ့။

ဤကား ဖားသားစန်ဂျာမနီ တစ်ဆင့် မှတ်သားသော အစီအစဉ်အတိုင်း ကျွန်တော် ပြန်လည်တင်ပြခြင်း ဖြစ်ပါ၏။ အချို့နေရာများတွင် လိပ်ပတ်မလည်သောကြောင့် မြန်မာ့အသုံးအနှုန်း အတိအကျမဟုတ်သော စကားများပါပါသည်။ ဥပမာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆည်းပူးခြင်းကိစ္စ၌ မြတ်စွာဘုရားသည် ကမ္ဘာပေါင်း ၄၀၀, ၁၀၀, ၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ခဲ့ရသည်ဟူ၍ ရေးမှတ်ထား၏။ အချို့တွင်မူ မယုံကြည်နိုင်စရာ ဖြစ်အောင် ကွန့်၍ ရေးမှတ်ထားသည်။ ဥပမာ မြတ်စွာဘုရားသည် လူဦးရေ ၂၄၀၀, ၀၀၀, ၀၀၀ ကိုချွတ်ခဲ့သည်ဟုဆိုသည်။ (ထိုခေတ်က ထိုလူဦးရေမှာ မဖြစ်နိုင်စရာလူဦးရေဟု ဆိုနိုင်သည်။ ယခုခေတ်မှ ထိုလူဦးရေထက် နှစ်ဆဖြစ်လာတော့မည်။ ) အချို့တွင်လည်း ကြည်ညိုဖွယ် မဖြစ်အောင် ရေးမှတ်ထားသည်။ ဥပမာ မြတ်စွာဘုရားသည် ဝက်သားကို လွန်စွာစားသုံး၍ ဝမ်းကိုက်ရောဂါ ရရှိသည်ဟု ရေးမှတ်ထားသည်။ ဘာသာခြားတစ်ဦးက တိုင်းရင်းဘာသာကို သရုပ်ဖော်၍ ပြဆိုသောအခါ ဤအပြစ်မျိုးမှ မကင်းချေ။ သို့သော် စာရှုသူတို့သည် ယခု တင်ပြချက်ကို သုံးသပ်လျှင် အရင်းခံ အချက်အလက်တို့ မှတ်ကန်ကြောင်းတွေ့ရပါလိမ့်မည်။

ထို့နောက် ဖားသားစန်ဂျာမနိုသည် ရဟန်းဘုန်းတော်ကြီးကိုက ဒါယကာ၊ ဒါယိကာမများအား မြတ်စွာဘုရား၏ တရားတော်ဟောကြားပုံ ဟောကြားနည်းကို မှတ်တမ်းတင်ပါသည်။ ယင်းသို့ မှတ်တမ်းတင်ရာ၌ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တာန်ဒေသနာထဲတွင် အလွန်ကောင်းမွန်သော ကိုယ်ကျင့်တရား (Fine morality) ပါဝင်ကြောင်း ဝန်ခံထားသည်။

ထို့ပြင် အဆိုပါ ခရစ်ယာန်သာသနာပြုဘုန်းကြီး စန်ဂျမနိုက တရားတော်ကို ဖြန့်ချိရာ၌ မြတ်စွာဘုရား ပညတ်တော်မူသော အချက်လေးချက်ကိုလည်း အရေးထား၍ အဦးအစ၌ ပြဆိုသည်။ ထိုလေးချက်တို့ကား

| | |
|---|---|
| ပထမ၌ | ဟောရမည့်တရားကိုယ် ကောင်းစွာ အစီအစဉ် ပြုလုပ်ခြင်း |
| ဒုတိယ၌ | သင့်မြတ်ကောင်းမွန်သော ရည်ရွယ်ချက် ရှိရခြင်း။ သူတစ်ပါးကို တရားဟောသော ဓမ္မကထိကတို့သည် သူ |

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး တရားပေါက်၍ ကောင်းကျိုးဖြစ်ထွန်းစေခြင်းငှာ ရည်ရွယ်ရမည်။

တတိယ၌ လျှူဖွယ်ဝတ္ထု ရရာရကြောင်းကို မျှော်ကိုး၍ မဟောရခြင်း။

စတုတ္ထ၌ တရားဟောရာ၌ မိမိကိုယ်မိမိ အမွှမ်းမတင်၍ တစ်ပါးသူကို ရှုတ်ချခြင်း ရေရွတ်ခြင်း မပြုရခြင်း။

ဟူ၍ ဖြစ်လေသည်။

ထို့နောက် စန်ဂျာမနိုသည် ဗုဒ္ဓဘာသာ ကလေးသူငယ်များကို ကျောင်းအပ်သောအခါ ရှေးဦးစွာ သင်ကြားပို့ချပေးသော မင်္ဂလသုတ်အကြောင်းကို ဖော်ပြသည်။ ယင်းမင်္ဂလာသုတ်ကို မြန်မာတို့ကအကောင်းဆုံး ကျင့်စဉ်တရားအဖြစ်ဖြင့် လက်ခံကြောင်းကိုလည်း ရေးသားထားသည်။

ထို့ပြင် မြတ်စွာဘုရားက "ငါဘုရားအား ပန်း ၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူပူဇော်ခြင်းထက် ငါဘုရား ဟောကြားသောတရားအတိုင်း ကျင့်ခြင်းသည် မြတ်၏" ဟု ဆုံးမသြဝါဒပေးပုံကိုလည်း ဖော်ပြထားသည်။

ထိုမှတစ်ဆင့်တက်သော် မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ် စသည့် ဝတ္တရားတို့ကို ပြသောတရားများကို ဆရာတို့က တပည့်တို့ကို သင်ကြားပေးကြကြောင်း စန်ဂျာမနိုက ပြဆိုသည်။ သိင်္ဂါလောဝါဒသုတ်ကို ရည်ရွယ်၍ ဆိုပေသည်။

ထိုမှတစ်ဖန် မြတ်စွာဘုရားက သားတော်ရာဟုလာကို ဆုံးမသြဝါဒပေးရာဖြစ်သော ရာဟုလောဝါဒသုတ်ကို ဓမ္မကထိကတို့ ဟောကြားပို့ချပုံကိုလည်း ရေးမှတ်ထားပါသည်။

ယခုခေတ်၌ ရာဟုလာဝါဒသုတ်ကို သားသမီး၊ တပည့်၊ ကျောင်းသားတို့ ရွတ်ဖတ်ကျက်မှတ်ရသောဓလေ့သည် ထင်ရှားမရှိတော့ပြီ။ ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့၏ ဘိုးဘေး၊ ဘွားအေတို့သည်

www.burmeseclassic.com

www.burmeseclassic.com


ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော သုံးဆယ့်နှစ် ကောဋ္ဌာသတို့ကို နှုတ်တက် ရွရွချပေးလေ့ရှိသည်။ စင်စစ် ယင်းသို့ ငယ်စဉ်ကပို့ချပေးခြင်းမှ 'အတ္ထိ ဣမသ္မိံ ရာဟုလ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရုံ . . .'အစချီသော ရာဟုလောဝါဒသုတ်လာ အစီအစဉ်အတိုင်း ပို့ချခြင်း ဖြစ်သည်ဟု ကျွန်တော် နောင်မှ နားလည်မိပါသည်။ စင်စစ် ဤသုတ်သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်တို့ကို ဆင်ခြင်ရန်၊ ဗြဟ္မစိုရ်တရားပွားများရန်၊ အသုဘဆယ်ပါးပွားများရန်၊ အနိစ္စသညာကို ပွားများရန်၊ အာနာပါနဿတိကို ပွားများရန် မြတ်စွာဘုရား ကိုယ်တော်တိုင်က သားတော်ရာဟုလာကို သင်ကြားပို့ချပေးသောသုတ် ဖြစ်သည်။

ဤသုတ်ကား ကျွန်တော်တို့အား ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှစ၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုတတ်စေခြင်းငှာ နည်းနိဿယတို့ကို လမ်းညွှန်ပြသောသုတ် ဖြစ်ပေသည်။ ထို လမ်းညွှန်ပြသည့်အတိုင်း အကောင်အထည်ပေါ်အောင် ကိုယ်တိုင်သဿာဟပြုရန် 'လေ့ကျင့်ရေး' ပေးသော သုတ်လည်း ဖြစ်ပေသည်။

ဤအ စဉ်အလာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ အထက်၌ပင်လျှင် အထင်အရှား အခိုင်အမာ ရှိခဲ့၏။ ကျွန်တော်သည် တရားခွင်တွင် သက်သေလိုက်သောသူကဲ့သို့ မိမိကိုယ်တိုင်တွေ့၊ ကိုယ်တိုင်မြင် ၊ ကိုယ်တိုင်ကြား၊ ကိုယ်တိုင်သိသောအရာကိုသာ ထွက်ဆိုနေခြင်းဖြစ်သည်။ ကျွန်တော်ထက် ကျွမ်းကျင်သော ရဟန်းရှင်လူအပေါင်းတို့သည် ထိုနှစ်ပေါင်း ၂၀၀ ၏အထက် အင်းဝခေတ်၊ ပုဂံခေတ်စသည်တို့၌ ဗုဒ္ဓသာသနာကို အခြေခံမှစ၍ မည်ကဲ့သို့ ပြုစုပုံကို ပို၍ သိကြလိမ့်မည်။ သို့သော် ထိုမျှ ထင်ရှားခိုင်မာသော အစဉ်အလာကို နှောင်းလူတို့က အထပ်ထပ်ပွားများအောင် ဆောင်ရွက်ခြင်း မပြုနိုင်သောအခြေသို့ ဆိုက်ရောက်လာလျှင် ထိုအစဉ်အလာတို့သည် ယိုယွင်းပပျောက်သွားဖွယ်ရာသာ ရှိပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ယခုပင်လျှင် ဗုဒ္ဓ၏အဆုံးအမဖြင့် တည်သည်ဟုဆိုသော မိဘတို့သည် မိမိတို့၏ သားစဉ်မြေးဆက်တို့၌ ထိုအဆုံးအမကို တည်လေအောင်လုံ့လ ထုတ်ခြင်းမှာ လျော့ရိလျော့ရဲဖြစ်နေခြင်းကြောင့် သားသမီးတို့သည် ဗုဒ္ဓ ဓမ္မ သံဃ ဟူသော အကြောင်းခြင်းရာကိုလည်း မသိ။ ထို့ကြောင့် ဗုဒ္ဓဝါဒ ဆိုသည်ကိုလည်း နားမလည်။ ထို့ကြောင့် ဗုဒ္ဓကျင့်စဉ်ကိုလည်း မကျင့် တတ်။ ထို့ကြောင့် ခေတ်အမျိုးမျိုး၌ ကြုံရတတ်သော အနှောက်အယှက် တို့မှ လွတ်အောင်မရုန်းနိုင်။ ဤကဲ့သို့သောသဘာဝတို့နှင့် ရင်ဆိုင်နေကြ ရသည်။ ထို့ကြောင့် မိမိျတို့၌ ဗုဒ္ဓသာသနာ ကြီးပွားတိုးတက်ရေး လုပ်ငန်း စဉ်အတွက် ရှေးအစဉ်အဆက်ကပင်လျှင် အခိုင်အမာ လုပ်ငန်းစဉ်ကြီး တစ်ရပ်ရှိခဲ့သည်ကို သမိုင်းမျက်စိဖြင့် ကြည့်ရှုဆင်ခြင်ရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ မည်သည့်လုပ်ငန်း၌မဆို အကြောင်းမသိလျှင် ခက်၏။ အကြောင်းသိလျှင် လွယ်ပါသည်။ မိမိတို့၌ရှိသော ယဉ်ကျေးမှုပစ္စည်းဥစ္စာ ကို မိမိတို့ကိုယ်တိုင် မသိလျှင် ထိုယဉ်ကျေးမှု ပစ္စည်းဥစ္စာ တည်တန့်ရာ တည်တန့်ကြောင်းကို ဆောင်ရွက်နိုင်မည်မဟုတ်။ မိမိတို့၏ ယဉ်ကျေးမှု ပစ္စည်းဥစ္စာ တိုးပွားရာတိုးပွားကြောင်း နည်းနိဿယကို မသိလျှင် ထို ယဉ်ကျေးမှုကို အစဉ်အဆက် တိုးပွားရာ တိုးပွားကြောင်းကို ဆောင်ရွက် နိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ ဤအချက်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ စဉ်းစားနိုင်ကြပါစေရန် ရှေးဟောင်း လုပ်နည်းလုပ်ထုံးတစ်ရပ်ကို တင်ပြ ပါသည်။

**ရတနာမွန်မင်္ဂလာ၊ မေလ ၁၉၇၄**

www.burmeseclassic.com

www.burmeseclassic.com

## ဝေယျာဝစ္စဒါန

ဗုဒ္ဓ၏ အဆုံးအမ၌ အခြေခံ၍ ဖြစ်ပေါ်လာသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့အရ မန္တလေးမြို့တွင် ဗုဒ္ဓဝေယျာဝစ္စအသင်းများ စည်ကား သိုက်မြိုက် တိုးတက်လာကြောင်း သတင်းဆောင်းပါး ရေးသားအစီရင်ခံ သည်ကို အားရပါးရ ဖတ်ရှုလိုက်ရပါသည်။

မန္တလေးသည် အနုပညာမြို့တော် ဖြစ်သည့်အတိုင်း အဆိုပါ ဝေယျာဝစ္စဝတ်အသင်း လူငယ်များက မြန်မာ့ဂီတ၊ မြန်မာ့အက စသည် တို့၌မကောင်းကောင်းအောင် ကြိုးစားတီထွင် ဆောင်ရွက်လာကြသည်မှာ အခြားအခြားသော မြို့ရွာများအတွက် အတုယူစရာပင် ဖြစ်နေလေရာ ယဉ်ကျေးမှုပြန့်ပွားရေးအတွက် အလားအလာကောင်းသည်ဟု ဆိုလို ချင်ပါသည်။

ဝေယျာဝစ္စလုပ်ငန်းသည် တိုင်းပြုပြည်ပြုလုပ်ငန်းထဲမှာ ပါဝင်ပါ သည်။ ဘုရား၊ ကျောင်း ၊ တန်ဆောင်းကိစ္စနှင့်ချည်းသာ ဆိုင်သည်ဟု မဆိုနိုင်ပါ။ အားလုံးသော လူမှုရေးနှင့် ဆိုင်ပါသည်။ ဥပမာ ဝေယျာဝစ္စ အသင်းတစ်သင်းက ဘုရားရင်ပြင်တော်ပေါ်မှာ တံမြက်လှည်း၍ ကုသိုလ် ယူသည်ကို လုပ်ငန်းချဲ့ထွင်သောအားဖြင့် လူအများ လမ်းပေါ်မှာ တံမြက်

www.burmeseclassic.com

www.burmeseclassic.com



လှည်း၍ ကုသိုလ်ယူလျှင်လည်း ကုသိုလ်ရပါသည်။ သန့်ရှင်းရေးလုပ်ငန်းကို အများပြည်သူအတွက် ပရဟိတစေတနာနှင့် ဆောင်ရွက်ခြင်းကို မြတ်စွာဘုရားကလည်း ကြိုက်ပါသည်။ ထို့ကြောင့် ဤအသင်းများ လူမှုရေးသဘောနှင့် တရားသဖြင့် အလုပ် လုပ်ကြသည်ကို လူကြီးမိဘတို့က ထိန်းကျောင်းအားပေးချီးမြှင့်လျှင် စာရိတ္တမြှင့်တင်ရေးအတွက်များစွာ အကျိုးထူးပါလိမ့်မည်။

သာသနာရေးကို ဗန်းပြ၍ လူမှုရေးအလျှုခံအသင်းတို့ကို အကာအကွယ်ယူကာ ကိုယ်ကျိုးရှာသော မသမာမှုအကြောင်းကိုလည်း ဆောင်းပါးရှင်က သတိပြုဖွယ်ရာ ထောက်ပြထားသည်။ လူကြီးမိဘ ရပ်ရွာခေါင်းဆောင်တို့က ကောင်းမှုတို့ကို အားပေးလျှင် ရောင်တော်ပြန်နှင့်ရောလွှတ်သော မသမာသူများ ပပျောက်သွားစရာ ရှိပါသည်။

ဤကိစ္စနှင့် ပတ်သက်၍ အခြားအခြားသော ဘာသာဝင်တို့က သူတို့၏ ယဉ်ကျေးမှုဓလေ့အတိုင်း လူမှုရေးဝေယျာဝစ္စ ပြုလုပ်ကြသည်ကို ခေတ်မီလူငယ်များ လေ့လာစေရန် အနည်းငယ် ညွှန်ပြပြောဆိုလိုပါသည်။

ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူအသိုက်အဝန်းထဲမှာ ကျွန်တော်တို့လို ဝတ်အသင်း၊ ဝေယျာဝစ္စအသင်းများ ရှိကြပါသည်။ ၎င်းတို့သည် သောကြာ၊ စနေ၊ တနင်္ဂနွေ စသော သူတို့ဘာသာအလိုက်နေ့ကြီးရက်ကြီးများတွင် ဘုရားရှိခိုးကျောင်း၊ ဗလီ၊ တန်တောင်း၊ တရားဟော ဆရာနေအိမ် စသည်တို့၌ စုဝေး၍ ဘာသာဘာဝအလိုက် ရှိခိုးပူဇော်၍ ဝတ်ပြုကြပါသည်။ ဤသို့ ဝတ်ပြုကြသောအခါ တရားဟော ဆရာများက ဖြစ်စေ၊ ရပ်ကွက်ဆိုင်ရာ လူကြီးများက ဖြစ်စေ ၊ မိဘများကဖြစ်စေ အကျင့်စာရိတ္တ ကောင်းမွန်ရေးအတွက် ပုံတိုပတ်စများနှင့် ဟောပြောကြပါသည်။

ကျွန်တော်တို့သည် ဘာသာရေးဟု လွယ်လွယ်ပြောတတ်ကြပါသည်။ စင်စစ် ကျွန်တော်တို့ မြန်မာစကား ဘာသာဆိုသည်မှာ မိမိရိုးရာ

www.burmeseclassic.com

www.burmeseclassic.com



ဓလေ့အလိုက် ပြုမူပြောဆိုရသော စကားဟု အဓိပ္ပာယ်ရပါသည်။ ယင်း အဓိပ္ပာယ်မှတစ်ဖန် အနှစ်သာရကိုယူလျှင် ဓလေ့ပင် ဖြစ်သည်။

ဓလေ့ကောင်းမွန်စေရန် အခြေခံမှာ ကိုယ်ကျင့်တရား ဖြစ်သည်။ ကိုယ်ကျင့်တရား ကောင်းမွန်အောင် လုပ်ရသော လုပ်ငန်းတွင် သုစရိုက် အင်အားစုတို့က အချင်းချင်းအလှယ်လှယ်ကောင်းသော အပြုအမူများကို အတုယူလျှင် မှားနိုင်စရာ အကြောင်းမရှိပါ။ သူ့ဘာသာဘာဝအလျောက် သူ့ကိုယ်ကို သူကောင်းအောင် ပြုပြင်သည့် နည်းအတိုင်း ကိုယ့်ဘာသာ ဘာဝအလျောက် ကိုယ့်ကိုယ်ကိုကောင်းအောင် ပြုပြင်ခြင်းသည် မွန်မြတ် သောလုပ်ငန်း ဖြစ်ပါသည်။

ထိုထိုသော လူငယ်တို့သည် ဝေယျာဝစ္စ ဆောင်ရွက်ကြပုံမှာ မရှိ ဆင်းရဲသူကို အစားအစာ၊ အဝတ်အစား၊ စာအုပ် ဝတ္ထုပစ္စည်း စသည် တို့ဖြင့် ထောက်ပံ့ခြင်း ဖြစ်သည်။ အချင်းချင်း ဆဲဆိုခြင်း၊ အလုအယက် ပြုကျင့်ခြင်း၊ နိုင်လိုမင်းထက် ပြုကျင့်ခြင်း၊ ရန်ဖြစ်ခြင်း စသည်တို့မှ ရှောင်ကြဉ်ရန် ဟောပြောဆုံးမကျင့်ကြံကြပါသည်။

ဤဆောင်းပါးတိုတိုကလေးဖြင့် ဝေယျာဝစ္စလုပ်ငန်းအားလုံးကို ကျွန်တော် မဖော်ပြနိုင်ပါ။ စာရိတ္တပြုပြင်ရေးလုပ်ငန်းကို ကိုယ်တွေ့ လေ့လာစုံစမ်းကြည့်လျှင် အတုယူစရာ အချက်ပေါင်းများစွာကို တွေ့ရ ပါလိမ့်မည်။

ကျွန်တော်တို့၏ ဘာသာဘာဝဓလေ့အရထူထောင်သော ဝေယျာ ဝစ္စအသင်းများသည်လည်း မူလရည်ရွယ်ချက်မှာ ကိုယ်ကျင့်တရား ကောင်းမွန်ရေးပင် ဖြစ်ပါသည်။ သူတို့က သူတို့ကိုးကွယ်ရာဝါဒအလိုက် ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြသောအခါ ကျွန်တော်တို့က လည်း ကျွန်တော်တို့၏ ကိုးကွယ်ရာဝါဒ အလိုက်ကိုယ်ကျင့်တရားကောင်း အောင် ကျင့်ကြရပါလိမ့်မည်။

အားလုံးကိုယ်ကျင့်တရားကောင်းလာကြပါလျှင် ယနေ့ ကျွန်တော် တို့ ကြုံဆတီတွင်လုပ်ကိုင်နေသော တိုင်းပြုပြည်ပြု လုပ်ငန်းကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမရွေး၊ ဘာသာမရွေး ဖြောင့်ဖြောင့်မှန်မှန် ရိုးရိုးသားသား လုပ်ကိုင်နိုင်ကြလိမ့်မည်။ ထိုအခါ ယနေ့ နေ့တိုင်းသတင်းစာထဲမှာ ဖတ်ရှုနေရသော မသမာမှုအနိဋ္ဌာရုံတို့ ပပျောက်၍ တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ခင်လေးမြတ်စွာ အညီအညွတ် ပေါင်းသင်နေထိုင်ကြလိမ့်မည်။

ယခုအခါ ဘိန်းဖြူ ဘိန်းမည်း စသော ဒုစရိုက်ပစ္စည်းကြောင့် ပျက်စီးနေသည်ကို လူငယ်တို့ကပင် ပြုပြင်ကြရမည်။ ထိုဒုစရိုက်များ ဘာကြောင့် ဖြစ်ရသလဲ။ အဆုံးအမနှင့် ကင်းနေသောကြောင့် ဖြစ်ရပါသည်။ ကိုယ်ကျင့်တရား အဆုံးအမရှိလျှင် 'နံပါတ်ဖိုး' ဆိုတာ ဤလောကမှာ ပေါ်စရာ အကြောင်းမရှိ။

ထို့ကြောင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ရည်သန်၍ ဆောင်ရွက်နေကြသော ဝေယျာဝစ္စအသင်းများဖြင့် အမှိုက်လှည်းသော လုပ်ငန်းမှစ၍ မူးယစ်ထုံထိုင်း အန္တရာယ်ကင်းရှင်းရေးအထိ လူမှုဝတ်ထမ်းနည်းဖြင့် ငါတို့လူငယ်တစ်တွေ ဘယ်လိုဆောင်ရွက်လျှင် ကောင်းမည်နည်းဆိုသောအချက်ကို ယခုစဉ်းစား၍ ယခုပင် အလုပ်လုပ်ကြပါ။ ဘိန်းဖြူက ကျွန်ုပ်တို့၏ ယဉ်ကျေးမှုကို ယခုပင် မျိုနေပါသည်။

**ဟံသာဝတီ သတင်းစာ၊ ၂၉ အောက်တိုဘာလ ၁၉၇၅**

www.burmeseclassic.com

www.burmeseclassic.com

## စရဏတရား

ကျောင်းဖွင့်ပြီဟုဆိုလျှင် နွေရာသီ အနားယူရက်အတွင်း ပိတ်ထားသော တံခါးများ ပွင့်လာသည်။ ကျောင်းသားကျောင်းသူ ပုစုခရုတို့ ခုန်ပေါက်မြူးထူး၍ ကျောင်းခန်းထဲ ဝင်လာကြသည်။ အထူးသဖြင့် ယခုနှစ်မှစ၍ ကျောင်းနေကြရမည်ဖြစ်သော ငါးနှစ်အရွယ် ကျောင်းသား ကျောင်းသူ ချာတိတ်များမှာအလွန်ပျော်ရွှင်နေကြသည်။ ဤမြင်ကွင်းကို ကြည့်ရသော ဆရာမိဘတို့သည် ကလေးများနည်းတူ ပျော်ရွှင်ကြည်နူးလျက် ရှိနေကြလိမ့်မည်။

နွေရာသီအတွင်း ကန်ဘဲ့ဆရာအတတ်သင်ကျောင်း၌ ပညာရေးနှီးနှောဖလှယ်ပွဲတစ်ခုကို ကျင်းပခဲ့ကြ၏။ ထိုပွဲတွင် မူလတန်းအဆင့် ကျောင်းသူကျောင်းသားကလေးများ၏ စာရိတ္တကို ပြုပြင်တည်ဆောက်ပေးရန်အလို့ငှာ သူငယ်တန်းစသည့်အဆင့်မှအစပြု၍ အမူအကျင့်ကောင်းလာအောင်ဆရာ၊ ဆရာမတို့က သင်ကြားပြုစုပေးကြဖို့ရာ ဆွေးနွေးသည်ဟု နားစွန်နားဖျား ကြားလိုက်ရ၏။ အကျယ်ကိုမူ မသိပါ။ သို့သော် ထိုမျှလောက်သာ သိရသည်နှင့်ပင် ဝမ်းသာလှပါ၏။

မူလတန်းအရွယ်၌ ကကြီး၊ ခခွေး၊ တစ်၊ နှစ်၊ သုံး၊ လေးတို့မှအစ နေဝ်ရထာမင်းစောအကြောင်း၊ ရန်ကုန်၊ မန္တလေးအကြောင်း စသည့်

www.burmeseclassic.com

www.burmeseclassic.com



စာရေး၊ စာဖတ်၊ အတွက်၊ သမိုင်း၊ ပထဝီတို့ကို အခြေခံမှစ၍ အုတ်မြစ်ချပေးသော သဘောဖြင့် သင်ကြားပေးကြသည်မှာ သင်ရိုးထုံးစံဖြစ်၏။ ယင်းတို့မှာ ကလေးသူငယ်တို့အတွက် 'စာ' တတ်ရာတတ်ကြောင်း အထောက်အပံ့ ဖြစ်၏။ တစ်နည်းဆိုသော် နောင်အခါ ကလေးတို့ ကြီးပြင်းလာလျှင် သင်ကြားရမည့် ပညာရပ်များကို တတ်စေရန်အတွက် အထောက်အပံ့ ဖြစ်၏။

သို့သော် ပညာသင်ကြားရေးစနစ်၌ ထိုမျှနှင့် ရပ်တန့်၍ မနေပါ။ ကလေးသူငယ်တို့၌ ကောင်းမြတ်သောအကျင့်စာရိတ္တတို့ကို တည်ဆောက်ပေးရခြင်းမှာ ပို၍ပင် အရေးကြီး၏။ ထို့ကြောင့် မူလတန်းအရွယ်တွင် စာသင်ပေးခြင်းကတစ်ပိုင်း၊ စာရိတ္တတည်ဆောက်ရေးက တစ်ပိုင်း၊ ယင်းအပိုင်းနှစ်ပိုင်းကို ပြည့်စုံအောင် သင်ကြားပေးကြရ၏။ ယခုအခါ 'ပတ်ဝန်းကျင်' ဟု သင်ကြားပေးခြင်းမှာ ဤစာရိတ္တကောင်းမွန်ရေး ရည်ရွယ်ချက်ကြောင့်ဖြစ်၏။ အမှန်စင်စစ် 'ပတ်ဝန်းကျင်' မှာ စာသင်ပေးသည်ထက် ပို၍ အရေးကြီး၏။

ဤကား ခေတ်စကားနှင့် ပြောရခြင်းဖြစ်၏။ ရှေးမြန်မာတို့၏ ပညာသင်ကြားရေး အစဉ်အလာအတိုင်း ပြောရလျှင် သီလ၊ သမာဓိသည် စရဏမျိုးမည်၏။ ပညာသည် ဝိဇ္ဇာမျိုးမည်၏။ စရဏဆိုသည်မှာ မြန်မာလို ရိုးရိုးပြောလျှင် အကျင့်ပင်ဖြစ်သည်။ အကျင့်ဆိုရာ၌လည်း မကောင်းသောအကျင့်ကို ဆိုခြင်းမဟုတ်။ သီလ၊ သမာဓိနှင့် ပြည့်စုံရမည့် အကျင့်မျိုးဖြစ်သည်။ ပညာသည် ဝိဇ္ဇာမျိုးမည်၏ဆိုသည်မှာ ရေးတတ်၊ ဖတ်တတ်၊ တွက်ချက်တတ်၍ လူတို့တည်ရာ ပထဝီမြေပြင်အကြောင်းနှင့် လူတို့ဖြစ်ပေါ်ပေါက်ပွားလာခြင်းကို ပြသော သမိုင်းအကြောင်းများကို ဆိုလိုသည်။ အကြမ်းအားဖြင့်ပြောလျှင် ပညာဆိုသည်မှာ အသိတရားဖြစ်သည်။ ဝိဇ္ဇာကားငှင်းအသိတရားနှင့်ယှဉ်၍ လုပ်တတ်ကိုင်တတ်သော အတတ်ကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအယူအဆနှင့် ခေတ်အယူနှစ်ခုကို ယှဉ်ကြည့်လျှင် သဘောသွားချင်း အတူတူပင်ဖြစ်သည်။ ဤသို့ သဘောသွားချင်းတူသည်မှာ ဤတရားသည် မည်သည့်ခေတ်ရောက်ရောက် ရှိအပ်သော တရားဖြစ်ခြင်းကြောင့်ပေတည်း။ ကာလဒေသမရွေး ဤစရဏနှင့် ပညာတို့သည် ဒွန်တွဲဆက်စပ်လျက် ရှိသည်။ စရဏကြောင့် လူကောင်းဖြစ်လာ၏။ ပညာကြောင့် လူတော်ဖြစ်လာ၏။ လူတော်လူကောင်းကို မုချလိုချင်လျှင် ပညာကို စရဏနှင့် ယှဉ်၍ သင်ကြားပေးကြရမည် ဖြစ်သည်။

ဤအချက်သည် ယခုခေတ်၌ အလွန်အရေးကြီးနေသည်။ ယခုခေတ်၌ စရဏဘက်က ချွတ်ယွင်းလာသောအခါ လူ့သဘာဝ၊ လောကသဘာဝကို မသိတတ်သေးသော ကလေးတို့သည် ရိုသေထိုက်သောသူကို ရိုသေရမှန်းမသိ၊ စကားပြောလျှင် ဆဲရေးတိုင်းထွာ ပြောကြ၏။ ဆဲရေးရင်းနှင့် ရန်ဖြစ်ကြ၏။ ရန်ဖြစ်ရာမှ တုန်၊ ဓား ၊ လောက်လေး၊ အုတ်နီခဲ စသည်တို့ကို အသုံးပြုလာကြ၏။ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက ကျူးကျော်စော်ကားလာကြ၏။ ဤသည်မှစ၍ ခိုးတတ်၏။ လိမ်တတ်၏။ ကောက်ကျစ်တတ်၏။ သနားကြင်နာ ကိုယ်ချင်းစာတရား ကင်းမဲ့၍ ငှက်ကလေး၊ ကြက်ကလေးကို သတ်တတ်၏။ အချို့မှာလည်း အရွယ်နှင့်အလိုက်အောင် သားပြော၊ မယားပြော ပြောကြ၏။ လူပျိုကာလသားအရွယ်တို့ကို ထိန်းကျောင်းစာသင်ပေးရသော ဆရာမများဆိုလျှင် ယခုကျွန်တော်ရေးပြသောကိစ္စကို ကောင်းစွာ နားလည်ကြပါလိမ့်မည်။

ဤမကောင်းသော စရိုက်(အကျင့်)တို့ကို မူလတန်းအရွယ်မှစ၍ ပြုပြင်မပေးနိုင်လျှင် အလယ်တန်းအရွယ်၌ အခက်တွေ့လိမ့်မည်။ အလယ်တန်းအရွယ်ကျောင်းသားကို ဗိုင်းကောင်းကျောက်ဖိ သွန်သင်မပေးနိုင်လျှင် အထက်တန်းအရွယ်၌ ပို၍ အခက်တွေ့လိမ့်မည်။ စရဏတရားနှင့် မပြည့်စုံသောသူတို့ ကောလိပ်၊ တက္ကသိုလ်စသော ပညာသင် ဌာနများသို့ ရောက်သွားကြသောအခါ မိမိကိုယ်ကိုမျှ မိမိ မထိန်းနိုင်သော သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



လူ့စည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ မြို့စည်းကမ်း၊ တိုင်းနိုင်ငံစည်းကမ်း စသော စည်းကမ်းဟူသမျှတို့ကို ချိုးဖောက်၍ မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာကြလိမ့်မည်။

အသက်နှစ်ဆယ်ကျော် အစိတ်မှာ လူကြီးဖြစ်ရမည့် အရွယ်တွင် လူနှင့်ပတ်ဝန်းကျင် သဟ္ဗာယမျှတအောင် မနေတတ်၊ မထိုင်တတ် ဖြစ်လာကြသောအခါ လူ့လောကတစ်ရပ်လုံး၏ ရန်သူဖြစ်လာတတ်သည်။

ထို့ကြောင့် စာရိတ္တတည်တောက်ရေး၊ ပြုပြင်ရေး၊ တိုးတက်ရေး လုပ်ငန်းအဝဝနှင့် ဆိုင်သော စရဏအကြောင်းကို အာစရိယဂုဏော အနန္တောဟူသော ဂုဏ်းနှင့် ပြည့်စုံသူတို့ နှလုံးသွင်းနိုင်ကြစေရန် အမြွက်မျှ ဖော်ပြလိုက်ပါသည်။

**ဟံသာဝတီ သတင်းစာ ၁၆ ဇွန်လ ၁၉၇၆။**

www.burmeseclassic.com

www.burmeseclassic.com

# ဘိလပ်ရှင်ပြု

ဗုဒ္ဓဘာသာဝင် မြန်မာပြည်ထောင်စု တိုင်းရင်းသားအပေါင်းတို့ သာဓု အနုမောဒနာပြုစရာ သတင်းကောင်းတစ်ပုဒ်ကို တင်ပြပါရစေ။

ဘိလပ်ဟုခေါ်သော အင်္ဂလန်နိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားစ ပြုနေပါပြီ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ကျောင်းနှင့် ကန်နှင့် အတည် တကျ တရားအားထုတ်၍ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတို့ကို ပြုစုပျိုးထောင်လျက်ရှိကြရာ သဒ္ဓါတရားနှင့် ပြည့်စုံသော မြန်မာအမျိုးသား ဦးမြတ်စောက ၁၉၇၁ ခုနှစ်တွင် ဝိဟာရကျောင်းတစ်ဆောင်ကို လှူဒါန်း ခဲ့၏။ ထိုကျောင်းမှာ ၁၈၇၅ ခုနှစ်တွင် ဝိတိုရိယဘုရင်မလက်ထက်၌ ဆောက်လုပ်ထားသော အုတ်ကင်ဟို့ (Oaken Holt) အမည်ရှိအဆောက် အအုံ ဖြစ်သည်။ ယင်းကို ဦးမြတ်စောက စတာလင်ပေါင် ခြောက်သောင်း ပေး၍ ဝယ်ယူလှူဒါန်းခဲ့သည်။ ထိုအဆောက်အအုံ တည်ရာအရပ်မှာ အောက်စဖို့ဒ်မြို့နှင့် မနီးမဝေး ဖားမိုး (Farmoor) အရပ် ဖြစ်သည်။

၁၉၇၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်သည်ကား အနောက်တိုင်း ဗုဒ္ဓ သာသနာဝင်၌ မှတ်တမ်းတင်ရမည့်နေ့ဖြစ်သည်။ အဘယ်ကြောင့်ဆို သော် ထိုနေ့ထိုရက်၌ အင်္ဂလန်အပါအဝင်ဥရောပဒေသတွင် လက်မွန်မဆွ ပထမဦးဆုံး ရှင်ပြုမင်္ဂလာ ဆင်ယင်ကျင်းပခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်လောင်းတို့မှာ ခြောက်ပါးဖြစ်သည်။ မူလအစီအစဉ်မှာ ရှင်လောင်းရှစ်ပါးကို သာမဏေဘောင်သို့ ချီးမြှင့်ရန် ဖြစ်သော်လည်း ရှင်ပြုနေ့တွင် ရှင်လောင်းတစ်ပါးမှာ လုပ်ငန်းတစ်ခုကြောင့် မအား မလပ်ဖြစ်၍ ရှင်မပြုနိုင်။ ကျန်ရှင်လောင်းတစ်ပါးမှာ ကျောင်းသားတစ်ဦး ဖြစ်၍ ရှင်ပြုမည့်နေ့တွင် လူချင်းတွေ့ဆုံ မေးမြန်းရသော စာမေးပွဲတစ်ခုနှင့် တိုက်ဆိုင်နေသောကြောင့် ရှင်ပြုပွဲသို့ ကြွရောက်ရန် ပျက်ကွက်ခဲ့ရလေသည်။

ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာမှာ ဟမ္ဗာလဝ သဒ္ဓတိဿမထေရ် ဖြစ်သည်။ ထိုဆရာတော်နှင့်တကွသော သံဃာ ၁၂ ပါးတို့က ရှင်ပြုအင်္ဂါ အထမြောက်အောင် ကြီးကြပ်ဆောင်ရွက်တော်မူကြသည်။

အင်္ဂလန်နိုင်ငံတွင် ပထမဆုံးအကြိမ် ရှင်ပြုမင်္ဂလာ ကျင်းပသည် ဖြစ်ရာ သတင်းထောက်များကို ဖိတ်ကြားထားသည်။ ရှင်လောင်းများသည် အရုဏ်တက်တွင် ဘုရားကို ဝတ်ပြုပြီးသော် ကွန်းဖလိတ်ဟု ခေါ်သော ပြောင်းဖူးခြောက်ကို ယာဂုပြု၍ သုံးဆောင်ကြသည်။ သတင်းထောက်များကိုငဲ့၍ နံနက် ၈ နာရီတွင် ရှင်ပြုမင်္ဂလာကို စတင်ကျင်းပရာ ဆရာတော်ကရှင်သာမဏေတို့သည် လောကတံထွာ ကိုယ်ပိုင်ပစ္စည်းဟု ဆိုအပ်သော ပစ္စည်းတို့ကို စွန့်လွှတ်၍ ပရိက္ခရာရှစ်ပါးသာလျှင် အသုံးအဆောင် အလို့ငှာ ပိုင်ဆိုင်ကြပြီးလျှင် သူတစ်ပါးပေးသော အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ် ဖြစ်လာပြီဟု ကြေညာသည်။ သတင်းထောက်တို့အား ရှင်ပြုမင်္ဂလာနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်အောင် ရှင်းပြခြင်း ဖြစ်သည်။

ဤသတင်းကို ဘိလပ်၌ ထင်ရှားသော သတင်းစာတို့တွင် ဝေဝေဆာဆာ ဖော်ပြလိမ့်မည် ထင်သည်။ လန်ဒန်တိုင်း သတင်းစာကမူ ဓာတ်ပုံနှင့်တစ်မျိုး၊ သတင်းမှတ်တမ်းနှင့်တစ်မျိုး ၂၁ လက်မခွဲ ကော်လံ တစ်ကော်လံခွဲသာသာ ရေးသားသည်။ ဓာတ်ပုံချည်းသက်သက် တစ်ကော်လံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်လောင်းတို့တွင် အင်္ဂလိပ်ဗုဒ္ဓဘာသာဝင် လုပ်ငန်းပိုင်ရှင်တစ်ဦး သားဖြစ်သူ အသက် ၂၈ နှစ်အရွယ် ဂရေဟန်အိုဝင် Graham 0wens ဆိုသူပါဝင်သည်။ အိုဝင်၏ဦးခေါင်းမှ ဆံပင်များကို ဆရာတော်က လျှပ်စစ်ကတ်ကြေးဖြင့် ဆံပင်ညှပ်ပေးသောအခါ စက်ကတ်ကြေး 'ဂျမ်း' ဖြစ်နေ၍ နောက်ထပ် စက်ကတ်ကြေးနှစ်လက်၊ ရိုးရိုးကတ်ကြေးနှင့် သင်တုန်းဓားများကို သုံးရသည်။

သင်္ကန်းတောင်း၊ သင်္ကန်းဆီးသော ရှင်ပြုရာ၌ လုပ်ဆောင်ဖွယ်ဝတ်အသွယ်သွယ်တို့ကို ပါဠိလို ပြောဆို၍ ဆောင်ရွက်ကြရသည်။

ရှင်လောင်းတို့အတွက် သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမတို့ လှူဒါန်းကြသော ပစ္စည်းများမှာ ဆန်စပါး၊ ပဲ၊ ပြောင်းတို့ဖြင့် စီမံထားသော အာဟာရအခြောက်၊ သကြား၊ ငါးပေါင်း၊ လက်ဖက်ခြောက်၊ အင်္ဂလိပ်ချဉ်ဖတ်၊ ဆပ်ပြာ သွားတိုက်ဆေး စသည်တို့ဖြစ်သည်။

ရှင်သာမဏေတို့မှာ အားလုံး အသက်အစိတ်ကျော်ကျော် လူငယ်လူလတ်ချည်း ဖြစ်သည်။ သာမဏေဘောင်တွင် အနည်းဆုံး ရှစ်ရက်ကြာမျှ နေထိုင်မည်ဟု သိရသည်။

ဝိနည်းသိက္ခာပုဒ်တို့ တင်းကျပ်သောကြောင့် အနောက်ဥရောပ၌ ရဟန်းခံရှင်ပြု ကိစ္စတို့မှာ မလွယ်။ ရဟန်းတို့ အစဉ်အမြဲ သီတင်းသုံးဖို့ပင် အလွန်ခက်ခဲသည်။ ဥပမာ ပိုက်ဆံငွေကြေး ကိုင်တွယ်သုံးစွဲခြင်း မပြုရဟူသော စည်းကမ်းသည်ပင်လျှင် အတော်ကျပ်တည်းသည်ဟု ဆိုကြသည်။ သို့သော် လိုလျှင်ကြံဆ နည်းလမ်းရဟူသော စကာအတိုင်း သာသနာတော်၌ ယုံကြည်သော သဒ္ဓါတရားရှိသည့် ဥပါသကာ ဥပါသကီတို့ ပေါ်ပေါက်လာလျှင် ခဲယဉ်းသောသဘာဝတို့ အလိုလို ပပျောက်သွားလိမ့်မည်ဟု ထင်ပါသည်။

ဘိလပ်ရှင်ပြုကို စာစုခေါ်ကြပါ။

**ဟံသာဝတီ သတင်းစာ၊ ၂၂ ဩဂုတ် ၁၉၇၆**

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ပြုခြင်း၏ အနှစ်သာရ

ဝါဝင်ခါနီးလျှင် ရွာထဲမှာ ပြောသံကြားရသည်။ ထိုအခါ ကျွန်တော်သည် ပြောသံထွက်ပေါ်လာရာ အလျှုမဏ္ဍပ်သို့ ရောက်သွားလေသည်။ ပြောသံထဲမှာ ကျွန်တော်တို့ ကလေးသူငယ်များ၏ နှလုံးသားကို တုန်ခါအောင် လုပ်သောအသံ ပါသည်။ ထိုအသံသည် ပလုတ်တုတ်တုတ် တုတ်တုတ် တုတ်တုတ်ပြုန်းဟူသော အသံဖြစ်၏။ ပလုတ်ပြီးသည့်နောက် တုတ်တုတ်အသံက တော်တော်နှင့်မစဲဘဲ ဆွဲငင်၍နေလျှင် နှလုံးသားက ပို၍ ပို၍ တုန်ခါလာသည်။ နှလုံးတုန်ခြင်းဆိုသည်မှာ ကျွန်တော်တို့ လူမမည်များအဖို့ ကြောက်ခြင်းမဟုတ်။ ပျော်ခြင်းဖြစ်၏။ ကလေးပီပီ ဆော့ရန် စိတ်စော၍ ပျော်သည့်အပျော်မျိုး မဟုတ်။ ကချင် ခုန်ချင်သော အပျော်မျိုးလည်း မဟုတ်။ အလျှုအတန်းလုပ်၍ ပျော်သည့် အပျော်မျိုးလည်းမဟုတ် ။ ဘာကြောင့်ပျော်သလဲ ဟူ၍လည်း မိမိဘာသာ မိမိ မစဉ်းစားတတ်။ စိတ်ထဲမှာ ရိုးတိုးရွတ ဖြစ်လာသည်ကား အမှန်ပင်။

သီတင်းကျွတ်လည်း ထိုပြောသံ။ သင်္ကြန်ကျလျှင်လည်း ထိုပြောသံ။ ယင်းပြောသံတို့သည် နှလုံးသားထဲမှာ တလှပ်လှပ်ခါ၍ နေလေသည်။

ပြောသံများ စဲသွားသောအခါ ဘုန်းတော်ကြီး၊ ဦးပဥ္စင်း၊ ကိုရင်စသည်တို့ မဏ္ဍပ်မှ ထွက်ခွာသွားကြသည်ကို မြင်ရ၏။ ကိုရင်အုပ်စုထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျောင်းနေဖက် သူငယ်ချင်းများကို တွေ့ရသည်။ များသောအားဖြင့် ခြောက်နှစ်အရွယ်မှ တစ်ဆယ့်ခြောက်နှစ်အရွယ်အထိ လူငယ်မျိုးစုံပါဝင်သည်။

"အမယ် လက်စသတ်တော့ ဖိုးထောင်လည်း ကိုရင်ဖြစ်ပြီကိုး"

ကစာဖော် ကစားဖက်ဆိုတော့ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်းသိသည်။ သူ့အိတ်ထောင်ထဲမှာ လောက်လေးခွ အမြဲပါသည်။ ထိုအိတ်ထောင်မှာ ကျောက်သင်ပုန်းထည့်သော အိတ်ထောင်ဖြစ်၍ လောက်စာလုံးနှင့် ကျောက်သင်ပုန်းတို့အချင်းချင်း ထိခိုက်သောအသံသည် ဂလောက်ဂလောက် မြည်နေသည်။ ဖိုးထောင်သည် ကျောင်းတက်ရန် လေးလေးတွဲ့တွဲ့ သွားရင်းလာရင်းနှင့်လည်းကောင်း၊ ကျောင်းအပြန် ဒုန်းစိုင်း၍ ခုန်ပေါက်မြူးထူးရင်းနှင့် လည်းကောင်း လမ်းတွင် တွေ့သမျှ စာကလေး၊ ဆက်ရက်၊ ကျီးကန်းများကို လက်တည့်စမ်းသူဖြစ်ရာ သူ၏ သွားလမ်းလာလမ်း၌ ကျီးဝိုင်း၍ အာနေသည်ကို ကြားရလျှင် စိတ်ချ ဖိုးထောင်ပဲဟု အတပ်စွဲနိုင်သည်။

ဩော် ယခု လောက်လေးခွ ငှက်ခတ်သမား ဖိုးထောင်ပင်လျှင် ကိုရင် ဖြစ်ပါပေါ့ကလား။ သူ ကိုရင်လူထွက်လျှင် လောက်လေးခွကို ကိုင်ပါဦးမလား။ သူ့ကြည့်ရတာ ဝါတော်နှစ်ဆယ်ရ မဟာထေရ်ကြီးလို ဣန္ဒြေတစ်ခွဲသားနှင့်။ ကြည့်ကောင်းလိုက်တာ။ ခုမှသိသည်။ ပြောသံကြားလို့ ပျော်သည်ဆိုသည်မှာ ယခုလို အားကျစရာကောင်းလို့ ပျော်ခြင်းပါပဲကလား။ စင်စစ် အများနည်းတူ ပျော်လိုက်ချင်ပါသည်။ ငယ်ငယ်ရွယ်ရွယ် စိတ်ထဲမှာ ကုသိုလ်သဟာကို နားမလည်သေးသော်လည်း ကိုရင်ဝတ်ရလျှင် ပျော်စရာကောင်းမည်ဟု မှတ်သားထားမိသည်။ သို့သော် ဖိုးထောင်က ကျွန်တော့ထက် အတန်ကြီးသည်။ ကျွန်တော်က သူ့ပခုံးကိုပင် မမီတတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖြစ်လိုသောစိတ်သည် တက်ကြွလာသည်။ သို့သော်ဖခင်က 'သက်န်းမနိုင်ဘဲနဲ့တော့ ရှင်ပြုမပေးဘူးကွာ' ဟုပြောပါသည်။ သက်န်းပဲ မနိုင်စရာ အကြောင်းမရှိ။ ပုဆိုးမြဲပြီ။ ပုဆိုးဆိုလျှင် အဘ(ဘိုးအေ) က သင်ပေးထားသည့်အတိုင်း ခါးပုံစကို ကျကျနန ချတတ်ပြီး။ သင်းပိုင်ကို ခါးမှာ အလိပ်လိပ် ပိုး၍ ခါးပန်းကြိုးနှင့် ရစ်ပတ်ထားလိုက်လျှင် သက်န်း အမြဲဘဲ နေပေါ့မလား။ မိမိဘာသာမိမိ ဤကဲ့သို့ စောဒကတက်ကြည့်သည်။ သို့သော် သက်န်းနိုင်တယ် မနိုင်ဘူးဆိုသော ဝေါဟာရသည် ကျွန်တော် ထင်သကဲ့သို့ မဟုတ်။

"သက်န်းဆီးတတ်တာလည်း သိပ်မခက်ပါဘူး။ သက်န်းရုံတာက တော့မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ခက်လိမ့်မယ်။ ဒါလည်းပဲ တစ်ရက်၊ နှစ်ရက် ကျင့်သားရရင် လွယ်သွားမှာပါပဲ။ ဒါပေမဲ့ သက်န်းနိုင်တယ် ဆိုတာက ဒီလိုကွဲ့"

"ကိုရင်ဝတ်တယ်ဆိုတာ ပထမ ဆယ်ပါးသီလကို နိုင်အောင်ထိန်း ရတယ်။ ညစာမစားရဘူးဆိုတော့ မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝမ်းထဲမှာ တကြုတ်ကြုတ် မြည်ပြီး ကျက်သရေခန်းထဲက ငှက်ပျောသီး ခိုးစားရင် ဘယ်မှာကုသိုလ်ရတော့မှာလဲ။ မင်း ငယ်ငယ်က ပထမဦးဆုံး ဥပုသ်စောင့် တဲ့နေ့မှာ ညစာမစားရဘူးဆိုတော့ ညအိပ်ရာဝင်ခါနီး ကန်စွန်းဥ အစိမ်း လိုက်ဝါးစားတာ မှတ်မိသေးတယ် မဟုတ်လား"

ဟုတ်၏။ ထမင်းမစားရဘူးဆိုတော့ ကန်စွန်းဥက ထမင်းမှ မဟုတ်ဘဲ စားကောင်းတယ် ထင်တာပေါ့။ ကလေးကိုး ဘယ်သိမလဲ။ အိပ်ရာထဲမှာ တကျွတ်ကျွတ်နှင့်ဝါးရသော လက်သီးဆုပ်သာသာ ကန်စွန်း ဥအနီကြီးမှာ အလွန်အရသာရှိသည်။

ထို့နောက်ဖခင်က ဆက်ပြောပြန်သည်။

"ဆယ်ပါးသီလလုံရင် ရှင်ဖြစ်ရကျိုး နပ်တာပေါ့ကွယ်။ ဒါပေမဲ့ ဒါတွင် မဟုတ်သေးဘူး။ ကိုရင်ဝတ်နဲ့ အနေအထိုင် ဆင်ခြင်ရတယ်။ အပြောအဆို ဆင်ခြင်ရတယ်။ စိတ်ထားလည်း ဆင်ခြင်ရတယ်။ နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ ကိုရင်တို့ရဲ့ လုပ်ငန်းတွေကို ဝတ်လို့ခေါ်တယ်။ ကျင့်ဝတ်၊ဝတ္တရား အဲဒါတွေပဲ။ အဲဒီမှာလည်း ကိုယ်လုပ်သမျှ အလုပ်ကို ဆင်ခြင်ရတယ်။ အဲဒါကို ဣန္ဒြေစောင့်စည်းတယ်လို့ခေါ်တယ်။ ဣန္ဒြေဆိုတာကတော့ မြင်မြင်သမျှ ကြည့်တာမှာ စိတ်ကို စောင့်ထိန်းရတယ်။ ကြားကြားသမျှ ကိုလည်း စိတ်က ထိန်းကျောင်းပေးရတယ်။ အနံ့ခံတာ၊ အရသာခံတာ၊ တွေ့ထိတာ၊ အဲဒါအားလုံးဟာ အာရုံခံတာပါပဲ။ မြင်တဲ့အာရုံ၊ ကြားတဲ့ အာရုံ၊ မွှေးသလား၊ နံသလားလို့ နမ်းကြည့်လို့ရတဲ့ အာရုံ၊ ချိုချဉ်ဖန်ခါး အစရှိတဲ့ အရသာခံတဲ့ အာရုံ။ နူးညံ့တယ်၊ ကြမ်းတမ်းတယ်၊ ချောတယ်၊ မွတ်တယ် သာယာတယ်၊ မသာယာဘူး ဆိုတာကို ခံစားရတဲ့ အတွေ့ အထိအာရုံ။ အဲဒီအာရုံခံစားမှု ငါးမျိုးကိုလည်း ထိန်းရတယ်။ ဆင်ရုပ်၊ မြင်းရုပ် လှလှကလေးတွေကို မင်းမြင်ရင် လိုချင်တယ် မဟုတ်လား ။ ကိုယ်လိုချင်တာ မရရင် မင်း စိတ်ညစ်တယ် မဟုတ်လား၊ သီချင်း နားထောင်ချင်တယ်။ ဆိုင်းသံ၊ ဗုံသံ ကြားချင်တယ်။ ဒါဟာ ပွဲကြည့်ချင် တာပေါ့ကွာ။ အဲ ပွဲမကြည့်ရရင် မင်း စိတ်ကောင်းတယ် မဟုတ်လား။ အဲဒီလိုပဲ။ နှာခေါင်းအရသာ၊ လျှာအရသာ၊ အတွေ့အထိ အရသာကို မက်ပြီး ဒီအရသာတွေကို မခံစားရရင် မင်း မကျေနပ်ဘူး မဟုတ်လား။ အဲဒါအားလုံးကို စောင့်ထိန်းရတယ်။ ဣန္ဒြေငါးပါးကို စောင့်ထိန်းတယ် ဆိုတာ အဲဒီအဓိပ္ပာယ်ပဲ။ မင်း  အခုမှ အသက်ခုနစ်နှစ်ပဲ ရှိသေးတယ်။ ဒီလို ဣန္ဒြေစောင့်စည်းရတဲ့ အလုပ်မျိုးကို မင်းနားလည်ဦးမှာ မဟုတ်ဘူး။ ဒါတွေကို သဘောပေါက်လောက်တဲ့ အရွယ်ရောက်မှ ရှင်ပြုပေးမယ်။ စိတ်ပုတီးကို မနိုင်ဘဲနဲ့တော့ ရှင်ပြုမပေးနိုင်သေးဘူး”

ဖခင်ပြောသည်ကို သားဖြစ်သူက နည်းနည်းတော့ သဘောပေါက် ချင်သလိုလို။ သို့သော် ပွဲကလေးကိုမျှ မကြည့်ရဘူးဆိုတော့ စိတ်ထဲမှာ ‘အခက်သားပါလား’ ဟု အောက်မေ့မိသည်။ ပွဲကြည့်တော ဘာဖြစ်သေး သလဲ။ ကျောင်းဝင်းထဲမှာ ကကြ၊ ခုန်ကြတော့ ကြည့်ကြမှာချည်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖခင်က ဣန္ဒြေ ဣန္ဒြေဟု တဖွဖွ ဆိုသည်။ ကျွန်တော် နားလည် သလောက်ကတော့ ဣန္ဒြေဆိုလျှင် မရယ်မပြုံး ခပ်တည်တည်နေတာ ကိုသာ နားလည်သည်။

"ဣန္ဒြေငါးပါးကို စောင့်ထိန်းတယ်ဆိုတာ မကောင်းမှုကို တားမြစ် ဖို့ပါပဲ။ ဣန္ဒြေကို စောင့်ထိန်းတော့ လာဘ၊ ဒေါသ၊ မောဟတွေ ဖြစ်စရာ အကြောင်း နည်းပါးသွားတယ်။ ဣန္ဒြေကို ဒီအတိုင်းလွှတ်ထားရင် လောဘ၊ ဒေါသ၊ မောဟ စိတ်ရိုင်းတွေ ထကြွသောင်းကျန်းလာတတ် တယ်။ သူတို့ကို နှိမ်ထားလိုက်တော့ လူလျှင်လူချင်း စာနာတဲ့ စိတ်တွေ ဖြစ်ထွန်းလာတယ်။ အချင်းချင်းစာနာတယ်ဆိုရင် အချင်းချင်းကို လေးစား လာနိုင်တယ်။ လေးစားခြင်းဆိုတာ ဂါရဝတရားပေါ့ကွယ်။ ဂါရဝတရား ကို ရှေ့ထားပြီး သွားလာနေထိုင်ပြုမူလို့ရှိရင် သူတစ်ပါးအကျိုးကို ဆောင်ရွက်ဖို့ ဝန်မလေးတော့ဘူး။ သူတစ်ပါးအကျိုး ဖြစ်ထွန်းပါစေဆိုတဲ့ စိတ်ဟာ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့တဲ့စိတ်နဲ့ အတူတူပဲ။ ဒီစိတ်တွေ ပျံ့နှံ့လာရင် လူတွေအားလုံး ချမ်းမြေ့ပျော်ရွှင် လာမှာပေါ့"

ဖခင်က သားကို ဤသို့ရှင်းပြသည်။ ဖခင် ရှင်းပြသော စကားကို လူမမည်သားကလေးက လုံးစေ့ပတ်စေ့ နားမည်ပါ။ အဘိဓမ္မာဆန် ဆန်၊ ဝိပဿနာဆန်ဆန် တွေးတောရှုမြင်ရမည့်တရားကို အဘယ်မှာလျှင် သဘောပေါက်နိုင်ပါအံ့နည်း။ သို့သော် ဖခင်က ဆက်လက်၍ ကိုရင်ဝတ် ခြင်းနှင့်ဆိုင်သော တရားကို ဟောပါသည်။

"ကိုရင်ဝတ်ပြီဆိုရင် ဆရာတော်က မင်းကို ပုတီးစိပ်ခိုင်းလိမ့်မယ်။ ပုတီးစိပ်တတ်အောင် သင်ပေးတာကို ကမ္မဋ္ဌာန်းပေးတယ်လို့ ပြောတဲ့အခါ ပြောကြတယ်။ မင်း ကမ္မဋ္ဌာန်းကို နားလည်မှာ မဟုတ်ပါဘူး။ ဒီတော့ အခက်ကို အလွယ်ကစပြီး လုပ်ရမှာပေါ့။ ပုတီးစိပ်ကစပြီး တရားကို ရှုရတယ်။ "

www.burmeseclassic.com

www.burmeseclassic.com


ပုတီးစိပ်ဆိုတာ မခက်လှပါ။ ဥပုသ်စောင့်သောအခါ အမေက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုပြီး ပုတီးစိပ်ရန် သင်ပေးသည် မဟုတ်ပါလော။ ပုတီး ဆယ်ပတ်ပြည့်အောင် စိပ်ရသည်မှာ မပင်ပန်းလှပါ။

"ကိုရင် စိပ်ရတဲ့ ပုတီးစိပ်ဆိုတာက ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော ဆိုတဲ့ သုံးဆယ်နှစ်ကောဋ္ဌာသကို ဆင်ခြင်ရတဲ့ ကိစ္စပဲ။ မြတ်စွာဘုရားက သားတော် ရာဟုလာကို တရားရအောင် အဲဒီက စပြီး သင်ပေးတယ်"

လူကြီးတွေက 'သုံးဆယ့်နှစ်ကောဋ္ဌာသ'ဟု ပြောသံကို ကျွန်တော် ခဏခဏ ကြားဖူးပါ၏ အမေကလည်း တစ်ခါတစ်ရံ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေဟုအဆိုခိုင်းသည်။ ကေသာ လောမာ နခါ ဒန္တာ တစောကိုလည်း နှုတ်တက်ရပြီးပြီ။ သို့သော် မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ စသည်တို့ကိုမူကား မရပါ။ ယနေ့တိုင် ယင်းတို့ကို ရွတ်ဖတ်သရဇ္ဈာယ်လိုပါက စာအုပ်အားကိုးနှင့်သာ ရွတ်တတ်ဖတ်တတ် ပါသည်။

"အဲဒီ ကေသာလောမာ ဆိုတာတွေကတော့ လူ့ကိုယ်မှာ တည် ဆောက်ထားတဲ့ ပစ္စည်းတွေပဲ။ လိုရင်းကတော့ ဒီပစ္စည်းတွေဟာ မမြဲဘူး၊ မမြဲတဲ့အရာတွေဟာ ဆင်းရဲခြင်းပဲ။ ဒီကေသာ လောမာဆိုတဲ့ ခန္ဓာကိုယ် ကြီးဟာ ငါ့ဟာ မဟုတ်။ ငါက အစိုးမရဘူး။ အဲဒါကို သဘောပေါက် အောင် ဆရာဘုန်းတော်ကြီးများက သင်ကြားပေးလိမ့်မယ်။ ယခု မင်းလို နုနယ်တဲ့အရွယ်မှာ ဒါတွေကို သဘောပေါက်ဖို့ ခက်ဦးမယ်။ မဋ္ဌသဉ်္ဂါ ယောနိသောလို့လည်း အမြဲဆင်ခြင်ရဦးမယ်။ အဲဒီလို ဆင်ခြင်တတ်လာမှ တစ်စတစ်စနဲ့ ကေသာ လောမာ နခါ ဒန္တာ တစောဆိုတဲ့ ပုတီးစိပ်တဲ့ အလုပ်ဟာ အကျိုးထူးလာမယ်။"

ကျွန်တော်စိတ်ထဲမှာ ပဋ္ဌသဉ်္ဂါယောနိသေ ဆိုလိုက်သောအခါ 'အပျိုမြင် ငါ့ကိုပြော' ဟူ၍ သတိရသည်။ ပါးစပ်ကတော့ ထုတ်မပြောဝံ့

www.burmeseclassic.com

www.burmeseclassic.com


ပါ။ သို့သော် ဆင်ခြင်ရန်ဆိုသော ကိစ္စ၌ ဖခင်က ပြောပြသောအခါ ထို ပဋိသင်္ခါယောနိယောမှာ ကိုရင်တို့အတွက် အစအဦး ဆင်ခြင်ရမည့် ကိစ္စပင် ဖြစ်သော်ငြားလည်း အတော်ပင် ဝန်လေးလှ၏ဟု မှတ်ထင်မိပါ၏။

ဆင်ခြင်ဟုဆိုရာ၌ သင်္ကန်းကို ဝတ်ရုံသည်ပင်လျှင် အပူအအေးကို လည်းကောင်း၊ မှက်၊ ခြင်၊ ယင်၊ လေပူ၊ နေပူ၊ မြွေကင်း၊ သန်းတို့၏ရန်မှ ကာကွယ်ရန် လည်းကောင်း၊ အရှက်ကိုလုံစေရန်လည်းကောင်း၊ ဝတ်ရုံနေခြင်းဖြစ်သည်ဟု ဆင်ခြင်နေရခြင်း ဖြစ်၏။ အလှအနှင့် 'စတိုင်' ထုတ်စရာအကြောင်း မရှိချေ။

စင်စစ် ကျွန်တော်တို့ ယနေ့ ထမင်းစားနေသည်မှာ ပျော်ဖို့ပါးဖို့၊ မြူးထူးဖို့ စားနေကြခြင်း ဖြစ်၏။ ဇော်ဝိတ်ကြီးကဲ့သို့ ကာယဗလ တောင့်တင်းအောင် စားနေကြခြင်း ဖြစ်၏။ မယ်မြန်မာ၊ မောင်မြန်မာတို့ ကဲ့သို့ လှပအောင် စားနေကြခြင်း ဖြစ်၏။ ရုပ်ရှင်မင်းသား၊ မင်းသမီးတို့နှင့် နင်လား၊ ငါလား အသားရေ ဝဝကစ်ကစ်ဖြစ်အောင် စားနေကြခြင်း ဖြစ်၏။ စင်စစ် လူ့ဘောင်မှ သာမဏေဘောင်၊ ရဟန်းဘောင်သို့ ရောက်သောအခါ အာဟာရဆိုသည်မှာ ဤရုပ်ကြီး တည်ရုံမျှ၊ မျှတရုံမျှ၊ ပင်ပန်းခြင်း ငြိမ်းရုံမျှ၊ ဗြဟ္မစရိယကျင့်စဉ်ကို ချီးမြှောက်နိုင်အောင်၊ ဝေဒနာဟောင်းကို ပယ်ဖျောက်၍ ဝေဒနာအသစ် မဖြစ်ရလေအောင်၊ မျှတ၍ အပြစ်ကင်းမဲ့သော ချမ်းသာစွာ နေရလေအောင် မှီဝဲခြင်းသာ ဖြစ်သည်။

အိပ်ရာနေရာ၊ ကျောင်း စသည်တို့၌ မှီတင်းနေထိုင်သည် ဆိုသည်မှာလည်း အပူအအေးကို ပယ်ဖျောက်ရန်၊ မှက်၊ ခြင်၊ ယင်၊ လေပူ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ ရန်မှ ကာကွယ်ရန်၊ ရာသီဥတုဘေးဒဏ်ကို ခံနိုင်စေရန် အိပ်ရာနေရာတို့ကို မှီဝဲခြင်းမျှသာ ဖြစ်သည်။

ဆေးပစ္စည်းကို မှီဝဲရာ၌ပင်လျှင် ရောဂါဝေဒနာကို ဆန့်ကျင်တိုက်ဖျက်စေရန် ၊ ဝေဒနာကြောင့်စိတ်ဓာတ်ချောက်ချားခြင်း မဖြစ်စေရန်၊

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကြောင့် ဆင်းရဲဒုက္ခ မဖြစ်စေရန်၊ ဆေး ဟူသည် အသက်အတွက် အရံအတားဖြစ်သည်ဟူသော အမှတ်ဖြင့် မှီဝဲကြရန် ဖြစ်သည်။

ဖခင်သည် သားဖြစ်သူမှတ်ဖို့ရာ 'ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်းမြွေလွှဲသုန်၊ ဟိရိဂုဏ်ကို ၊ ကုန်စေတတ်စွာ' အစရှိသော လင်္ကာတို့ကို သင်ကြားပေးပါသည်။ သို့သော် ယင်းတို့၏ အသေးစိတ်နှင့်တကွ ပါဠိကို ဘုန်းတော်ကြီးက ဘုန်းကြီးကျောင်းရောက်မှ စနစ်တကျသင်ကြားပို့ချပေးပါသည်။

ထို့နောက် ဖခင်ကြီးက "သေခိယဆိုတဲ့ ကျင့်ဝတ်ဆိုတာလည်း အများကြီးပဲ။ မင်းကို ဘုန်းကြီးကျောင်း ပို့မယ်။ ဘုန်းကြီးဆီရောက်တော့ အသေးစိတ် သိရမှာပေါ့။ ကိုရင်ရယ်လို့ ဖြစ်လာရင် သင်္ကန်းရုံတာကအစ အဝန်းညီညီ ဝတ်တတ်ရမယ်။ ဆွမ်းစားရင်တောင်မှ စပုစပုကာရက ဆိုတဲ့ ပျတ်ပျတ်အသံနဲ့ မစားရဘူး။ ကုန်ကုန်ပြောမယ်ကွယ်။ မင်း နောက်ဖေးသွားဖို့ ကုဋီ။ ကုဋီဆိုတာ အိမ်သာ။ အဲ အိမ်သာတက်တာ တောင်မှ စည်းကမ်းရှိရတယ်။ ကျင်ကြီးကျင်ငယ်ကို မတ်တတ်ရပ်ပြီး မစွန့်ကောင်းဘူး။ ကုဋီထိုင်တာတောင်မှ စနစ်တကျ ထိုင်ရတယ်။ လူလို ပုဆိုးလှန်ပြီး ကမန်းကတန်းနဲ့ ကိစ္စမပြီးစေရဘူး။ တစ်ကိုယ်ရေ ကျန်းမာ သန့်ရှင်းဖို့ ရည်ရွယ်ပြီး ဘုရားက ပညတ်ထားတာတွေပဲ။ ကိုင်း ဒီလောက် ဆိုရင် မင်းဒီအရွယ်မှာ ဒါတွေကို နိုင်ပ့ါမလား။ ဒါတွေကို မနိုင်ရင် သင်္ကန်းမနိုင်ဘူးလို့ ဆိုရမယ်။ သည်တော့ကာ မင်း သုံးလေးနှစ်တော့ စောင့်ဦးကွယ်။ ကိုရင်ဝတ်တယ်ဆိုတာ နားလည်လောက်တဲ့ အရွယ်ကျတော့ သင်္ကန်း နိုင်ပြီ။ ဒီတော့ ရှင်ပြုပေးမယ်"

သို့နှင့်ပင် အသက် ဆယ်နှစ်ပြည့်မြောက်သောအခါ ကျွန်တော် သာမဏေ ဖြစ်လာပါသည်။ လေးထပ်ကျောင်း ဦးပဥ္စင်းကြီး ဦးဣန္ဒြိယ၏ သွန်သင်ဆုံးမချက်ကြောင့် အတင့်အသင့် ဣန္ဒြေရှိပါ၏။ သို့သော် တစ်ခါ တစ်ရံ ယောင်၍ စိပ်ပုတီးကို လက်ညှိုးမှာတပ်ပြီးလျှင် မွှေ့ကစားခဲ့ဖူးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်တော်သည် အလွန်ကံကောင်းသည်။ သာမဏေ နှစ်ခါ ဝတ်ရသည်။ မိဘတို့က တစ်ခါ။ ဒေါ်ကြီး(ဖခင်၏ညီမ) က သူ့ သားကို ရှင်မပြုရသေးမီ ကွယ်လွန်ခဲ့သည်ကို အကြောင်းပြု၍ ကိတ္တိမသား ရှင်ပြုပွဲကို ကျင်းပသောအခါ ရှင်လောင်းတစ်ပါး လိုနေသောကြောင့် ကျွန်တော်က လိုသောတစ်ပါးအတွက် အဖြည့်ခံသဘောဖြင့် ပါဝင်ခဲ့ သည်။ ထိုအခါကား ကျွန်တော် တက္ကသိုလ်ရောက်စ နှစ်များအတွင်းဖြစ် သည်။ ထိုရှင်ပြုသောအချိန်၌မူ သာမဏေဘဝ၏ သဘောသကာယတို့ ကို ကောင်းစွာ နားလည်ခဲ့ပါပြီ။ ကိုရင်ဝတ်နှင့် ဆင်ခြင်ရန် ရှိသမျှကျင့်ဝတ် ကျင့်ဖွယ်ရှိသမျှ သင့်တင့်စွာ ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ကုသိုလ်နှင့် စပ်၍ ပြောရလျှင် ဒေါ်ကြီးက ကျွန်တော့ကို ရှင်ပြုပေးသည်မှာ သူ့အတွက်ပို၍ ကုသိုလ်ထူးသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အသက် ၁၈ နှစ် ခန့်အရွယ်တွင် ရှင်ကျင့်ဝတ်ဆိုင်ရာအနက် အဓိပ္ပာယ်တို့ကို ကျွန်တော် သဘောပေါက်လာပြီ ဖြစ်သောကြောင့်ပင်တည်း။

ယခုအခါ ငယ်သူတို့ ကြီးလာကြပြီ။ ဟိုတုန်းက မိခင်၊ ဖခင်တို့၏ အလှည့်ဖြစ်သည်။ သူတို့က ကျွန်တော့်ကို ရှင်ပြုပေးကြသည်။ ယခု ကျွန်တော့အလှည့်ရောက်ပါပြီ။ ထို့ကြောင့် ယခုအခါ သားတွဲလောင်း၊ သမီးတွဲလောင်း ဖြစ်နေကြသော သားတို့ကို မိဘရပ်ထံ၌ပင် ရှင်ပြုပေးခဲ့ ၏။ မိမိကိုယ်တိုင် ကမကထပြုခြင်းကား မဟုတ်။ မိဘနှစ်ပါးက ကြီးမှူး၍ ကျင်းပသောရှင်ပြုပွဲဖြစ်သည်။ သို့သော်စိတ်ထဲမှာ များစွာမကျေနပ်ခဲ့ချေ။ မိဘက ကြီးမှူး၍ မိမိက ဦးဆောင်ခြင်း မပြုနိုင်သောကြောင့် မဟုတ်ပါ။ ကုသိုလ်ပြုသည်မှာ မိဘဆွေမျိုးတစ်စုနှင့်ပေါင်း၍ ကုသိုလ်ပြုရလျှင် ထူး သည်ဟု ယူဆပါသည်။ မကျေနပ်ရသောအကြောင်းမှာ ရှင်ပြုရန် မိမိ ဇာတိမြို့သို့အသွား၊ ကျုံမငေးတွင် မေဒေး(အလုပ်သမားနေ့)နှင့် ဆုံ၍ အလုပ်သမားများက အနားယူနေကြသဖြင့် ကျုံမငေးမှာ သက်သက် တစ်ညအိပ်ခဲ့ရ၍ သားများ၊ တူများ ရှင်ဖြစ်ပြီးခါမှ ကျွန်တော်တို့ ဇနီး မောင်နှံ ရောက်ရှိသွားရခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နောင်အခါ၌ တစ်ဖန် မိမိ၏ ညီအစ်ကို မောင်နှမ သိုက်သိုက်ဝန်းဝန်းနှင့် သားနှင့် တူတို့ကို ပဥ္စင်းလည်း တက်ပေးနိုင်ခဲ့၏။ သာမဏေလည်း ပြုပေးနိုင်ခဲ့၏။ ထို့ကြောင့် မကျေနပ်ပွဲအနေဖြင့် ရှင်ပြု ပဥ္စင်းခံ အကြိမ်ကြိမ် ကျင်းပခဲ့ရသည် ဖြစ်သောကြောင့် အကျေနပ်ကြီး ကျေနပ်ရပြန်ပါသည်။

ကျွန်တော်၏ မိဘများက ကျွန်တော့ကို ရှင်ပြုပေးခဲ့၏။

ယခုအခါ ကျွန်တော်၏သားများက သူတို့၏ သားများကို ရှင်ပြု ပေးဖို့ အချိန်ကျလာပြီ။ တစ်ဦးသောသားသည် သူ၏ တစ်ဦးတည်းသော သားကို မကြာမီ ရှင်ပြုပေးခဲ့ပါသည်။ ကျွန်တော့အဖို့ မြေးဦး ရှင်ပြုပွဲကို ဆင်နွှဲလိုက်ရပြီဟု ဆိုနိုင်ပါသည်။

သို့သော် မိမိ ချွတ်ယွင်းချက်တစ်ရပ်ကို ပြန်၍ သတိရသည်။ ကျွန်တော့်သားများကို ရှင်ပြုစဉ်က ကျွန်တော်သည် ကျွန်တော့ဖခင် အစဉ်အလာကို အဆောင်ရွက်နိုင်ခဲ့ချေ။ ကျွန်တော့သားများကို ရှင်ပြု မင်္ဂလာနှင့်ဆိုင်သောအချက်အလက်တို့ကို သွန်သင်ဆုံးမနိုင်ခြင်း မရှိခဲ့ပါ။ ယခု မြေးကို ရှင်ပြုပြန်တော့လည်း လက်ပွန်းတတီး ဟောပြော သွန်သင် နိုင်ခြင်း မရှိခဲ့ပါ။

ဤအချက်ကို သတိရသောကြောင့် ရှင်ပြုသည်ဆိုသည်မှာ ဘာလဲ ဟုသိရအောင် ရှင်ကျင့်ဝတ် အကျဉ်းချုပ်ကို ရေး၍ ငါ့မြေး၊ ဖတ်ပေတော့ ဟု ပြောကာ သူ့အတွက် လက်ဖွဲ့လိုက်ရုံမျှသာ ရှိပါသည်။ သို့သော် သူ၏ဖခင်သည် ပဥ္စင်းတက်ဖူးသူဖြစ်ရာ ကျွန်တော့ကို ကျွန်တော့ဖခင်က သြဝါဒ ပေးခဲ့သကဲ့သို့ သူ့ကိုလည်း သူ့ဖခင်က သြဝါဒ ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

စင်စစ် ဤအကြောင်းများကို စားမြုံ့ပြန်မိသည်မှာ မိမိအကြောင်း ချည်းသက်သက် ဖွဲ့နွဲ့လိုသောကြောင့် မဟုတ်ပါ။ ရှေးခေတ်က မိခင်၊ ဖခင်တို့သည် မိမိတို့၏ သားသမီးများကို ကျွန်တော့မိဘ ဘိုးဘွားများက

www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒပေး၍ ကောင်းရာကို ညွှန်ကြားသော သဘာဝရှိခဲ့ကြောင်း ထင်ရှားစေလို၍ ငယ်စဉ်က အဖြစ်အပျက်များကို ပြန်ဖော်မိခြင်း ဖြစ်ပါသည်။ ယခုခေတ်ရောက်မှသာ ကျွန်တော့လို လူကြီးများ ဝတ္တရားပျက်လာသည်ကို ပြန်လည်အဖတ်ဆယ်စေရန် စေတနာဖြင့် စားမြုံ့ပြန်နေခြင်း ဖြစ်ပါ၏။

ရှင်ပြုသည်ဆိုသည်မှာ မြတ်စွာဘုရား၏ အဆုံးအမကို ခံယသော ပုဂ္ဂိုလ်တို့က မိမိတို့၏ သားသမီးများကို မြတ်စွာဘုရား၏ အဆုံးအမအောက်သို့ ရောက်အောင် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း ဖြစ်ပေသည်။

ဘုရားဂုဏ်တော်ကိုးပါးထဲတွင် ကျွန်ုပ်တို့ အထူးပြုသင့်သော ဂုဏ်တော်တစ်ရပ်မှာ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟူသော ဂုဏ်တော်ဖြစ်ပါသည်။ ရထားထိန်းကြီးသည် ရထားကို လိုရာခရီးသို့ ပေါက်ရောက်အောင် ထိန်းကျောင်းပေးဘိသကဲ့သို့ ဘုရားရှင်သည် လူတို့ကို ထိန်းကျောင်း၍ဆုံးမသည်။ ဤဆုံးမ ပဲ့ပြင်ခြင်းကိစ္စ၌ ဘုရားရှင်သည် အတုမရှိဖြစ်လေသည်။ ယင်းဂုဏ်တော်ကို အဖွင့်ဝဏ္ဏနာပြုသောအခါ 'မယဉ်ကျေး မလိမ္မာ ပညအသိ မရှိသော သူတို့ကို ယဉ်ကျေးလိမ္မာ ပညာအသိရှိအောင် ဆိုဆုံးမတော်မူသော မြတ်စွာဘုရား' ဟုဖွင့်ဆိုသည်။ ဤဂုဏ်တော်သည် မနုဿလူသားတို့ကို အတိုင်းမသိ အကျိုးပြုသော ဂုဏ်တော်ဖြစ်လေသည်။

ဤကဲ့သို့ မနုဿလူသားတို့၏ အကျိုးကို ရှေးရှုရာ၌ ရှင်တော်ဘုရားသည် ကလေးသူငယ် လူမှန်းသိစအရွယ်မှစ၍ ပြုပြင်ဆုံးမ ခဲ့ပေသည်။

ရှင်ကျင့်ဝတ် ဟူသော သေခိယ သိက္ခာပုဒ်တို့ကို လေ့လာကြည့်ကြပါ။ 'အဝန်းညီစွာ သင်းပိုင်ကို ဝတ်ရမည်' ဟူသော သိက္ခာပုဒ်မှ အစပြု၍စဉ်းစားလျှင် နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု၊ အမှုကိစ္စတို့၌ ဣန္ဒြေသိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ရှိအောင် ကလေးသူငယ်တို့ကို ဆုံးမသည့်အရာ၌ ယနေ့တိုင် ခေတ်မီလျက် ရှိလေသည်။ ကိုယ်လက်ခြေ ဦးခေါင်းတို့ကို လှုပ်၍ အော်ကျယ်ဟစ်ကျယ် ရယ်မောရ်၍ဖြစ်စေ၊ ညောင်နာနာ အသံကြောင် အသံကြား စူးစူးရှရှနှင့် ဟစ်အော်၍ဖြစ်စေ ရွာတွင်း မဝင်ရဟု ကိုရင်တို့ကို ပညတ်ပါသည်။ ခါးကိုထောက်၍ ခေါင်းမြီးခြုံ၍ မဖွယ်မရာ အမူအရာနှင့် နေထိုင်ခြင်း ကိုလည်း ပညတ်ပါသည်။ ဆွမ်းစားသည့်အခါ မည်ကဲ့သို့ ရိုရိုသေသေ ကြန္ဓေရရ စားရမည်ကိုလည်း ညွှန်ပြထားပါသည်။ ဆွမ်းပလုတ်ပလောင်း နှင့် စကားမပြောရပါ။ စပုစပုကာရက သာမက သုရုသုရုကာရက ဟု ဆိုသော ရှုတ်ရှုတ်အသံပြု၍ ဆွမ်းစားခြင်းကိုပင်လျှင် ပညတ်ထားပါ သည်။ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း ၊ တံတွေးထွေးခြင်းတို့၌လည်း သာမဏေတို့နှင့် ဆက်စပ်သော ယဉ်ကျေးသည့် အပြုအမူများကို ပြဋ္ဌာန်း ထားပါသည်။ စိမ်းလန်းသော မြက်သစ်ပင်ရှိရာအရပ်၌ လည်းကောင်း၊ သုံးဆောင်ကောင်းသော ရေရှိရာအရပ်၌လည်းကောင်း ကျင်ကြီး ကျင်ငယ် မစွန့်ရပါ။

ယင်းတို့အားလုံးကို ခြုံကြည့်လျှင်ကိုရင်သည် မိမိ၏ ကြန္ဓေသိက္ခာ ကို စောင့်စည်းရုံမျှမက မိမိ၏ ပတ်ဝန်းကျင်ဆိုင်ရာတို့ကိုလည်း စောင့် စည်းရမည်ဟု သိအပ်ပါသည်။ တစ်နည်း မိမိပတ်ဝန်းကျင်ကိုပင်လျှင် ဂါရဝစိတ်ထား၍ စောင့်ရှောက်ရသည်ဟု နားလည်ရပါသည်။

ထိုသေခိယသိက္ခာပုဒ်တို့မှ ဆက်သွယ်၍ ဆုံးမစာအမျိုးမျိုးလည်း ရှိပါသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့၏ ဆုံးမစာကို ကြည့်လျှင် သေခိယသိက္ခာပုဒ် အစဉ်ကိုလိုက်၍ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစုံ ယဉ်ကျေးဖွယ်ရာဖြစ်အောင် ငယ်စဉ်ကပင်လျှင် ပြုပြင်ပေးသည် ဟု သိလောက်ပါသည်။

အချုပ်ကို ပြောရလျှင် မနုဿလူသားသည် နိဗ္ဗာန် မဂ်ဖိုလ်သို့ ရက်တိုတိုနှင့် မရောက်မီ လနှစ်ချောင်းငင် လူအဖြစ်ဖြင့် တလူလူ အညွှန့်

www.burmeseclassic.com

www.burmeseclassic.com



တက်စေဖို့ရာ တိုင်းကြီးပြည်ကြီးသားတို့၏ လက္ခဏာများ ပေါ်ပေါက် ထွန်းကားလာစေရန် ရည်ရွယ်သည်ကို ကျွန်ုပ်တို့ သဘောပေါက် သင့်ကြပါသည်။

အနောက်တိုင်းပညာရေးတို့တွင် ကလေးဘဝမှစ၍ စီတီဇင် (Citizen) ဟူသော တိုင်းသူပြည်သားကောင်း ဖြစ်စေဖို့ရာ အစပျိုးပေးသော သဘောတရားကို တွေ့ကြရပါလိမ့်မည်။

သာသနာ့ဘောင်ထဲဝင်ရောက်သည်မှာ များသောအားဖြင့် လောကမှ လွတ်မြောက်သော လောကုတ္တရာတရားများကို ပွားများစေရန် ဟူသော ရည်ရွယ်ချက်ရှိသည်။ သို့သော် လောကုတ်ဟု ပြောသောအခါ လောကီကော ဘယ်မှာလဲဟု မေးစရာရှိသည်။

စင်စစ် လောကုတ်ကို ရည်ရွယ်သူသည် လောကီက အစပြုရလိမ့်မည်။ လောကီမှာမှ နေရာမကျလျှင် လောကုတ်ဟူ၍ အဘယ်မှာ ရှိနိုင်ပါမည်နည်း။

ထို့ကြောင့် လောကီမှ အစပြုဖို့ရာ ငယ်ရွယ်သူကို တိုင်းကြီးပြည်ကြီးသားတို့၏ ဣန္ဒြေသမ္ပတ္တိနှင့် ပြည့်စုံအောင် မြတ်စွာဘုရားရှင်ကိုယ်တိုင်က ဆိုဆုံးမခဲ့သည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ဤအဆိုကို ကောင်းစွာ ဆင်ခြင်စဉ်စားလျှင် လက်ခံသင့်သည်ဟု ထင်ပါသည်။

ကာယကံ ဝစီကံ မနောကံတို့ကိုလုံအောင်ထိန်းနိုင်ကြလျှင်အများအကျိုးအတွက် အများက စုပေါင်း ဆောင်ရွက်၍ အများ၏ ချမ်းသာရေးကို ရှေးရှုလုပ်ကိုင်ရမည်ဖြစ်သော လူမှုရေး၊ စီးပွားရေးဆိုင်ရာ လောကဟိတ တရားများ ထွန်းကားလာနိုင်စရာအကြောင်း ရှိပါသည်။ ကလေးသူငယ်ဘဝမှ စ၍ တည်ဆောက်အပ်သော ကျင့်ဝတ်တို့သည် လူလျှင်လူချင်း ပြုအပ်သော ဂါရဝတရားတို့ကို ထွန်းကားအောင် ဆောင်ကြဉ်ပေးနိုင်ကြလိမ့်မည်။ လူကို လနှစ်ချောင်းငင်လူနှင့် တူအောင် ပြုစုပျိုးထောင်ရာ၌ ယဉ်ကျေးလိမ္မာ ပညာအသိ ရှိစေနိုင်သော ဂါရဝတရား

www.burmeseclassic.com

www.burmeseclassic.com



တို့ကို အခြေခံကြရလိမ့်မည်။ လူလျှင်လူချင်း လူသူဟူ၍ အမှတ်သညာ ပြုလာကြသောအခါ လူ့စိတ်ထဲတွင် ထကြွသောင်းကျန်းတတ်သော လောဘ ဒေါသ မောဟ တရားတို့သည် ငြိမ်ဝပ်ပိပြား သွားစရာအကြောင်း များစွာ ရှိသည်။ လောကီသား ဟူသည် လောဘ ဒေါသ မောဟတို့ကို အပြီးတိုင် သုတ်သင်နိုင်ကြမည် မဟုတ်ချေ။ စင်စစ် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်မှသာ ယင်းတရားများ ကုန်ဆုံးပြီဟု ဆိုရန်ရှိသည်။

သို့သော် လောကီဘုံသားတို့၏ ချမ်းသာတိုးတက်ရေးအတွက် မူကား ယင်းထကြွတတ်သော လောဘ ဒေါသ မောဟတို့ကို အစဉ်သဖြင့် ထိန်းချုပ်သွားနိုင်ဖို့ များစွာလိုသည်။ လောဘ ဒေါသ မောဟတို့၏ အလိုကို လိုက်၍ ကျင့်ကြံပြောဆို လုပ်ကိုင်နေကြသမျှ ကာလပတ်လုံး ဖောက်ပြန်တတ်သော ဝိသမတရားတို့သည် လူကို နှစ်ချောင်းငင်တစ်ခု ပြုတ်အောင် ဖြုတ်ပစ်လိမ်မည်။ ထိုအခါ လောကီမှ မလွတ်မြောက်နိုင်ဘဲ လောကီအောက်တွင် စုံးစုံးနစ်မြုပ် ပိပြားပျောက်ကွယ်ရန်သာ ရှိလိမ့်မည်။ ထို့ကြောင့် ရှင်ပြုခြင်း၏ အနက်အဓိပ္ပာယ်သည် ပြည်သူပြည်သား ကောင်း ဖြစ်ဖို့ရာ ဖန်တီးပေးသည်တကားဟု ကျွန်တော် စဉ်းစားမိခြင်း ဖြစ်သည်။ ရှင်သာမဏေတို့နှင့်တကွ ယင်းတို့၏ မိဘဘိုးဘွားများသည် သာသနာ့ဘောင်ထဲ ဝင်သည်ဆိုသော အဓိပ္ပာယ်၏ အနှစ်သာရကို ဆင်ခြင်မိကြပါလျှင် လောကီလောကုတ် နှစ်ဖြာသော အကျိုးထူးတရားကို ရကြလိမ့်မည်ဟု ယုံကြည်ပါသည်။

**စစ်ပြန်မဂ္ဂဇင်း၊ ဇွန်လ ၁၉၈၆**

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားသာသနာပြု မြန်မာရဟန်းတော်များ

၁၉၈၇ ခုနှစ်၊ မေလ ၃ ရက်၊ ပီနန်မြို့တွင် အပြည်ပြည်ဆိုက်ရာ မြန်မာဗုဒ္ဓဘာသာသံဃာ့အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း ယခင်က ကျွန်တော် ရေးသားခဲ့ပါသည်။ ထိုအဖွဲ့ကြီးသည် တစ်မြေရပ်ခြား နိုင်ငံအသီးသီးတို့၌ မြန်မာရဟန်းတော်များ ထေရဝါဒဗုဒ္ဓသာသနာကို မည်ကဲ့သို့ ပြုစုပျိုးထောင် ဖြန့်ချိပေးလျက်ရှိကြောင်း၊ မြန်မာတိုင်းရင်းသားတို့ သိရှိစေရန် ရည်သန်ရင်းရှိသည်ကို စာရှုသူတို့ ကောင်းစွာသဘောပေါက်ပြီး ဖြစ်ကြပေလိမ့်မည်။ ယေဘုယျအားဖြင့်ဆိုလျှင် ယခုခေတ် သမယ၌ ဆရာတော်အရှင်ဦးသေဋ္ဌိလ၊ တောင်ပုလုဆရာတော်၊ မဟာစည်ဆရာတော် စသောပုဂ္ဂိုလ်တို့၏ သာသနာပြုလုပ်ငန်းအကြောင်းကို လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့ကြောင့် အဘိဓမ္မာဒေသနာနှင့် ဝိပဿနာကျင့်စဉ်များကို အနောက်ဥရောပနှင့် အမေရိကတိုင်းနိုင်ငံရှိ သီလမြတ်နိုးသူတို့ စိန်ပါဝင်စား လေ့လာကျင့်သုံးနေကြသည့် အကြောင်းကို လည်းကောင်း၊ ထိုထိုသော နိုင်ငံတို့၌ မြန်မာဘုန်းကြီးကျောင်းများ တည်ဆောက်၍ မြန်မာရဟန်းတော်များ ကျောင်းထိုင်လျက် ရှိကြသည်ကို လည်းကောင်း မြန်မာပရိသတ်တို့ အသင့်အတင့် သိရှိလာကြပြီ ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်

www.burmeseclassic.com

www.burmeseclassic.com


ပေါင်း ၅၀ ကျော်ကစ၍ မြန်မာရဟန်းတော်များသည် ထေရဝါဒကို အနောက်ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် မည်သို့ပျံ့နှံ့အောင် ကြိုးပမ်းနေရသည် ဟူသော အကြောင်းအရာတို့ကိုမူကား အများသိသင့်သရွေ့ မသိကြချေ။ အကယ်၍ နိုင်ငံခြား၌ မြန်မာရဟန်းတော်တို့ နိုင်ငံခြားသာသနာပြုလုပ်ငန်း၌ မည်မျှခရီးပေါက်နေသည်ကို အများသိုကြပါလျှင် မြန်မာတို့၏ ထက်သန်သော သဒ္ဓာတရားသည် ဆတက်ထမ်းပိုး တိုးပွားပြီးလျှင် သောင်းသောင်းဖြဖြ အားပေးကြလိမ့်မည်မှာ မလွဲချေ။ ထိုအခါ လွန်ခဲ့သော နှစ်ပေါင်း ၅၀ က ကြိုးပမ်းခဲ့သော လုံ့လဥဿဟ အကျိုးဆက်တို့သည် နောင်နှစ်ပေါင်း ၅၀ မျှမကသော ကာလတွင် ကောင်းစွာ သီးပွင့်ပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာသည် အနောက်တိုင်း၌သာမက ကမ္ဘာအရပ်ရပ်တွင် အမှန်တကယ်ပင် ရောင်ဝါနေသို့ ထွန်းလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် အဆိုပါသံဃာ့အဖွဲ့ကြီးက ရေးသားပြုစုသောနိဒါန်း၌ ပါသည့် အချက်အလက်တို့ကို အနည်းငယ် ဖြည့်စွက်၍ သာသနာပြု ကိုယ်တော်တို့၏ ထေရုပ္ပတ်ကိုလည်း တတ်နိုင်သမျှ စူးစမ်းရှာဖွေပြီးလျှင် တင်ပြလိုက်ပါသည်။

ဤသံဃာ့အဖွဲ့ကြီးအကြောင်း နိဒါန်းတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် သံဃာတော် အရှင်မြတ်တို့ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သော သာသနာပြု လုပ်ငန်းအကျဉ်းချုပ်ကို ဖတ်ရှုရပါသည်။

နိဒါန်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀ ခန့်က ထင်ရှားခဲ့သော သီရိဓမ္မာ သောကမင်းကြီး(ဘီစီ ၂၆၄-၂၂၈)၏ သာသနာပြု လုပ်ငန်းမှ စ၍ ရေးသားထားသည်။ သီရိဓမ္မာသောကမင်းကြီးသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကြည်ညိုသက်ဝင် ယုံကြည်ခြင်းကြောင့် သားတော်နှင့် သမီးတော်တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းပြီးလျှင် သီရိလင်္ကာ ကျွန်း၌ သာသနာပြုတော်မူစေသည်။ အိန္ဒိယနှင့် အနောက်တိုင်း သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့က ထိုခေတ် ထိုအခါမှစ၍ ဗုဒ္ဓသာသနာသည် အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့ကြောင်း ဖော်ပြကြသည်။ အာရှတိုက်၌ သာသနာပျံ့နှံ့သည်ကို ဘီစီ ၂၄၀ ခုနှစ်မှ စသည်ဟု အမှတ်အသား ပြုလေ့ရှိကြသည်။ ဘီစီ ၁၀၀ ခန့်တွင် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာ ရောက်သည်ဟု ဆိုကြသည်။ ခရစ်နှစ် ၄ ရာစုတွင် ကိုရီးယားနိုင်ငံသို့ လည်းကောင်း၊ ခရစ်နှစ် ၆ ရာစုတွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ခရစ်နှစ် ၇ ရာစုတွင် တိဗက်ပြည်သို့လည်းကောင်း သာသနာတော်ပျံ့နှံ့သည်။ မဇ္ဈိမဒေသနှင့် နီး၍ အဆက်အသွယ် ကောင်းသော အရပ်တို့၌ကား ခရစ်နှစ် ၁၀၀-၂၀၀ အကြားတွင် ထိုင်းနိုင်ငံသို့၊ ခရစ်နှစ် ၅ ရာစုအတွင်းတွင် ကမ္ဘောဒီးယားနှင့် မလေးကျွန်းဆွယ်သို့ သာသနာရောက်သည်ဟု အမှတ်အသား ပြုကြသည်။ မြန်မာနိုင်ငံသို့ သာသနာရောက်သည့် အဦးအစကိုမူ အခိုင်အမာ မဆိုကြချေ။ အနောက်တိုင်း သမိုင်းဆရာတို့သည် မြန်မာကုန်သည်နှစ်ဦးဖြစ်သော တဖုဿနှင့် ဘလ္လိကညီနောင်တို့ မြတ်စွာဘုရားကို ဦးစွာဖူးမြော်ခွင့်ရပြီးလျှင် ဒွေဝါစိက သရဏဂုံ တည်ကြသည့်အကြောင်း၊ မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို ရရှိ၍ ဥက္ကလာပမြို့ သိင်္ဂုတ္တရကုန်းတွင် ဆံတော်ဌာပနာရာ စေတီတည်၍ ရွှေတိဂုံဘုရားဟု အဓိကရ ပေါ်ပေါက်လာခြင်းအကြောင်း စသည်တို့ကို ဝတ္ထုကြောင်းမျှလောက်သာ ဖော်ပြပြီးလျှင် သာသနာပြုလုပ်ငန်းထဲတွင် အထင်အရှား ရေးသားဖော်ပြလေ့မရှိကြချေ။ ထို့ပြင် သီရိဓမ္မာသောကမင်းလက်ထက် အရှင်သောဏနှင့် ဥတ္တရမထေရ်တို့ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်သာသနာ ပြုကြသည့်လုပ်ငန်းကိုလည်း သာမန်မျှသာ ရေးသားထုတ်ဖော်၍ သုဝဏ္ဏဘူမိ၏ တည်နေရာကို အမျိုးမျိုး ကြံဆ ပြောဆိုလေ့ရှိကြသည်။ အနော်ရထာထံ ရှင်အရဟံ ခန်ပျံ့ကျလာဝဲ ဟူသော စကားစဉ်ကိုသာ ယူ၍ ခရစ် ၁၁ ရာစုနှစ်၌သာလျှင် သထုံပြည်မှ ပိဋကတ်သုံးပုံကို ပင့်ဆောင်သောနှစ်မှ အစပြု၍ ပုဂံပြည်၌ ဗုဒ္ဓသာသနာ ပွင့်လင်းသည်ကို အခိုင်အမာ

www.burmeseclassic.com

www.burmeseclassic.com



ပြဆိုလေ့ ရှိကြသည်။ သာသနာသမိုင်းကို ပြုစုသူ အချို့သော ပုဂ္ဂိုလ်တို့ကမူ မြန်မာနိုင်ငံတောင်ပိုင်းဒေသတို့၌ ဗုဒ္ဓသာသနာသည် ခရစ် ၅ ရာစုခေတ်ကပင်လျှင် ရောက်ရှိနေသည်ဟု ဆိုကြသည်။ သို့သော် ယင်းကို အခိုင်အမာ ဟူ၍ မဆိုနိုင်ကြချေ။ နိဒါန်း၌ ဤအချက်တို့ကို အမြွက်မျှ ဖော်ပြထားပါသည်။

သီရိဓမ္မာသောကမင်းကြီး၏ ရေတွင်း ရှစ်သောင်းလေးထောင်၊ ရေကန် ရှစ်သောင်းလေးထောင် အကြောင်းကို ယနေ့တိုင် မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့ ပြောဆိုလျက် ရှိနေကြသည်။ ယင်းနှင့် စပ်လျဉ်းသော အမှတ်အသားမှာ ထိုမင်းတရားကြီးသည် မိမိ၏ အာဏာစက်ကို ရေတွင်း ရေကန် အလှူတော်တို့ဖြင့် ထင်ရှားစေသည် ဟူသော အမှတ်အသား ဖြစ်၏။ စင်စစ် ယင်းရေတွင်း ရေကန်တူးသော အလှူဒါနသည် သာသနာ ပြန့်ပွားရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသပင် ဖြစ်ချေသည်။ ဤအချက်တို့ကို မြန်မာစာပေ ကျမ်းဂန်အစောင်စောင်တို့တွင် ကျွန်ုပ်တို့ ဖတ်ရှုရစမြဲ ဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ ဗုဒ္ဓသာသနာသည် သီရိဓမ္မာသောကမင်းလက်ထက်မှ စတင်၍ မြန်မာနိုင်ငံသို့ ပျံ့နှံ့လာသည်ဟု ယူဆရန် ရှိသည်။ ယခုအခါ အရှေ့အလယ်ပိုင်းဟုခေါ်ဆိုနေကြသော အာရှတိုက်၏ အနောက်ဘက် ရောမတိုင်း၊ ခေါ်မတိုင်းတို့နှင့် အစပ်ဖြစ်သော ဒေသ၏ သမိုင်းကို လေ့လာကြည့်လျှင် မေစီဒိုနီယာဘုရင်သည် (ဘီစီ ၃၅၆ - ၃၂၃ )အယ်လက္ကဇန္ဒာသဂရိတ်ဘွဲ့ကို ခံယူပြီးနောက် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကို ချဉ်းနင်းဝင်ရောက် သိမ်းပိုက်ရင်းနှင့် ကွယ်လွန်ခဲ့၏။ ထို့နောက် အယ်လက္ကဇန္ဒာသဂရိတ် တည်ထောင်ခဲ့သော အင်ပိုင်ယာနယ်တွင်းရှိ မဇ္ဈိမဒေသ အစိတ်အပိုင်းကို အယ်လက္ကဇန္ဒာ၏ ဗိုလ်ချုပ်တစ်ဦးဖြစ်သော ဆီရိယားဘုရင် ပထမ ဆီလူကပ်သည် ဆက်ခံအုပ်စိုးသည်။ သီရိဓမ္မာသောကမင်းတရားကြီးသည် မဇ္ဈိမဒေသက ဆုံးရှုံးခဲ့ရသော နိုင်ငံတို့ကို ဆီလူကပ်လက်ထဲမှ ပြန်လည် သိမ်းပိုက်၍ ယခုခေတ် အိန္ဒိယတိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်တိုက်လုံးနှင့်ညီမျှသော အသောကအင်ပိုင်ယာကို တည်ထောင်ခဲ့သည်။ ထိုမင်းတရားကြီး၏ သြဇာအာဏာသည် အိန္ဒိယတိုက်၏ အရှေ့ဘက်သို့ ပျံ့နှံ့လာသည်။ ထို့ကြောင့်လည်း သီရိလင်္ကာနိုင်ငံ၌ သာသနာပြုနိုင်ခဲ့ခြင်း ဖြစ်၏။ ထိုမျှလောက် ကြီးမားသော သြဇာတိက္ကမနှင့်ပြည့်စုံသည့် ဧကရာဇ်ဘုရင်သည် မြန်မာနိုင်ငံကို လျစ်လျူရှုခဲ့လိမ့်မည်မဟုတ်။ မြန်မာနိုင်ငံအတွက်လည်း သာသနာပြုခဲ့ပေလိမ့်မည်။ ထိုခေတ်က သာသနာပြုရာ နေရာဌာနမှာလည်း မဇ္ဈိမဒေသမှ ရေလမ်းခရီးဖြင့် အလွယ်တကူ ရောက်နိုင်သော မြန်မာနိုင်ငံ ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများပင် ဖြစ်ရပေလိမ့်မည်။ မဇ္ဈိမဒေသမှ လှမ်း၍ မာလာယုကျွန်း စသည်တို့၌ သာသနာပြုခဲ့ကြပုံကို ထောက်ရှုလျှင် မြန်မာနိုင်ငံသည်လည်း အပါအဝင် ဖြစ်ပေလိမ့်မည်။

၁၉၁၀-၁၁ ခုနှစ်နှင့် ၁၉၂၆-၂၇ ခုနှစ်အတွင်း မှော်ဇာမြို့အနီး ခင်ဘကုန်းဟု ခေါ်သော အရပ်နှင့် ကျွန်းတောစု၊ ဝက်ခေါင်းကုန်း စသော အရပ်တို့မှ ရွှေပေချပ် ၂၀ နှင့်တကွ အုတ်ခွက်စာ၊ ပလ္လင်ပတ်လည်၌ ရေးထိုးထားသော စာတို့ကို တူးဖော်ရရှိခဲ့၏။ ယင်းတို့မှာ သရေခေတ္တရာခေတ်က ပေါ်သော ပျူစာနှင့် ရေးသားထားသော အုတ်ခွက် စသည်တို့ဖြစ်၏။ ယင်းပျူစာတို့ကို ခရစ် ၆၀၀-၇၀၀ အကြား ရေးမှတ်သော စာများဖြစ်ကြောင်း ရှေးဟောင်းသုတေသန ပညာရှင်တို့က ထုတ်ဖော်ပြောဆိုခဲ့၏။ ထိုပျူစာတို့၌ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စသော ဂါထာအပြင် ပဋိစ္စသမုပ္ပါဒ ဒေသနာဖြစ်သော အဝိဇ္ဇာ ပစ္စယာသင်္ခါရာ အစရှိသည့် ပိဋကကောက်နုတ်ချက် တရားတော်ကိုးချက် ပါရှိသည်။ ဤသည်ကို ထောက်ရှုလျှင် ခရစ် ၆ ရာစုမှ ၇ ရာစုခေတ်ကာလ၌ သရေခေတ္တရာ ၊ ပျူတို့၏ ဒေသဖြစ်သော ပြည်မြို့တစ်ဝိုက်၌ ဗုဒ္ဓသာသနာသည် ကောင်းစွာ အခြေစိုက်ခဲ့ပြီး ဖြစ်သည်ဟု အလွယ်နှင့် သိနိုင်ပေသည်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့၏ စာတမ်းတွင် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



သို့ ခရစ် ၅ ရာစုခေတ်က ဗုဒ္ဓသာသနာရောက်သည်ကို အခိုင်အမာ မဆိုခဲ့သော်လည်း ယခု ကျွန်တော် တင်ပြသောအချက်တို့သည် အခိုင်အမာဆိုနိုင်သော အချက်များ ဖြစ်ပေသည်။ သရေခေတ္တရာခေတ်ကပင်လျှင် မြန်မာနိုင်ငံတွင် ပျူတို့၏ မင်းနေပြည်၌ အဘိဓမ္မာ ပိဋကပျံ့နှံ့နေပုံကို ထောက်ရှုလျှင် သထုံမှစ၍ ပြည်အထိ သာသနာတော် စည်ကားလျက် ရှိလိမ့်မည်မှ မလွဲချေ။ ထိုသာသနာတော်မှာလည်း ထေရဝါဒကို အရင်းခံသည်ဟု မှတ်ယူရန်ရှိလေသည်။ ဤအကြောင်းကြောင့်လည်း စာတမ်းတွင် ခရစ် ၅ ရာစုနှစ်မတိုင်မီ အခွန့်ရှည်သော ကာလမှစ၍ အောက်မြန်မာနိုင်ငံ၌ ထိုခေတ်များ၌ ဗုဒ္ဓသာသနာ ပျံ့နှံ့၍ တည်နေမည် ဖြစ်ကြောင်းကို ဖော်ပြပါရှိသည်ဟု မှတ်ယူမိပါသည်။ ယင်းအဆိုကို များစွာ ထောက်ခံလိုပါသည်။ ခရစ် ဆယ်ရာစု မတိုင်မီက ပုဂံတွင် ထွန်းကားခဲ့သော ဗုဒ္ဓသာသနာမှာ တန်ထရစ် ဟူသော မဟာယာနဝါဒနှင့် ရောနှောလျက် ရှိသည်ဟု ယူဆနိုင်စရာ အကြောင်းများစွာ ရှိလေသည်။ အနော်ရထာမင်းစောသည် ပုဂံခေတ်၌ ဗြဟ္မဏအယူ မဟာယနအယူများဖြင့် အုတ်ရောရော ကျောက်ရောရော ဖြစ်နေသော ဗုဒ္ဓသာသနာကို သထုံပြည်၌ ထွန်းကားသော ထေရဝါဒဖြင့် သန့်ရှင်းစင်ကြယ်အောင် ပြန်လည်ပြုစု ပျိုးထောင်သည်ဟု မှတ်ယူရန် ရှိပါသည်။

ခရစ် ၁၂ ရာစု ခေတ်တွင် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပြည်တစ်ပြည် ချစ်ကြည်ကြ၍ ထေရဝါဒဗုဒ္ဓသာသနာကို ခိုင်မြဲစွာ အုတ်မြစ်ချခဲ့ကြသည့်အကြောင်းကိုလည်း စာတမ်းတွင် အမြွက်မျှဖော်ပြထားပါသည်။ သီရိလင်္ကာနိုင်ငံရှိ ကလျာဏီသိမ်နှင့် ဟံသာဝတီ(ပဲခူး) ရှိ ကလျာဏီသိမ်တို့၏သမိုင်းကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်ဟု မှတ်ယူမိပါသည်။ ဤအချက်သည်လည်း သမိုင်းတွင် ကြီးမားသော မှတ်တိုင်တစ်ခုပင် ဖြစ်သည်။ အများသိပြီးဖြစ်၍ အထူးအထွေ မဖော်ပြလိုပါ။ ပဲခူးမြို့ရိုး ကလျာဏီသိမ်ကြီးမှာ အဓိကရ သက်သေသာဓကကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ သို့သော် ၁၃ ရာစုနှစ်တွင် ဗုဒဂါယာမြို့၌ တူးဖော်ရရှိသော ရှေးဟောင်း အဆောက်အအုံတို့ကို ထောက်ရှု၍ ထိုခေတ်က မြန်မာရဟန်းတော်များသည် မြန်မာဘုန်းကြီးကျောင်း ဝိဟာရများကို တည်ဆောက်ခဲ့ကြောင်းထင်ရှားသည်ဟု ဖော်ပြခြင်းမှာ အများသိသော အကြောင်းအရာ အဟုတ်ပါ။ ဤအချက်၌ အကျယ်ကို သိရလျှင် ပို၍စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ ထို့ပြင် ထိုခေတ်၌ပင် ထေရဝါဒ ထွန်းကားသော မြန်မာနိုင်ငံမှ မဟာယာနထွန်းကားသော တရုတ်နိုင်ငံသို့ မြန်မာရဟန်းတော် တစ်ပါးကြွရောက်ကိုလည်း ဖော်ပြထားလေရာ ဤအချက်သည်လည်း မြန်မာရဟန်းတော်တို့၏ သာသနာပြုသမိုင်းတွင် အလွန်တရာမှ ထူးခြားသော အချက်တစ်ချက်ဖြစ်ပါသည်။

ထို့နောက်၌ကား မြန်မာရဟန်းတော်များသည် ယခုခေတ်အခေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးကျွန်းဆွယ်၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ စဉ်ဆက်မပြတ်ကြွရောက်၍ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြရာ ယခု ခရစ် ၂၀ ရာစု ခေတ်ဦးကစ၍ တစ်စတစ်စနှင့် ကျယ်ပြန့်လာသည်ကို စာတမ်းက အမြွက်မျှဖော်ပြပြီးလျှင် အင်္ဂလိပ်၊ ဂျာမန်၊ အီတာလျံနိုင်ငံသားများ မြန်မာနိုင်ငံတွင် ရဟန်းပြုကြသည့် အကြောင်းကိုလည်း ဆက်လက်ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာသံဃာအဖွဲ့ တည်ထောင်သည့် အကြောင်းကို ယခင်လက ရေးသားခဲ့ပြီးဖြစ်ရာ အမေရိကန်ပြည်ထောင်စု ဆရာတော် အရှင်ဦးပညဝံသက အဖွဲ့၏ အကျိုးဆောင် အတွင်းရေးမှူးအဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသည်ကို သိကြပြီးဖြစ်ပါလိမ့်မည်။ ထိုမထေရ်သည် ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျယ်လိစ်မြို့ ဆောက်သ်ကွန်မွန်ဝဲလ်သ်အဲဗင်နူး၊ အမှတ် ၁၁၅၊ မြန်မာဘုန်းကြီးကျောင်း၌ သီးတင်းသုံးလျက်ရှိသော အမေရိကန်ဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်ဖြစ်ပါသည်။ တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒဘာသာ သံဃာ့ကောင်စီ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ လော့စ်အိန်ဂျယ်လိစ်မြို့ အရှေ့တိုင်းဆိုင်ရာ ပညာရပ်တစ်ခု၌ အဘိဓမ္မာပို့ချနေသော ကထိက လည်းဖြစ်ပါသည်။ ဤအချက်များကို ထိုက်သင့်သလို ရေးသားခဲ့ပြီးဖြစ်ပါသော်လည်း ယခုအကျယ်ကို သိသမျှ ထပ်မံရေးသားဖော်ပြလိုပါသည်။

ဆရာတော်အရှင်ဦးပညာဝံသသည် ၁၉၈၂ ခုနှစ်၌ ဝါးခယ်မမြို့တွင် ဖွားမြင်တော်မူသည်။ ၁၉၄၈ ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပြီးလျှင် ညောင်တုန်းမြို့နှင့် မန္တလေးမြို့များတွင် ပိဋကတ်စာပေကျမ်းဂန်တို့ကို သင်ယူခဲ့၏၊ ၁၉၅၃ ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို အောင်မြင်၍ သာသနဓဇသိရိပဝရဓမ္မာစရိယဘွဲ့ကို ချီးမြှင့် ခံရပါသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ တောင်းပန် လျှောက်ထားချက်အရ ကိုကိုးကျွန်း၌ သာသနာပြုနေရာမှ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခဲ့သည်။ ထိုမှတစ်ဖန် အင်ဒမန် (ကပ္ပလီ) ကျွန်း၌ ကြွရောက်၍ သာသနာပြုခဲ့၏။ ၁၉၆၃ ခုနှစ်တွင် မဒရပ်မြို့သို့ကြွရောက်၍ နှစ်အနည်းငယ် သီတင်းသုံးခဲ့ပြီးလျှင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ ရန်ကုန်မြို့၊ အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်၌ ၁၉၆၅ မှ ၁၉၆၇ ထိ စာချပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်။ ၁၉၇၀ ပြည့်နှစ်မှ၁၉၇၉ ခုနှစ်အတွင်း၌မူ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရက အဘိယာစကပြုခြင်းကြောင့် မလေးရှားနိုင်ငံ၊ ပီနန်ကျွန်းရှိ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးအဖြစ် သီတင်းသုံးသည်။ ထိုအတွင်း မလေးရှားနိုင်ငံ ဝိုင်အမ်ဘီအေ(ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း)၏ ဗုဒ္ဓဘာသာသင်ခန်းစာ ပို့ချခြင်းနှင့် စာမေးပွဲများ ကျင်းပရေးဆိုင်ရာ လုပ်ငန်းတို့တွင် အကြံပေး၍ ကြီးကြပ်ခဲ့လေသည်။ တနင်္ဂနွေ ဗုဒ္ဓဘာသာအသင်းကိုလည်း တည်ထောင်၍ ဝိပဿနာတရားတို့ကို လိုက်စားရန် ဟောကြားပြသ ဩဝါဒပေးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လော့အိန်ဂျယ်လိစ်မြို့သို့ကြွရောက်၍ သာသနာပြုလုပ်ငန်းများကို ဆက်လက်၍ ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။ ဆရာတော်ကျောင်း ထိုင်လျက်ရှိသော မြန်မာဘုန်းကြီးကျောင်းသည် ဓမ္မောဒယဝိဟာရ ဟုတွင်သည်။ ယင်းကို ၁၉၈၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့တွင် ဆရာ တော်ကိုယ်တိုင် တည်ထောင်ခဲ့ရာ အမေရိကန်ပြည်ထောင်စုတွင် ရှေးဦး ပထမဟု ဆိုရပေလိမ့်မည်။

အမေရိကားသို့ မသွားမီ အရှင်ဦးပညာဝံသ ကျောင်းထိုင်ခဲ့သော မြန်မာဘုန်းကြီးကျောင်း၌ ပီနန်ကျွန်းရှိ မြန်မာမျိုးနွယ် တရုတ်လူမျိုး တို့သည် မိမိတို့ သားသမီးများကို ရှင်ပြုကြသည်။ မြန်မာ-တရုတ်လူငယ် နှစ်ဦး ရှင်ပြုပွဲတွင် ပီနန်ကျွန်းသူကျွန်းသား ဗုဒ္ဓဘာသာဝင် ပရိသတ်တို့ တက်ရောက်ကြသောဓာတ်ပုံကို စာတမ်းတွင် ဖော်ပြထားသည်ကို ကြည့်ရ သည်မှာ များစွာနှစ်ထောင်းအားရစရာ ဖြစ်သည်။ ပီနန်၊ မြန်မာဘုန်း တော်ကြီးကျောင်းနှင့်တကွ ရှင်ဥပဇ္ဈာယ်တန်ဆောင်းသည်လည်း မြန်မာ ဗိသုကာအနုပညာဖြင့် တန်ဆာဆင်ထားလေရာ ယင်းတို့ကို မြန်မာပြည် ထောင်စုသားတို့ မြင်ရလျှင် များစွာဂုဏ်ယူမိကြပေလိမ့်မည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ မောင်ရှိန်တို့သည် ဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ကို ဖူးမြော်ရာ မြန်မာဘုန်းကြီးတော်ကြီးကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ အောင်ယူတျောင်က ကြိုဆိုခဲ့သည်။ တစ်မြေရပ်ခြားနေ မြန်မာမျိုးနွယ်များ သည် မြန်မာ့ရိုးရာကို မပျက်ရအောင် ထိန်းသိမ်းခြင်းမှာ ယခုခေတ် မြန်မာ တိုင်းရင်းဖွား လူငယ်များ အတုယူဖွယ် ဖြစ်ပေလိမ့်မည်ဟု ကျွန်တော် စဉ်းစားမိပါသည်။

အရှင်ဦးပညာဝံသနှင့် တစ်စိတ်တစ်ဝမ်းတည်း နိုင်ငံခြား ဗုဒ္ဓ ဘာသာ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေသူမှာ အရှင်ဦးရေဝတမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုမထေရ်သည် ၁၉၃၀ ပြည့်နှစ်တွင် ဖွားမြင်၍ အရွယ်ရောက် သောအခါ ရဟန်းအဖြစ်ဖြင့် ပိဋကတ်စာပေကျမ်းဂန်တို့ကို ရန်ကုန်နှင့် မန္တလေးတို့တွင် သင်ယူ၍ သက်တော် ၂၃ နှစ်အရွယ်၌ ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတကြီး၏ သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ အပ်နှင်း ပူဇော်ခြင်းကို ခံယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့အားပေးသဖြင့် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်တွင် သက္ကတနှင့် ဟိန္ဒီဘာသာတို့ကို ပေါက်ရောက်အောင် သင်ကြားတတ်မြောက်ခဲ့လေ သည်။

အရှင်ဦးရေဝတဓမ္မသည် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၌ ပညာသင်ယူပြီးနောက် ဗာရာဏသီ သက္ကတ တက္ကသိုလ်တွင် မဟာယာနဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာမပေါ်မီက ရှိခဲ့ဖူးသော ဒဿနိကဗေဒတို့ကို ဆက်လက် လေ့လာဆည်းပူးရာ သက္ကတတက္ကသိုလ်မှ ဆက်ကပ်သော မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ဟိန္ဒူတက္ကသိုလ်မှ ဆက်ကပ်သော ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံရှိ ဟိန္ဒူပရိသတ်တို့က ထိုပုဂ္ဂိုလ်အား အရှင်ဒေါက်တာရေဝတဓမ္မဟု ခေါ်ကြသည်။ ကျွန်တော်တို့ကမူ ဒေါက်တာဦးရေဝတဓမ္မဟု ခေါ်ဝေါ်ကြရန်ရှိသည်။ ကျွန်တော်သည် ၁၉၆၁ ခုနှစ်ခန့်က အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့သို့ ရောက်ရှိခဲ့ပါသည်။ ထိုအခါ အရှင်ရေဝတဓမ္မ ဘွဲ့တော်ရှိသောရဟန်းပျိုနှင့် တွေ့ဆုံခဲ့ဖူးသည်ကို မှတ်မိနေပါသည်။ ထိုစဉ်က ထိုရဟန်းပျိုသည် ဟိန္ဒူတက္ကသိုလ် ဘွဲ့နှင်းသဘင်သို့ တက်ရောက်၍ ဘွဲ့ကို ယူခဲ့သည်။ ဤအကြောင်းကို ရန်ကုန်သတင်းစာတွင် သတင်းအဖြစ်ဖြင့် ဖော်ပြခဲ့ဖူးပါသည်။ ထိုအရှင်ရေဝတဓမ္မရဟန်းပျိုသည် ယခုအခါ ဒေါက်တာဦးရေဝတဓမ္မ ဖြစ်နေပါပြီ။

ဒေါက်တာဦးရေဝတဓမ္မသည် အဆိုပါတက္ကသိုလ်တို့မှ ဘွဲ့ရပြီးနောက် ဗာရာဏသီ၊သက္ကတတက္ကသိုလ် ဗုဒ္ဓဓမ္မဆိုင်ရာ ပညာရပ်ဝေါဟာရ

www.burmeseclassic.com

www.burmeseclassic.com



စွယ်စုံကျမ်းပြုစု၍ အယ်ဒီတာချုပ်အဖြစ်ဖြင့် ဆောင်ရွက်ရန် တာဝန်ယူသည်။ ထိုတက္ကသိုလ်သည် ဒေါက်တာဦးရေဝတဓမ္မက ဟိန္ဒူဘာသာဖြင့် ပြုစုသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ပုံနှိပ်ထုတ်ဝေသည်။ ၁၉၆၇ ခုနှစ်တွင် ဟိန္ဒီပညာတံခွန်အသင်းက ထိုကျမ်းကို ထိုနှစ်အတွင်း အထူးချွန်ဆုံးသောကျမ်းဟု သတ်မှတ်ပြီးလျှင် ဒေါက်တာဦးရေဝတဓမ္မအား "ကာလီဒါသ" ဆုကို ဆက်ကပ်လေသည်။ ယင်းကျမ်းကို အိန္ဒိယနိုင်ငံရှိ အသီးသီးသော တက္ကသိုလ်တို့က ဗုဒ္ဓစာပေကျမ်းဂန်လေ့လာရန်အလို့ငှာ တက္ကသိုလ် ကျောင်းသုံးစာအုပ်အဖြစ်ဖြင့် ပြဋ္ဌာန်းသည်။

၁၉၇၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့ ဗုဒ္ဓဘာသာအသင်းက ဖိတ်မန္တကပြုသောကြောင့် အင်္ဂလန်နိုင်ငံသို့ ကြွတော်မူသည်။ ထိုအခါ တိဗက်ဗုဒ္ဓဘာသာဂိုဏ်းချုပ် ဆရာတော်က အနောက်မစ်ဒလန်နယ် ဗုဒ္ဓသာသနာပြုဗဟိုဌာနကို ကြီးကြပ်ရန် တာဝန်အပ်နှင်းသောကြောင့် ထိုတာဝန်ကို ထမ်းဆောင်ရင်းနှင့် ဘာမင်ဂမ်မြို့ ဗုဒ္ဓဘာသာဝိဟာရကို အက်ဒဂါစတန်ရပ် ကာလိုင်းလမ်း၊ အမှတ် ၄၇ ၌ တည်ထောင်၍ ယနေ့တိုင် ထိုဝိဟာရ၌ သီတင်းသုံးလျက် ရှိသည်။ ထို့နောက် ထိုဝိဟာရမှနေ၍ အင်္ဂလန်၊ ဥရောပ၊ အမေရိကန်ပြည်ထောင်စုတို့သို့ သွားရောက်ပြီးလျှင် ဝိပဿနာလုပ်ငန်းအတွက် ရိပ်သာများကို ဖွင့်လှစ်သည်။ ၁၉၈၂ ခုနှစ်တွင် ဘာမင်ဂမ်တက္ကသိုလ်က ဒေါက်တာဦးရေဝတဓမ္မကို University Court ခေါ် တက္ကသိုလ်ပညာရေးအဖွဲ့ဝင် တစ်ဦးအဖြစ်ဖြင့် လက်ခံထားသည်။ ထိုတက္ကသိုလ်အဖွဲ့မှာ ကျွန်ုပ်တို့၏ တက္ကသိုလ်များ ကောင်စီအဖွဲ့နှင့် အလားသဏ္ဍာန် တူလိမ့်မည်ဟု ယူဆပါသည်။

ဆရာတော်အရှင်ဒေါက်တာဦးရေဝတဓမ္မသည် အင်္ဂလန်အနောက်မြောက်ဘက်ရှိ မန်းကျွန်းစု( Isle of Man ) ဒေသအတွက် ဗြိတိန်မြန်မာဗုဒ္ဓဘာသာအသင်း ညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကိုလည်း ထမ်းဆောင်ရသည်။ ကုလသမဂ္ဂတက္ကသိုလ်ကကြီးမှူး၍ ဘန်ကောက်မြို့

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဘာသာရေးကွန်ဖရင့်တစ်ရပ်တွင် ငြိမ်းချမ်းသော လူ့ဘောင်ကို တည်ဆောက်ရန်အတွက် ဗုဒ္ဓဘာသာ၌ မျှော်လင့်ချက်များစွာရှိပုံကို စာတမ်းပြုစု တင်သွင်းခဲ့ဖူးသည်။ ဆရာတော်သည် ဗြိတိန်နိုင်ငံကို ကိုယ်စားပြု၍ သံဃာ့အဖွဲ့သို့ တက်ရောက်ခဲ့ခြင်းကြောင့် ယခင်ဆောင်းပါးတွင် ဗြိတိန်နိုင်ငံ အရှင်ဦးရေဝတဓမ္မ ဟု ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ကို တည်ထောင်ရန် ပထမဦးစွာ စည်းဝေးသောအခါ ကယ်လီဖိုးနီးယား၌ သီတင်းသုံးသော အမေရိကန်ပြည်ထောင်စု ဆရာတော်အရှင်ဦးပညာဝံသနှင့် ဘွဲ့ချင်းတူသော ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ထိုဆရာတော်မှာ ထိုင်းနိုင်ငံ လမ်းပန်း( Lam Pang ) မြို့တွင် သီတင်းသုံးခဲ့သည်မှာ နှစ်ပေါင်း ၃၀ မျှ ရှိခဲ့လေပြီ။

အဆိုပါ သံဃာ့အဖွဲ့၏ ဥက္ကဋ္ဌမှာ ဂျပန်နိုင်ငံတွင် သီတင်းသုံးလျက်ရှိသော ဂျပန်ဆရာတော် အရှင်ဦးဝေပုလ္လ ဖြစ်သည်။ ဆရာတော်သည် ဂန့်ဂေါမြို့နယ်တွင် ၁၉၁၆ ခုနှစ်၌ မွေးဖွားသည်။ မန္တလေးမြို့ အဘယာရာမဆရာတော်ထံပါးတွင် ပိဋကတို့ကို သင်ယူ၍ ၁၉၅၂ ခုနှစ်တွင် ပထမကြီးအောင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက ဆရာတော်အား သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ကို ဆက်ကပ်သည်။ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ စာပို့ချနေစဉ် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်သောအခါ သင်္ဂါယနာတင်သောကိစ္စ၌ ပါဝင်ဆောင်ရွက်ခဲ့ရာမှ ထင်ရှားလာသောကြောင့် ၁၉၅၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ သာသနာပြုရန်တာဝန်ကို နိုင်ငံတော်အစိုးရက အပ်နှင်းသည်။ ယခုအခါ ဆရာတော်သည် ထေရဝါဒဆိုင်ရာကျမ်းများနှင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို ဂျပန်ဘာသာပြန်ဆိုပြီးဖြစ်သည်ဟု ကြားသိရပါသည်။ သံဃာ့အဖွဲ့ကြီး ဖြစ်မြောက်ရေး၌ အမေရိကန်ပြည်ထောင်စု ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဦးပညာဝံသ၊ ဗြိတိန်နိုင်ငံဆရာတော် အရှင်ဦးရေဝတဓမ္မတို့နှင့်အတူ အားကြိုးမာန်တက် ဆောင်ရွက်ရာ အင်္ဂလန်၊ ဥရောပ၊ အမေရိကန် ပြည်ထောင်စု စသည်တို့သို့ အနှံ့အပြား ရောက်ခဲ့လေသည်။

သံဃာ့အဖွဲ့ကြီး၏ တွဲဖက်အတွင်းရေးမှူးကား ထိုင်းနိုင်ငံဆရာတော် ဦးအာသဘ ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် စစ်ကိုင်းတိုင်းရှိ မအူပင်ရွာဇာတိ ဖြစ်သည်။ ၁၉၄၅ ခုနှစ်ကပင်လျှင် ထိုင်းနိုင်ငံ ဇင်းမယ်သို့ရောက်ရှိနေပြီးလျှင် ဝတ်ဆီမွန်( Wat Simon ) အမည်ရှိသော မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ရာ ယခုအထိဖြစ်သည်။ ဝတ်ဆီမွန်ကျောင်းသည် မြန်မာ့သမိုင်းနှင့် ဆက်စပ်နေသော ကျောင်း ဖြစ်သည်။ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်း (ခရစ် ၁၅၁၅-၁၅၈၁) လက်ထက်တွင် ဇင်းမယ်ကို အောင်နိုင်သဖြင့် ဘုရင့်နောင်၏သားတော် နော်ရထာစောသည် ဇင်းမယ်ကို အပိုင်စား၍ အုပ်ချုပ်သည်။ သို့ရာတွင် ယိုးဒယားတို့၏အကူအညီဖြင့် ဇင်းမယ်သည် အကြိမ်ကြိမ် ထကြွသောင်းကျန်းခဲ့ရာ ခရစ် ၁၆၆၄ ခုနှစ်တွင် ဇင်းမယ်ကို မြန်မာတို့က ပြန်လည်နှိမ်နင်းသိမ်းပိုက်ခဲ့ရလေသည်။ သို့သော် ရှေးနည်းတူ ဇင်းမယ်သားတို့က ယိုးဒယားသားတို့နှင့် ပူးပေါင်း၍ ထကြွပြန်လေသော် ဘိုးတော်ဘုရားလက်ထက် ခရစ် ၁၇၉၇ ခုနှစ်တွင် မြန်မာတို့သည် ဇင်းမယ်ကို လက်လွှတ်ခဲ့ရ၏။ သို့ရာတွင် မြန်မာတို့သည် ဇင်းမယ်ကို နှစ်ပေါင်း ၂၀၀ ကျော်မျှစိုးမိုးအုပ်ချုပ်ခဲ့သည်ဖြစ်ရာ၊ ဇင်းမယ်မြို့သည် မြန်မာဘုန်းတော်ကြီးကျောင်းများဖြင့် စည်ကားသိုက်မြိုက်ခဲ့လေသည်။ ယခုဆရာတော်အရှင်ဦးအာသဘကျောင်းထိုင်သော ဘုန်းကြီးကျောင်းမှာ ရှေးမြန်မာစစ်သည်တော်တို့က ခရစ် ၁၇၂၆ ခုနှစ်တွင် တည်ဆောက်ကိုးကွယ်ခဲ့သော ဘုန်းကြီးကျောင်း ဖြစ်သည်။ ထိုဘုန်းကြီးကျောင်း၌ မြန်မာ ဇင်းမယ် ရဟန်းတော်အဆက်တို့ ကျောင်းထိုင်ခဲ့ရာ ယခုဆရာတော်၏ လက်ထက်တွင် ရှစ်ဆက်မြောက် ဖြစ်သည်။ ယခုအခါ ထိုကျောင်းပရိဝုဏ်၌ အာရုံခံတန်ဆောင်းတစ်ခု၊ ကမ္ဗဋ္ဌာန်းဌာန လေးဌာနနှင့် ဘုန်းတော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံးရာ အဆောင်နှစ်ခုရှိသည်ဟုဆိုသည်။ ဆရာတော်ဦးအာသဘသည် စင်ကာပူမြို့၌ မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ရန် ဝါယမ စိုက်ထုတ်လျက် ရှိသည်။

ဆိုခဲ့ပြီးသော သံဃာ့အဖွဲ့တွင် ဆရာတော်ဦးဉာနိက နှင့် အိန္ဒိယနိုင်ငံဆရာတော် ဦးဇာဂရာဘိဝံသတို့က ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် ပါဝင်ကြသည်။ ဆရာတော်ဦးဉာနိကကား အိမ်နီးချင်းနိုင်ငံတစ်ခု၌ နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူသော ဓမ္မာစရိယဆရာတော်ဖြစ်သည်။ ဆရာတော် ဦးဇာဂရာဘိဝံသကား မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ကို ရရှိထားသော ဓမ္မာစရိယပုဂ္ဂိုလ်ဖြစ်၍ အိန္ဒိယနိုင်ငံ နာလန္ဒပါဠိတက္ကသိုလ်တွင် ပဋ္ဌာကစာပေကျမ်းဂန်တို့ကို ယနေ့တိုင် ပို့ချလျက်ရှိသည်။

ထိုအရှင်သူမြတ်တို့သည် မြတ်စွာဘုရား၏ "စရထဘိက္ခဝေ စာရိတံ "ဟူသော ဩဝါဒကို ဦးထိပ်ပန်ဆင်၍ ရှေးရှေးသော ရဟန်းတော်များ၏အစဉ်အလာအတိုင်း ဗုဒ္ဓသာသနာကို အနိုင်နိုင်ငံတို့၌ ပျံ့နှံ့အောင် တစ်ဦးချင်းဖြစ်စေ အဖွဲ့အစည်းနှင့် ပေါင်းစည်း၍ဖြစ်စေ ကြိုးပမ်းဆောင်ရွက်ကြသောနမူနာမှာ အများတကာတို့ ကောင်းချီးဩဘာ အနုမောဒနာပြုစရာပင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်တို့သည် အသက်ရှည်စွာ အနာကင်းမဲ့၍ စိတ်၏ချမ်းသာခြင်း ၊ ကိုယ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းကို တောင်းမိပါသည်။

ဤဆောင်းပါးသည် သံဃာ့အဖွဲ့ကြီးက ထုတ်ဝေသော နိဒါန်းစာတမ်းကို အခြေခံ၍ မိတ်ဆွေသင်္ဂဟတို့က ပြောကြားသော အချက်တို့ကို အမှီပြု၍ ရေးသားသည်ဖြစ်ရာ တစ်ဆင့်စကား၊ တစ်ဆင့်နားဟူသောအကြောင်းကြောင့် အချက်အလက်များ မတိမကျဖြစ်သော် ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

**စစ်ပြန်မဂ္ဂဇင်း၊ ၁၂ ဖေဖော်ဝါရီလ ၁၉၈၇**

www.burmeseclassic.com

www.burmeseclassic.com

# ဇွဲအတ္တပုပ္ပတ္တိ

လူသည် သစ်တုံးမဟုတ်။ လူ၌ စိတ်ရှိ၏။ ထိုစိတ်သည် ကိုယ်(အတ္တဘော)၌ တည်၏။ အဘယ်နေရာမှာ တည်သည်ဟု အပ်ကျမတ်ကျ မပြောနိုင်။ စိတ်သည် ကာယမဟုတ်သောကြောင့် နှလုံးသည်းပွတ်တို့ကဲ့သို့ အကောင်အထည်မရှိ။ သို့သော် အကောင်အထည်မရှိသောကြောင့် စိတ် မရှိဟု မယူဆသင့်။ မိမိကိုယ်၌ စိတ်ရှိသည် မရှိသည်ကို စမ်းသပ်လိုလျှင် မိမိကိုယ်ကို ဆိတ်ကြည့်ပါ။

ကိုယ်ကို ဖွံ့ဖြိုးအောင် ကာယဗလ လေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင် ရ၏။ ဤသဘောသွားအတိုင်းပင် စိတ်ကို ဖွံ့ဖြိုးအောင် စိတ္တဗလ လေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင် ရနိုင်သည်။ သို့သော် မည်သူမျှ လေ့ကျင့်ခန်းသတ်သတ်ယူ၍ လေ့ကျင့်သည်ဟု များစွာမရှိ။ ဝိပဿနာယောဂီပုဂ္ဂိုလ်များ ရှိတန်သရွေ့ရှိ၏။ ထိုပုဂ္ဂိုလ်၌ ယေဘုယျအားဖြင့် စိတ်တန်ခိုးရှိ၏။ ထိုစိတ်တန်ခိုးမှ ဖန်ဆင်းသော ဣဒ္ဓိပါဒ်ကို မဆို၊ မကောင်းမှုကို ငါ မလုပ်ဟူ၍ သန္နိဋ္ဌာန်ချမှတ်သော သတ္တိကို ဆိုလိုသည်။ ယင်းသတ္တိသည် နှယ်နှယ်သတ္တိအဟုတ်။ တကယ်ကျင့်ကြည့်မှ ထိုသတ္တိအကြောင်းကို သိမည်။ ယေဘုယျကား လူသည် မိမိစိတ်ကို မိမိဆုံးမလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် ကျွန်ုပ်တို့ကို ပြုပြင်နေသည်။ စိတ်ဆိုးလာသောအခါ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သည်။ စိတ်လျှော့လာသောအခါ တစ်ကိုယ်လုံး ခွေယိုင်လာသည်။ စိတ်တင်းလာသောအခါ ကြံ့ခိုင်သန်မာလာသည်။ ဘဝကို အရှုံးပေးရပြီပေါ့ဟု ယူဆရသောအခါ ဤခန္ဓာကိုယ် အတ္တဘောကြီးမှာ ခွေယိုင်နုံချည့်ပျော့စိစိနှင့် ပကတိသက်မဲ့ကဲ့သို့ ဖြစ်လာသည်။ ဘာလဲဟဲ့ လောကဓံဟု ကြုံးဝါး၍ မိမိကိုယ်ကို မိမိအားပေးကာ တစ်ပန်းရှုံးနေသော ဘဝကို အနိုင်ရအောင် ကြိုးပမ်းလိုက်သောအခါ ဇွဲသတ္တိဟူသော တန်ခိုးကြောင့် ခန္ဓာကိုယ်ကြီးတစ်ခုလုံး အသက်ဝင်လှုပ်ရှားလာလေသည်။

ကျွန်တော် စမ်းချောင်းမှာနေစဉ်က မဟာမြိုင်ဟုအမည်ရှိသော ပိစိကွေးပန်းခြံကို ပတ်၍ပတ်၍ လမ်းလျှောက်ခဲ့ဖူး၏။ ထိုအခါ မျက်နှာချင်းဆိုင် တိုက်အိမ်ဖွေးဖွေးထဲမှ အသံဗလံများကို ကြားရပြီးနောက် လက်တွန်းလှည်းကလေးနှင့် မိမိကိုယ်မိမိတွန်း၍ လူးလားခတ်နေသော သူငယ်တစ်ယောက်ကို မကြာခဏမြင်ခဲ့ဖူး၏။ သနားစရာဟုထင်မိသည်။ သနားစရာဒုက္ခိတကို စိတ်တိုင်းကျသွားလာလှုပ်ရှားနိုင်အောင် ဖန်ဆင်းသော မိဘတို့၏ မေတ္တာကိုလည်း ချီးကျူးမိ၏။ သို့သော် မည်သူ မည်ဝါမှန်း မသိ။

ယခုအခါ ထိုသူငယ်ကို သူငယ်ဟုခေါ်လျှင် စိတ်ဆိုးလိမ့်မည်။ သနားစရာဟုပြောလျှင် ပို၍စိတ်ဆိုးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့စိတ်ထဲမှာ ကလေးလေးဟုထင်သော သူငယ်သည် အသက်သုံးဆယ်ကျော် လူကြီးဖြစ်ရုံမျှမကသေး ဘဝကိုအရှုံးမပေးဟူသော ဇွဲမာန်ကြောင့် စာရေးဆရာဟူသောဘွဲ့ကို ခံထိုက်သူ ဖြစ်လာသောကြောင့်ပေတည်း။

သူ့ခမျာ လူဖြစ်မည်ကြံကာရှိသေး ပိုလီယိုဟူသော ရောဂါကြောင့် ခြေလက်မလှုပ်ရှားနိုင်ဖြစ်ခဲ့၏။ နှစ်ခါလည်ကျော် သုံးခါလည်နီးပါးမှာမှ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တတ်သည်။ ဒုက္ခ၊ ဒုက္ခ ဟိုတုန်းက တစ်ခါတည်း သေသွားရင် ကောင်းမှာပဲဟူ၍ပင် အပြောခံရ၏။ ကရုဏာဒေါသော အပြောခံရ၍ အလွန်ဝမ်းနည်းတတ်၏။ အကယ်၍ ဤကဲ့သို့ချည်းသာ ဝမ်းနည်း ပက်လက်နှင့် ဘဝကို အရှုံးပေးခဲ့လျှင် ဒီသူငယ် ကကြီး၊ ခခွေးတောင်မှ ရေးတတ်မည် မဟုတ်။ သို့သော် သူတစ်ပါးကိုချည်း အားကိုးနေရသော ဘဝမှ မိမိဘာသာမိမိထိုင်ခုံပေါ်မှာ ထိုင်နိုင်အောင် မိမိဘာသာမိမိ ကိုယ် လက်သုတ်သင်တတ်အောင်၊ အပေါ်ထပ်သို့ လှေကားနှင့် တတ်တတ် အောင်၊ ခုတင်ပေါ်တတ်တတ်အောင်၊ စက်ချုပ်တတ်အောင်၊ လက်နှိပ်စက် ရိုက်တတ်အောင် အမျိုးမျိုးကြိုးပမ်းခဲ့ရာ ကြိုးပမ်းသလောက် အောင်မြင် သည်။

အောင်မြင်လာသောအခါ လက်ခမောင်းထ၍ ခတ်ဖို့သာ ရှိမည် မဟုတ်လော။ သို့သော် သူ့ခမျာ လက်မသန်သောကြောင့် မခတ်နိုင်သည့် အပြင် မိမိဘာသာမိမိ လှုပ်ရှားသွားလာနိုင်ခြင်းမရှိသောကြောင့် ရေနစ် ခံခဲ့ရဖူးသည်။ ရေနွေးလောင်းခံခဲ့ရဖူးသည်။

ဤအထဲတွင် 'ဆန်ကုန်မြေလေး'ဟုလည်း အပြောခံခဲ့ရဖူး၏။ ဤအပြောသည် သာမန်အားဖြင့် စိတ်ဓာတ်ချည့်နဲ့သူကို စိတ်ဓာတ်နတ္ထိ ဖြစ်အောင် ဖန်တီးပေးနိုင်လိမ့်မည်။ သို့သော် မခံချင်သော စိတ်ဇောက ဆန်လည်း မကုန်ရအောင်၊ မြေလည်းမလေးရအောင် မိမိကိုယ်ကိုမိမိ ပြုပြင်စရာ နည်းလမ်းများကို ညွှန်ပေးခဲ့၏။

ထို့ကြောင့် အသက်အစိတ်မျှ မရှိသေးမီ စာတိုပေစ ရေးလာနိုင် သည်။ သူ့စာထဲတွင် ကိုယ့်ဒုက္ခကို ကိုယ်ပြန်ကြည့်၍ လောကကြီးကို ဟက်ဟက်ပက်ပက်ရယ်လိုက်သော အသံများပါသည်။ အတန်ကြာသော အခါ ယင်းဟာသဓာတ်သည် တည်ငြိမ်မှုသမာဓိဘက်သို့ ရွေ့ရှုသွားသည်။ ထို့ကြောင့် ငယ်စဉ်က ငယ်သောဘဝဖြင့် စာရေး၍ မှင်မသေသော အသံ

www.burmeseclassic.com

www.burmeseclassic.com



အနှုန်းတို့ကို သုံးဆောင်ခဲ့သော်ငြားလည်း အတန်ငယ် ရင့်ကျက်လာသော အခါ သူ ၏စာမှာ သန္တ ရသ ပေါ်ထွန်းလာသည်။

ဟဲလင်ကဲလားနှင့်တကွ အခြားအခြားသော ဒုက္ခိတတို့သည် ဤ ဒုက္ခိတထက် ပို၍ ဒုက္ခိတဖြစ်ကောင်း ဖြစ်ကြမည်။ သို့သော် သူတို့၏ ပတ်ဝန်းကျင်သည် လိုတရသော ပတ်ဝန်းကျင် ဖြစ်၏။ ဤသူငယ်၏ ပတ်ဝန်းကျင်ကား သောင်းကျန်းမှု အဝဝတို့၏ ဝန်းကျင်ဖြစ်သည်။ ထို့ ကြောင့် သူ့အတိုင်းအတာနှင့်သူကြည့်၍ ပြောလျှင် သူ့ဒုက္ခသည် ဟဲလင် ကဲလားစသော သူတို့၏ ဒုက္ခနှင့် နင်လားငါလားသာမက လို၍မရသော ဆင်းရဲကြောင့် ပိုချင်သာပိုမည်။

ဤကဲ့သို့ စာပေအရသာကို ပေးသူကား ဂျပန်ခေတ်မှာ လူဖြစ်လာ သော မောင်စိန်ထွေး ဖြစ်၏။

သူသည် ယခုလအတွင်း "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ"ကို စာပေ ဗိမာန်မှတစ်ဆင့် ရေးသား ထုတ်ဝေခဲ့၏။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ဝံ့ဝံ့စားစား ရေးသည့်အကြောင်း ဖွဲ့နွဲ့ရေးလျှင် ရေးစရာများစွာ ရှိပါသည်။ စင်စစ် ကျွန်တော်သည် ဝေဖန်ချက်ကို ရေးနေခြင်းမဟုတ်။ လူငယ် ဟူသည် မိမိတို့၏ ဘဝကို အရှုံးမပေးဘဲ ဇွဲနပဲနှင့် ကြိုးပမ်းလျှင် ဒုက္ခိတ ဘဝမှပင်လျှင် လွတ်မြောက်နိုင်သည်ဟူသော ဥပဒေကို မောင်စိန်ထွေး၏ ဖြစ်ရပ်နှင့် ယှဉ်၍ ပေးလိုရင်းသာဖြစ်သည်။

**ဟံသာဝတီသတင်းစာ၊ ၁၄ ဇန်နဝါရီ ၁၉၇၅**

www.burmeseclassic.com

www.burmeseclassic.com

# လေနှင့်အတူ

ကောင်ကလေးတစ်ယောက် သနားစရာ၊ သနားစရာဖြစ်လို့လည်း ကောင်ကလေးဟု ခေါ်ကြသည်။ သို့သော် ထိုသနားစရာကို ဘယ်လို ကယ်တင်ကြမည်နည်း ။

သူ့မှာ အမေမရှိ လူမှန်းမသိခင် ငယ်စဉ်ကပင် အမေကွယ်လွန်ခဲ့သဖြင့် မိခင်မေတ္တာဆိုသည်ကို ကိုယ်တွေ့မကြုံခဲ့စဖူး။ အမေမရှိသည့်နောက်အဖေနှင့်နေခဲ့ရသော်လည်း အဖေလုပ်သူမှာ ပရိယေသန ဝမ်းစာကြောင့် ဟုပြေးသည်ပြေးနှင့် အလုပ်လုပ်ကိုင်ခဲ့ရာ သားကလေးတစ်ယောက်ကို ရင်အုပ်မကွာ မပြုစုနိုင်၊ ရပ်ဝေးသို့ သွားရသောအလုပ်ကိစ္စကြောင့် သားတစ်ယောက်ကို ဟိုဆွေမျိုး၊ သည်ဆွေမျိုးအိမ်သို့ ပို့ထားရသည်။ စရိတ်လည်း မှန်မှန်မထောက်နိုင်။

အလွန်တရာမှ ကသီလင်တနိုင်သဖြင့် တစ်ပင်လဲမှ တစ်ပင်ထူဟူသော စကားပုံအတိုင်း နောက်အိမ်ထောင်ယူသည်။ ထိုအခါ သားနှင့်မိထွေး အတူတကွ မထားနိုင်။ ဆွေမျိုးဉာတိကလည်း စားနိုင်သောက်နိုင်သော လူတန်းစားမဟုတ်သည့်အပြင် မကျန်းမမာသောသူက များလေရာ ရပ်ဝေးမှာနေထိုင်စဉ် ဇာတိရပ်၌ ကျန်ရစ်ခဲ့သော သားကို ဘယ်လိုနေ

www.burmeseclassic.com

www.burmeseclassic.com



သည် ဘယ်လိုထိုင်သည်မျှကိုပင် မသိ။ သဗ္ဗေသတ္တာ ကမ္မသကာဟုဆို၍ ဖြစ်သလို စခန်းသွားရသည်။

ထိုအခါ သားဖြစ်သူမှာ မိဘဆွေမျိုးဉာတိဆရာသမားတို့၏ အဆုံးအမနှင့် ကင်းဝေးလေသောကြောင့် လမ်းပေါ်မှာ အချိန်ကုန်သည်။ သူတစ်ပါးအိမ်မှာ အချိန်ကုန်သည်။ ရုပ်ရှင်မှာ အချိန်ကုန်သည်။ ဤကဲ့သို့ အိမ်လည်၍ချည်းနေရသောကြောင့် ကျောင်းလည်းမှန်မှန်မတက်။စားမေးပွဲလည်းတစ်ဖုတ်ဖုတ်ကျ။ သူတစ်ပါး၏ အလိုက်ကမ်းဆိုးကိုလည်း မသိ။ စည်းမရှိ ကမ်းမရှိနှင့် နေသည်မှာ လေနှင့်အတူ လွင့်ပါနေသော အမှိုက်သရိုက်ကဲ့သို့။

ဤအခြေအနေတွင် ဆွေမျိုးဉာတိတို့ကလည်း ပါးစပ်ပေါက်တစ်ပေါက်တိုးလာခြင်းကို သည်းမခံနိုင်သောဘဝသို့ ဆိုက်ရောက်၏။ ထို့ကြောင့် ကောင်ကလေးကို နှင်ချလေသည်။

သည်ကောင်လေးသည် ဘယ်သွားနေရပါမည်နည်း။သူတစ်ပါးအိပ်ချိန်တန်မှ တံခါးလာခေါက်သော ကောင်ကလေးကို ဘယ်သူတံခါးဖွင့်ပေးမည်နည်း။ ထို့ကြောင့် ကောင်ကလေးသည် ကြုံရာအိပ်၊ ကြုံရာစားဖြစ်နေလေသည်။ ကြာလျှင် အိပ်စရာကြုံတော့မည် မဟုတ်။ သူကိုယ်တိုင်ကလည်း ကျွန်တော့မှာ စားစရာမရှိတော့ အိမ်ကပစ္စည်းများကို လစ်လျှင်လစ်သလို ခိုးထုတ်ပြီး ပေါင်နှံရောင်းချ သုံးစွဲနေပါသည်ဟု ဆိုသည်။ ဤသို့ဆိုရခြင်းကြောင့် ရှက်စရာ၊ ကြောက်စရာဟူ၍လည်း မတွေးမိ။ မရှိလျှင် ခိုးစားခြင်းသည် သူ၏အခွင့်အရေးတစ်ရပ်ပမာဖြစ်နေသည်။

ဤဘဝမှာနေ၍ တစ်စတစ်စနှင့် ဟိုဘဝရောက်တော့မည်။ ဆံပင်ရှည်ဖားဖားနှင့် အများတကာက လမ်းသရဲဟု သမုတ်ကြတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူလိုကောင်ကလေးတွေ မြန်မာနိုင်ငံမှာ အမှန်ရှိသည်။ ဘယ်နှစ်ယောက်လဲဟူ၍ စာရင်းအတိအကျ မရှိ၍ မပြောတတ်။ သို့သော် တစ်ယောက်ကစ တစ်ရာဖြစ်လာသောအခါ ပြဿနာ တက်လိမ့်မည်။

သင်းတို့ကို သနားပါသည်ဟု ပြောနေကြသော်လည်း သူ့ကို ဘယ်လိုပြန်လည်ထူထောင်ပေးကြမည်နည်း။ ရှေးအခါကမူ ဤကဲ့သို့ လေနှင့်အတူ လွင့်နေသော သူငယ်များကို လူမှုဝန်ထမ်းသမားတို့က စုံစမ်းရှာဖွေ၍ လူငယ်များဂေဟာသို့ ပို့ပြီးလျှင် ထိုဂေဟာမှာ အသက်မွေးဝမ်းကျောင်း အတတ်တစ်ခုခု သင်ပေး၍ ကြီးပြင်လာသောအခါ အလုပ်အကိုင်နေသားတကျ ဖြစ်အောင် ဆောင်ကြဉ်းပေးသည်ဟု ကြားဖူးသည်။

ယခုမှာမူ ဤကိစ္စကိုဆိုင်ရာ ဖခင်နှင့် ဆွေမျိုးဉာတိတို့ကလည်း ဘာမျှမလုပ်၊ အရပ်ကလည်း ဆိုင်သူက ဘာမျှအလုပ်သောကြောင့် ဘာမျှမလုပ်နိုင်။ ဤကဲ့သို့ ဘာမျှမလုပ်ကြခြင်းကြောင့် ဘာမျှမဖြစ်၊ ကောင်ကလေးသာလျှင် လေနှင့်အတူ လွင့်နေသည်။

ရောဂါဆိုသည်မှာ နုတုန်းကု၍လွယ်သည်။ သို့သော် ရောဂါရသည် မရသည်ကို မသိလျှင် သေခါနီး အင်ဂျက်ရှင်းတစ်ချက်ထိုးပြီးနောက် အသက်ထွက်ဖို့သာ ရှိမည်။

သည်ကောင်ကလေးလို အဖြစ်အပျက်မျိုး မိမိပတ်ဝန်းကျင်မှာရှိသလား။ ရပ်ကွက်ဆိုင်ရာ လူကြီးများ သိကြဖို့လိုသည်။ ရှိလျှင် ဘယ်လိုလုပ်မလဲ။ နည်းလမ်းရှာဖို့လိုသည်။

လေနှင့်အတူ လွင့်နေသော အမှိုက်စကလေးတစ်ခုကို ကြည့်လျှင် ဘာမျှ အရေးမကြီးဟုထင်စရာပင်။ သို့သော် အမှိုက်စကလေးမှ အမှိုက်ပုံကြီး ဖြစ်လာသောအခါ ထိုအမှိုက်ပုံသည် အတွင်းမှ လှိုက်၍ ပူနေသောကြောင့် အလိုလိုထပြီး မီးတောက်လိမ့်မည်။

**ဟံသာဝတီသတင်းစာ၊ ၂ ဖေဖော်ဝါရီလ ၁၉၇၅**

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်နှင့် စီးကရက်

စည်းပျက်ကမ်းပျက်ဖြစ်နေသော ခေတ်ကာလတွင် စည်းကမ်းကို ထိန်းသိမ်းရန် ဆော်ဩဆောင်ရွက်သောအင်အားစုများ ရှိပါသေးသည်ဟု ကြားသိရသောအခါ အနာဂတ်အတွက် မျှော်လင့်ချက်များ မကုန်သေးပါ ကလားဟု စဉ်းစားမိပါသည်။ စည်းကမ်းရှိအောင် လူကြီးမိဘဆရာသမား တို့ကိုယ်တိုင် ဆောင်ရွက်ပေးကြရန် တာဝန်ရှိပါသည်။ ဤတာဝန် လစ်ဟင်းနေသမျှ ကာလပတ်လုံး၊ နောင်လာနောက်သားများ အကြီး အကျယ် ဒုက္ခတွေ့ကြရပါလိမ့်မည်။

လွတ်လပ်ပြီးသော နိုင်ငံတို့အဖို့ စည်းကမ်း ပို၍ပို၍သာအရေးကြီး လာလိမ့်မည်။ လွတ်လပ်ရေးရပြီဟု ဆိုသောကြောင့် လွတ်လပ်သောနိုင်ငံ ၌ စည်းကမ်းများ ယိုယွင်းပျက်စီးနေပြီဟုဆိုလျှင် မည်သည့်နိုင်ငံခြားသား ကမျှ ကျွန်တော်ထံ လာရောက်ပြီး စည်းကမ်းထိန်းသိမ်းပေးကြလိမ့်မည် မဟုတ်။ စင်စစ် ကျွန်တော်တို့တစ်တွေ စည်းမရှိ ကမ်းမရှိ ဖြစ်ချင်တိုင်း ဖြစ်နေသောအခါကျမှသာလျှင် ကျွန်တော်တို့နှင့် နိုင်ငံရေး၊ စီးပွားရေး လူမှုရေး စသည့်အရေးထဲတွင် ဝင်လာကြလိမ့်မည်။

ထိုအခါ လွတ်လပ်ရေးဘာဖြစ်မလဲဟု စဉ်းစားကြပါ။ စဉ်းစား ခြင်းသည် ပိုက်ဆံတစ်ပြားမျှ မကုန်ပါ။ သို့သော်လွန်စွာ အကျိုးရှိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောင်းဦးမြို့နယ်တွင် ဘိန်းဖြူပါသောစီးကရက်များ ဝင်လာသည်ဟု သတင်းရရှိသောအခါ ချောင်းဦးမြို့အထက်တန်းကျောင်းမှာ ကျောင်းအုပ်ကြီးက ကျောင်းတွင်း ကျောင်းပြင် နှစ်ရပ်စလုံး၌ စီးကရက်မသောက်ရဟု ပညတ်ကြောင်း ကြားသိရသည်။ ထိုအခါ ဆရာမိဘများက ဤပညတ်ချက် အာနိသင်ရှိစေရန် ကြပ်မတ်ပေးသည်ဟုလည်း ကြားရသည်။

စင်စစ် ကျောင်းသားအရွယ် ကလေးသူငယ်တို့နှင့် စီးကရက်သည် မအပ်စပ်ပါ။ ကျွန်တော်တို့နိုင်ငံတွင် အချို့သော မိဘတို့သည် မိမိတို့၏ သားသမီးများ အသက်လေးငါးနှစ်ရလျှင်ပင် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် သောက်တတ်အောင် အလိုတူအလိုပါ သင်ပေးလေ့ရှိပါသည်။ ကလေးကို ဆေးလိပ်မီးညှိခိုင်းရာမှအစ မကောင်းသော အလေ့အကျင့်ရအောင် လုပ်ပေးသည်ဟု ကျွန်တော် စွပ်စွဲချင်ပါသည်။ ဤအလေ့အထကို အားမပေးထိုက်ပါ။ အထူးသဖြင့် ရှေ့နောက်တိုင်းထွာ စဉ်းစားဆင်ခြင်ခြင်း မပြုထိုက်သေးသော အရွယ်၌ ဤကဲ့သို့သော အလေ့အထမျိုးကို မိဘများက ပြုစုပျိုးထောင်ပေးရန် မသင့်ပါ။

သို့သော် ငယ်ငယ်ရွယ်ရွယ်ပင်လျှင် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်တို့နှင့် ရင်းနှီးအောင် လူကြီးများ ကိုယ်တိုင်က အားပေးအားမြှောက်ပြုလာကြသဖြင့် ယခု စီးကရက် တွင်ကျယ်သောခေတ်တွင် မူလတန်းအရွယ် ကျောင်းသားကလေးများမှအစ စီးကရက်ကို လက်ကြားညှပ်လျက် ရှိနေကြပြီး။

ဤမြင်ကွင်းကို ဆရာမိဘများက ကြည့်လို့ကောင်းသည်ဟုမထင်ကြပါနှင့်။ ယခုသော် သောက်ရှုရန် ဆေးထဲတွင် ဆေးခြောက်နှင့် ဘိန်းတို့မှ ထုတ်နုတ်ယူသော မူးယစ်ပစ္စည်းများကို ထည့်သွင်းရောင်းချသောအခါ အနာဂတ်လူငယ်တို့၏ အကျင့်စာရိတ္တ၌ အန္တရာယ်ပေါ်ပေါက်လာပါပြီ။ စာရိတ္တကိုသာ ထိခိုက်သည် မဟုတ်သေး။ အသက်ကိုပါ ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



လာကြပြီ။ မိမိတို့၏ သားစဉ်မြေးဆက် အသက်တိုစရာ အကြောင်းတရားတို့ကို ဆရာမိဘများက အဘယ်ကြောင့် အားပေးကြရမည်နည်း။

ဘိန်းဖြူပါသော စီးကရက်ကြောင့် ပညတ်သည်မှာ သင့်မြတ်ပါ၏။ သို့သော် အမှန်စင်စစ်မှာကား စီးကရက်ထဲ ဘိန်းဖြူပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ကျောင်းသားအရွယ်ကလေးလူငယ်များကို စီးကရက်သောက်ခွင့် မပေးသင့်ပါ။

ရှေးအခါက ကျောင်းများတွင် ကျောင်းသားများ စီးကရက်မသောက်ရဟု ပညတ်လေ့ရှိပါသည်။ မိဘများကလည်း ကျောင်းသားအရွယ်များကို စီးကရက်မသောက်ရဟု ဆုံးမလေ့ရှိပါသည်။ လူငယ်များသည် လူကြီးကို အတုယူလေ့ရှိသည်။ ထို့ကြောင့် ထိုမျှ ပညတ်သည့်ကြားမှာပင် ကျွန်တော်တို့ လူငယ်များ စီးကရက်ခိုးသောက်ကြသည်။ အကယ်၍ ပညတ်မှုများမရှိလျှင် ယခုခေတ်၌ မြန်မာတိုင်းရင်းသားတို့သည် ကလေးလူကြီးမရွေး၊ အူဝဲဟု အော်တတ်သော အရွယ်မှစ၍ စီးကရက်ကို ပါးစပ်ထဲမှ မလွတ် အစဉ်အမြဲခဲ၍ နေကြပေလိမ့်မည်။

မိမိ၏ နောင်ရေးအတွက် ရှေ့နောက်တိုင်းထွာ ချင့်ချိန်နိုင်သော အရွယ်သို့ ရောက်လျှင် သူတို့ကြိုက်ရာ ကြိုက်ရာ လုပ်ချင်လုပ်ကြပါစေ။ သို့ရာတွင် ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားရမည့် အရွယ်၌ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အကျင့်ကို အားမပေးထိုက်ပါ။

ယခုအခါ တိုးတက်သော နိုင်ငံကြီးသားများသည် စီးကရက်၏ အပြစ်ကို မြင်သောကြောင့် စီးကရက်သောက်သောအကျင့်ကို တတ်နိုင်သမျှ တားဆီးပိတ်ပင်ရန်အလို့ငှာ ဆောင်ရွက်လျက် ရှိနေကြလေသည်။ စီးကရက်ဘူးတိုင်း၌ ‘စီးကရက်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်’ ဟူသော စာတန်းဖြင့် နှိုးဆော်သတိပေးကြသည်။

အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံတွင် ကျောင်းသားအရွယ် လူမမည်ဘဝ၌ပင်လျှင် စီးကရက်သောက်သောအကျင့် ရရှိနေကြပြီ။ ဤ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့နိုင်ငံမျိုးကို ပြင်ပ ပယောဂ ဝင်ရောက်နှောက်ယှက်ဖျက်ဆီးရန် မခဲယဉ်းတော့ပါ။ ဘိန်းဖြူပြဿနာ ကျယ်လာသည်ကိုပင်လျှင် ကြည့်ကြပါတော့။ ဘိန်းဖြူမှစ၍ လွတ်လပ်ရေး လက်လွတ်နိုင်သည်အထိ ဆက်စပ်စဉ်းစားကြပြီးလျှင် မိဘဆရာတို့က သားသမီးတပည့်များကို စောင့်ရှောက်တော်မူကြပါ။

**ဟံသာဝတီသတင်းစာ၊ ၂၈ ဩဂုတ်လ ၁၉၇၅**

www.burmeseclassic.com

www.burmeseclassic.com

# လူမှုဝန်ထမ်းလုပ်ငန်း

တစ်နေ့ ကျွန်တော်တို့၏ ပတ်ဝန်းကျင်ကို ကြည့်လျှင် အကျင့်ပျက်သော အခြင်းအရာကိုသာ များစွာ မြင်နေရသည်။ ဤခေတ်၌ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်အရေးကြီးများကို ဆောင်ရွက်နေကြသည် ဆိုခြင်းမှာ တိုင်းသူပြည်သား လူအများ၏ ကောင်းကျိုးအလို့ငှာ ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ အများအကျိုးကို ဆောင်ရွက်သည့် အရာ၌ အကျင့်သီလနှင့်မပြည့်စုံလျှင် အောင်မြင်ထမြောက်ဖို့ ခက်လိမ့်မည်။ ထို့ကြောင့် ရှေ့နောက်တိုင်းထွာ အမြော်အမြင်နှင့် ပြည့်စုံသော ဦးစီးခေါင်းဆောင်တို့သည် စာရိတ္တ ချို့ယွင်းပျက်ပြားခြင်းကို အလိုမရှိကြသဖြင့် စာရိတ္တတည်ဆောက်ရေး၊စာရိတ္တကြံ့ခိုင်ရေး စသောလုပ်ငန်းတို့ကို ပြုစုပျိုးထောင်ဆောင်ရွက်လျက် ရှိကြသည်။

ဤကဲ့သို့ စာရိတ္တထူထောင်ရေးသည် လူငယ်တို့အတွက် အလွန်အရေးကြီးသည်။ ယနေ့လူငယ်တို့ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပါမှ ၎င်းတို့သည် နက်ဖြန်၌ ငြိမ်းချမ်းသာယာသော လူ့ဘောင်ကို တည်ဆောက်နိုင်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အခြေအနေက တောင်းဆိုသောကြောင့် လူငယ်တို့ကို လူကြီးဖြစ်အောင် လူတော်လူကောင်းဖြစ်အောင် ဣန္ဒြေသိက္ခာရှိအောင် ပြုပြင်ပေးသော လုပ်ငန်းအစီအစဉ်များကို အလေးဂရုပြု၍ ချမှတ် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

ဤလုပ်ငန်းသည် လူမှုဝန်ထမ်းလုပ်ငန်းတွင် ဦးစာပေး၍ လုပ်ရမည် ဖြစ်သော အဓိကလုပ်ငန်း ဖြစ်လေသည်။

လူငယ်တို့ကို အကျင့်ကောင်းအောင်ပြုပြင်ပေးသောကိစ္စ၌ လူငယ်တို့၏ စိတ်ကို သိမှ ပြုပြင်ပေးသော နည်းနိဿယတို့ စနစ်ကျမည်ဖြစ်သည်။ ဤ၌လည်း လူငယ်ဟုဆိုရာ၌ ကျွန်ုပ်တို့လူကြီးများက လူငယ်သည်လည်း လူပင်ဖြစ်သည်ဆိုသည်ကို အသိအမှတ်ပြုကြရန် လိုသည်။ လူငယ်သည်လည်း လူပင်ဖြစ်သည်ဟုဆိုလျှင် လူငယ့်စိတ်ကို သိဖို့ရာ လူ့စိတ်ကို သိရ ပေဦးမည်။ လူ့စိတ်ကိုသိမှ သူ၏ လိုအင်ဆန္ဒနှင့် ကိုက်ညီအောင် ပြုပြင်ပေးနိုင်မည်။

ဤအချက်တို့ကို နှလုံးသွင်း၍ လူ၌ရှိသော ဆန္ဒကြီးလေးပါး အကြောင်းကို တစ်ဆင့်ဖောက်သည်ချလိုပါသည်။ ဤဆန္ဒကြီးလေးပါးမှာ လူမှုဝန်ထမ်းပါရဂူတို့ သုတေသနပြု၍ ကြံဆသတ်မှတ်ထားသော အချက်များ ဖြစ်ပါသည်။ ထိုအချက်များကို ပြန်လည်ထုတ်ဖော်ပေးသော ပုဂ္ဂိုလ်မှာ ရွှေတိဂုံ ဘုရားလူကြီး ဦးဘခင်ဖြစ်သည်။ ဦးဘခင်ကား လူငယ်များကြီးပွားရေးအသင်းသားအဖြစ်ဖြင့် လူမှုဝန်ထမ်းလုပ်ငန်းကို အိန္ဒိယနိုင်ငံတွင် ပညာတောသင်အဖြစ်ဖြင့် လေ့လာခဲ့ပြီးနောက် ကျေးလက်ပြုပြင်ရေးစသည်တို့ကို ငယ်စဉ်ကစ၍ ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ ပြီးခဲ့သော လူငယ်များကြီးပွားရေး ရွှေရတုသဘင်ကျင်းပပွဲတွင် ခေတ်လူငယ်များ နိုးကြားစေဖို့ရာ အဆိုပါအချက်ကြီး လေးချက်ကို ဟောပြောခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလောကကြီးထဲတွင် လူဖြစ်လာသော သူတို့၌ ရှေးဦးစွာ အမိအဖ ဆွေမျိုးဉာတိမှစ၍ မိမိနှင့် ဆက်ဆံပေါင်းသင်းနေရသော ပတ်ဝန်းကျင်တို့၏ မေတ္တာ ကရုဏာတို့ကို ခံယူလိုသော ဆန္ဒကြီးတစ်ရပ် ရှိစမြဲဖြစ်သည်။ လုပ်ငန်းတစ်ခုကိုလုပ်ရာ၌ အောင်မြင်စေလိုလျှင် မေတ္တာဓာတ်ကို အရင်းခံပြု၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိက မေတ္တာကို ခံယူလိုလျှင် သူတစ်ပါးကို မေတ္တာဖြင့် ရှေ့ရှု၍ဆောင်ရွက်ပေးရပါလိမ့်မည်။ အထူးသဖြင့် လူငယ်လူရွယ်တို့၏ စိတ်နေစိတ်ထားကို ကြည့်လျှင် လူကြီးက လူငယ်အပေါ် မေတ္တာထားကြောင်းသိရသော် ယုတ်စွအဆုံး ပြောစကားကို နာယူတတ်ပါလိမ့်မည်။ မေတ္တာဆောင်မှ အောင်မည်ဟူသော စကားပုံရှိပြီးဖြစ်ရာ ကော်လံငဲ့၍ အကျယ်မဆိုလိုက်ပါ။ ဤလိုအင်ဆန္ဒကို နားလည်လျှင် လူကြီးကိုဖြစ်ဖြစ် ၊ လူငယ်ကိုဖြစ်ဖြစ် ကောင်းမှုဘက်သို့ ပါလာအောင် စည်းရုံးရန် မခဲယဉ်းပါ။

ဒုတိယလူတို့၏ လိုအင်ဆန္ဒကား အသိအမှတ်ပြုခြင်းကို ခံယူလိုသော ဆန္ဒဖြစ်ပါသည်။ အလုပ်လုပ်ကြရာ၌ အလုပ်ကို ကောင်းကောင်းလုပ်သူလည်း ရှိ၏။ မကောင်းလုပ်သူလည်းရှိ၏။ အလုပ်တော်သူလည်းရှိ၏။ မတော်သူလည်းရှိ၏။ ကောင်းတာ တော်တာကို လုပ်သူသည် ကောင်းတာ တော်တာလုပ်တာပဲဟု အများက အသိအမှတ်ပြု၍ ချီးကျူးသည်ကို ခံယူလို၏။ မကောင်းတာ၊ မတော်တာ လုပ်မိသူပင် ဖြစ်စေ၊ ၎င်းမကောင်းတာ မတော်တာထဲက ကောင်းကွက် တော်ကွက်ကလေးများရှိ၍ အသိအမှတ်ပြုလိုလျှင် တစ်စတစ်စနှင့် ကောင်းတာ၊ တော်တာကို ပို၍ လုပ်ချင်စိတ် ရှိလိမ့်မည်။ ဤဆန္ဒကို နားလည်သော သူသည် မကောင်းသူကိုပင်လျှင် လူကောင်းဖြစ်အောင် ပြုပြင်နိုင်သည်။

ထို့ပြင် တတိယအချက်၌ လူသည် အသစ်အသစ်သော အတွေ့အကြုံကို လိုချင်ဆန္ဒရှိခြင်းပင် ဖြစ်သည်။ ရေမကူးတတ်သောသူက အတွေ့အကြုံကို လိုချင်ဆန္ဒရှိခြင်းပင်ဖြစ်သည်။ ရေမကူးတတ်သောသူက

www.burmeseclassic.com

www.burmeseclassic.com



အသစ်အလို့ငှာ ရေးကူးကြည့်ချင်သည်။ ထိုရေးကူးကြည့်ချင်သော ဆန္ဒကို ပိတ်ပင်လိုက်လျှင် ထိုသူသည် ရေမကူးတတ်ဘဲ ရေကူးကြည့်သောကြောင့် ရေနစ်လိမ့်မည်။ ရေမနစ်စေလိုလျှင် ရေးကူးတတ်အောင် လုပ်ပေးဖို့သာရှိသည်။ ထို့ကြောင့် နေရာတကာတိုင်း ဟန့်တား ပညတ်ခြင်းသည် ပြုပြင်ရေး၌ ကန့်လန့်ဖြတ်နေတတ်သည်။ လူကြီးတို့ လူငယ်တို့ လုပ်ချင်တာကို လုပ်သင့်တာဖြစ်အောင် ပြုပြင်ပေးကြရန်သာ ရှိသည်။

လူတို့၏ စတုတ္ထလိုအင်ဆန္ဒမှာ မိမိအတွက် လုံခြုံရေးရယူလိုသော ဆန္ဒ ဖြစ်သည်။ လူလောကထဲ ရောက်သောအခါ စားဝတ်နေရေးအတွက် မိမိဘာသာမိမိ ဖူလုံအောင်ကြိုးပမ်းဆောင်ရွက်လိုသည်။ မိမိတစ်ဦးတည်းနှင့် မတတ်နိုင်သော ကိစ္စတို့၌ အစုအပေါင်းဖွဲ့၍ အတူတကွ လုပ်ကိုင်နေထိုင်စားသောက်လိုသည်။ ဤကဲ့သို့ ဘဝလုံခြုံရေးအတွက် လူကို အခွင့်အလမ်းဖွင့်ပေးသောအခါ လူသည် မိမိပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်အောင် ဆင်ခြင်၍ နေထိုင်လာလိမ့်မည်။ လူမှုဝန်ထမ်းသမားတို့သည် ထိုလူ့ အလိုဆန္ဒအလို့ငှာ စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေး၊ ပညာရေး စသည့်လုပ်ငန်းတို့ကို လုပ်ပေးကြရသည်။

ဤလူ့အလိုဆန္ဒလေးပါးကို ကြည့်၍ သူ့နေရာနှင့်သူ ပြုပြင်ထိန်းကျောင်းသွားကြပါလျှင် လူငယ်တို့အတွက်သာမက လူကြီးများအဖို့ပါ စာရိတ္တတည်ဆောက်ရေးအတွက် စည်းရုံးနိုင်မည်ဟု ယုံကြည်ပါသဖြင့် လူမှုဝန်ထမ်းဝါသနာအိုးများအတွက်ါ တစ်ဆင့် ဖောက်သည်ချ၍ ပြလိုက်ပါသည်။

**ဟံသာဝတီသတင်းစာ၊ ၁၅ မေလ ၁၉၇၆**

www.burmeseclassic.com

# ကျောင်းသားနှင့် မူးယစ်ဆေးဝါး

မူးယစ်ဆေးဝါးကို ကျောင်းသားလောကထဲမရောက်အောင် အထူးကြပ်မတ်ပေးရန်လိုပါသည်။အထူးသဖြင့် နံပါတ်ဖိုးဟုခေါ်သော ဟီးရိုးအင်း ဘိန်းဖြူသည် လူ့အဖူးအညှောက်ကလေးများကို အညွန့်ချိုးရန် ချောင်းမြောင်းတိုက်ခိုက်ဖျက်ဆီး လျက်ရှိပါသည်။

ယနေ့ ဤကိစ္စနှင့် စပ်လျဉ်း၍ လူငယ်တို့က ထထကြွကြွနှင့် ဘိန်းဖြူကို တိုက်ပွဲဆင်နေသည်မှာ အလွန်အားရစရာကောင်းပါသည်။ သို့ရာတွင် တိုက်ပွဲပြီးပြီဟု ယူဆကာ သတိလစ်မသွားစေရန် အထူးဆော်ဩပေးချင်ပါသည်။

မကြာမီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သူနာပြုများ၏ ကွန်ဖရင့်ကို ကျင်းပသည်။ ထိုကွန်ဖရင့်တွင် သူနာပြုစုရေးနှင့် စပ်လျဉ်းသော ဗဟုသုတအထွေထွေတို့ကို အမျိုးသမီး၊ အမျိုးသား သူနာပြုများက နှီးနှောဖလှယ်ကြရာတွင် အလွန်မှတ်သားစရာကောင်းသည်။ စိတ်ရောဂါကုသရေး ဆေးရုံလုပ်ငန်းတစ်ရပ်အဖြစ် အမျိုးသားသူနာပြုဆရာ ဦးမန်းဖိုးငြိမ်းက မူးယစ်ဆေးဝါးဆိုင်ရာ စာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းရာ ကျွန်ုပ်တို့၏ လူငယ်များ မှတ်သားစရာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တွင် မူးယစ်ဆေးစွဲသူ မှတ်ပုံတင်ဦးရေမှာ ၁၉၇၄ တွင် ၄၃၇ ယောက်၊ ၁၉၇၅ တွင် ၄၁၄ ယောက်၊ ၁၉၇၆ တွင် ၅၁၂ ယောက်၊ ၁၉၇၇ တွင် ၅၁၀ ရှိသည်ဟု ဆိုပါသည်။ မှတ်ပုံတင် လူနာ ဆိုသည်မှာ မိမိ၌ ဝေဒနာရှိသည်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုဝန်ခံ၍ ထိုဝေဒနာမှ ချမ်းသာရ ချမ်းသာကြောင်း ကုစားလိုကြသောသူများ ဖြစ်ပါသည်။

မူးယစ်ဆေး စွဲသူသည် ရောဂါဝေဒနာရသူ ဖြစ်ပါသည်။ ရောဂါဝေဒနာ ကပ်ငြိသည်ဆိုသည်မှာ ရှက်စရာ မဟုတ်ပါ။ ရောဂါဝေဒနာ ပျောက်ရာပျောက်ကြောင်းအတွက် ဆရာဝန်တို့ကို ပြသကောင်းပါသည်။ ထို့ကြောင့် ထိုကဲ့သို့သော မှတ်ပုံတင်လူနာတို့အဖို့ အပြစ်တင် ဝေဖန်စရာ မရှိပါ။ ဆေးစွဲ၍ ရောဂါရသူတိုင်း မှတ်ပုံတင်နိုင်လျှင် ဝေဒနာရှင် ကောင်းဖို့ပင် ဖြစ်ပါသည်။

သို့ရာတွင် ဆေးစွဲပြီး တိတ်တိတ်ပုန်း လျှို့ဝှက်နေကြသောသူများမှာ အများကြီးကျန်ပေဦးမည်။ ယင်းတို့ကို မှောင်ထဲမှဆွဲထုတ်၍ အလင်းထဲရောက်အောင် ကြီးမားသော ကရုဏာဖြင့် ဆောင်ရွက်ပေးရန် လိုပါသေးသည်။ ဤအရေး၌ လူငယ်တို့အချင်းချင်း တကယ့်သူငယ်ချင်းပမာ ရင်းနှီးချစ်ခင်ကြလျှင် တစ်ဦးက တစ်ဦးကို တရားချ၍ လူ့လောကထဲ ပြန်ရောက်အောင် ဆောင်ရွက်ပေးကြပါ။

ဝမ်းနည်းစရာ အချက်တစ်ချက်မှာ တစ်နိုင်ငံလုံးမှာ မျက်နှာဖုံးဖြစ်သော တက္ကသိုလ်ကျောင်းသားလောကထဲ၌ပင်လျှင် ဘိန်းဖြူရောက်စပြုနေသောအချက် ဖြစ်သည်။

စာရင်းအရဆိုလျှင် ၁၉၇၄ ၌ ဘိန်းဖြူစွဲသူ ၁၁၉ ယောက်၊ ၁၉၇၅ ၌ ၂၂၅ ယောက်၊ ၁၉၇၆ ၌ ၃၉၀ ယောက်၊ ထို့နောက် ၁၉၇၇ ၌ ၄၈၇ ယောက် ဟူ၍ အသီးသီးရှိပါသည်။ ဘိန်းဖြူစွဲသော လူဦးရေသည် လေးနှစ်အတွင်း လေးဆတိုးလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ယင်းကဲ့သို့ ဘိန်းဖြူစွဲသူတို့စာရင်းထဲတွင် အထက်တန်းကျောင်းများက ပထမ၊ အလယ်တန်းကျောင်းများက ဒုတိယ၊ တက္ကသိုလ်က တတိယဟူ၍ အသီးသီးနံပါတ်ချိတ်ကြသည်။ တက္ကသိုလ်၌ ၁၉၇၄ တွင် ဘိန်းဖြူသမား ငါးယောက်ရှိသည်။ ၁၉၇၇ တွင် ၁၂ ယောက်ဖြစ်လာသည်။ မဟုတ်သည့်နေရာတွင် တလွဲဆံပင်ကောင်း နမူနာပြနေကြလျှင် ကြာသောအခါ ကျောင်းသားကြီးများကြောင့် ကျောင်းသားကလေးတွေ အားလုံးပျက်စီးမှာ စိုးရပါသည်။ ကျောင်းသားမှန်သမျှလည်း မိမိတို့၏ ကျောင်းသားတည်းဟူသော ဂုဏ်သိက္ခာ အသရေကို စောင့်ထိန်းကြဖို့ အရေးကြီးပါသည်။

ကျောင်းသားတို့သည် (ဤ၌ ကျောင်းသားဟူသော စကားထဲမှာ ကျောင်းသူတို့လည်း ပါသည်ကို သတိပြုပါ) နုနယ်သော အရွယ်၌ အပူအပင်မရှိ အချုပ်အချယ်မရှိ၊ ပျော်မည်၊ ပါးမည်၊ နေချင်သလို နေမည် ဟူ၍ သဘောမထားသင့်ချေ။ ကြီးပြင်းလာလျှင် အိမ်ထောင်ရက်သားကျပြီးနောက် သားသမီးမြေးမြစ်တို့နှင့် အိုအောင်မင်းအောင် ပေါင်းသင်း၍ လူတစ်လုံး၊ သူတစ်လုံးအဖြစ်ဖြင့် လောကထဲ နေထိုင်သွားကြဖို့ ရှိသေးသည်။ အသက်အရွယ်ကြီးရင့်ခါမှ ငါငယ်ငယ်တုန်းက မှားခဲ့လေခြင်း၊ မိုက်ခဲ့လေခြင်းဟု နောင်တရလျှင် ထိုနောင်တတရားသည် အများကြီး နောက်ကျသွားလိမ့်မည်။

အသက်အရွယ်ကြီးရင့်၍ မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်လာသောအခါ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်မြေး၊ ကိုယ်မြစ်ကို မဆုံးမနိုင်ဘဲ တစ်အိမ်ထောင်လုံးလေထဲမှာ လွင့်ပြီးနေကြပါလျှင် ဒုက္ခကြီးနှင့် လှလှတွေ့ကြရမည်။ ထိုအခါမှ အမိကို တကြလျှင် ဘယ်သူမျှ ကယ်နိုင်မည် မဟုတ်။ နောင်ရေးကို ယခုမှစ၍ ကြိုတင် တွက်ဆထားနိုင်မှ တော်ရုံကျမည်။

"လူကြီးများ နေရာဖယ်ပေးကြပါ။ ကျွန်တော်တို့ လူငယ်များ တက်လာပါတော့မည်" ဟုကြွေးကြော်ပြီးနောက် အထက်ဘဝင်သို့

www.burmeseclassic.com

www.burmeseclassic.com



မတက်ဘဲ အောက်အဝီစိသို့ ခုန်ဆင်းနေကြလျှင် ကျွန်ုပ်တို့ လူကြီးမိဘ ဆရာသမားများ ရင်ကျိုးရပါလိမ့်မည်။

ယခုအခါ နိုင်ငံတော်သည် တိုင်းပြည်ဖျက် အန္တရာယ်ကြီးကို အမျိုးမျိုး ရင်ဆိုင်ဖြေရှင်းနေရသည်။ မကြာမီက ဒီဇင်ဘာမှစ၍ ဘိန်းခင်း ဖျက်ဆီးရေးကို ဆောင်ရွက်ရာ တောင်ထိပ်ပန်းစစ်ဆင်ရေးကြောင့် ဘိန်းခင်းဧကပေါင်း ၈၀၀၀ ကျော် ပျက်စီးသွားခဲ့ပြီ။ ထိုဧကပေါင်းများစွာတို့၌ လူထုကို စားနပ်ရိက္ခာပေးနိုင်သော လယ်မြေ၊ ယာမြေဥယျာဉ်မြေ ဖြစ်အောင် လုပ်ကြရဦးမည်။

ယခုခေတ် လူငယ်တို့က ရှေးလူကြီးများကဲ့သို့ စွန့်စွန့်စားစားနှင့် လယ်ယာချောင်းမြောင်း အသစ်သစ်တို့ကို တီထွင်စိုက်ပျိုး နိုင်ကြပါလျှင် ယခု လူငယ်တို့ လူကြီးဖြစ်လာကြသောအခါ အိမ်ထောင်ရေးသုခနှင့် ပြည့်စုံပြီးလျှင် ငြိမ်းချမ်းသာယာသော လောကကြီးကို ထူထောင်နိုင်ကြပေလိမ့်မည်။

**ဟံသာဝတီသတင်းစာ ၂၄ ၊ ဖေဖော်ဝါရီလ ၁၉၇၈**

www.burmeseclassic.com

www.burmeseclassic.com

## စာပေကျေးဇူးရှင်ကြီးများ

စာပေ၌ စကားပြေနှင့် ကဗျာဟူ၍ အခြေခံ အဖွဲ့အထုံးနှစ်မျိုး ရှိ၏။ ကမ္ဘာပေါ်၌ ထွန်းကားသမျှ မည်သည့်စာပေ၌မဆို ဤအဖွဲ့အထုံးနှစ်မျိုးသည် အခြေခံဖြစ်လေသည်။ ထို့ကြောင့် ယင်းနှစ်မျိုးကို ကမ္ဘာ့စာပေနိယာမအတိုင်း ဖြစ်ထွန်းလာသော အရင်းမူလဟု ယူဆကြသည်။

ထိုအရင်းမူလတို့သည် မည်ကဲ့သို့ ဖြစ်ထွန်းလာခဲ့ကြပါသနည်း။ ကမ္ဘာ့စာပေ၌ တွေ့ရှိရသော အချက်အလက်တို့ကို မှီ၍ ပြောရသော် စကားပြေဟူသောအဖွဲ့ကို မင်းစိုးရာဇာတို့၏ အမှတ်အသားစားတမ်းများ၌လည်းကောင်း၊ ကျေးလက်ပုံပြင်များ၌ လည်းကောင်း တွေ့ရှိကြသည်။ သို့သော်ရှေးဦးလူတို့သည် တေးဂီတစသည်တို့၌လည်း ဝါသနာထုံကြ၏။ ထို့ကြောင့် ရှေးဟောင်းရာဇဝင် မှတ်တမ်းတို့၌ပင်လျှင် စကားပြေမှ ရွေ့လျော၍ ကဗျာဆန်သောအဖွဲ့များကို တွေ့ရပြန်သည်။ မူလက တီထွင်လိုက်သည့် ရွှေယုန်နှင့် ရွှေကျားကဲ့သို့သော ပုံပြင်များသည်ပင်လျှင် တစ်စတစ်စနှင့် တေးကဗျာများ ဖြစ်လာကြသည်။ ဥရောပတိုက်တွင် ၁၀ ရာစုနှစ်မှ ၁၂ ရာစုနှစ်အတွင်း အနယ်နယ်အရပ်ရပ်သို့ လှည့်၍ တေးဂီတကဗျာ၊ လင်္ကာများကို ရွတ်ဆိုသော ဓလေ့ပေါ်လာသောအခါ မြန်မာတို့ရှိသော ကွက်စိပ်စာဟောဆရာတို့ကဲ့သို့ ဟောပြောသီဆိုကြသော ဂီတကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များ ထွန်းကားခဲ့၏။ နောင်သောအခါ စကားပြေအဖွဲ့ကို ပုံပြင်ဝတ္ထုတို့အတွက် ယေဘုယျသုံးစွဲကြသည်။ ကဗျာအဖွဲ့ကိုမူ ဆုတောင်းစာ၊ ဆုံးမစာ စသည်တို့အတွက် ယေဘုယျသုံးစွဲကြသည်။

ဥရောပတိုက်၌ ခရစ်ယာန်ဝါဒထွန်းကားပြီး ပျံ့နှံ့လာသောအခါ သမ္မာကျမ်းစာမှနွယ်၍ စကားပြေနှင့် ကဗျာအဖွဲ့အထုံးအမျိုးမျိုးပေါ် ပေါက်၍ တစ်စတစ်စနှင့် ဖွံ့ဖြိုးတိုးတက်လာလေသည်။ ယင်းစကားပြေအဖွဲ့ ကဗျာအဖွဲ့တို့ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းသောမူလပုဂ္ဂိုလ်တို့သည်ကား ခရစ်ယာန်သာသနာပြု ဘုန်းကြီးများပင် ဖြစ်လေသည်။

မြန်မာစာပေ၏ ရေအလျဉ်ကို ပြန်ကြည့်လိုက်လျှင် ကမ္ဘာအရပ်ရပ်၌ ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသောဓလေ့အတိုင်းပင် ဗုဒ္ဓသာသနာကို ပြုစု ပျိုးထောင်တော်မူကြသော ရဟန်းသံဃာတော်တို့သည် မြန်မာစာပေ၌ ရှိသော စကားပြေအဖွဲ့ကဗျာအဖွဲ့တို့ကို အစပထမ တီထွင်ရေးသား စပ်ဆိုခဲ့သော ပညာရှင်အာဒိကဝိများပင် ဖြစ်သည်။

ပုဂံကျောက်စာတို့ကို လေ့လာလျှင် ပုဂံခေတ်စကားပြေအဖွဲ့တို့ကို အများဆုံး တွေ့ရမည်။ သို့ရာတွင် မူလက ရိုးရိုးစကားပြေကို သုံးစွဲခဲ့ကြရာမှ တစ်စတစ်စနှင့် ကျောက်စာအရေးအသားထဲ၌ပင်လျှင် ကဗျာအဖွဲ့များချဉ်းနင်း ဝင်ရောက်လာ၍ နောင်အခါ၌ ကြီးကျယ်ခမ်းနားလာလေသော် မော်ကွန်းသံပိုင်အဖွဲ့များကိုပင် ကျွန်ုပ်တို့ တွေ့မြင်လာရသည်။

မူလက ကျေးလက်ရိုးရာပုံပြင်တို့သည် နှုတ်ပြောစကားပြေအဖွဲ့များပင် ဖြစ်တန်ရာသည်။ သို့သော် နောင်အခါ၌ ဗုဒ္ဓသာသနာ ပြန့်ပွား၍ ဘုန်းကြီးကျောင်းပညာရေး ပေါ်ပေါက်လာပြီးသည့်နောက်၌ ကဗျာဇာန္ဒအဖွဲ့မျိုးမျိုးကို တီထွင် စပ်ဆိုကြရာမှ ပုံပြင်များကို လင်္ကာသွားဖြင့် စပ်ဆိုလာကြသည်ဟု ယူဆရန်ရှိသည်။ ဤအဆင့်မှတစ်ထစ် တိုးလာကြသော အခါ၌မူကား ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်နိပါတ်စသော ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတို့ကို ရဟန်းပုဂ္ဂိုလ် စာဆိုတော်ကြီးများက ပျို့ကဗျာအဖြစ်ဖြင့် စပ်ဆို ကြလေသည်။ အချို့သော ရဟန်းတော်တို့ကား မြတ်စွာဘုရား ဟောကြား တော်မူသည့် အဘိဓမ္မာ ဒေသနာတို့ကိုပင်လျှင် ပညာရှိသော သူတော်သီ တို့ အလွယ်တကူ နားလည်ပါကြစေရန် ပျို့ကဗျာအဖွဲ့ဖြင့် ရေးသားစပ်ဆို တော်မူကြသည်။

ဤအချက်တို့ကို ထောက်ရှုကြည့်ပါလျှင် မြန်မာစာပေ တိုးတက် ရာ တိုးတက်ကြောင်းကို မူလပထမ အာဒိကမ္မသဘောဖြင့် ဆောင်ရွက် တော် မူခဲ့ကြသော ပုဂ္ဂိုလ်တို့မှာ ရဟန်းတော်များပင် ဖြစ်သည်ကို ကျွန်ုပ်တို့ အသိအမှတ် ပြုကြရလိမ့်မည်။

ယခုခေတ်၌ ကဗျာကို စိတ်ဝင်စားကြသော ခေတ်သစ်စာရေး ဆရာဆို့သည်ပင်လျှင် ထိုအာဒိကမ္မဆရာသခင် ကျေးဇူးရှင်တို့၏ အရိပ် အာဝါသကို ခိုလှုံနေကြပေသည်။ ထိုထိုသော ကဗျာသစ် အရေးအသား ထဲ၌ပင်လျှင် ရှင်မဟာရဋ္ဌသာရ၏ အဖွဲ့အနွဲ့ သြဇာတို့မှ မကင်းနိုင်သည် ကို တွေ့ကြပါလိမ့်မည်။ "ဝဏ္ဏပဘာ ကလျာဖူးသစ်"ဆိုသော အစပ် အထုံးမျိုးများမှာ အလှဖွဲ့ကို ရေးသားနေကြသော ဝတ္ထုရေးဆရာ ကဗျာ ဆရာတို့၏ နှလုံးဝယ် ကိန်းအောင်လျက်ပင် ရှိနေသေးသည်။ ဤကဲ့သို့ ရိုးရာစာပေယဉ်ကျေးမှုကို နှလုံးထဲ၌ ထိန်းသိမ်းထားသောကြောင့်သာလျှင် ယနေ့မြန်မာစာပေသည် အသက်ရှင်လျက် ရှိနေပါသည်။

သို့သော်ယခုခေတ်၌ ပညာအရာ၌ မနှံ့စပ်၊ မရင့်ကျက်သေးသော ပုဂ္ဂိုလ်အနည်းငယ်တို့သည် ဘုန်းကြီးကျောင်းဟု ပြောလျှင် ပါဠိကိုသာ သင်နေသည် ဟူ၍လည်းကောင်း ၊ ပိဋကတ်သုံးပုံ ပါဠိတော်ကိုသာ အာဂုံ ပြန်နေသည်ဟူ၍လည်းကောင်း ထင်မှတ်မှာနေကြသည်။ အချို့သော သူတို့ကား ဘုန်းကြီးကျောင်း ပညာရေးသည် မြန်မာစာပေနှင့် မဆိုင်ဟူ၍ ပင် အထင်လွဲနေကြသည်။ သို့သော် စင်စစ် ထိုသူတို့သည် ရဟန်းစာဆို တို့၏ ဇာတ်နိပါတ် ဝတ္ထုအဖွဲ့ ပျို့ကဗျာအဖွဲ့စသည်တို့ကို လေ့လာရွတ်

www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေကြသည်။ အချို့ကလည်း လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စသော စာဆိုကြီးများ၏ ဝတ္ထု၊ ကဗျာအလင်္ကာ၊ ဆောင်းပါး စသည်တို့ကို နှစ်ခြိုက်စွာလေ့လာနေကြသည်။ ယင်းတို့ ဤကဲ့သို့လေ့လာနေကြသည်မှာ အားရစရာကောင်းလှပါ၏။ သို့သော် ထိုသို့ လေ့လာနေသောသူတို့သည် ထိုစာဆိုပုဂ္ဂိုလ်တို့ ငယ်စဉ်ကဘုန်းကြီး ကျောင်းတွင် ပညာသင်ယူ၍ ရဟန်းဝတ်ခဲ့ဖူးသည်ကို သတိရကြဟန်မတူ ချေ။

လွန်ခဲ့သော လအနည်းငယ်အတွင်းက 'ဝိသုဒ္ဓါရုံ မြောင်းမြဆရာ တော်'၏ ဖြစ်စဉ်ကို ပြသော အတ္ထုပ္ပတ္တိဆိုင်ရာ စာအုပ်တစ်အုပ် ထွက်လာ သည်။ ထိုအတ္ထုပ္ပတ္တိကို ရေးကြသောသူများမှာ မြောင်းမြဆရာတော်၏ တပည့်ရင်းများ ဖြစ်ကြသည်။ နာမည်ကိုမူ မဖော်ကြချေ။ ထို စာအုပ်ကို ဖတ်မိသောသူတို့သည် ဘုန်းကြီးကျောင်းများ၌ ပါဠိပိဋကတ်တို့ကို ပို့ချ ပေးရင်းနှင့် မြန်မာစာပေကို အလေးဂရုပြု၍ သင်ကြားပေးပုံကို ဖတ်ရှုကြ ရပါလိမ့်မည်။ မြောင်းမြဆရာတော်ကြီး၏ အာသီသမှာ မြန်မာစာ အရေး အသားကောင်းမွန်စေလိုသော အာသီသဖြစ်ရာ၊ ဘုန်းကြီးကျောင်း သင်ရိုး ဖြစ်သော မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရ စသော စာများအပြင် ပထမတန်း မြန်မာဖတ်စာ၊ ဒုတိယတန်း မြန်မာ ဖတ်စာအစရှိသော အခြေခံအဆင့် မြန်မာစာများကိုပါ တပည့်တို့လေ့လာ ကြရန် ပြဋ္ဌာန်းပေးလေ့ရှိသည်။ ဤသည်ကား သာကေတစ်ခုမျှသာ ဖြစ်ပါသည်။

မြောင်းမြဆရာတော်သည် မူလ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတို့ကို လွန်စွာလေးစားတောမူသဖြင့် သီလ၊ သုတ၊ စာဂ၊ ပညာ စသော သူတော်ကောင်းဥစ္စာတို့နှင့် ပြည့်စုံအောင် ညွှန်ကြားပေးသော ရွှေကျင်ဆရာတော်ဘုရား၏ သံပေါက်ကို မကြာခဏ ပြန်လည်ဟော ကြားလေ့ရှိသည်။ ထိုသံပေါက်ကို ဖတ်ရှုကြည့်သောအခါ ရွှေကျင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ခေတ်က ခေတ်စမ်းကဗျာဆရာများ တီထွင်ကြံဘိသကဲ့သို့ တီထွင်ခဲ့ပုံကို ကျွန်တော် စဉ်းစားမိပါသည်။ ထိုသံပေါက်အချို့သောအပိုဒ်တို့မှာ ဤသို့ ဖြစ်သည်။

တံခွန်ဖြူစပါး ၊ အဆန်ရှား၊ အများထိပ်က တစွင့်စွင့်။

ဤအပိုဒ်မှာ ရိုးရိုးစင်းစင်း ဖြစ်ပါ၏ သို့သော် ယင်းအရိုးခံကို တစ်ဆင့်တက်၍ ကွန့်ထားပုံမှာ ယခုခေတ် ကဗျာဆရာများပင်လျှင် စိတ်ဝင်စားကြမည် ထင်ပါသည်။

သဒ္ဓါ၊ သီလ၊ သုတရှားပါး၊ လူ့ငနွား၊ အများခေါင်က တဝင့်ဝင့်၊ လူမြင်တိုင်းက နှလုံးနှင့် အဆန်ပြည့်စွာ ပြောင်းဖူးမှာ၊ အဆစ်အောက်မှာ ပုန်း၍ဖူး ၊ လူမြင်တိုင်းက လာ၍ခူး ၊ မပြည့်အဆန် ၊ ထိုပြောင်းဖူးနှံ၊ ပျံတော့မလို ထိပ်ကဖူး၊ ဘယ်သူတစ်ယောက် မဆွတ်ခူး။

လောကကြီးမှာ အသစ်အဆန်းတီထွင်သည်မှာ ယခုမှ မဟုတ်ပါ။ ကမ္ဘာဦးခေတ်လူပေါ်သရွေ့ကစပြီး တီထွင်လာကြသည် မဟုတ်ပါလော။

**ကြေးမုံသတင်းစာ ၊ ၁၀ မေလ ၁၉၈၀**

www.burmeseclassic.com

www.burmeseclassic.com

# နောင်ကန်ရိပ်သာ

နောင်ကန်ရိပ်သာဆိုသည်မှာ အရေပြားရောဂါစွဲကပ်သူတို့ကို ကုသရေးရာဌာနဖြစ်သည်။ ယင်းဌာနကို ကျန်းမာရေးဌာနခွဲ အငြိမ်းစား လက်ထောက်ညွှန်ကြားရေးဝန် ဒေါက်တာသာဆိုင်က ၁၉၆၆ ခုနှစ်တွင် သူကိုယ်တိုင်ရေးသားထုတ်ဝေခဲ့သော "အနာကြီးရောဂါအကြောင်း သိကောင်း ဖွယ်ရာ" စာအုပ်၌ ၁၉၆၅ ခုနှစ်အတွက် အတွင်းလူနာ ၇၃၆ ယောက်၊ အပြင်လူနာ ၄၅ ယောက်ရှိသော ဗရင်ဂျီဘာသာ ဂေဟာဟု ဖော်ပြခဲ့ဖူးသည်။ ယခုခေတ်တွင် ယင်းအနာကြီးရောဂါကို အရေပြားရောဂါဟု ခေါ်တွင်လျက် ရှိသည်။ သုတိ သာယာစေရန် ရောဂါသည်တို့၏ စိတ်ဓာတ်ကို မကျစေရန် ရည်ရွယ်ချက်ဖြင့် ပြောင်းလဲခေါ်တွင်သည်ဟုမှတ်ယူရသည်။ သို့သော် ကျိုင်းတုံ၌မူကား ယင်းဂေဟာကို ရှေးအခေါ်အတိုင်း နောင်ကန်အနာကြီးရိပ်သာဟု ကမ္ပည်းထိုးထားသည်။

ထိုရိပ်သာသည် ကျိုင်းတုံမှင့်မနီးမဝေးတွင် တည်ရှိသည်။ ကျိုင်းတုံမြို့နယ်၊ စာပေလုပ်သားအဖွဲ့၏ စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲသို့ တက်ရောက်ဟောပြောကြသော စောမုံညင်း၊ မင်းကျော်၊မောင်ဆုရှင်နှင့် ကျွန်တော်တို့အဖွဲ့ကို ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒေါက်တာဦးတင်ရွှေဦးဆောင်သော လေ့လာရေးအဖွဲ့က ခေါ်ဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



ပြသကြပါသည်။ ထိုအဖွဲ့တွင် လူမှုရေးဆိုင်ရာ လူမှုဝန်ထမ်းဌာန ဒေါ်နန်းနွယ်နှင့်တကွ ဆရာဝန်ဒေါက်တာတင်ရွှေ၏ဇနီးအပြင် သားကလေးလည်းပါပါသည်။ သွားရင်းလာရင်း သတိပြုမိသည်မှာ ဒေါက်တာတင်ရွှေ၏ သားသည် အရွယ်နှင့်မလိုက်အောင် ဒေသန္တရဗဟုသုတ၌ နှံစပ်သူဖြစ်ကြောင်း အကဲခတ်မိပါသည်။ ကျွန်တော်တို့ သွားမည့်ခရီး၌ ဘယ်နေရာမှာ ဘာရှိသည်ကို သူကပင်လျှင် လမ်းညွှန်သူပမာ ပြောပြသွားပါသည်။ ဤသူငယ် ကြီးပြင်လာလျှင် ဒေသခံတိုင်းရင်းသားတို့၏ မနုဿဗေဒဆိုင်ရာဇာစ်မြစ်တို့ကို သုတေသနပြုနိုင်သော ပုဂ္ဂိုလ်ဖြစ်လာပါစေဟူ၍ပင် ကျွန်တော့ဝမ်းထဲမှာ ကျိတ်၍ ဆုတောင်းခဲ့သည်။ ဆရာကတော်ကမူ သူ့သားအတွက် ဤသို့ ဆုတောင်းပေးလျှင် ကြိုက်လိမ့်မည် မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာကတော်သည် မိမိ၏ ဇာတိချက်ကြွေမွေးရပ်မြေကို လွမ်းလျက်ပင် ရှိနေကြောင်း ရိပ်မိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ကျိုင်းတုံမြို့ကို ဂျပန်ခေတ်ကပင်လျှင် စိတ်ဝင်စားမိခဲ့သည်။ ဤအကြောင်းကို အစဖော်ပေးရန် လိုပါလိမ့်မည်။ "မြန်မာနိုင်ငံနှင့် ဂျပန်ကျူးကျော်သူ"ဟူသော စာအုပ်ကို ရေးသားသူ ဂွန်လရ်ှိုင်ခရစ္စတီယန်က ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆-၃၁ ရက်များအတွင်း တရုတ်အမျိုးသားအစိုးရ၏ ၉၃ ဒီဗီဇံတပ်သည် ကျိုင်းတုံနယ် တောင်ပိုင်းဒေသကို တပ်စွဲ၍ ဂျပန်ကို ခုခံသည်ဟုဆိုသည်။ ယင်းတပ်နှင့်တကွသောအခြားတရုတ်တပ်များသည် မေလ ဒုတိယ အပိုင်းအထိ နယ်စောင့်တာဝန်ကို ထမ်းရွက်ခဲ့ရာ တိုက်ပွဲများတွင် ထိုင်းနိုင်ငံအစိုးရ၏ ဒီဗီဇံတပ်နှစ်တပ်က ဂျပန်တပ်မတော်ကို အကူအညီပေးခဲ့ရာ တရုတ်တပ်များတပ်လန့်သွားလေသည်။

၁၉၄၅ ခုနှစ်တွင် ဗြိတိသျှစစ်အုပ်ချုပ်ရေးဆိုင်ရာတို့ မြန်မာနိုင်ငံသို့ ပြန်ဝင်ပြီးလျှင် စစ်ပြီးခေတ် အုပ်ချုပ်ရေးကို ပြန်လည် ဖွဲ့စည်းသောအခါ ကျိုင်းတုံနှင့် မိုင်းပန်နှစ်နယ်သည် မူလအတိုင်းပင် ရှမ်းပြည်နယ် အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးထဲ၌ ပြန်လည်ပါဝင်လာသည်။ ထိုင်းနိုင်ငံသည်လည်း ဤကိစ္စနှင့် စပ်လျဉ်း၍ ဘာမျှ ပါဝင်ပြောဆိုခြင်းကို မပြုချေ။ ဤသဘောကြောင့် မြန်မာနှင့်ထိုင်းကို ရန်တိုက်ပေးသကဲ့သို့ရှိသော သမိုင်းဖြစ်ရပ်တစ်ခုသည် အလိုလို ရွေ့လျားပပျောက်သွားလေသည်။

ထိုစဉ်ကပင် ကျိုင်းတုံကို ရောက်လို၏။ သို့သော် တော်တော်နှင့် နဖူးစာမကုန်။ တစ်ခါတစ်ရံ တရုတ်ဖြူ စစ်ဆင်ရေးကို အကြောင်းပြု၍ သတင်းစာဆရာအဖြစ်ဖြင့် ကျိုင်းတုံကို ရောက်ခဲ့သော်လည်း လေဆိပ်မှာပင် တပ်မတော်သားများနှင့်အတူ အချိန်ကုန်ခဲ့ရာ ကျိုင်းတုံကို ကြုံတိုင်းလည်း မရောက်ခဲ့ပါ။ ယခုမှပဲ ရောက်ဖူးသည်။ ရောက်ပြန်တော့လည်း ဟောပြောခြင်း၊ လေ့လာခြင်းကိစ္စများက အလွန်အချိန်ယူထားသဖြင့် တွေ့ခဲ့ကြုံခဲ့သည်မှာ အိပ်မက်ထဲတွင် တွေ့ကြုံရဘိသကဲ့သို့ ရှိလှသည်။

သို့သော် ဤအထဲမှာပင် ဗဟုသုတယူစရာ များစွာရှိသောကြောင့် မှတ်ဉာဏ်ထဲမှာ ကျန်သရွေ့ကို တစ်ဆင့် ဖောက်သည်ချလိုပါသည်။

ဒေါက်တာတင်ရွှေ ပြောကြားချက်အရ အဆိုပါ နောင်ကန် အနာကြီးရိပ်သာကို ရိုမန်ကက်သလစ်သာသနာပြုအဖွဲ့က စတင်တည်ထောင်ခဲ့သည်ဟု သိရ၏။ မှတ်တမ်းများ၏ အဆိုမှာ အီတလီ၌ အရင်းခံသော ရိုမန်ကက်သလစ်ဖြစ်ကြသည့် Sisters of Charity ခေါ် အဖွဲ့အစည်းက ၁၉၂၃ ခုနှစ်တွင် စတင်၍ မြန်မာနိုင်ငံ၌ အနာကြီးရောဂါ ထိန်းသိမ်းကုသရေးကို စတင်ဆောင်ရွက်ရာ ကျိုင်းတုံလည်း ယင်းလုပ်ငန်းထဲတွင် အပါအဝင်ဖြစ်သည်။ အမေရိကန် ဘက်ပတစ်သာသနာပြုအဖွဲ့ကား ကျိုင်းတုံမြို့တွင် ၁၉၁၄ ခုနှစ်ကပင် စတင်၍ ဆေးရုံဖွင့်ကာ သာသနာပြုခဲ့ကြသောကြောင့် ၁၉၂၆ ခုနှစ်၌ ရိုမန်ကက်သလစ် သာသနာပြုအဖွဲ့နည်းတူ အနာကြီးရောဂါရိပ်သာကို ဖွင့်လှစ်တည်ထောင်သည်။ ထိုစဉ်က ဆေးရုံအကြီးအကဲမှာ ဒေါက်တာရစ်ချဒ်ဗျူကာ ( Dr. Richard Buker) ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုပုဂ္ဂိုလ် ကောက်ယူသော စာရင်းဇယားမှာ ဝေဒနာရှင် စုစုပေါင်း ၁၈ဝဝဝ ဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ကျိုင်းတုံလူဦးရေ၏ ၆ ရာခိုင်နှုန်း ဖြစ်မည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ရောဂါအများဆုံးဟု ဆိုအပ်သော သထုံနှင့် မင်းဘူးတို့တွင် လူတစ်ရာမှာ တစ်ယောက်သာလျှင် ဝေဒနာရှင် ဖြစ်သည်။

ထိုအနာကြီးရောဂါမှာ ခရစ်နှစ် ၁၉ဝဝ ကျော်ကျော်လောက်တွင် တရုတ်ပြည်အစိုးရက ဝေဒနာရှင်တို့ကို သူတို့ပိုင်သော ဒေသ၌ မနေနိုင်အောင် နှိပ်ကွပ်သောကြောင့် တရုတ်ပြည်မှ ကျိုင်းတုံဒေသသို့ ထွက်ပြေးလာသော ဒုက္ခသည်များမှ အစပြုသည်ဟု ဆိုသည်။

၁၉၃၆ ခုနှစ်တွင် ဘက်ပတစ်နှင့် ရိုမန်ကက်သလစ်တို့က အနာကြီးရောဂါ ကုသခြင်းနှင့်ယှဉ်၍ အပြိုင်အဆိုင် သာသနာပြုကြရာ ရောဂါနှိမ်နင်းရေးမှာ အတန်ငယ် အခြေအနေတိုးတက်သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်နှင့် တရုတ်အမျိုးသား စစ်တပ်တို့သည် ကျိုင်းတုံနယ်မြေကို စစ်တလင်းအမှတ်ဖြင့် တိုက်ခိုက်ကြရာ ယခုကျွန်တော်တို့လေ့လာရာ နောင်ကန်ရိပ်သာမှာ ဖရိုဖရဲ ဖြစ်ခဲ့လေသည်။

၁၉၄၇ ခုနှစ်တွင် စစ်ဒဏ်ကြောင့် ပျက်စီးသည်တို့ကို ပြန်လည်ထူထောင်ရာ၌ အနာကြီးစခန်းကို ထိရောက်စွာ မကူညီနိုင်ဖြစ်လာသောကြောင့် နယ်ခံစော်ဘွားကြီးက ဘက်ပတစ်နှင့် ရိုမန်ကက်သလစ် သာသနာပြုတို့အား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝေဒနာရှင်များကို ကြည့်ရှုပါဟု မေတ္တာရပ်ခံသည်။ ဤသည်တွင် လက်ရင်း လက်ငုတ်ဖြစ်သော အနာကြီးစခန်းသည် ပြန်လည်၍ အသက်ဝင်လာသည်။ ထို့နောက် အီတလီမှ ဖားသားကိုလမ်ဘို (Father Colombo) ရောက်ရှိလာပြီးလျှင် နောင်ကန်စခန်းကို ပြန်လည် ပြုစုပျိုးထောင်လေသည်။ ဖားသားကိုလမ်ဘိုးကား ဆရာဝန်အတတ်ကို တတ်မြောက်ကျွမ်းကျင်သူ ဖြစ်သည်။ ဤခေတ်တွင် ရောဂါကုသရေးမှာလည်း များစွာ ထိရောက်လာသည်။ စခန်း

www.burmeseclassic.com

www.burmeseclassic.com



တွင် လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးကို လက်ခံရသည်။ မိမိတို့ ကိုးကွယ်လိုသော ဘာသာဆိုင်ရာဆိုင်ရာ အသီးသီးတို့ကို ကိုးကွယ်နိုင်ခွင့်ရှိသည်။ အထူးသဖြင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ်မြန်မာနိုင်ငံတော်၏ မူဝါဒများအရ အုပ်ချုပ်လာသောအခါ ရှေးကနှင့်မတူတော့ဘဲ “ ငါတို့ တိုင်းရင်းသားများ၏ ပရဟိတလုပ်ငန်း” ဟူသော အမြင်သည် ထွန်းကားလာပြီးလျှင် လူမျိုးဘာသာ ခွဲခြားသော စိတ်ဓာတ်တို့သည် တစ်စတစ်စနှင့် ပပျောက်သွားလေသည်။

၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် ဖားသားကိုလမ်ဘိုသည် ဥရောပသို့ အပြီးအပိုင် ပြန်သွားသည်။ သို့ရာတွင် မကြာမီ မြန်မာနိုင်ငံသို့ အလည်လာသောအခါ နိုင်ငံတော်အစိုးရက ထိုပုဂ္ဂိုလ်ကို ကောင်းစွာ ဧည့်ခံပြုစုလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးနှင့်တကွ သူ၏ တပည့်တပန်းများအားလုံးသည် များစွာ နှစ်ထောင်းအားရ ရှိကြသည်။ ကျွန်တော်တို့ ရောက်သွားသော အခါ ဤအကြောင်းကို အားပါးတရ ပြန်ပြောကြသည်။

ဖားသားကိုလမ်ဘိုကို ဖားသားကွမ်မာဆီယို (Father Commasio ) က ဆက်ခံသည်။ ထိုပုဂ္ဂိုလ်မှာ မိမိနေရင်း ရပ်ဌာန်သို့မပြန်ဘဲ မြန်မာနိုင်ငံ၌ပင်လျှင် ထင်းပုံခေါင်းချ လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထို့နောက် သူ၏နေရာကို လွန်ခဲ့သော သုံးလေးနှစ်မှစ၍ မြန်မာတိုင်းရင်းသား ဘစ်ရှောဘေရာဟင်သန်က ဆက်ခံအုပ်ချုပ်သည်။ သူ့ကို ရင်းနှီးသူက ဘေသန်းဟုခေါ်လေ့ရှိရာကျွန်တော်ကအမှတ်တမဲ့နှင့် ဦးဘေသန်းဟု မြန်မာလို ရိုးရိုးခေါ်ဝေါ်မိသည်။ သို့သော် ဗေမှာ ခရစ်ယာန်အမည် ဘေရာဟင်ဖြစ်၍ သန်းမှာ ကိုယ်ပိုင်မြန်မာ အမည်ဖြစ်သည်။ ကျွန်တော်တို့ကို သူကိုယ်တိုင် ဂျစ်ကားနှင့် အသွားအပြန် ပို့ပေးသည့်အပြင် ရိပ်သာတွင် ကျွန်တော်တို့အဖွဲ့အား ကရင်အမျိုးသမီး မားသား ဆူပီရီးယား (Mother Superior ) နှင့် လားဟူအမျိုးသမီး အခြားတိုင်းရင်းသား အမျိုးသမီးတို့ စီမံချက်ပြုတ်သော နေ့လယ်စာဖြင့်လည်း တည်ခင်းကျွေးမွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့ နောင်ကန်ရိပ်သာဟာ ငွေအကုန်အကျ အနည်းဆုံးနဲ့ စိတ်အပျော်ဆုံးဖြစ်အောင် ထားနိုင်တဲ့ရိပ်သာ ဖြစ်ပါတယ်။ ရှေးကဆိုရင် ဝေဒနာရှင်ကို မိသားစုထဲမှ ခွဲထုတ်ပြီး တသီးတခြား နေရာ ချထားကာ ပြုစုစောင့်ရှောက်တဲ့ဓလေ့ ရှိပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ ဖိလစ်ပိုင်ရဲ့ နာမူနာကို ယူလာကြပါတယ်။ ဖိလစ်ပိုင်မှာ ဝေဒနာရှင် အိမ်ထောင်စုထဲက မိသားစုများကို ခွဲမထားဘဲ အိမ်ထောင်တစ်စုလုံးကို တာဝန်ယူပြီး စောင့်ရှောက်ပေးတဲ့အတွက် ဝေဒနာရှင်ဟာ စိတ်ဓာတ်မကျဘဲ ကုသခံယူခြင်းမှာ တိုးတက်တဲ့ လက္ခဏာတွေ ပြလာပါတယ်။ အိမ်ထောင်စုကို တစ်စုတစ်စည်းတည်းထားတော့ သူတို့ဘာသာ သူတို့ ဝမ်းရေးကို ထူထောင်ဖို့နဲ့ ဝမ်းစာမျှတလုံလောက်ဖို့ ကိစ္စအတွက် နေရာချထားပေးဖို့ လိုပါတယ်။ လိုသည့်အလျောက် အိုးအိမ်နဲ့တကွ လုပ်စားကိုင်စား မြေနေရာတို့ကို ပေးလိုက်တယ်။ အဲဒီအခါ သူတို့ဘာသာ သူတို့ စိုက်ပျိုးကြတယ်။ ကိုယ်ထူကိုယ်ထ လုံလုံလောက်လောက် လုပ်ကိုင်လာနိုင်တဲ့အတွက် အားလုံးမျှတလျက် ရှိပါတယ်။ ယခု ဒီရိပ်သာမှာ ဝေဒနာရှင်လူဦးရေ ၄၇၅ ယောက်ရှိပါတယ်။ ထောက်ကြံ့မှာ ၄၀၀ ယောက်၊ မန္တလေးမှာ ၃၀၀ လောက်ဆိုတဲ့ လူဦးရေနဲ့ နှိုင်းယှဉ်ကြည့်ပါ။ ကျွန်တော်တို့ဆီမှာ မပျော်ဘူးဆိုပြီး ရိပ်သာမှ ထွက်သွားတာမျိုး မရှိပါဘူး။ ဘယ်မှာ ထွက်သွားချင်ပါ့မလဲ။ ဒီရွာဟာ တို့ရွာ၊ ဒီအိမ်ဟာတို့အိမ်၊ ဒီမြေယာဟာ တို့မြေယာ ၊ဒီခြံဟာ တို့ခြံဆိုတဲ့ သဘောတရားက သူတို့ စိတ်ကို ရွှင်ပျော်အောင် ဖန်တီးပေးနေတာကိုးဗျ"

ဒေါက်တာတင်ရွှေက ထိုကဲ့သို့ အားပါးတရ ပြောပြသည်။ ဤအတွင်း သေနတ်သံ တဖြောက်ဖြောက်ကြားရ၏။ တဖြောက်ဖြောက်ဟု ဆိုရခြင်းမှာ ဤစခန်းရှိ အခါ၊ လားဟူ၊ ပဒေါင်၊ ကရင်စသော တိုင်းရင်းသားတို့ ကိုင်ဆောင်သော သေနတ်မှာ တစ်လုံးထိုး တူမီးသေနတ်များ ဖြစ်၍ စရိတ်(ကျည်) မပါဘဲ ပစ်လိုက်သောအသံမှာ "ဒိုင်း"ဟု မမြည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဖြောက်" ဟုသာ မြည်သည်။ ခါတ်မသိလျှင် ကျွန်တော်တို့ စာရေးဆရာ အဖွဲ့ကို အနုကြမ်းစီးလေရော့သလားဟု ထင်လိုက ထင်ကြမည်။ သို့သော် စင်စစ် စာရေးဆရာကို အနုကြမ်းစီးလျှင် မင်ကုန်နေသော ဘောလ်ပွိုင့်ပင် ကိုသာ ရနိုင်မည်ကို အားလုံးသိကြပါသည်။

ထို့ကြောင့် အကြောင်းခြင်းရာကို စုံစမ်းလိုက်သောအခါ ကြွရောက်လာကြသော ဧည့်သည်များကို ကြိုဆိုသောအားဖြင့် သေနတ်ဖောက်သည်ဟု ဆိုပါသည်။ ဂေဟာ၏ ရှေ့မျက်နှာစာ ကွင်းပြင်တွင် ကျားမ မရွေး တိုင်းရင်းသားများသည် တီးမှုတ်ကခုန်နေကြသည်။ ကခုန်သည်ဆိုသည်မှာ စည်းချက်ညီညီ ခြေကို ဆောင့်က ဆောင့်ကာ ကိုယ်ကို ယိမ်းကာနွဲ့ကာ ရိုးရာအကကို သရုပ်ဖော်နေခြင်း ဖြစ်သည်။

ယခုအခါ ဝေဒနာရှင်ဦးရေမှာ များစွာကျဆင်းသွားပါပြီဟု ဒေါက်တာတင်ရွှေ၏ ဆန်းစစ်ချက်အရ သိပါသည်။ ဝေဒနာရှင်များမှာ ပွားလာခြင်းလည်းမရှိတော့ပါ။ ထို့ကြောင့် ယနေ့ရရှိနေသော လူဦးရေနှင့် နှိုင်းဆလျှင် ဝေဒနာရှင် ၂ ရာခိုင်နှုန်းအတက် အောက် ပတ်ဝန်းကျင်မျှသာ ရှိလိမ့်မည်။ လူ ၁၀၀၀ လျှင် ကလေး ၁ ယောက်မျှသာ ရောဂါရှိသည်ဟုဆိုသည်။ ယခုခေတ်၌ စာသင်ကျောင်းများတွင် ကလေးအရွယ်လူနာဟူ၍ တစ်ယောက်မျှ မရှိတော့ချေ။ ဤသည်ကို ထောက်ရှု၍ ရောဂါဖြစ်ပွားခြင်း တန့်ရပ်သွားပြီဟု ယူဆနိုင်ကြောင်း ဒေါက်တာတင်ရွှေက ရှင်းပြသည်။ ရောဂါသည် သားသမီးများအတွက် ကလေးသူငယ်ပြုစုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။ ဤလုပ်ငန်းကို ကျိုင်းတုံနှင့် ထောက်ကြံ့တွင် ဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံ၌ အထူးအောင်မြင်နေသည်။ အကြောင်းမှာ ကျိုင်းတုံ၌ဝေဒနာရှင်တို့သည် အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် မိမိတို့ဘာသာ မိမိတို့ လုပ်ကိုင်စားသောက်ကျွေးမွေးပြုစုနိုင်ကြသဖြင့် မိမိတို့၏ ကလေးများကို မိမိတို့ကိုယ်တိုင်သူတစ်ပါးထံ ရောင်းစားခြင်း အပြုသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်မဖြစ်မီခေတ်က ဤလုပ်ငန်းမျိုးအတွက် နိုင်ငံကြီးများ၌ ကြော်ငြာ၍ အလှူကောက်ခံလေ့ရှိသည်။ ယခု ယင်းအလှူကို အားကိုးရန် မလိုတော့ပါ။ နောင်ကန်ရိပ်သာပတ်ဝန်းကျင်တွင် ကော်ဖီပင် ၂၀၀၀ စိုက်ပျိုးထားသည်။ အခြားသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလည်း ရှိသည်။ ဤလုပ်ငန်းတို့သည် ကိုယ်ထူကိုယ်ထ စီးပွားရေးစနစ်ကို များစွာ အထောက်အကူပြုလျက်ရှိသည်။ ဤစနစ်အတိုင်း ကျေးရွာများကို ထူထောင်ပေးခဲ့ရာ ယခုအခါ လားဟူနှင့် အခါတိုင်းရင်းသားတို့ ရောနှော နေထိုင်သော ကျေးရွာပေါင်း ၁၄ ရွာအထိ ရှိနေသည်။

ဧကပေါင်းများစွာ ကျယ်ဝန်းသော နောင်ကန်ရိပ်သာဒေသထဲတွင် ယူကလစ်ပင်နှင့်တကွ ထင်းရှူးအနွယ်ပင်များသည် အရိပ်အာဝါသကို ကောင်းကောင်းပေးနေကြသည်။ ဖောက်ထားသော လမ်းများမှာလည်း စနစ်တကျဖြစ်သည်။ ဝေဒနာသည်များ နေထိုင်ရာ အိမ်ကလေးများစွာ လည်း သပ်သပ်ရပ်ရပ် ရှိသည်။ ကျွန်တော်တို့ ရန်ကုန်အနီးတွင် တွေ့နေကျ မြင်နေကျ ဝေဒနာရှင်များ၏ အိမ်ကဲ့သို့ မဟုတ်ပါ။ မိမိတို့၌ စွဲကပ်နေသော ဝေဒနာကို အသိစိတ်ဓာတ်ဖြင့်လည်းကောင်း၊ ဇွဲလုံ့လဖြင့် လည်းကောင်း ဝင့်ကြွမွှာဆိုသည်ကို သတ္တိကောင်းကောင်းနှင့် တိုက်ဖျက်တွန်းလှန်နေကြသော သူတို့ကို ကျွန်တော်တို့မှာ အထူးလေးစားချီးကျူးမိပါသည်။

ဗျာဓိဟူသည်မှာ အတူတူချည်းပါပဲ။ ဗျာဓိဟူသော အကြောင်းတရားကို ပေါ်ပေါက်စေသည့် ရောဂါတို့တွင် ဤရောဂါက ကောင်းသည်။ ဤရောဂါက ဆိုးသည်ဟူ၍ ရောဂါချင်း ဂုဏ်ပြိုင်စရာ မရှိပါ။ ဗျာဓိ၏ နှိပ်စက်ခြင်း ခံရသောအခါ ဘယ်သူက ဘယ်သူ့ထက် သာသည် နာသည် ဟု နှိုင်းယှဉ်ရန် မလိုပါ။ သူလည်း သူ့ဒုက္ခနှင့်သူ၊ ငါလည်းငါ့ဒုက္ခနှင့် ငါ၊ ဒုက္ခမှန်းသမျှသည် အထွေမပြား အားလုံးအတူတူ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ကန်းစခန်းမှ ပြန်လာပြီးနောက် ကျွန်တော်တို့စာဟောဆရာအဖွဲ့သည် လူညီတက်ညီ မြို့နယ်စည်ပင် သာယာရေးခန်းမ၌ ဟောကြပါသည်။ (စာမရေးဘဲ ဟောသည့် ပုဂ္ဂိုလ်များကို စာဟောဆရာဟု မခေါ်ရလျှင် ဘာခေါ်ရမလဲ) ထို့နောက် ညနေချမ်းသို့ ရောက်လာသဖြင့် အစီအစဉ်အရ ဗလငါးတန်ဂေဟာသို့ သွားရောက်၍ ကျိုင်းတုံမြို့နယ်၊ စာပေလုပ်သားအဖွဲ့က တည်းခင်းကျွေးမွေးသော ညစာကို စားသုံးကြပါသည်။ ဤဗလငါးတန်ဂေဟာမှာ ယခင် ဒေါက်တာတင်ရွှေ ပြောပြခဲ့သည့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးသဘောတရားကို လက်တွေ့ပြသောဂေဟာ ဖြစ်သည်။ ကျိုင်းတုံမြို့နယ် စာပေလုပ်သား အဖွဲ့ဥက္ကဌ ဦးအောင်နိုင်က ကျွန်တော်တို့ကို ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ နှင့်သာမက လူငယ် လုံမငယ်များနှင့် မိတ်ဆက်ပေးသည်။ စာရေးဆရာများကလည်း ကလေးသူငယ်များကို ဩဝါဒပေးကြသည်။

ဂေဟာရှိ ကလေးငယ်များမှာ အခါ ၄၄ ယောက်၊ ရှမ်း ၁၅ ယောက်၊ လားဟူ ၁၃ ယောက်နှင့် အခြားသော ဝ၊ လီရှော၊ မြန်မာ၊ ကချင်၊ ကရင်၊ အဲ(န်) ချင်း ၂၃ ယောက်၊ စုစုပေါင်း ၉၅ ယောက်ရှိသည်။ ယင်းတို့အနက် မိဘမဲ့ကျားမ ၃၇ ယောက်၊ ဖမဲ့ ကျားမ ၂၈ ယောက်၊ မိမဲ့ ကျားမ ၁၂ ယောက် ဆင်းရဲသူများကျားမ ၁၈ ယောက် ဟူ၍စားရင်းခွဲခြားထားရသည်။

ကလေးများကို ဂေဟာက ထမင်းကျွေးသည်။ အိပ်စရာနေရာပေးသည်။ အချိန်အရွယ်ရောက်လျှင် မြို့ထဲမှာရှိသော ကျောင်းများတွင် ကျောင်းထားပေးသည်။ များသောအားဖြင့် ကလေးများမှာ ၅ နှစ်၊ ၁၀ နှစ် ဝန်းကျင်အရွယ်ဖြစ်သည်။ ဂေဟာက အဓိက ပြုစုပျိုးထောင်ပေးသည်မှာ လိမ္မာရေးခြားရှိစေဖို့ စည်းကမ်းသေဝပ်ကြစေဖို့ မြန်မာ့ယဉ်ကျေးမှုထုံးစံများကို နားလည်ကြစေဖို့ ပြည်ထောင်စုသားသမီးပီပီ မထွေမပြားတစ်သားတည်း ရှိကြစေဖို့ ဖြစ်လေသည်။ ဤဂေဟာမှာ နောင်ကန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ မစပ်ဆိုင်ပါ။ သို့သော် ဤဂေဟာ၌ ကလေးသူငယ်ကို ပြုစုပေးသော အခြင်းအရာမှာကား နောင်ရန်ရိပ်သာရှိ ကလေးသူငယ်ပြုစုရေးနှင့် သဘောထား အတူတူပဲဟု ကျွန်တော်ယူဆပါသည်။ ဤသဘောသွားအတိုင်း လူ့အဖူးအညှောက်ကလေးများကို မြေတောင်မြှောက်ပေးသွားလျှင် “တို့ပြည်ထောင်စုသား” ဟူသော အတွေးအခေါ်များ မုချထွန်းကားလာရမည်ဟု ယုံကြည်ပါသည်။

ကျွန်တော်တို့သည် ဗလငါးတန်ဂေဟာမှ ထွက်လာသောအခါ အပြင်ဘက်တွင် အအေးဓာတ်က စောင့်နေပါသည်။ သို့သော် ခိုက်ခိုက်တုန်အောင် မချမ်းတော့ပါ။ ကျိုင်းတုံသို့ ရောက်ခဲ့သည်မှာ ၃၆ နာရီနီးပါးရှိသွားပြီ ဖြစ်၍ ကျွန်တော်အဖို့ အအေးကို အတန်ငယ် ခံနိုင်ရည်ရှိသွားပြီဟု ကျွန်တော့်ကိုယ်ကျွန်တော် အထင်ကြီးစွာဖြင့် တည်းခိုရာစခန်းသို့ ဆိုက်ရောက်ခဲ့ပါသည်။

စခန်းသို့ ရောက်သောအခါ အိပ်ရာခြေရင်းတွင် မီးဖိုနှစ်ဖိုကောင်းစွာ တောက်လောင်နေပါသည်။ ထိုမီးအရှိန်ကြောင့်လည်းကောင်း၊ ဂွမ်းစောင်သုံးထပ်ကြောင့်လည်းကောင်း ကျွန်တော်မှာ ထွေးထွေးနွေးနွေးရှိလှပါ၏။ ထို့ကြောင့် ညဦးမှာ ကောင်းကောင်းအိပ်ပျော်ပါသည်။

သို့ရာတွင် သန်းခေါင်ကျော်သောအခါ ချမ်းလှပါသည်။ မီးရှိန်သေသွားသောကြောင့် ကျွန်တော်အိပ်ရာမှ ရုတ်တရက် နိုးခြင်း ဖြစ်သည်။ ကံအားလျော်စွာ မီးအတန်ငယ်ကျန်သေးသဖြင့် မီးသွေးထပ်ထည့်ပြီး အိပ်မည်ပြုရာ အတော်ပင် နေရာကျပါသည်။ ထို့ကြောင့် အိပ်ပျော်တော့မည်ဟု အောက်မေ့နေစဉ် ကြက်ဦးမတွန်မီအချိန်လောက်တွင် တစ်ဖန်ပြန်နိုးပါသည်။ မီးဖိုထဲမှ မီးရောင်မထွက်တော့ပါ။

ထို့ကြောင့် ကျွန်တော်သည် အိပ်ရာမှ ကပျာကယာ ထ၍ ကိုယ်ကိုနွေးစေရန် ကြိုးခုန်သကဲ့သို့ ခုန်ပါသည်။ စိတ်ထဲကလည်း “ငါအပျိုကြီးမဟုတ်ဘဲ ဘာကြောင့် ခုန်ရသလဲ”ဟု မြည်တွန်မိပါသည်။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ “အပျိုကြီးတွေ လိုတာ မရလို့ ညညထလို့ခုန်” ဟူသော ကဗျာကို တွေးမိခြင်းကြောင့် ဖြစ်သည်။

ကျွန်တော့ဘာသာ ကျွန်တော်တစ်ယောက်တည်း ဗလောင်ဆန်နေသည်ကို မင်းကျော်က တိတ်တိတ်ချောင်းကြည့်ပါသည်။ သို့သော် ကျွန်တော် သူ့ကို မမှုနိုင်ပါ။ အတန်ငယ် နွေးအောင် ဆက်ခုန်ပါသည်။

ဤအတွင်း မောင်ဆုရှင်က “တယ်ချမ်းပါကလား” ဟုညည်း၍ မီးဖိုကို စမ်းပါသည်။ သည်အခါမှ မီးဖိုထဲမှာ ပိုးစုန်းကြူးလောက်အရောင်ကလေး ကျန်သေးသည်ကို ဂရုပြုမိသည်။ ယင်းပိုးစုန်းကြူးကို မီးတောက်အောင် မောင်ဆုရှင်က သိပ္ပံနည်းကျကျ ပါးစပ်ဖြင့် မှုတ်ပါသည်။ အရှိန်ရသောအခါ ကျွန်တော်က မီးသွေးများဖြည့်၍ မီးလှုံသည်။ နွေးသောအခါ အိပ်ရာဝင်သည်။ အိပ်မည် ကြံတုန်းရှိသေး မင်းကျော်က မိုးလင်းပြီဟု ဆိုပါသည်။ လက်စသတ်တော့ ကျွန်တော် မီးမွှေးရင်း ၊ ထခုန်ရင်းနှင့် တစ်မှေးမျှ ကောင်းကောင်း မအိပ်ပါရသေးပါကလား။

**စာပေလုပ်သားမဂ္ဂဇင်း၊ အမှတ် ၂၈ ဩဂုတ်လ ၁၉၈၃**

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်းမေတ္တာကို ကလေးတို့ မြင်ကြပုံ

အနောက်ဥရောပနိုင်ငံတို့တွင် ၁၈ ရာစုနှစ်၌ ထွန်းကားသော ပြင်သစ်ဒဿနိကဗေဒ ဆရာကြီးရူးဆိုး (Rousseau ) ၏ ခေတ်မှစ၍ ကလေးသူငယ်တို့အား ပညာသင်ကြားပေးရေးစနစ်တို့ကို ခေတ်မီအောင် အမျိုးမျိုးကြံဆခဲ့ကြသည်။ အခြေခံသဘောကို ပြောရလျှင် ပညာသင်ကြားရေး၌ ဝါဒနှစ်မျိုးရှိ၏။ ရှေးရိုးစဉ်လာဝါဒမှာ ပညတ်သောနည်းဖြင့် ပညာပေးခြင်း ဖြစ်သည်။ မကောင်းတာကို မလုပ်နှင့်၊ ကောင်းတာကို လုပ်ဟု သွန်သင်ဆုံးမခြင်းပေတည်း။ ဤ၌လည်း မကောင်းတာမဖြစ်ရအောင် မလုပ်နှင့် မလုပ်နှင့်ဟု ထပ်ကာထပ်ကာ တာမြစ်ရသည်။ ယင်းစနစ်ထက်ကောင်းအောင်ပြုပြင်လိုသော ပညရှင်တို့ကမူ ကလေးကို ဟိုဟာမလုပ်နှင့် ဒီဟာမလုပ်နှင့်ဟူ၍ မဟန့်တားပါနှင့်၊ သူတို့ဘာသာ သူတို့လွတ်လပ်စွာ ပြောဆိုလုပ်ကိုင်ရင်းနှင့် ကောင်းမှု၊ မကောင်းမှုတို့ကို ပိုင်းခြားဝေဖန်နိုင်အောင် လွှတ်ပေးပါဟု ဆိုကြသည်။ ဤအဆိုအရ ကလေးငယ်ကို စတင်ပညသင်ပေးသောအခါ သူ့ဘာသာသူ လွတ်လပ်စွာ ရဲရဲဝံ့ဝံ့ပြောဆိုနေနိုင်လုပ်ကိုင်စေရန် အခွင့်ပေးထားသည်။ ကောင်းမကောင်းကို ကလေးသူငယ်ကိုယ်တိုင်က သူ့ဘာသာသူ ဝေဖန်ပိုင်းခြား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ နည်းလမ်းမကျသောအခါမှာမှ ဆရာက လမ်းညွှန်ပေးသည်။ ဤသည်တွင် ဤအခြေခံကို မျက်မှောက်ပြု၍ မွန်တက်ဇော်ရီ ပညာသင်ကြားရေးစနစ်စသည်တို့ပေါ်ပေါက်သည်။ ၁၉၂၀ ပြည့်နှစ်နှင့် ၁၉၃၀ ပြည့်နှစ် ခေတ်ကာလအကြားတွင် ပညာရေးဆိုင်ရာ ပါရဂူတို့က ထိုစနစ်ကို မြန်မာနိုင်ငံ၌ စမ်းသပ်ကျင့်သုံးကြစေရန် လှုံ့ဆော်ပေးခဲ့ကြသည်။

၁၉ ရာစုခေတ်မှ ၂၀ ရာစုခေတ်သို့ ရှေးရှုလာသောအခါ ကမ္ဘာကျော် ဒဿနိက ဆရာကြီး ဘာ့ထရမ်ရပ်ဆဲလ် Bertrand Russel သည် သူ့သားသမီးများမှအစ ယင်းလွတ်လပ်စွာ ပညာသင်ကြား၊ သင်ယူရေးစနစ်ကို လက်တွေ့ဆောင်ရွက်ခဲ့ဖူးသည်။ သို့ရာတွင် သူ့အယူအဆတို့ကို တစ်ဖက်စွန်းသို့ ရောက်နေသည်ဟု အချို့က အပြင်းအထန် ဝေဖန်ကြသည်။ မည်သည့်အကြောင်းကိစ္စ၌မဆို အစွန်းမရောက်စေဘဲ အလယ်အလတ်၊ သမာသမတ်လမ်းစဉ်ကို လိုက်လျှင်မူကား မသင့်မြတ်ရာဟုပြောစရာအကြောင်းရှိလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဤခေတ်တွင် အနောက်ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် မွန်တက်ဇော်ရီစီမံကိန်းအရ အလယ်အလတ်လမ်းစဉ်ကို လိုက်နာဆောင်ရွက် လုပ်ကိုင်နေကြသော သာဓကများ များစွာ ရှိနေသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်တွင် ဝေါလဒင်ကျောင်း (Walden School) အမည်ရှိ အသက်ခြောက်နှစ် ပတ်ဝန်းကျင်အရွယ် ကလေးသူငယ်များကို စတင်ပညာသင်ကြားပေးသော ကျောင်းတစ်ကျောင်းရှိသည်။ ထိုကျောင်းသည် ခေတ်မီပညာ သင်ကြားရေးစနစ်နှင့် စပ်လျဉ်း၍ ကျော်ကြားသည်။ ထိုစနစ်ကား အထက်တွင် အမြွက်မျှပြဆိုခဲ့သည့်အတိုင်း ကလေးလူငယ်များ၏ စိတ်တွင် ထင်မြင်သော အတွေးအခေါ်များကို ကလေးသူငယ်များကိုယ်တိုင်က အကြောက်အရွံ့မရှိ ပွင့်ပွင့်လင်းလင်း ပြောတတ်အောင် ၊ ဆွေးနွေးတတ်အောင် လမ်းကြောင်းပေးသော စနစ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစနစ်အရ ပညာသင်ကြားပေးသော ဆရာတစ်ဦးက ဝေါလဒင် ကျောင်းသား ကျောင်းသူကလေးသူငယ်ပေါင်း ၁၀၀ ကျော်တို့ကို ချစ်ခြင်း မေတ္တာဆိုတာ ဘာလဲဟု ခေါင်းစဉ်တပ်၍ မေးမြန်းဆွေးနွေးသည်။ ယင်း ဆွေးနွေးချက်တို့ကို ထိုဆရာက ဆယ်ကျော်သက်အရွယ် လူငယ်များနှင့် ယင်းတို့၏ မိဘများအတွက် ရည်စူး၍ ထုတ်ဝေသော Redbook မဂ္ဂဇင်း တွင် တင်ပြခဲ့လေသည်။

ထိုမဂ္ဂဇင်းသည် သာမန်လူငယ်လုံမငယ် မဂ္ဂဇင်းများကဲ့သို့ အလှ အပ အပျော်အပါး ကိစ္စများကို ရှေ့တန်းတင်၍ ရေးသားသော မဂ္ဂဇင်းမျိုး မဟုတ်ဘဲ လူငယ်၊ လုံမငယ်တို့၏အတွေးအခေါ်ကို ရင့်သန်အောင် လမ်း ခင်းပေးသော မဂ္ဂဇင်း ဖြစ်သည်။ ထို့ကြောင့် လူပျို၊ အပျိုတို့ စိတ်ဝင်စား လေ့ရှိသော အိမ်ထောင်ရေးအကြောင်းကို ရေးသားသည့်အခါ၌ပင်လျှင် အိမ်ထောင်ရေးဆိုသည်မှာ လူမှုရေးကြီးတစ်ရပ် ဖြစ်သည်ကို စဉ်းစား ဆင်ခြင်နိုင်ရန် ရေးသည်။ ဆောင်းပါးရှင်တို့တွင် မနုဿဗေဒပညာရှင် (ကွယ်လွန်သူ) မာဂရက်မိဒ်(Marjaret Mead) သာမက ဒဿနိကပညာ ရှင် (ကွယ်လွန်သူ) ဘာထရမ်ရပ်ဆဲလ်တို့လည်း ပါဝင်ကြသည်။

ချစ်ခြင်းမေတ္တာနှင့် စပ်လျဉ်း၍ ကလေးတို့စိတ်တွင် ထင်မြင်ပုံကို အထက်၌ ဖော်ပြခဲ့သော ဝေါလဒင် ကျောင်းသား ကျောင်းသူများ၏ ပြောဆိုဆွေးနွေးချက်တို့ကိုမှီး၍ မြန်မာစာဖတ် ပရိသတ်နှင့် ညီအောင် ပြုပြင်ရေးသားလိုက်ပါသည်။ ဘာသာပြန်သက်သက် မဟုတ်ပါ။ အမေရိကန်၊ ဥရောပအစရှိသောနိုင်ငံရှိကလေးများ ပကတိဖြူစင်သော နှလုံးသားဖြင့် တွေးတောဆင်ခြင်ပုံကို ကျွန်ုပ်တို့ အကဲခတ်ကြည့်၍ ဗဟုသုတ ယူနိုင်စရာအကြောင်းကို ရည်သန်၍ တင်ပြခြင်း ဖြစ်သည်။ သူတို့၏ ကလေးများသည် ပြောပုံ၊ ဆိုပုံ ရဲတင်းလွန်းသဖြင့် အချို့သော စကားတို့ကို ကျွန်ုပ်၏ ရှေးလူကြီးများက "မပြောကောင်းပြောကောင်း" ဟု ထင်ကြလိမ့်မည်လော မပြောတတ်ချေ။ ဥပမာ အဖေ့ကို အလွန်ချစ်

www.burmeseclassic.com

www.burmeseclassic.com



တတ်သော သူငယ်ကလေးတစ်ဦးက အဖေ့ကို အားကျ၍ သူ့ဖခင်ကို သူ၏"လင်"အရာ၌ထား၍စကားပြောသည်။ လင်ရယ်မယားရယ်ဟူသော အဓိပ္ပာယ်ကို နားမလည်ရှာသေးသော အဆိုပါသုံးနှစ်သားအရွယ် ကောင်ကလေး ဤသို့ပြောသောအခါ ခွင့်လွှတ်တတ်သည့်လူကြီးများက ရယ်ကြလိမ့်မည်။ သို့သော် သူတို့ကလေးချင်းမှာကား ရယ်စရာမဟုတ် အတည်ပြောနေသည် ဖြစ်သောကြောင့် မည်သူမျှ ဝိုင်း၍ မဟားကြချေ။ အားရပါးရ ပြောလိုက်သည်ကို သူ၏ သူငယ်ချင်းများက လေးနက်စွာ စဉ်းစားကြသည်။

ယခု ထိုသူငယ်၊ သူငယ်မများ၏ စကားဝိုင်းကို သူ့အစီအစဉ်အတိုင်း ရေးပြပါမည်။ ကျွန်ုပ်တို့ မြန်မာပရိသတ်နှင့် မသက်ဆိုင်သည်တို့ကိုမူ ဖယ်ထားပါသည်။ ကလေးများစကားပြေနေစဉ် ဆရာက စကားဆက်ရအောင် တစ်ခါတစ်ခါ ကြားဝင်၍ ထောက်ပေးသည်ကိုလည်း ဖော်ပြထားပါသည်။ အမည်များမှာ မူရင်း၌ အင်္ဂလိပ်လို ဖော်ပြထားပါသည်။သို့သော် မြန်မာပရိသတ် နားမရှုပ်ရလေအောင် အင်္ဂလိပ်အမည်ကို လွှဲ၍ မြန်မာအမည်များ ပေးထားပါသည်။

×××

သုံးနှစ်အရွယ် မောင်ပါဝိုက စ၍ ဆိုသည်။

"အချစ်ဆိုတာ အများကြီးချစ်တာ၊ ကြိုက်တာထက်ပိုတယ်"

ငါးနှစ်အရွယ်မယ်ကျင်ဆိုသော သူငယ်မကမူ "မိသားစုထဲမှာတော့ ချစ်တယ်လို့ပြောရတယ်။ သူငယ်ချင်းဆိုရင် ခင်တယ်လို့ပြောရတယ်။"

ဤသို့ပြောသောအခါ ကလေးများက ဝိုင်း၍ ရယ်ကြသဖြင့် မယ်ကျင်က ကပျာကယာ"အဲလေ ၊ ယောကျ်ားလေး သူငယ်ချင်းဆိုရင်တော့ ချစ်တယ်လို့ ပြောရမှာပေါ့" ဟု ဦးကာချဲ့လိုက်လေသည်။

ထိုအခါ မူကြိုတန်း၌ နှစ်နှစ်စာသင်ခဲ့သော ကလေးမတစ်ယောက်က"ဒီလိုလေ ၊ ခင်တယ်ဆိုတာက ချစ်တယ်ဆိုတဲ့အဆင့်မရောက်ခင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ်ပဲ။ အထက်ဆုံးက အချစ်။ အလယ်ကခင်မင်တာ၊ အောက်ဆုံးက အမုန်းပေါ့။ ချစ်တယ်ဆိုတာ ခင်တာက စတယ်။ နှစ်နှစ်၊ သုံးနှစ်လောက် ခင်လာကြရင် ချစ်လာကြတာပေါ့။ ဒါပေမဲ့ စိတ်ပုပ်လာရင် မုန်းကြပြန်ရော” ဟုဆို၏။

ထိုအခါ သူတို့အထဲတွင် အကြားအမြင်များသည်ဟု ယူဆရသော ခုနစ်နှစ်အရွယ် မယ်သီတာက“ချစ်ရတာသိပ်မကြာပါဘူး၊ တစ်နေ့တည်းနဲ့ ချစ်ချင်ချစ်နိုင်တယ်။ တစ်ခါတလေ တစ်မိနစ်အတွင်းလည်း ချစ်လို့ရတာပဲ။ ငါ့အစ်မလေ ပါတီသွားတယ်၊ ယောက်ျားတစ်ယောက်နဲ့ တွေ့တယ်တော့။ အဲဒီတော့ အစ်မက ယောက်ျားကြီးကို ပြောတယ်။ ရှင်တယ်ချောပါကလားတဲ့။ ရှင့်ကို ကျွန်မ ချစ်မိသလိုပဲ လက်ထပ်ကြစို့လား။ အဲသည်လို ပြောသတော့။ ကဲ ဒီတော့ ချက်ချင်းပဲ မဟုတ်လား”ဟု ပြန်လည် ဖောက်သည်ချသည်။

“ဒါက ချစ်တာ မဟုတ်သေးဘူး။ ကြိုက်တာ။ ကြိုက်တယ်ဆိုတာက လက်ထပ်ဖို့ အချိန်ယူနေတာပဲ။ ကြိုက်တယ်ဆိုတာ တွေ့လို့မှ မကြာသေးဘူး၊ ကြိုက်မိတာပဲ။ ချစ်တာက အကြာကြီးစောင့်ရတယ်။ အချိန်ယူရတဲ့ကိစ္စမို့ တချို့က စေ့စပ်ကြရတယ် မဟုတ်လား။ ဒီအတွင်းမှာ ဆက်ပြီး ကြိုက်သွားပလား၊ မသွားဘူးလားဆိုတာ စဉ်းစားကြတယ်။ ကြိုက်နေတုန်း စိတ်ပြောင်းလို့ ရသေးတယ်”

ထိုစကားမှာ မူကြို၌ နှစ်နှစ်နေဖူးသော အခြားကလေးမ တစ်ယောက်က ဝင်ပြောသောစကား ဖြစ်သည်။ ထိုအခါ မဗေလှဆိုသော ခြောက်နှစ်အရွယ် သူငယ်မကလည်း အားကျမခံ ဝင်ပြောပြန်သည်။

“ဟိုလူ ဒီလူ အများကြီးနဲ့ ကြိုက်ချင်လည်း ကြိုက်လို့ရပါတယ်။ ဒါပေမဲ့ ကြိုက်တိုင်း ညားတာမဟုတ်ဘူး အေရဲ့။ အဲ ညားပြီးရင်တော့ မျက်နှာများလို့ မဖြစ်တော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်။ လက်ထပ်ပြီးရင်လည်း ကွာလို့ရတာပဲ။ နောက်တစ် ယောက်ယူရင်လည်း ရတာပဲ"

မဇလှေက သူ့စကားကို အရှုံးမပေးပါ။

"လက်ထပ်လိုက်၊ ကွာလိုက် လုပ်ဖို့ အချိန်များများ မရဘူးတော့ ကလေးဘဝမှာ ၁၂ နှစ်အရွယ်ထိ ဟိုလူ ဒီလူနဲ့ ကြိုက်ချင်ကြိုက်ကြတာ ပေါ့။ ဒါပေမဲ့ အသက် ၁၆ နှစ်မကျော်ဘဲ လက်ထပ်ဖို့ မဖြစ်ဘူးတဲ့။ ကျောင်းနေတုန်း ညည်း ဒီလိုလက်ထပ်လို့ ဘာရမလဲ။ ကျောင်းက ထွက်မှ လက်ထပ်ကြရတယ်"

ထိုအခါ အခြားကလေးမလေးက သူ့အသိဗဟုသုတကို ဤသို့ ပြောပြသည်။

"လက်ထပ်တယ်ဆိုတာ ကြီးမှလက်ထပ်ရတာတော့။ ငယ်ငယ် ကလေးနဲ့ မင်္ဂလာဆောင်ချင်ရင် ဘယ်သူက လက်ထပ်လက်စွပ် ဝယ် ပေးမလဲ။ ဘယ်သူမင်္ဂလာပွဲကို လုပ်ပေးမလဲ။ ပြီးတော့ လက်ထပ်မယ် ဆိုပြီး သတို့သား ရောက်မလာရင် ဘယ့်နှယ်လုပ်မလဲ။ ကိုယ့်ယောကျ်ား ကို ကိုယ် ဘယ်မှာရှာရမှန်း မသိရင် ကလေးရလာတဲ့အခါ ဒီကလေး တွေကို ဘယ်သူက ကျွေးမှာလဲ"

အနောက်တိုင်း ထုံးစံမှာ စေ့စပ်ကြောင်းလမ်းခြင်း၊ မင်္ဂလာဆောင် ခြင်းကိစ္စတို့၌ သတို့သား၊ သတို့သမီး လက်စွပ်လဲဖို့ကိစ္စက အရေးကြီး သည်။ ထို့ကြောင့် ထိုသူငယ်မက သူကြားဖူးနားဝရှိသည့်အတိုင်း စိတ်ကူး စိုးရိမ်သောက ဖြစ်ဟန်တူသည်။ထို့ပြင် မင်္ဂလာဧည့်ခံပွဲဆိုသည်မှာ ဖိတ်စာ နှင့် ဖိတ်သော ဧည့်ခံပွဲဖြစ်ရာ တစ်ခါတစ်ရံ ဖိတ်စာရသူသည် အကြောင်း အခွင့်မသင့်လျှင်မလာနိုင်ချေ။ ကလေးမကလေး၏ စိတ်ထဲမှာ အကြောင်း အခွင့်အသင့်လို့ သတို့သားမလာရင် ဘယ်နှယ်လုပ်ရပါ့မလဲ ဟူသော ကလေးလို တွေးခေါ်ဟန် တူသည်။

www.burmeseclassic.com



ထိုအခါ ကျောင်းသက် တစ်နှစ်ရသော သူငယ်မက နားထောင်ရတာ ငြီးငွေ့လာသော လေသံဖြင့်"အမယ်လေး ကြိုက်တယ်၊ ကြိုက်တယ်ဆိုတာ ရည်းစားထားတာတော့"ဟု ပြောလေ၏။

ထိုအခါ တိုးလှအမည်ရှိ လူငယ်ကလေးက"ကောင်မလေးတွေ အားကြီး ရည်းစားထားတယ်။ ငါကတော့ သူတို့ကို မုန်းသဗျာ။ ဟောဟိုကျော်ရွှဲ့ဆိုတဲ့ကောင်ကတော့ လွဲ့လွဲ့ဆိုတာနဲ့ ကြိုက်နေသဗျ" ဟု အော်ဟစ် ကြွေးကြော်သည်။ သို့သော် ကျော်ရွှဲ့က မဖြုံပါ။ "ငါကတော့ ဘယ်သူဖြစ်ဖြစ် ချစ်တယ်ကွာ။ အဲဒါ ဘာဖြစ်သေးသလဲ။ ကောင်မကလေးတွေကိုလည်း ချစ်တာပဲ၊ သူတို့က ငါ့ကို ယောကျ်ားကလေးတွေလို ထိုးဟဲ့ကြိတ်ဟဲ့နဲ့ အနိုင်မကျင့်ဘူးကွ"

"ဟေ့တိုးလှရဲ့၊ တို့ယောကျ်ားကလေး အချင်းချင်း ချစ်တာက ပိုပြီးဘေးကင်းတယ်ကွ။ တို့ယောကျ်ားကလေးတွေဆိုတာ ကိုယ့်ကိုယ်ကို ကာကွယ်တတ်တယ်။ ကိုယ့်ကို လာစရင် ခံချတတ်တယ်။ အချင်းချင်း ကာကွယ်စောင့်ရှောက်တာပေါ့ကွာ။ ငါကတော့ ကောင်မလေးတွေ ရှေ့မှာ စော်ကားတဲ့အကောင်ကို ပြန်တီးတာပဲ။ အဲဒီလို အစွမ်းပြတော့ ကောင်မလေးတွေက ငါ့ကို သဘောကျတာပေါ့ကွ"

"ကျော်ရွှဲ့ရာ၊ မင်း တကယ် မတီးပါဘူး"

ဤသို့ ပြောသောအခါ ကလေးမကလေးတစ်သိုက်က ကျော်ရွှဲ့သည် ရုပ်မလှသော်လည်း သဘောကောင်းသည်ဟု ချီးမွမ်း၍ ကျော်ရွှဲ့ကို ထောက်ခံကြသည်။

"သူ့ရုပ်က မလှပေမယ့် သူ့အတွင်းသဘောက စိတ်ကောင်းရှိတယ်။ သူဟာ တို့မိန်းကလေးတွေကို ရိုက်ဟယ်၊ ပုတ်ဟယ် မလုပ်ဘူး။ သူက ကောင်းတော့ ကိုယ်ကလည်း ပြန်ကောင်းရတာပေါ့"

ဤကဲ့သို့ လွဲ့လွဲ့ကပြောခြင်းကို ဆရာလုပ်သူက"သူက မေတ္တာရှိလို့ ကိုယ်ကမေတ္တာရှိတာပဲ"ဟူသော သဘောကို အမှတ်ရသည်။ ကလေး

www.burmeseclassic.com

www.burmeseclassic.com



များလည်း ဤအချက်ကို နားလည်သည်။ သို့သော် ငါးနှစ်သားအရွယ် ကိုခွေးက“ငါက ချစ်ပေမယ့် ငါ့ညီက ငါ့ကို ပြန်မချစ်ချင်ဘူးကွ။ ငယ်လို့ လား မဆိုနိုင်ဘူး။ သူက နှစ်လသားပဲ ရှိသေးတယ်။ ခွေးကမှ တော်သေး တယ်။ ခွေးဟာ သူ့ကို ချစ်မှန်းသိရင် ချက်ချင်းပြန်ချစ်တယ်”ဟု မှတ်ချက် ချသည်။

ထိုအခါ ဘတုတ်ဆိုသော သူငယ်က “နှစ်လသားဆိုတော့ ငယ်ပါငေ သေးတယ်ကွာ။ ငါ့ညီကလေးဟာ သုံးနှစ်ကျော်ပြီ။ ငါချစ်သလို ငါ့ကို ပြန်မချစ်ဘူးကွဲ့။ ကန်လိုက်ကျောက်လိုက် လုပ်တယ်။ အော်တယ်။ သူ့ ကစားစရာဆိုရင် တို့ကို ပေးမကစားဘူး။ အဖေ့ကို တိုင်တယ်။ အမေ့ကို တိုင်တယ်။ ငါ့တော့ သူ့ချစ်မယ့်အစား ငါမွေးထားတဲ့ လိပ်ကို ပိုချစ်ချင် တယ်” ဟု ပြောလေ၏။

ဤသည်တွင် မယ်သီတာက“ကလေးက ငယ်လွန်းတာကိုး၊ ပြန် ချစ်ရမှန်း ဘယ်သိဦးမလဲ။ သူ့ကို စောင့်ကြည့်ဦးမှပေါ့။ ငါ့မောင်ကလေး ကို ငါက ချစ်တယ်။ ဒါပေမဲ့ သူက ပြန်မချစ်သေးဘူး။ ငါက သူ့ကို ပွတ်သီးပွတ်သပ်နဲ့ ချော့ရတယ်။ မြှူရတယ်။ အဲဒီတော့မှ ငါ့ကို ပြန်ချစ်ရ မှန်း သိလာတယ်”

“အမယ်၊ ညည်းကဘာသိသလဲ။ ညည်းက သူ့ကိုမရိုက်လို့၊ သူက သူ့ကို ချစ်တယ်ထင်နေတာ။ ငါ့ညီမက အသက်နှစ်နှစ်ကျော်ပဲ ရှိတယ်။ ငါတော့ သူ့ကို အမြင်ကတ်တယ်ကွယ်။ ဒါကြောင့် သူ့ကို ငါရိုက်တယ်၊ အော်တယ်၊ ငေါက်တယ်၊ ဒါပေမဲ့ သူ ဘာမှ မသိတတ်ဘူး။ သူ့ကို မုန်းမှန်း သူ မသိဘူး”

ဤသို့ ဇလွှင်ဆိုသော ကလေးမက ငယ်ရွယ်သူတို့ ချစ်ရမှန်း၊ မုန်းရမှန်း မသိတတ်ပုံကိုပြောပြသောအခါ မယ်သီတာက များစွာသဘော မကျချေ။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ကလေးကို ဆိုးတယ်မိုက်တယ်လို့ အော်လိုက်ငေါက်လိုက် မလုပ်ပါနဲ့အေ။ သူ ဝမ်းနည်းသွားမှာပေါ့။ ကလေးဆိုတာ ဘာမလုပ်တတ် ဘာမကိုင်တတ်နဲ့မို့ သနားစရာကောင်းပါတယ်။ ဒီလိုကလေးမျိုးကို အများကြီး ချစ်သင့်တယ်။ ငါ တစ်ခါတုန်းက ငါ့မောင်လေးကို နင် တယ်ဆိုးတယ်လို့ ကြိမ်းမောင်းလိုက်တော့ မောင်ကလေးဟာ မျက်နှာ ညှိုးသွားတာပဲ"

ထိုအခါ ဆရာက ကလေးကို ဘယ်အချိန် ဘယ်အခါမှာ ချစ်သင့်တယ်ထင်သလဲဟု မေးမြန်းကြည့်သောအခါ ကလေးများသည် တောင်တောင်အီအီနှင့် စကားများနေကြသဖြင့် လိုရင်းသို့ မရောက်နိုင် ရှိလေ၏။ ထိုအခါ ငါးနှစ်သား ဆန်နီဆိုသော ချာတိတ်ကလေးက ခွေးများ ချစ်တတ်ပုံကို စကားစပေးသည်။ ဤသည်တွင် ယောက်ျားလေးများနှင့် မိန်းကလေးများသည် ခွေးကို ချစ်စရာအကောင်းဆုံး၊ ကြောင်ကို ချစ်စရာအကောင်းဆုံးစသည်ဖြင့် ငြင်းခုံကြလေသည်။ ကြောင်က လူကို ပြန်ချစ်တာ အင်မတန်မြန်သည်ဟုလည်း စကားနိုင်လုကြသည်။ တချို့ကလည်း တိရစ္ဆာန်သည် ဦးနှောက်နည်းသည်။ ထို့ကြောင့် ချစ်ရမှန်း မသိတတ်ပါ။ ဘဲကိုကြည့်ပါ၊ ကိုယ့်ဥကို ကိုယ်ဥပြီး ပစ်ထားတတ်သည်။ ဤကဲ့သို့ ပြောကြသည်။ ထိုအခါ ကျော်ရွှေက တောထဲမှာနေသော ခြင်္သေ့ပင်လျှင် သူ့ကို ချစ်ချစ်ခင်ခင် ယုယပြုလျှင် လူကိုပြန်၍ ချစ်တတ်သည် ဆိုသည်။ ထိုအခါ မလှရီဆိုသူက"တို့ကတော့ အဖေအမေဆိုတာ ချစ်စရာအကောင်းဆုံးပဲ။ ပြီးတော့မှ ညီအစ်ကို မောင်နှမကို ချစ်မယ်။ ပြီးတော့မှ ကြောင်ကလေး၊ ခွေးကလေးကို ချစ်မယ်" ဟုဆိုပါသည်။

ထိုအခါ ဗလဆိုသော လူငယ်က ဘုပြောသည်။

"ဟော့ လောကမှာ အဖေ အမေကို အများကြီး ချစ်ရမယ်လို့ ဘယ်သူ ဥပဒေ ထုတ်ထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤကလေးက အတော်ကြီးကြီးကျယ်ကျယ် ပြောတတ်သည်။ "အဖေ အမေကို ချစ်တယ်ဆိုတာ အကြောင်းချင်း တိုက်ဆိုင်လို့ ချစ်ရတာပါကွာ။ အဖေအမေတို့နဲ့ ငါက ရင်းနှီးတယ်ဆိုတာ ငါ့ညီမနဲ့စာရင် ငါက ပိုပြီး ကြာကြာ ရင်းနှီးလာရတာပါ။ ဒါကြောင့် အဖေကို အမေကို ချစ်ရတယ်လို့ ဆိုကြရတာပေါ့။ ဒါပေမဲ့ ငါ့အဖေကိုတော့ ငါ မချစ်ပေါင်။ သူတို့က ငါ့ကို အားကြီး ရိုက်တယ်ကွ။ ငါ့ညီမလေးကိုတော့ ငါချစ်ပါတယ်။ အဲဒါလည်း တစ်ခါတလေမှ ချစ်တာ" ဟု သူက ဖွင့်ဟဝန်ခံသည်။

ဤသို့လျှင် မိဘမေတ္တာအကြောင်းသို့ ဦးတည်လာကြသည်။ ထိုအခါ အံ့ဩစရာကောင်းသောအချက်မှာ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များက "တို့တော့ ဖေဖေကို အချစ်ဆုံး" ဟု ပြောကြခြင်း ဖြစ်လေသည်။ ဤသည်တွင် သုံးနှစ်သား သူငယ်ကလေးက အထက်၌ ကျွန်တော်ပြဆိုခဲ့သည့်အတိုင်း "ငါ့အဖေဟာ ငါ့လင်မို့ ငါချစ်တာကွ" ဟုကြွေးကြော်လေသည်။ ဤအချက်တို့ကို ကလေးသူငယ်ဆွေးနွေးပွဲဖန်တီးသူက ခြုံငုံစဉ်းစား၍ ကောက်ချက်ချသည်မှာ မိခင်သည် အိမ်တွင်းရေး၌ လုံးပန်းနေရ၍ ဖခင်ကဲ့သို့ သားသမီးတို့၏ ကိုယ်စိတ်နှစ်ပါး ရွှင်ပျော်မှုအလို့ငှာ သူတို့နှင့်အတူလိုက်၍ အားကစားလုပ်ငန်းကို မလုပ်နိုင်သောကြောင့် သားသမီးတို့က ဖခင်ကို ပိုချစ်ကြသည်ဟု ကောက်ချက်ချသည်။

ဤ၌ စကားချပ်အဖြစ်ဖြင့် ကျွန်ုပ်တို့နိုင်ငံရှိကလေးတို့၏ သဘာဝမှာ မိခင်ကို ပိုချစ်ကြသည်ကိုသာ တွေ့ရလေ့ရှိကြောင်း ပြောလိုပါသည်။ သို့သော် ဤအချက်မှာ မှန်းဆ၍ ပြောသောအချက် ဖြစ်ပါသည်။ ကျွန်တော်တို့ဆီမှာ အများဆန္ဒကို စစ်တမ်းထုတ်ကြည့်သော အလေ့အထများက မရှိ၍ မှန်းဆပြောရသည်က များပါသည်။

ဤကဲ့သို့ စကားကို လိုရာမရောက် ဖြစ်နေချိန်တွင် ဆရာဖြစ်သူက "ဟေ့ မင်းတို့ကို သူများက ချစ်တယ်လို့ ဘယ်လိုလုပ်သိလဲ" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိခင်ဆိုသော မိန်းကလေးက "သိတာပေ့ါ ဖေဖေနဲ့ မေမေတို့က မွေးမွေးပေးတယ်လေ၊ စားစရာပေးတယ်၊ သမီးကို လိုချင်တာအကုန်လုပ်ပေးတယ်။ ချစ်တာကိုး"ဟု ပြောလိုက်လေသည်။ ဤစကားကို ကလေးအများ ပြောလေ့ရှိပါသည်။ သို့ရာတွင် အခြားကလေးမတစ်ယောက်က အောက်ပါအတိုင်း အထွန့်တက်သည်။

"မိဘတွေက ချစ်လို့ပေးတာ ကျွေးတာဟုတ်ပါရဲ့။ ဒါပေမဲ့ လက်ဆောင်တစ်ခုတလေပေးတိုင်း ချစ်ပြီလို့ မပြောနိုင်ဘူး။ ငါတို့ကလေးချင်း ပေးကြကမ်းကြတာကို ကြည့်ပါလား။ သူတို့ပေးတာက ငါ့သကြားလုံးကို စားချင်လို့ ပေးတာပါ။ ချစ်တိုင်းသာပေးရရင် ပိုက်ဆံကုန်မှာပေ့ါ"

"ပိုက်ဆံကုန်ရင် မချစ်တော့ဘူးလား။ အချစ်ဆိုတာ ဝယ်လို့မရဘူးတော်ရေ့။ ရှေးခေတ်ကတော့ ရတယ်။ အဲဒါကို ရုပ်ရှင်ထဲမှာ ငါကြည့်ဖူးတယ်"

ဥမ္မာကြိုင်အမည်ရှိ ကလေးမကမူကား "ညည်း ဘာသိသလဲ၊ တချို့ကောင်ကလေးတွေက မုန်းတယ်လို့ပြောပြီး တို့ကို နှိပ်စက်တယ်။ တကယ်တော့ ဒါဟာ ချစ်တယ်ဆိုတာ သိရအောင် အကြောင်းပြတာ။ ခွေးညိုဆိုတဲ့ ကောင်ကလေးဟာ ငါ့ခဲတံကို ချိုးပစ်တယ်။ စာအုပ်တွေ ဖြဲတယ်။ ဒါ ငါ့ကို ချစ်တယ်လို့ အကြောင်းပြတာပဲ" ဟု ပြောလေသည်။

"ဒီပြင်နည်းနဲ့ကော ချစ်တာကို ဘယ်လိုလုပ်သိသလဲ" ဟုဆရာက မေးသောအခါ ကလေးများက "များနှာကြည့်ရုံနဲ့ သိနိုင်ပါတယ်" ဟု တညီတညွတ်တည်း ပြောကြသည်။ ဤစကားကို သဘောမကျသူ ဝီလီဆိုသော သူငယ်ကလေးကမူကား "မျက်နှာချိုတိုင်း ချစ်တယ် မထင်နဲ့။ တလောက မိန်းမတစ်ယောက်က ငါ့ကို သူ့ကြက်တွေ လန့်အောင် လုပ်ရသလားဆိုပြီး ကြိမ်းမောင်းတယ်။ သူ့မျက်နှာက လှပါရဲ့။ ဒါပေမဲ့ ကြောက်စရာကောင်းတယ်ဟေ့ " ဟုဆိုပြီး ကန့်ကွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေတိုးကမူ "တို့ကလေးအချင်းချင်းတော့ မုန်းရင် နှုတ်ခမ်းစူပြတယ်။ မျက်စောင်းထိုးတယ်။ လူကြီးတွေကတော့ မျက်နှာထား ချိုပေမယ့် မျက်လုံးက ကြောက်စရာ။ အမြင်ကတ်ရင် မြွေကြည့်သလို ကြည့်တယ်ကွ" ဟု ပြောသည်။

ဤစကားကို မောင်စံတင်က ချေပသည်။

"ဒီလိုလည်း မဟုတ်ပါဘူးကွာ။ ငါ့ကို ကျောင်းစောင့်အဘိုးကြီးက မဲ့မဲ့ရွဲ့ရွဲ့ ကြည့်တယ်ကွ။ ငါ့ကို မုန်းလို့နဲ့တူပါတယ်။ ငါက ဖေဖေ့ကို ပြန်ပြောတယ်။ ဖေဖေက မုန်းလို့ မဟုတ်ပါဘူး။ ငါ့သားက ကျေးဇူးတင်ပါတယ်လို့ ချိုချိုသာသာပြောရရင် သူချစ်မှာပေါ့။ အဲဒီလိုပြောတယ်။ ဒါကြောင့် နောက်တစ်ခါကျတော့ သူ့ကို ပစ္စည်းတစ်ခုအပ်တဲ့အခါ ကျေးဇူးတင်ပါတယ်ခင်ဗျာလို့ ငါက ပြောတယ်"

"အဲဒီတော့ သူက မင်းကို ချစ်လာတယ်မဟုတ်လား"

"အဲဒီလို မဟုတ်သေးဘူးကွ၊ အဘိုးကြီးမျက်နှာက မဲ့ရွဲ့နေမှာပါ။ လက်စသတ်တော့ သူ့မှာ သွားတစ်ချောင်းမှ မရှိဘဲကိုး။ လူကြီးသူကြီးနဲ့ စကားပြောရင် သူ့သွားအတုကို တပ်ပြီးစကားပြောတယ်။ တို့နဲ့ကျတော့ သွားတုတွေ ဖြုတ်ပြီး စကားပြောတယ်။ ဒီတော့ မဲနေတာပေါ့။ ငါပြောချင်တာကတော့ ချစ် မချစ်ဆိုတာ အပြင်ကနေ မှန်းကြည့်ပြီး ပြောလို့ မရဘူးကွ"

"ငါ့ဖေဖေကတော့ဟေ့ ငါ့ကိုချစ်ပြီဆိုရင် 'ခွေးသား' ဘာညာနဲ့ ဆဲတော့တာပဲ။ သူဆဲရင် ချစ်လို့ပဲမှတ်။ ငါကလည်း မျှားမျှားဆဲလေကြိုက်လေပဲကွ" ဟု မောင်ဘတင့်က ပြောကြသည်။

ထိုအခါ ကြူကြူဝင်းက အချစ်အကြောင်းပြောရင်းမှ အမုန်းအကြောင်းသို့ ရောက်သွားသည်။ သူက သူ့အစ်မကြီးနှင့် အခြားမိန်းကလေးတစ်ယောက်သည် အချင်းချင်း ရန်သူဖြစ်နေသည်ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကျောင်းသွားလျှင်လည်း မတည့်။ ကျောင်းပြန်လျှင်လည်း မတည့်ဟု ဆိုသည်။ ထိုအခါ ကလေးများက ရိုက်တာ၊ နှက်တာ၊ရန်ဖြစ်တာ၊ ဆိတ်ဆွဲတာ၊ မုန့်ဝေမစားတာ အဲဒါအားလုံးဟာ မုန်းလို့ဟု ဝိုင်းပြောကြသည်။မြလွင်က"လူကြီးတွေမတည့်လို့ ရန်ဖြစ်တာကို ငါ အမုန်းဆုံးပဲကွာ။ အိမ်မှာလေ မေမေက အင်မတန်ဆူတာပဲ။ ဖေဖေနဲ့ရန်ဖြစ်တယ်။ ဖေဖေက သူကိုယ်တိုင် ထမင်းချက်မယ်လို့ ပြောတယ်။ မေမေက ထမင်းတော့ ပြတော့မှာပဲလို့ ဆိုတယ်။ ပြီးတော့ အော်ကျယ် ဟစ်ကျယ်နဲ့ မေမေက ရန်တွေ့တယ်" စသည်ဖြင့် ဆက်လက်၍ သားသမီးရှေ့မှာ မိဘများ ရန်ဖြစ်ကြသည့်အကြောင်းကို အကျယ် ပြောပြသည်။ ယင်းကို နားကလောလာဟန်တူသော မြင့်မောင်မောင်ဆိုသူက "တော်ပါကွာ၊ ငါတော့ ကြီးရင် မိန်းမမယူဘူး။ ကလေးလိုချင်သူတွေသာ မိန်းမယူကြတာကွ၊ အဲဒါမှာလည်း လိုချင်တာကသား မွေးတော့သမီးတွေ မွေးကရော၊ ငါဆိုရင် သမီးလေးငါးဆယ်ယောက်ရရင် အိမ်ကထွက်ပြေးမှာပဲ"

ဤသည်တွင် မြလွင်က မခံချင်ဖြစ်လာ၍ "လက်ထပ်တာချစ်မှ လက်ထပ်ရတယ်၊ မချစ်ဘဲနဲ့ လက်မထပ်ရဘူး။ လက်ထပ်ပြီးရင် အမြဲချစ်ရမယ်" စသည်ဖြင့် သားသမီးတာဝန်ကြောင့် ထွက်ပြေးတိမ်းရှောင်နေခြင်းကို မနှစ်သက်သော အမူအရာနှင့် ပြောလေသည်။

ထိုအခါ ခြောက်နှစ်အရွယ်မခင်တံုက ချစ်လို့ လက်ထပ်တာ၊ လက်ထပ်လို့ချစ်တာ အစရှိသောသဘောကို ဘဝင်မကျချေ။

"ချစ်တာကတစ်ယောက်၊ လက်ထပ်တာကတစ်ယောက်။ အဲဒီလိုလည်း ရှိပါတယ်။ လင်မယားမတည့်လို့ ကွဲကြတာတွေရှိသားပဲ။ လင်မယား ကွဲတော့ နောက်တစ်ယောက်နဲ့ ယူတယ်။ နောက်တစ်ယောက်ယူတော့လည်း ချစ်ရတာပေါ့။ နို့ပေမဲ့လို့ ပထမလင်ကို ချစ်သလောက်တော့ မချစ်တော့ဘူး။ အချစ် လျော့သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကို ကလေးများက ဝိုင်း၍ဆွေးနွေးသောအခါ အချို့က ဤသို့ မှတ်ချက်ချသည်။

"လင်မယား ကွာတယ်ဆိုတာ စိတ်ထိခိုက်စရာ ကောင်းတယ်။ စိတ်ဆိုးနေတုန်းတော့ ဟုတ်သလိုလိုပေါ့။ တချို့များ စိတ်ဆိုးတုန်းမို့ ကွာရတာကို ပျော်စရာအောက်မေ့ကြတယ်။ စိတ်ပြေတော့ အားလုံးဝမ်းနည်းကြရတယ်။ တချို့လည်း အားကြီး ဒုက္ခရောက်တယ်၊ ကလေးတွေက တစ်ပြုံကြီး ကျန်ရစ်တော့ ဘယ်လို စောင့်ရှောက်မလဲ။ တစ်ယောက်တည်းတော့ မတတ်နိုင်ဘူးတော်ရေ့" ဟု ပြောသည်။ ဤ၌ဆရာက ဆွေးနွေးပွဲပြီးကြောင်း ပြောပြသည်။ ဤသည်တွင် ခေါင်းဆောင်၍ ဆွေးနွေးလာသော မယ်သီတာက စကားဝိုင်းကို နိဂုံးချုပ်ဘိသကဲ့သို့ ပြောလိုက်သည်။

"လူကြီးတွေ ချစ်တယ်ဆိုတာ တို့ကလေးတွေချစ်တာနဲ့ အတူတူပါပဲ။ တစ်ချစ်တည်း ချစ်ချင်လည်း ချစ်ကြတာပဲ။ မချစ်ရင်လည်း မချစ်ကြဘူး။"

×××

ကလေးတို့၏ ဆွေးနွေးပွဲ ပြီးဆုံးသွားပါပြီ။

သူတို့ပြောပုံဆိုပုံကိုကြည့်၍ လူကြီးများက ဗဟုသုတရှာဖို့ကောင်းသည်။ ဤခေတ်ကာလ၌ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အချစ်အကြောင်းကို သူတို့ ပြောတတ်လာကြပြီ။ အချို့က လူကြီးဆန်သည်။ အချို့ကားကလေးစိတ်မပျောက်သေး။ ကျွန်ုပ်တို့၏ သဘာဝနှင့် ယှဉ်စဉ်းစားလျှင် လွတ်လပ်သော ပညာရေးဟု ဆို၍ အထိန်းကျောင်း အကွပ်အကဲမရှိ သားသမီးများကိုလွှတ်ထား၍လည်းမရပါ။ သားသမီးများ စိတ်ကျဉ်းကျပ်အောင် ပညတ်နေလျှင်လည်း ဖြစ်ချင်ရာ ဖြစ်တတ်ပါသည်။ မိဘတို့

www.burmeseclassic.com

www.burmeseclassic.com



သည် မိမိတို့၏ သားသမီးများ၏ စိတ်နေစိတ်ထား ပြုပြင်၍ရသော ကလေးအရွယ်မှစ၍ သိအောင်လေ့လာဖို့ လိုပါသည်။ လေးငါးခြောက်နှစ် အရွယ် လူမမယ်တို့အဖို့ သူတို့စိတ်ထဲတွင် ထင်မြင်ရာကို လွတ်လပ်စွာ ပြောစမြဲပင်။ သူတို့ပြောသော စကားကို လူကြီးများက အကဲခတ်တတ် လျှင် လမ်းမှားသို့ မရောက်အောင် ပြုပြင်ပေးနိုင်မည်။ ယခု ကျွန်တော် တင်ပြနေသည်မှာ တစ်ပါးသောနိုင်ငံက ကလေးများ စကားပြောပုံကို တိုက်ရိုက်ဘာသာပြန်၍ မပြနိုင်သောကြောင့် လူကြီးစကားများနှင့် ဖက်တွဲပြီး အဓိပ္ပာယ်ဖော်ထားပါသည်။ လူကြီးများ၏ အသုံးအနှုန်းများ ပါရှိနေသောကြောင့် ကလေးတွေက ဒီလိုပြောတတ်ပါ့မလားဟု ထင် ယောင်ထင်မှား မဖြစ်ကြစေလို၊ မိမိ၏ သားသမီးများ သူတို့၏ အပေါင်း အသင်းသူငယ်ချင်းများနှင့် ဆွေးနွေးပုံကို ကိုယ်တွေ့ဖြစ်အောင် ဂရုစိုက်၍ နားထောင်ကြည့်ပါ။ တစ်ခါတစ်ရံ သူတို့ပြောသည့် စကားထဲမှာ လူကြီး များ နက်နက်နဲနဲ စဉ်းစားကြည့်စရာတွေ ပါပါသည်။ မိဘတို့က သား သမီးတို့၏ စိတ်နေစိတ်ထားကို သိရှိပြီးလျှင် ပြုပြင်၍ရသော ခုနစ်နှစ်၊ ရှစ်နှစ်၊ ဆယ်နှစ်နှစ်၊ ဆယ့်သုံးနှစ် အရွယ်ရောက်လျှင် ကောင်းစွာပဲ့ပြင် သွန်သင် ဆုံးမ၍ရနိုင်လေအောင် မိဘများက ဆောင်ရွက်ကြစေလိုသည်။ ဤခေတ်၌ ရိုးရာဇာတိယဉ်ကျေးမှုနှင့် ပဝတ္တိယဉ်ကျေးမှုများ ထွေးရော ယှက်တင် ဖြစ်နေသည်။ ဤအထဲတွင် ကြောက်စရာကောင်းသော မူးယစ် ဆေးဝါးပစ္စည်းများကလည်း လူငယ်လောကကို ခြိမ်းခြောက်လျက် ရှိ သည်။ အသိတရားများ ဦးနှောက်ထဲဝင်လာစအရွယ်မှာ အတွေးအခေါ် အမှားများ လွှမ်းမိုးထားလျှင် မိဘတို့သည် သားသမီးများ အရွယ်ရောက် သောအခါ အလွန်စိတ်ပင်ပန်းရသည်။ အလွန်ဒုက္ခရောက်ရသည်။ စင်စစ် မိဘဆိုသည်မှာ လက်ဦးဆရာ ဖြစ်သည်။ ပညာသတိရှိဖို့ သားသမီးကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားပေးရုံနှင့် မလုံလောက်ချေ။ မိဘတို့ကိုယ်တိုင်က မိမိတို့၏ သားသမီးများကို တိုင်းသူပြည်သားကောင်းတစ်ယောက် ဖြစ်စေရန် ငယ်စဉ်ကစ၍ ပုံသဏ္ဌာန်ရိုက်ပေးရလိမ့်မည်။ ဆရာကဲ့သို့ သင်ကြားပေးရမည်။ မိဘတို့ကိုယ်တိုင်က သားသမီးတို့၏ မနောကံ၊ ဝစီကံ၊ ကာယကံတို့ကို ကောင်းအောင်ပြုပြင်ပေးပါမှ အားလုံးကံကောင်းကြမည်ဖြစ်သည်။

**စစ်ပြန်မဂ္ဂဇင်း၊ အမှတ်စဉ် ၉၇၊ အောက်တိုဘာလ ၁၉၈၆**

www.burmeseclassic.com

www.burmeseclassic.com

## သုံးပါးရတနာ

ကျွန်တော်သည် မျိုးရိုးအားဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်၏။ မိဘနှစ်ပါးဘက်မှ ဘိုးအေနှစ်ပါးတို့သည် ကျွန်တော်ငယ်စဉ်က ကွယ်လွန်ခဲ့၍ ဘွားအေနှစ်ပါးတို့၏ လက်ဝယ် ကြီးပြင်ခဲ့၏။ ကျွန်တော်က ဘွားအေတို့ကို အမေဟုခေါ်သည်။

အမေနှစ်ဦးစလုံးက ကျွန်တော်ကို အိမ်ရှေ့ခြံစပ်၌ စိုက်ထားသော ပန်းများကို ခူး၍ သီခိုင်းလေ့ရှိသည်။ ပြီးလျှင် ပန်းခိုင်များကို ဘုရားတင်ရသည်။ ပန်းကပ်သောအခါ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိဟု ဆိုတတ်အောင် သင်ပေးသည်။ ထိုမှတစ်ဆင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော သရဏဂုံသုံးပါးကို အရကျက်၍ ဩကာသ ဘုရားရှိခိုးကိုလည်း ဆိုတတ်အောင် သင်ပေးသည်။ ဤနည်းဖြင့် ကျွန်တော်သည် သရဏဂုံသုံးပါး၌ တည်လေသည်။

ဘွားအေများ၏ အိမ်မှ ခွဲခွာ၍ ကျွန်တော့မိဘနှစ်ပါးတို့ အိုးသစ်အိမ်သစ်ထူထောင်သောအခါ ဘာသာရေးကိုင်းရှိုင်းသော ကျွန်တော့ဖခင်က ဥပုသ်နေ့တိုင်း ကျွန်တော့ကို ဘုန်းကြီးကျောင်းသို့ခေါ်၏။ အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်စာဖတ်တတ်သောအခါ ဥပုသ်စောင့်ရန် တိုက်တွန်း၍ သီလစောင့်ခြင်းလုပ်ငန်းကို သင်ပေး၏။ မိခင်က ဆွမ်းပို့ရသောကြောင့် မိခင်နှင့်လိုက်၍ ဥပုသ်ဇရပ်များ၌ ဒွေးတော်မိကြီးများနှင့်အတူ စားရသောက်ရ၍ အလွန်ပျော်၏။ ဤနည်းဖြင့် ကျွန်တော် ဗုဒ္ဓဘာသာတစ်ဦး ဖြစ်လာ၍ အသက် ၁၂ နှစ်ခန့်အရွယ်တွင် ကိုရင်ဝတ်၏။

ကျွန်တော် အိမ်ထောင်ကျ၍ သားသမီးများ ထွန်းကားလာသောအခါ မိဘတို့က ကျွန်တော့ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သွန်သင်ဆုံးမသည့်အတိုင်း ကျွန်တော့သားသမီးများကို သွန်သင်ဆုံးမခြင်း မပြုနိုင်ပါ။ ကျွန်တော်သည် ဗြိတိသျှခေတ်က အစိုးရအမှုထမ်းအဖြစ်ဖြင့် ခြောက်နှစ်ခန့်လုပ်ခဲ့ရာ ထိုခြောက်နှစ်အတွင်း တစ်မြို့မှတစ်မြို့သို့ ၁၂ ကြိမ်ပြောင်းခဲ့ရ၏။ စစ်အတွင်း ရန်ကုန်သို့ ပြောင်းလာသောအခါ၌လည်း ခြောက်နှစ်အတွင်းမြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ ဌာနပေါင်း ခြောက်ဌာန၌ ကူးချည်သန်းချည်နှင့် အမှုတော်ကို ထမ်းရွက်ခဲ့၏။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့သားသမီးများကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကျွန်တော့မိဘဘိုးဘွားများက သွန်သင်ဆုံးမဘိသကဲ့သို့ ဆုံးမခြင်း မပြုနိုင်ခဲ့ပါ။ ထုံးစံအတိုင်း သားသမီးများကို ကျောင်းထားပေး၍ ကျောင်းဆရာများက ကျွန်တော့သားသမီးများကို ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်အောင် ဟောပြောဆုံးမ သွန်သင်ကြသောကြောင့် သူတို့ ဗုဒ္ဓဘာသာဝင် ဖြစ်လာရသည်။ များစွာ ကျေးဇူးတင်ပါ၏။

သို့သော် ကျွန်တော့ ဝတ္တရားမကျေသည်ကို သတိရ၍ ကျွန်တော်သည် ရှေးအခါက မိဘတို့သည် သားသမီးတို့ကို ဘာသာရေး၌ ကိုင်းရှိုင်းအောင် ဆုံးမသွန်သင်ပေးသင့်ကြောင်း ဆောင်းပါးများကို အင်္ဂလိပ် မြန်မာ မဂ္ဂဇင်းစာစောင်များတွင် ရေးသားနှိုးဆော်ခဲ့၏။ ယခုလည်း ကျွန်တော်တို့စာရေးဆရာ ဓမ္မမိတ်ဆွေတို့က ကျွန်တော့ကို ဆောင်းပါးရေးပေးပါဟု တောင်းခံသောအခါ ဤအချက်ကိုပင် ထပ်မံရေးသား၍ ယခုခေတ် မိဘ

www.burmeseclassic.com

www.burmeseclassic.com



များကို ၎င်းတို့၏သားသမီးများ၏ အကျိုးငှာ ဗုဒ္ဓဘာသာအခြေခံ အသိတရားတို့ကို သင်ကြားပေးကြပါဟု နှိုးဆော်လိုက်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြ၏။ ယင်းတို့မှာ ဘုရား၊ တရား၊ သံဃာ ဟူ၍ ဖြစ်၏။

ဘုရားဟူသောပုဒ်သည် ပုရဟာဟူသောပုဒ်မှ ဆင်းသက်သည့် ပုဂံခေတ် ကျောက်စာတို့တွင် ပုရှာဟု ရေးရာမှ ပုရဟာကို ပေါင်းစပ်ရေးခြင်းဖြစ်၏။ ကျွန်တော်တို့ တက္ကသိုလ်မှာ ကျောက်စာဖတ်နည်းကို သင်ယူသည့်အခါ ယင်းပုရှာကို ပုရဟာဟု ဖတ်ရ၏။ အဓိပ္ပာယ်မှာ ပူဇော်ခြင်းခံထိုက်သူ ဖြစ်၏။ ထို့ကြောင့် ဘုရားရှိခိုးတွင် လူ နတ် ပြဟ္မာ သတ္တဝါတို့၏ အထူးပူဇော်ခြင်းငှာ ခံထိုက်သော မြတ်စွာဘုရားဟု ဆို၍ ရှိခိုးရ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မည်သည့်တန်းခိုးရှင်ကမှ ဖန်ဆင်းပေးသော ပုဂ္ဂိုလ် မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါး အပြားသုံးဆယ်ကိုဖြည့်၍ ဘုရားဖြစ်ကြောင်း ကြိုးစားလာခဲ့သော မနုဿန္ဓယ်ဝင် ဥတ္တမ ပုရိသယောက်ျားမြတ် ဖြစ်သည်။ လောကနိယာမအတိုင်း ဖြစ်ပေါ်လာသော အတုမရှိ ပုဂ္ဂိုလ် ဖြစ်သည်။

ထိုပုဂ္ဂိုလ်မြတ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဒုက္ခတရားသည် အမှန်ဖြစ်၍ ထိုဒုက္ခသံသရာမှ လွန်မြောက်အောင် တောထွက်ရဟန်းပြု၍ တရားကို မိမိကိုယ်တိုင်သိအောင် ရှာဖွေသော ပုဂ္ဂိုလ်ဖြစ်သည်။ နိမိတ်ကြီးလေးပါးတရားကိုမြင်၍ တောထွက်သည်ဟုဆိုသော စကားမှာ အို၊ နာ သေဘေးမှ လွတ်မြောက်စေရန် ရဟန်းပြုသည့် နိမိတ်ကို ရည်ညွှန်းခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် တရားကျင့်၍ သစ္စာလေးပါးတရားကို မိမိကိုယ်တိုင် ပိုင်းခြားထင်မြင်သောအခါ ဘုရားဖြစ်၏။ ဤကား ဘုရားပွင့်သည် ဟူသော ဝေါဟာရ၏ အနှစ်သာရပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဟူသည်ကား မဖောက်မပြန် မှန်ကန်သော တရား ဖြစ်၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူသော အဖြစ်တို့သည် မည်သည့်ခေတ်၊ မည်သည့်အခါ၊ မည်သည့်ဘုံဘဝ၌မဆို သုခကို မပေး၊ ဒုက္ခကိုချည်းသာ ပေးသည် ဖြစ်၏။ ဤတရားကို ဒုက္ခသစ္စာဟု ပထမ မှတ်ပါ။

ဒုက္ခဖြစ်ရသည်မှာ သစ္စာလေးပါးတရားကို မသိခြင်း၊ အဝိဇ္ဇာတရားကြောင့် တပ်မက်သော တဏှာစွမ်းအားဖြင့် ဒုက္ခဖြစ်ရခြင်းပေတည်း။ ဤကား ဒုတိယဖြစ်သော သမုဒယသစ္စာ ဖြစ်၏။

ဒုက္ခမှ လွတ်နိုင်ပါသလော။ လွတ်မြောက်ရာ နည်းလမ်း ရှိပါသေးသည်။ ဤသည်ကိုရည်၍ နိရောဓသစ္စာ တတိယသစ္စာဟု မှတ်သားစေလိုသည်။

ဒုက္ခမှ မည်သည့်နည်းလမ်းဖြင့် လွတ်မြောက်နိုင်ပါသနည်း။ မဂ္ဂင်ရှစ်ပါးဖြင့် လွတ်မြောက်နိုင်ပါသည်။ ထို့ကြောင့် စတုတ္ထသစ္စာအားဖြင့် မဂ္ဂသစ္စာဟု မြတ်စွာဘုရားက ဟောကြားပါသည်။

ဤသစ္စာလေးပါးတရားတော်(ဓမ္မစကြာ) နှင့်တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကို မြင်အောင် မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်ကိုလည်း ဟောတော်တူ၏။ ယင်းတို့မှသည် အဘိဓမ္မာတရား၊ ပဋ္ဌာန်းတရားဟူသော လေးနက်သော တရားများကို ဗုဒ္ဓဘာသာဝင်တို့ လေ့လာကြသည်။ ဤသည်တို့သည်ကား ဓမ္မရတနာတွင် အကျုံးဝင်သည်။

ဘုရားဖြစ်စက မြတ်စွာဘုရား၏ထံပါး၌ သံဃာဟု ခေါ်အပ်သော ရဟန်းငါးပါး(ပဥ္စဝဂ္ဂီ)တို့သာ ရှိ၏။ ထို့နောက်၌ကား သံဃာအခြွေအရံတို့ ပွားများလာသည်။ မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး တရားဟော၍ သံဃာတို့ကို စည်းရုံးခဲ့ရာ တစ်စတစ်စနှင့် ဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသမှ အရှေ့ဖျားဒေသသို့ ဂျပန်နိုင်ငံအထိ ပျံ့နှံ့သွားရာ ကမ္ဘာ့သက္ကရာဇ် ၂၀၀၀ ကျော်တွင် ဥရောပ၊ အင်္ဂလန်နှင့် အမေရိက၊

www.burmeseclassic.com

www.burmeseclassic.com



အာဖရိကနိုင်ငံများသို့ ပျံ့နှံ့သွားစရာ အကြောင်းရှိသည်။ အဘယ်ကြောင့် ဆိုသော်ယခုအခါ ငြိမ်းချမ်းရေးသုခကိုအကြံပြုရင်းနှင့် အဏုမြူလက်နက် တို့ကို ထုတ်လုပ်ခဲ့ကြသောကြောင့် ကမ္ဘာကြီး ဒုက္ခတွေ့နေရာ ထိုဒုက္ခမှ လွတ်မြောက်အောင် ကြိုးစားကြပါလျှင် ကမ္ဘာသူ၊ ကမ္ဘာသားတို့သည် မဂ္ဂင်ရှစ်ပါး၏ တန်ဖိုးကို နားလည်လာကြလိမ့်မည်။

သံဃာတို့ကို ဖွဲ့စည်းရာ၌ မြတ်စွာဘုရားသည် ၂၂၇ ပါးသော သိက္ခာပုဒ်တို့ကို ပညတ်၍ အကျင့်သီလနှင့် ပြည့်စုံလေအောင် အဆုံးအမ ပြုပြင်ခြင်းကြောင့် သာသနာသည် နှစ်ပေါင်း ၅၀၀၀ တည်မည်ဟု ဆိုရိုးရှိသည့်အတိုင်း တည်နိုင်လိမ့်မည်ဟု ဆိုရန် အကြောင်းရှိသည်။

သံဃာဂုဏ်၌ သံဃာဟူသည် စိုက်ပျိုးရာ လယ်မြေကောင်းနှင့် တူသည်ဟု ဖွင့်ဆိုထားသည်။ ထိုဖွင့်ဆိုချက်အရ သံဃာသည် ကောင်းမှုကို စိုက်ပျိုးရာ လယ်မြေနှင့်တူသောကြောင့် ဤသံဃာရတနာသည် ဘုရားရတနာ၊ တရားရတနာတို့ကို ဦးထိပ်၌ ရွက်ဆောင်ထားသည်ဟု ကျွန်ုပ်တို့ ကောင်းစွာ အလေးဂရုပြုသင့်ပါသည်။

ဤအခြေခံအချက်တို့ကို ကျွန်ုပ်တို့၏ သားသမီး မြေးမြစ် တပည့်တပန်းတို့ကို ကောင်းစွာ သိရှိနားလည်ကြပါစေသတည်း။

**ဝေပုလ္လမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၁၊ ၁၉၉၇**

www.burmeseclassic.com

www.burmeseclassic.com

# ပုဗ္ဗာစရိယ

ကျောင်းထားရမည့်အရွယ်သို့ရောက်သောအခါ မိဘများက ကျွန်တော့ကို ဘုန်းကြီးလူထွက် ဆရာဦးခန္တီ၏ အစိုးရ အထောက်အပံ့ခံ မြန်မာစာသင်ကျောင်းသို့ ပို့ပါသည်။ ဆရာသည် မြောင်းမြဒိစတြိတ်ကောင်စီက ယင်း၏ လက်အောက်ခံ "ဆာကယ်ဘုတ်" (Circle Board) မှ တစ်ဆင့် ထောက်ပံ့သော ဘဏ္ဍာငွေကြေးဖြင့် ကျောင်းထောင်ပါသည်။ ဆာကယ်ဘုတ်ဆိုသည်မှာ ကျေးရွာကောင်စီနှင့် တူပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးခေတ်တွင် ကျေးရွာကောင်စီများသည် ဆိုင်ရာဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြစ်လာပါသည်။ ကျွန်တော်ကျောင်းမနေမီခေတ်က အုပ်ချုပ်သော ဗြိတိသျှအစိုးရသည် အခွန်တော်ကောက်ခံရေးကိုသာ ဂရုစိုက်သည်။ ကျေးရွာပညာရေးကို လျစ်လျူရှုထားပါသည်။ ကျွန်တော့မိခင်က ပြော၍ သိရသည်မှာ ထိုခေတ်က ယောကျ်ားကလေးရော မိန်းကလေးများပါ ကျေးရွာဘုန်းကြီးကျောင်းတွင် အရေး၊ အဖတ်၊ အတွက်ဟူသော မူလတန်းပညာများကို သင်ယူကြသည်။ မိန်းလေးများသည် အပျိုဖော်ဝင်စတွင် ကျောင်းထွက်ကြသည်။ ယောကျ်ားလေးများကား အသက် ၁၆ နှစ် အရွယ်ခန့်ရောက်သည့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရွာရှိ ဘုန်းကြီးကျောင်း လေးငါးခြောက်ကျောင်းတွင် ဗေဒင် လက်ရိုးနှင့် သင်္ဂြိုဟ်ကိုးပိုင်းကို အထက်တန်းပညာရပ်များအဖြစ်ဖြင့် ဆက်လက်သင်ယူကြသည်။ ဘုန်းကြီးကျောင်းထွက်များသည် လောက လူ့ဘောင်ထဲ ရောက်လာသောအခါ အင်္ဂလိပ်စာ မတတ်သော်လည်း ကောင်းစွာ လုပ်ကိုင်စားသောက်နိုင်ကြပါသည်။ ကျွန်တော် ငယ်စဉ်က "အစိုးရအလုပ်"ကို ဝင်လုပ်သောအခါ အင်္ဂလိပ်စာ အေ ဘီ စီကို တစ်လုံးမျှ မတတ်သော်လည်း မြန်မာလိုပြထားသော အိန္ဒိယရာဇသတ် ဥပဒေကြီးကို ဒိုးလိုမ္ဘေ ရေလိုနှောက်၍ ဒိစတြိတ်(ခရိုင်အဆင့်) တရားသူကြီးအဖြစ်ဖြင့် အမှုထမ်းခဲ့သော မြန်မာစာကိုသာ တတ်သည်ဟု အပြောခံရသူ ပုဂ္ဂိုလ်ကြီး၏ လက်အောက်တွင် တရားစီရင်ရေး နည်းနိဿယတို့ကို အလုပ်သင်အရာရှိအနေဖြင့် ခံယူခဲ့ရဖူးပါသည်။ ဤအခွင့်အရေးမျိုးကို ရှေးခေတ် ကျွန်တော်တို့ အလွန်ရခဲပါသည်။

ဆရာဦးခန္တီသည် ဘုန်းကြီးကျောင်းပညာသင်ကြားရေးစနစ်ကို တိကျစွာ လိုက်နာကျင့်သုံးပါသည်။ သို့ရာတွင် သူ့ကို အထောက်အပံ့ပေးသူ အာဏာပိုင်တို့၏အလိုကို လိုက်၍ သမိုင်းနှင့် ပထဝီဆိုင်ရာ ဗဟုသုတ အနည်းငယ်တို့ကို သင်ရိုးညွှန်းတမ်းထဲ ထည့်၍ သင်ပေးပါသည်။ မိန်းကလေးများအတွက် အချုပ်အလုပ်၊ ဇာထိုးပန်းထိုးအတတ်တို့ကိုလည်း ဆရာကတော်၏ အကူအညီကိုယူ၍ သင်ကြားပေးပါသည်။ သို့သော် အဓိကအားဖြင့် ဗုဒ္ဓဘာသာရေးဆိုင်ရာတို့ကိုလည်း သင်ပေးပါသည်။ ဆရာဦးခန္တီသည် သူ၏ ရှေ့မှောက်တွင် မင်္ဂလသုတ်ကို ဒေါက်ဒေါက် ဒေါက်ဒေါက်မြည်အောင် မရွတ်ဆိုတတ်သည့်တပည့်ကို အတန်းတင်ပေးလေ့ မရှိပါ။

ဤရွာကျောင်းပညာသင်ကြားရေးစနစ်တို့ကို ကြည့်၍ ကျွန်တော်တို့လူငယ်များသည် ရွာကျောင်းဆရာတို့ကြောင့် ဗုဒ္ဓယဉ်ကျေးမှုကို လက်ခံသော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်ဟု တွေးတောကြံဆ ပြောမည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ပြောထိုက်ပါသည်။ ကကြီး ခခွေး သင်ကြားပေးသော ဆရာတို့က ကျွန်တော်တို့ကို ဗုဒ္ဓဘာသာထဲသို့ သွတ်သွင်းပေးသည်ဟုလည်း ဆိုနိုင်ပါသည်။

မြန်မာတို့မှာ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဟူသော ဆိုရိုးစကားရှိသည်။ မိဘများသည် ဩကာသအစချီသော ဘုရားရှိခိုးကို ကျွန်တော်တို့အိမ်မှာပင် သင်ပေးကြသည်။ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ပါ၏စဟုဆိုတတ်အောင် အနက်အဓိပ္ပာယ်နှင့်တကွလည်း သင်ပေးကြသည်။ ဗုဒ္ဓ၊ ဓမ္မ၏အလိုကျ ကုသိုလ် အကုသိုလ်တို့ကို ပိုင်းခြားဝေဖန်တတ်အောင် ကောင်းမှု မကောင်းမှုတို့ကိုလည်း မည်သို့မည်ပုံဟု လမ်းညွှန်ပြသဆုံးမကြသည်။ ယခု နောက်ကြောင်း ပြန်စဉ်းစားလိုက်သော အခါ ရတနာသုံးပါးကို ဆည်းကပ်ပါ၏ဟု ဘုရားရှိခိုးကို ရွတ်ဆိုတတ်အောင် ပထမ ကျွန်တော်တို့အား သင်ကြားပေးသော အခါသမယသည် ကျွန်တော် ဗုဒ္ဓဘာသာဝင်ဖြစ်လာသော အခါသမယပေတကားဟု စိတ်တွင် ဆင်ခြင်မိပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဗြာဟ္မဏပုဏ္ဏားကြီးများသည် ဝါဒပြိုင်ရန်အလို့ငှာ မြတ်စွာဘုရားထံ ချဉ်းကပ်ကြသည်။ ယင်းတို့သည် သူတို့အယူသည်သာလျှင် အမှန်ဟု စွဲလမ်းကာ အငြင်းအခုံပြုကြသည်။ မြတ်စွာဘုရားက သူတို့ကို အပြန်အလှန်မေးမြန်း၍ တရားပြလိုက်သော် ထိုထိုသော ဗြာဟ္မဏပုဏ္ဏားကြီးများသည် မြတ်စွာဘုရားက ချီးမြှင့်သော သစ္စာအလင်းရောင်ကို မြင်ကြလေသည်။ ယင်းတို့သည် ကနဦးက မြတ်စွာဘုရားထံ ဒွိဟသံသယဖြင့် လာရောက်ကြသည်။ မြတ်စွာဘုရားထံမှ ပြန်ကြသောအခါ၌ ဗုဒ္ဓဓမ္မအပေါ်၌ သဒ္ဓါယုံကြည်စိတ်ဖြင့်ပြန်သွားကြသည်။ မြတ်စွာဘုရားထံမှ ဖယ်ခွာမည်ပြု၍ နှုတ်ဆက်သောအခါ ယင်းတို့က "အရှင် ဂေါတမ၊ ကျွန်ုပ်တို့ကို ယနေ့မှစ၍ ဉပါသကာဟု မှတ်ယူပြီးလျှင် သာသနာတွင်းသို့ ဝင်ခွင့်ပြုတော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်တို့သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏" ဟူ၍ လျှောက်ထားကြသည်။

ထို့ကြောင့် ကျွန်တော်သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူ၍ သရဏ္ဍယ်ပြီးသည်နှင့် အခြားမဲ့၌ "ငါသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီ" ဟု အောက်မေ့လိုက်ပါသည်။ တရွေ့ရွေ့နှင့် အသက်ကြီးရင့်လာသည်နှင့်အမျှ ရတနာသုံးပါးကို သဒ္ဓါယုံကြည်သော စိတ်တို့သည် ကျွန်ုပ်၌ အမြစ်တွယ်လာပါသည်။

ကျွန်တော့အမိ၏ မခင်ဖြစ်သူ ကျွန်တော့အမေသည်လည်း ကျွန်တော့ကို သာသနာ့အဆုံးအမ၌ တည်ရန်ပြုစုပျိုးထောင်ပေးသူတစ်ဦးဖြစ်သည်။ (ကျွန်တော်တို့က ဘွားအေကို "အမေ"ဟုခေါ်ကြပါသည်။) အမေသည် ကျွန်တော့အဘ(ဘိုးအေ) ကွယ်လွန်သည်ကို ရည်စူး၍ လေးထပ်ကျောင်း ပရိဝုဏ်အတွင်း ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားပါသည်။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း အလျဉ်းသင့်လျှင် အမေသည် ကျွန်တော့ကို လက်တွဲ၍ ဇရပ်သို့ ခေါ်ဆောင်လေ့ရှိသည်။ အမေက ကျွန်တော့ကို ဥပုသ်စောင့်တတ်အောင် သွန်သင်ပေးသည်။ ကျွန်တော်သည် အိမ်မှာနေစဉ် အမေသင်ပေးသည့်အတိုင်း ငါးပါးသီလကို ကောင်းစွာရပါသည်။ ယင်းငါးပါးသီလထဲမှာ ကာမေသုဟု ပါလာသောအခါ ကျွန်တော့ကို မိဘနှစ်ပါးသာမက ဘထွေး၊ ဘကြီး၊ ဒွေးတော်၊ မိကြီးတိုက ယင်းပါဠိစကားကို သူတို့အသီးသီး၏ အစဉ်အတိုင်း အနက် ဖွင့်ဆိုပေးကြသည်။ သို့သော် ကျွန်တော်၏ သေးငယ်သောဦးနှောက်ထဲတွင် အမြဲတေတည်၍ ကျန်ရစ်သော အနက်အဓိပ္ပာယ်မှာကား "လင် ဖြစ်စေ ၊ မယားဖြစ်စေ အသီးသီး သူတစ်ပါး၏ မယား၊ သူတစ်ပါး၏လင် စသည်တို့နှင့် ခိုးရာလိုက်ပြေးသည်ရှိသော် အိမ်ရာပျက်ပြား၍သားသမီးများတကွဲတပြားဖြစ်တတ်သည်။ ထို့ကြောင့် ယင်းကို အပြစ်ဟု သတ်မှတ်ရသည်"ဟူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ယခု ငါးပါးသီလကို ရပြီဖြစ်၍ ဝန်လေးသည်၊ အပန်းကြီးသည်ဟု မထင်တော့ပါ။ သို့ရာတွင် ရှစ်ပါးသီလသို့ ရောက်သောအခါ ကျွန်တော် ကြောက်လာပါသည်။ ကျွန်တော် နေ့လွဲညစာ မစားရမှာကို စိုးရိမ်ပါသည်။ ကျွန်တော့အမေသည် ကျွန်တော့ဖခင်နှင့် မတူ။ ကျွန်တော့ကို အလိုလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က ထမင်းအဆာမခံနိုင်ဘူးဟု ပြောပါသည်။ ထိုအခါ အမေက "နေ့တစ်ဝက် ဥပုသ်စောင့်တာပေါ့ ငါ့မြေးရယ်"ဟု ပြောပါသည်။ ကျွန်တော် အလွန်သဘောကျသွားသည်။ ဥပုသ်ဇရပ်မှာ လူကြီးသူမများက ထမင်းမစားဘဲ နေကြသည့်အခါ ကျွန်တော်က ထမင်းကို အားရပါး စားသည်။

နောက်တစ်နေ့နံနက် မိုးသောက်သို့ ရောက်သော် အမေသည် ပေါက်ပေါက်နှင့် ပဲကို ဆန်နှင့်ရောပြီး ထမင်းချက်သည်။ ထိုထမင်းကို ကျွန်တော် စားရသောအခါ ပွဲတော်ကြီးကို စားရသကဲ့သို့ ထင်မှတ်မိပါသည်။ ဤကဲ့သို့သာဆိုလျှင် အမေက ကျွန်တော့ကို ဥပုသ်ဇရပ်သို့ ခေါ်တိုင်း ကျွန်တော် ဥပုသ်စောင့်နိုင်ပါလိမ့်မည်။

ဆရာကြီး ဦးခန္တီ၏ ထံပါးတွင် တစ်နှစ် နှစ်နှစ်ခန့် စာသင်ပြီးသော် ကျွန်တော် အတွက်တွက်တတ်လာသဖြင့် မိမိကိုယ်ကိုမိမိ အတော်အထင်ကြီးပါသည်။ စပါးတစ်လျှင် မည်၍မည်မျှဈေးပေါက်၍ စပါးတင်းရေမည်ရွေ့မည်မျှကို ရောင်းချလျှင် ငွေမည်မျှ ရနိုင်ကြောင်း ကျွန်တော်တွက်တတ်လာပါပြီ။ ထို့အပြင် ကျွန်တော်သည် မင်္ဂလသုတ်နှင့်တကွ ပရိတ်တော်အနည်းငယ်တို့ကို ရွတ်ဆိုတတ်ပါပြီ။ ထိုမျှလောက် စာတတ်လျှင် ဖခင်သည် ကျွန်တော့ကို သာမဏေဘောင်သို့ သွတ်သွင်းရန် အချိန်တန်ပြီဟု သဘောရပါသည်။ သို့သော် ဖခင်က "နောက်တစ်နှစ်လောက်တော့ စောင့်ပါ" ဟု ပြောသည်။ ကိုရင်ဝတ်ခြင်း၏ အကျိုးတရားကို ကောင်းစွာ သိတတ်သောအရွယ်သို့ မရောက်မီ ဖခင်က ကျွန်တော့ကို ရှင်ပြုပေးရန် ဆန္ဒမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်သည် သူကြံရွယ်ထားသည်ကို ကျွန်တော့အား ပြောပြပြီးသည့်နောက်တွင် လေးထပ်ကျောင်းသို့သွား၍ ဥပုသ်စောင့်သောအခါတိုင်း ကျွန်တော့ကို မှန်မှန်ခေါ်ပါသည်။ ကျွန်တော်သည် ကောင်းမှုကို ဆည်းပူး၍ မကောင်းမှုကို ရှောင်ကြဉ်ရန်ဟူသောအချက်မှာ မခက်ပါ။ ဘုန်းကြီးကျောင်းသို့ သွားရောက်၍ သင်ယူမှသာ သိရမည့်အချက်မဟုတ်ဟု ထင်မိသည်။ ထို့ကြောင့် တစ်နေ့သောအခါ ဘုန်းတော်ကြီး၏ ရှေ့မှောက်တွင် သာမဏေတို့ စောင့်ထိန်းရမြဲဖြစ်သော ဆယ်ပါးသီလကို ခံယူပြီးနောက် မိမိထင်မြင်ချက်ကို မိမိသဘောအလွန်တွေ့ပြီးလျှင် အိမ်သို့ ပြန်လာပါသည်။ ညချမ်းအချိန်သို့ ရောက်သောအခါ ကျွန်တော်ဝမ်းဗိုက်သည်။ အလွန်ပူဆာလာပါသည်။ ကျွန်တော်အိပ်ရာဝင်မည်ပြုသောအခါ မီးဖိုဆောင်ထဲမှ ကန်စွန်းဥများထည့်ထားသော ဗန်းကို ကျွန်တော်သတိပြုမိသည်။ ထို့ကြောင့် ကန်းစွန်းဥ အကောင်းဆုံးတစ်လုံးကို ကျွန်တော်နှိုက်ယူ၍ အိပ်ရာထဲမှာ ကိုက်စားပါသည်။ ကန်စွန်းဥက အလွန်ချို၊ အလွန်စားလို့ကောင်း။ ကျွန်တော် တကျွတ်ကျွတ်ဝါးသည်။ ဖခင်က အသံကြား၍ "ဘာလုပ်တာလဲ" ဟုမေးသည်။ ကျွန်တော်က အမှန်အတိုင်း ပြန်ပြောသည်။ ဥပုသ်စောင့်လျှင် မွန်းလွဲညစာ ထမင်းမစားရဆိုသည်ကို မသိဘူးလားဟု ဖခင်က မေးသည်။ ကျွန်တော်က ထမင်းမစား၊ ကန်စွန်းဥကို စားပါသည်ဟု ဆင်ခြေကန်သည်။ထိုအခါ ဖခင်က "စားသည်" ဟူသော အနက်အဓိပ္ပာယ်ကို အကျယ်ဝိတ္ထာရ ဖွင့်ဆိုပြသည်။ "စားလို့ရတာ မှန်သမျှကို စားတာဟာ စားတာပဲ"ဟု ဖခင်ကဆိုသည်။ သက်န်းဆီးမည်ဆိုလျှင် စည်းကမ်းဝိနည်းကို လိုက်နာရမည်။ လိုက်နာခြင်းသည် ကောင်းမှုဖြစ်သည်။ လိုက်နာလျှင် အပြစ်ဖြစ်သည်။ ဖခင်က ဤသို့ ဆုံးမသော စကားသည် ကိုရင်ဝတ်ရန် ရည်ရွယ်နေသော ကျွန်တော်အဖို့ သင်ခန်းစာတစ်ခုဖြစ်ပါသည်။ "အင်း၊ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားသိဖို့ဆိုတာ မလွယ်ပါကလား"ဟု ကျွန်တော်အောက်မေ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့အသက် ၁၁ နှစ်ခန့်တွင် မိဘများက ကျွန်တော့ကို လေးထပ်ကျောင်းသို့ ပို့ပါသည်။ ကျွန်တော်၏ ဥပဇ္ဈာယ်ဆရာမှာ ဦးပဥ္စင်းကြီး ဦးက္ကန္တိယ ဖြစ်သည်။ ဦးပဥ္စင်းကြီးသည် ကျွန်တော်တို့ကဲ့သို့သော ဗုဒ္ဓဘာသာကလေးငယ်များ သိသင့်သိထိုက်သော အခြေခံတရား ဓမ္မတို့ကို ဟောကြားပို့ချသည်။ ကိုရင်ဝတ်သောအခါ လိုက်နာရမည့် စည်းကမ်းများနှင့်တကွ ကိုရင်ဘဝ၌ စောင့်ထိန်းရမည့် သေခိယစသောကျင့်ဝတ်များကိုလည်း သင်ပေးသည်။ ကျွန်တော်သည် အခြားအခြားသော ဘုန်းကြီးကျောင်းသားများနှင့် တစ်လကိုးသီတင်းဆိုသလို အတူတူ စာသင်ရပါသည်။ ထိုစဉ်က ကျွန်တော့စိတ်တဲ စွဲခဲ့သောအချက်မှာ ကုဋ္ဌိတက်လျှင် မည်သို့တက်ရမည်ဟု ဦးပဥ္စင်းကြီးက ဆုံးမသောအချက် ဖြစ်သည်။ ကျွန်တော်တို့ကလေးဘာဝ နောက်ဖေးနောက်ဖီးသွားရာ၌ ဘာစည်းကမ်းမျှ မရှိခဲ့ပါ။ ယခုမှ စနစ်တကျ ပြုမူနေထိုင်ဖို့ သင်ပေးသည့်အတွက် ကျွန်တော့အဖို့ တစ်ကိုယ်ရေသန့်ရှင်းရေး သဘောတရားကို နားလည်ရပါသည်။ ထို့နောက် ကျွန်တော့ကို မိဘတို့က ရှင်ပြုပေးသောကြောင့် ကိုရင် ဖြစ်ခဲ့ရလေသည်။

ဤကား ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်ဖြင့် ကြီးပြင်းလာပုံကို အကျဉ်းချုပ်ဖော်ပြခြင်းပင် ဖြစ်သည်။

ယခု ကျွန်တော်သည် သားသမီးအခြွေအရံများနှင့် တကွ အိမ်ထောင်ဦးစီးဖြစ်လာ၍ မိမိ၏အတိတ်ကို ပြန်လည်သုံးသပ်ကြည့်သောအခါ ကျွန်တော့ဖခင်က ကျွန်တော်တို့သားသမီးများ ဗုဒ္ဓဘာသာဖြစ်အောင် ကျွေးမွေးသုတ်သင်ခဲ့သော နည်းနိဿယအတိုင်း ဆက်လက်၍ မလုပ်နိုင်ခဲ့သည်ကို တွေးမိပြီးလျှင် စိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော်သည် ကျွန်တော့ဖခင်က သားသမီးများကို ဒါယကာ ဒါယိကာမတို့အား တရားဓမ္မဟောကြားသော ဆရာတော်၊ သံဃာတော်များနှင့် နီးစပ်အောင် ဘုန်းကြီးကျောင်းသို့ လက်တွဲ၍ ခေါ်ဆောင်ခဲ့သလို ကျွန်တော်ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်းမရှိ။ အိမ်၌လည်း သားသမီးများကို ဗုဒ္ဓဘာသာ သင်ခန်းစာများကို ပို့ချမပေးနိုင်။ ကျွန်တော်အတတ်နိုင်ဆုံး လုပ်ကိုင်ခဲ့သည်ကား ဘုရားစာ၊ တရားစာ အမျိုးမျိုးကို စာအုပ်ဆိုင်မှဝယ်၍ "မင်းတို့ ဒီစာအုပ်တွေကို ဖတ်ကြ။ စာအုပ်ထဲမှာပါသော ဗုဒ္ဓဘာသာ အဆီအနှစ်များကို ကိုယ့်ဘာသာကိုယ် ရှာကြံပြီး လေ့လာကြ" ဟူ၍ ပြောဆိုခြင်းမျှသာ ဖြစ်သည်။ ကျွန်တော်ကား ကျွန်တော့ဆရာဘုန်းတော်ကြီး ဆုံးမခဲ့သလို တစ်နေ့တစ်နေ့ "ပရိယေသန" ဝမ်းစာရှာသောအလုပ်၌ချည်း အချိန်ကုန်ခဲ့သည်။ ကျွန်တော်၏သားသမီး၊ မြေး၊ မြစ်တို့ကား မြတ်စွာဘုရား ဟောကြားတော်မူသော စရဏတရားတို့ကို မိဘ၏ လမ်းညွှန်မှုမရဘဲ သူတို့ဘာသာသူတို့ တရားသိအောင် လုပ်ကြပါသည်။ ဤ၌ ကျွန်တော်သည် သူတို့ကို ပစ်ထားဘိသကဲ့သို့ ရှိသည်။

သို့သော် ကျွန်တော့ကိုယ်ကို ကျွန်တော်နှစ်သိမ့်နိုင်သောအချက်လည်း ရှိပါသေးသည်။ ကျွန်တော်သည် ကျွန်တော်၏မြေးဦးကို သက်နံမဝတ်မီ ဘုန်းကြီးကျောင်းသားဖြစ်သဖြင့် တစ်ပတ်နှစ်ပတ်ပင် ဖြစ်စေ ဘုန်းကြီးကျောင်းမှာ နေပါဟု တိုက်တွန်းခဲ့ရာ အောင်မြင်ပါသည်။ ကျွန်တော့သားများသည် သူတို့တစ်သက်တာတွင် ဒုလ္လဘရဟန်းအဖြစ်ဖြင့် နှစ်ကြိမ်တိုင်အောင် ပဉ္စင်းတက်ခဲ့ကြသည်။ သားတစ်ဦးမှ အဘိဓမ္မာ သင်တန်းတက်၍ အောင်လက်မှတ် ချီးမြှင့်ခြင်း ခံရသည်။ သူသည် မကြာခဏဆိုသလို မဟာစည်ရိပ်သာ စသည်တို့၌ တရားထိုင်ပါသည်။ သို့သော် ကျွန်တော့စိတ်ထဲ၌မူကား ကျွန်တော်သည် မိမိအလုပ်ကို လုပ်ရာ၌ တစ်စုံတစ်ခု လိုနေသေးသည်ဟု အောက်မေ့ပါသည်။

မိဘအနေဖြင့် လိုနေသော ကိစ္စ၌ ကျွန်တော်သည် ကျွန်တော်သာလျှင် တစ်ဦးတည် ဟုတ်မည်မထင်ပါ။ ကျွန်တော်နှင့်ရွယ်တူ အပေါင်းအသင်းရောင်းရင်းများစွာတို့မှာ ဃရာဝါသော ဗဟုကိစ္စောဟူသောစကားအတိုင်း အိမ်မှုကိစ္စ များမြောင်လှသောကြောင့် သားသမီးများအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြုဖွယ်ရှိသော ဝတ္တရားဌ် စိတ်တိုင်းကျ မကျေပွန်နိုင် နေကြပါလိမ့်မည်။ ယခု ကျွန်တော့ဘဝအကြောင်း တစေ့တစောင်း အကျဉ်းမျှ ရေးပြလိုက်သောအခါ မိတ်ဆွေတို့သည် ဤအကြောင်းကို နှစ်နှစ်ကာကာ စဉ်းစားလာကြလိမ့်မည်ဟု မျှော်လင့်တောင့်တမိပါသည်။

**တိ-နိ ဥပဍ္ဍာက သာသနာပြုအဖွဲ့၊ စတုတ္ထသုံးနှစ်ခရီး**
**မတ်လ ၊ ၁၉၉၂**

www.burmeseclassic.com

## ဂါရဝတရား

ဂါရဝတရားမှာ အလေးပြုခြင်းဖြစ်၏။ ယင်းစကားကို လေးနက်စေလိုသော် ပါဠိပါဌ်သား ဝေါဟာရတို့ဖြင့် ဂရုဓမ္မပြုခြင်းတရားဟု ဆိုအပ်၏။ ယင်း အဓိပ္ပာယ်ထဲတွင် ရိုသေခြင်း၊ လေးစားခြင်း ၊ နာယူခြင်းဟူသော အဓိပ္ပာယ်ပါဝင်၏။ ဤသဘောဖြင့် ရဟန်းသံဃာ၊ မိဘ၊ ဆရာ၊ တစ်နေ့၊ တစ်ရက်၊ တစ်မနက်ကြီးသူများကို ဂါရဝတရားရှေ့ထား၍ ဆက်ဆံကြဟု လူကြီးတို့က လူငယ်တို့ကို ဆိုဆုံးမကြ၏။

ရိုသေလေးစားကြဟု ဆုံးမသောအခါ ကျွန်ုပ်တို့သည် မြန်မာထုံးစံအတိုင်း မိမိကိုယ်ကို နှိမ့်ချသော သဘောဖြင့် ဒူးတုပ်၍ ထိုင်ပြီးလျှင် ရှိခိုးကန်တော့ကြ၏။ ထိုင်၍ ဦးချစရာနေရာ မရှိလျှင် သွားရင်းလာရင်းနှင့်ပင် လက်အစုံကို ကြာပဒုံသဏ္ဌာန်ပြု၍ ကန်တော့ခြင်းအမူအရာကို ပြကြ၏။

ဤသို့ ရှိခိုးကန်တော့ခြင်းက မိမိကိုယ်ကို နှိမ့်ချ၍ ဂရုဓမ္မပြုခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဂါရဝပြုလျှင် နှိမ့်ချသော နိဝါတတရားသည် ဒွန်တွဲလျက်ရှိကြောင်း နားလည်အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဂါရဝ နိဝါတတရားတို့သည် အရှေ့တိုင်း၌ လေးလေးနက်နက် လိုက်နာရသော တရားများ ဖြစ်သည်။

ဤကန်တော့ခြင်းဓလေ့သည် ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသား လူမျိုးများအဖို့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်သည်။

သူ့တိုင်းပြည် သူ့ဓလေ့နှင့်သူ ကန်တော့ခြင်း သဘာဝကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်ဟူသေ နိုင်ငံတို့၌ ယနေ့တိုင် အထင်အရှား ရှိနေသည်။ အိန္ဒိယနိုင်ငံ၌ ကျေးလက်တောရွာနေ ဒကာ၊ ဒကာမတို့က သူတို့ကိုးကွယ်သော ဘုန်းကြီးကို ဖဝါး၌ နဖူးကို အပ်၍ ရှိခိုးလေ့ရှိကြ သည်။ ဤကား ဂါရဝ နိဝါတတရား ထွန်းကားခဲ့၍ ယနေ့တိုင်အောင် လည်းထွန်းကားလျက်ရှိခြင်းကို ပြဆိုသည်။ ဤသဘောနှင့်အလားတူ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လောနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တို့တွင်ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိနှင့် ပြည့်စုံသူတို့ကို ရိုသေလေးစားသောဓလေ့သည် ဆိုင်ရာဆိုင်ရာ အမူအရာများအတိုင်း ထွန်းကားမြဲ ထွန်းကားလျက်ရှိသည်။

ဂုဏ်အားဖြင့်လည်းကောင်း၊ အရွယ်အားဖြင့်လည်းကောင်း၊ ငယ် သူက ကြီးသူကို ဂါရဝ နိဝါတတရားဖြင့် ဂရုဓမ္မ ပြုကြသည့်ကိစ္စမှာ တစ်လမ်းသွားကိစ္စ မဟုတ်ပါ။ ငယ်သူက ကြီးသူကို ကန်တော့ပြီးနောက် ကြီးသူက ငယ်သူကို ဂရုဓမ္မမပြုလျှင် ဂါရဝ နိဝါတတရားသည် တစ်လမ်း သွားမျှသာ ရှိပါလိမ့်မည်။

ဤသို့မဟုတ်ပါ။ ငယ်သူကကြီးသူကို ရိုသေသမှု ပြုသောအခါ ကြီးသူကလည်း ငယ်သူကို အပြန်အလှန်အားဖြင့် အလေးဂရုပြုရစမြဲ ဖြစ်သည်။ ဤ၌ ငယ်သူက ကြီးသူကို ကန်တော့သဖြင့် ကြီးသူက ငယ်သူ ကို အပြန်အလှန် ရှိခိုးဦးတင် ပြုကြမည်ဟု မဆိုလိုပါ။ ကြီးသူက ငယ်သူကို အပြစ်ရှိလျှင် ခွင့်လွှတ်၍ ငယ်ရွယ်သူတို့ လိမ္မာရေးခြားရှိသော

www.burmeseclassic.com

www.burmeseclassic.com



လူကြီးဖြစ်လာအောင် သွန်သင်ဆုံးမ စောင့်ရှောက်ရမည့် တာဝန်ရှိခြင်းကို အထူးပြု၍ ဆိုလိုက်ပါသည်။

ကြီးသူက ငယ်သူကို စောင့်ရှောက်ခြင်းသည် အလေးဂရုပြုခြင်းပင် ဖြစ်သည်။ မြန်မာလို အလေးပြုခြင်းဟူသော ဝေါဟာရနှင့် ပါဠိလို ဂါရဝ ဟူသော ဝေါဟာရမှာ အဓိပ္ပာယ်ချင်းတူပါသည်။ ထို့ကြောင့် ဂါရဝတရားကို အပြန်အလှန် ကျင့်သုံးရန် သင့်မြတ်ကြောင်း အဆိုပြုလိုက်ခြင်း ဖြစ်ပါ၏။

လူငယ်က လူကြီးကို ကန်တော့၏။ ထိုအခါ လူကြီးက ကန်တော့ရသော ကုသိုလ်ကြောင့် လူငယ်၌ အပြစ်ကင်းစင်ပါစေ၊ လိုတရပါစေ၊ ကျန်းမာချမ်းသာ၍ အသက်ရှည်ပါစေဟု ဆုပေးသည်။ ဤသည်လည်း လူကြီးက အပြန်အလှန် လူငယ်အပေါ် အလေးဂရုပြုခြင်းပင် ဖြစ်၏။

ဤဂါရဝ နိဝါတတရားတို့ကို မြန်မာတိုင်းရင်းသားတို့ ယနေ့တိုင် ကျင့်သုံးလျက်ရှိသည်မှာ မြတ်စွာဘုရားဟောကြားသော မင်္ဂလာတရား ၃၈ ပါးနှင့် ညီညွတ်သည်။ ထို့ကြောင့် ယင်းတရားတို့ကို ကျင့်သုံးသူတို့၌ ကုသိုလ်ကံ အကျိုးပေးကောင်းလိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့သော် ရှိခိုးကန်တော့တိုင်း ဂါရဝ နိဝါတကို ကျင့်သုံးရာ ရောက်သည်ဟုလည်း ပေါ့ပေါ့မယူဆသင့်ပါ။ မြန်မာတို့ ပြောစမှတ်ပြုသော စကားရှိသည်။ "ဘုန်းကြီးခေါင်းကို ခေါက်ပြီးမှ ကန်တော့ဟုဆိုလျှင် ရိုသေရာ မရောက်" ဟု ဆိုရိုးရှိသည်။

စိတ်ထဲက ရိုသေလေးစားရမည်။ နှုတ်အမူအရာဖြင့်လည်း ရိုသေရမည်။ ကာကကံမြောက်အားဖြင့် ရိုသေစွာ ပြုမူ ကျင့်ကြံရမည်။

ကံသုံးပါးဖြင့် ရိုသေနှိမ့်ချသော အလေ့အထကြောင့် မြန်မာ့လူ့ဘောင် အဆောက်အအုံကြီးသည် အင်္ဂလိပ် မြန်မာစစ်ပွဲသုံးပွဲ၏ ဒဏ်ကိုလည်းကောင်း ၊ ပထမ ဒုတိယ ကမ္ဘာစစ် ဒဏ်ကိုလည်းကောင်း၊ စစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အပြီး စစ်အေးတိုက်ပွဲစသော အနှောင့်အယှက်အမျိုးမျိုး၏ ဒဏ်ကိုလည်း ကောင်း ကောင်းစွာခံနိုင်ရည်ရှိခဲ့ပြီဟု ကျွန်တော် တွေးတောယူဆမိပါသည်။ ကျွန်တော်တို့လူမျိုးများအချင်းချင်း တစ်ဦးက တစ်ဦးကို အလေးဂရုပြု၍ စောင့်ရှောက်ခဲ့ကြသောကြောင့် ကမ္ဘောဒီးယားနိုင်ငံ၊ လောနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့၌ ကြုံတွေ့ခဲ့ကြရသော အနိဋ္ဌာရုံမျိုးကို ကျွန်တော်တို့ မကြုံတွေ့ရပါ။

အချင်းချင်း အကြီးအကျယ် သတ်ကြ ဖြတ်ကြသော စရိုက်တို့နှင့် ကျွန်တော်တို့ မကြုံတွေ့ခဲ့ရပါ။ ထုံးစံအတိုင်း ပြောရလျှင် စစ်ကာလများအတွင်း အချင်းချင်း ရန်ဖြစ်ကြသည့် ကိစ္စများ ရှိပါသည်။ မြန်မာ့ရန်သူတို့က သွေးတိုး၍ တိုင်းရင်းသားချင်း တုတ်၊ ဓား၊ လှံ၊ သေနတ်တို့ကို ကိုင်၍ တိုက်ခိုက်ခဲ့ကြသည်လည်း ရှိခဲ့ဖူးပါ၏။ သို့သော် ရန်ဖြစ်နေသတို့ ရန်ဖြစ်နေကြစဉ် ရန်မဖြစ်သော တိုင်းရင်းသားလူမျိုးစုံတို့ အချင်းချင်း သင့်တင့်ညီညွတ်စွာ ဆက်ဆံပေါင်းသင်း နေထိုင်လျက်ရှိကြပါသည်။

တစ်ချိန်က အင်းစိန်မြို့နယ်ကို လူမျိုးရေးအရ သောင်းကျန်းသော နယ်မြေဟု ပြောစမှတ်ပြုကြပါသည်။

သို့သော် သောင်းကျန်းနေပါသည်ဟု ဆိုရသော အချိန်ကာလ အတွင်း၌ပင်လျှင် ပြည်သူလူထုထဲတွင် ပါဝင်သော လူထုလူတန်းစား ကရင်၊ မြန်မာ အမျိုးသားအားလုံးတို့သည် တစ်ဦးကိုတစ်ဦး စောင့်ရှောက်ခဲ့ပါသည်။

ဤစကားကို ကျွန်တော် လောကွတ်သဘောမျှ ပြောနေခြင်း မဟုတ်ပါ။ အဓိကရုဏ်းခေတ်က ကျွန်တော်သည် ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးအဖြစ်ဖြင့် အခင်းဖြစ်ရာနေရာများသို့ တာဝန်အလျောက် ရောက်ခဲ့ပါသည်။

ထိုအခါ ကျွန်တော်တွေ့ခဲ့သည်မှာ လူထုအစိတ်အပိုင်းထဲမှာ ပါဝင်သော ကရင်အမျိုးသားနှင့် မြန်မာအမျိုးသားတို့သည် အတူတကွ လက်

www.burmeseclassic.com

www.burmeseclassic.com



တွဲ၍ စိတ်ဝမ်းကွဲသော အန္တရာယ်ကို ရှောင်ကွင်းခဲ့ကြခြင်း ဖြစ်ပါသည်။ ဆောင်းပါးရှည်မည်စိုး၍လည်းကောင်း၊ လိုရင်းမရောက်မည်စိုး၍လည်းကောင်း အကျယ်မရေးလိုက်ပါ။

ဤအဖြစ်အပျက်ကို ပြန်လည်၍ စဉ်းစားကြည့်သောအခါ ကျွန်တော်တို့ တိုင်းရင်းသားများအားလုံး ဂါရဝနိဝါတတရား ခါတ်ခံရှိသောကြောင့် ရန်ဖြစ်နေသူများ ရန်ဖြစ်နေကြသော်လည်း သင့်တင့်စွာ ချစ်ခင်ပေါင်းသင်းနေသူတို့ကလည်း အချင်းချင်း လည်ပင်းဖက်နေကြသည်ကို တွေ့မြင် သိရှိခဲ့ရပါသည်။

စင်စစ်ဂါရဝတရားသည် မနုဿလူသားတို့ လူ့ဘောင်အဆောက်အအုံကိုတည်ဆောက်၍ အချင်းချင်းချစ်ခင်ညီညွတ်စွာ ပေါင်းစည်းစေရန် စေ့ဆော်ပေးသော တရားပင်ဖြစ်သည်။

လူကြီးသည် လူငယ်တို့ ကြီးပွားတိုးတက်အောင် မကောင်းမှုကို ရှောင်ရန်၊ ကောင်းမှုကို ဆည်းပူးရန် လမ်းညွှန်သည်။ ဤကား လူငယ်ကို လူကြီးက အလေးဂရုပြုခြင်း ဖြစ်၏။

လူငယ်သည် လူကြီး၏ ဩဝါဒကို ရိုသေစွာလိုက်နာသည်။ ဤကား လူငယ်က လူကြီးကို ဂရုစိုက်ခြင်း အလေးဂရုပြုခြင်းပင် ဖြစ်သည်။

ဂါရဝတရားသည် မေတ္တာ၊ စေတနာအပေါ်၌ အရင်းခံသည်။

ထို့ကြောင့် ဂါရဝတရားနှင့် ပြည့်စုံသောအခါ လူသားအချင်းချင်း ချစ်ခင်ညီညွတ်ကြ၏။ ဤသဘောကြောင့် လူမျိုးနှင့်တိုင်းပြည် ကြီးပွားတိုးတက်၏။ ညီညွတ်ချစ်ခင်ခြင်းကြောင့် လူလောကသည် အေးချမ်းသာယာ၏။

ကျွန်ုပ်တို့ နိုင်ငံတွင် သီတင်းဝါလကျွတ်သောအခါ လူငယ်၊ လုံမငယ်တို့က လူကြီး၊ မိဘ၊ ဆရာသမားတို့ကို ကန်တော့ကြ၏။ လူကြီးတို့ကပေးသော ဩဝါဒကို ခံယူကြ၏။ လူကြီးတို့၏ မေတ္တာ၊ စေတနာကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ခံယူကြ၏။ ကျန်းမာချမ်းသာ၍ အသက်ရှည်ပါစေဟူသောလူကြီးတို့က ပေးသည့်ဆုကိုလည်း ခံယူကြ၏။

လူကြီးတို့ကလည်း ဆရာဘုန်းတော်ကြီးထံ ချဉ်းကပ်၍ ကန်တော့ကြ၏။ ဆရာတော်တို့ကလည်း ကောင်းမှုကုသိုလ် ပွားများစေရန် လူကြီးမိဘ ဆရာသမားတို့အား တရားဓမ္မ ဟောကြားပြသကြ၏။

ဤအစဉ်အလာကို လိုက်၍ ရပ်ထဲရွာထဲ၌ သက်ကြီးပူဇော်ပွဲကို ကျင်းပကြ၏။

စာရေးဆရာအပါအဝင် သတင်းစာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာစသည့် ကလောင်အနုပညာရှင်တို့ကလည်း သက်ကြီးပူဇော်ပွဲကို ကျင်းပကြ၏။

အဆို၊ အက၊ ဂီတ၊ အနုပညာရှင်တို့ကလည်း ဤဂါရဝပြုခြင်း လုပ်ငန်းကို ဆောင်ရွက်ကြ၏။

ထို့ကြောင့် ဂါရဝ၏ အနက်အဓိပ္ပယ်သည် နက်နဲသိမ်မွေ့လာသည်။ ဂါရဝကြောင့် တိုင်းကြီး နိုင်ငံကြီးများကို ထူထောင်နိုင်သည်ဟူ၍ ကျွန်ုပ်တို့ သဘောပေါက်သင့်လှပေသည်။

ဂါရဝတရား၏ လေးနက်သော အဓိပ္ပာယ်နှင့် တန်ဖိုးကို နားလည်၍ ဂါရဝတရားကို ကျင့်သုံးလျှင် ချစ်ခင်ညီညွတ်စည်းလုံးခြင်းဟူသော အကျိုးကျေးဇူးများကို ခံစားရ၍ လောကကြီး ငြိမ်းချမ်းသာယာလာပါလိမ့်မည်။

**ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၄၄၃ ၊ ဇွန်လ ၁၉၉၇**

www.burmeseclassic.com

www.burmeseclassic.com

# ပီယဝါစာ

ပြည်သူလူထုနှင့် ဆက်ဆံရသော လုပ်ငန်းခွင်တို့၌ ပြည်သူ့ဆက်ဆံရေး နည်းစနစ်တို့သည် အရေးကြီး၏။ အရေးကြီးသည့်အလျောက် ယင်းစနစ်ကို ကောင်းစွာ အသုံးပြုကြရ၏။ နည်းမှန်လမ်းမှန်အသုံးပြုလျှင် အကျိုးရှိ၏။ ဆောင်ရွက်သမျှ အောင်မြင်၏။ ထို့ကြောင့် စျေးရောင်းသောလုပ်ငန်းမျိုးမှအစ လူထုစည်းရုံးရေးလုပ်မျိုးအထိ ပြည်သူ့ဆက်ဆံရေး နည်းနာနယတို့ကို ခေါင်းဆောင်အရာ၌ တည်သူသည် အထူး အလေးဂရုပြုအပ်သည်။

စျေးဝယ်သူက စျေးရောင်းသူအား "ဤပစ္စည်းကို လိုချင်ပါသည်၊ ရှိသလား" ဟု မေးသောအခါ စျေးရောင်းသူက "မရှိဘူး" ဟုတရားခံကရဲအရာရှိကို ဘူကွယ်သလို ကွယ်၍ တုံးတိတိ ပြောလိုက်လျှင် ဝယ်သူစိတ်ထဲ မည်သို့နေမည်နည်း တစ်ခါဆက်ဆံမိလျှင် ဆယ်ခါလန်လိမ့်မည်။

စျေးရောင်းသူက စျေးဝယ်သူအား "ကျွန်မတို့ဆိုင်မှာ ဒီပစ္စည်း မရှိပါဘူးရှင်။ ဟောဟိုဆိုင်မှာ ရနိုင်ပါလိမ့်မယ်" ဟု ညွှန်းလိုက်လျှင် ဝယ်သူသည် လွန်စွာကျေးဇူးတင်ပြီးလျှင် အခါအခွင့်သင့်တိုင်း ရောင်းသူ ဆက်ဆံရေးကောင်းကြောင်းကို အခမဲ့ကြော်ငြာပေးလိမ့်မည်။ ဤသဘာဝကြောင့် ဆက်ဆံရေး ကောင်းသူသည် ကြီးပွားတိုးတက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကိစ္စတစ်ခုရှိ၍ ရုံးသို့သွားပြီး စာရေးကြီးကို မိတ်ဆွေက မေးမြန်းကြည့်သည်ဆိုပါစို့။ ထိုအခါ စာရေးကြီးက မိတ်ဆွေမေးသောကိစ္စနှင့် ဆိုင်သည့်အမှုတွဲကို လက်နှင့်ဖုံး၍ မေးသည်ကို မဖြေဘဲ မျက်နှာထားတင်းတင်းနှင့် နဂါးမျက်စောင်းထိုးသလို မိတ်ဆွေကို ထိုးလိုက်ပြီဆိုပါတော့။ မိတ်ဆွေစိတ်ထဲ ဘယ်လိုနေမလဲ။ စားရေးကြီးအပေါ် အမုန်းပွားပြီးလျှင် စာရေးကြီးလုပ်ကိုင်နေသော ဌာနကြီးတစ်ခုလုံးကို မိတ်ဆွေ ကျိန်ဆဲမိလိမ့်မည်။

စာရေးကြီးက "ခင်ဗျားကိစ္စ ပြီးနေပါပြီ။ ညွှန်ကြားရေးမှူး လက်မှတ်ထိုးဖို့ပဲ လိုပါတော့တယ်။ ခဏစောင့်ပါ။ သူလာလျှင် ပြီးအောင် လုပ်ပေးပါမယ်" ဟု မိတ်ဆွေကို ပြန်ပြောလျှင် မိတ်ဆွေသည် ကိစ္စပြီးပြတ်အောင် တစ်နေကုန်စောင့်ရစေကာမူ စာရေးကြီးကို အမြဲ ကျေးဇူးတင်နေလိမ့်မည်။ စာရေးကြီးကို လမ်းမှာတွေ့တိုင်း မိတ်ဆွေက လက်ဖက်ရည်သောက်ရန်ဖိတ်ကြားချင်သောစိတ်များ တဖွားဖွား ပေါ်လာလိမ့်မည်။

နှုတ်ချို လျှိုတစ်ပါးဟူသော စကားစဉ် ရှိသည်။ နှုတ်ချိုခြင်းကို ပိယဝါစာဟူ၍လည်း ရည်ညွှန်းကြသည်။ မင်္ဂလာတရား ၃၈ ပါးထဲ၌ သုဘာသိတစ ယာဝါစာဟူသော မင်္ဂလာတရား ပါဝင်သည်။ ကောင်းသော စကားကို ဆိုခြင်းသည် မင်္ဂလာမည်၏။ သူတစ်ပါး စိတ်မချမ်းသာ မဖြစ်ရအောင် နှုတ်ဖြင့် စောင်မခြင်းနည်းနသဃယသည် လူထုအများနှင့် ဆက်ဆံသောကိစ္စ၌ စောင်မခြင်း နည်းနိသဃယသည် လူထုအများနှင့် ဆက်ဆံသောကိစ္စ၌ အလွန်အရေးပါ အရာရောက်လှပေသည်။

ကျွန်တော့စိတ်အထင် ပြည်သူ့ဆက်ဆံရေး သဘောတရားကို နိုင်ငံတော်အစိုးရတို့ အထူးသတိမူခဲ့သည်မှာ ၁၉၁၄-၁၈ ခုနှစ်အတွင်း ဖြစ်ပွားသော ပထမကမ္ဘာစစ် စသည်ဟု ထင်သည်။

ပထမကမ္ဘာစစ် မဖြစ်မီက ဥရောပတိုက်တွင် ဗြိတိသျှ၊ ပြင်သစ်၊ ရုရှား စသော နိုင်ငံတို့သည် ယင်းတို့၏ အင်ပိုင်ယာများကို တစ်ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုံး၌ ချဲ့ထွင်နေကြသည်။ အလုအယက် နယ်ချဲ့လာသောအခါ ဥရောပ တိုက်ထဲတွင် ညပ်နေသော ဂျာမနီသည် ဩစတြီးယား၊ ဟန်ဂေရီ၊ တူရကီ၊ ဘူဂေးရီးယား စသော နိုင်ငံတို့ကို ဦးဆောင်၍ ကိုလိုနီနယ်မြေကို လုယက်သော စစ်ပွဲကြီးကို ဆင်နွှဲသည်။

၁၇ ရာစုခေတ်မှစ၍ ပြုစုပျိုးထောင်ခဲ့သော ဗြိတိသျှအင်ပိုင်ယာသည် မိမိပိုင် ကိုလိုနီတို့ကို သခင်က ကျွန်ကိုဆက်ဆံသကဲ့သို့ ဆက်ဆံသည်။ အစိုးရနှင့် ပြည်သူအချင်းချင်း အညီအညွတ်တိုင်ပင်သော ဆက်ဆံနည်းကို လိုက်နာရမှန်း မသိချေ။

သို့သော် ပထမကမ္ဘာစစ်ဖြစ်ပြီးနောက် ကိုလိုနီနယ်ပယ်တို့က ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကြိုးပမ်းလာသောအခါ ဗြိတိသျှတို့သည် စိုးမိုးခြင်းခံရသော တိုင်းရင်းသားတို့ကို တစ်စတစ်စ လိုက်လျောလာကြသည်။ သို့သော် အင်ပိုင်ယာကိုမူ ခိုင်မြဲအောင် တိုး၍ တိုး၍သိမ်းသွင်းလာကြသည်။

ကလေးဘဝ၌ ကျွန်တော်သတိပြုမိသည်ကား ဗြိတိသျှအစိုးရဒေသန္တရအာဏာပိုင်တို့က စာသင်ကျောင်းများရှိ ကျောင်းသားလူငယ်တို့အား ယူနီယံဂျက်အလံတံဆိပ်ပါသော ပိုးပဝါတစ်ထည်စီ လက်ဆောင်ပေးသည့်ကိစ္စ ဖြစ်သည်။ မြန်မာပြည်ကို အင်္ဂလိပ်ရှင်ဘုရင် အုပ်စိုးလျက်ရှိကြောင်း ပြဆိုလို၍ ဖြစ်သည်။

ဦးဖိုးစိန်၏ ဇာတ်ပွဲရောက်လာသောအခါ ဦးဖိုးစိန်၏ ယိမ်းသမများက "ဂျော့ဘုရင် ရွှေဘုန်း၊ နေတနွန်းပမာယူ"ဟူသော သီးချင်းဆိုသည်ကိုလည်း ကျွန်တော်တို့ လူမမည်များ နားသောတဆင်ခဲ့ရသည်။

ယခု ဤအကြောင်းကို ပြန်စဉ်းစားသောအခါ ဗြိတိသျှ၊ ပြင်သစ်ရုရှား ပါဝင်သော အင်ပိုင်ယာ နယ်ချဲ့ဝါဒ မဟာမိတ်များကို ပြည်သူ့ဆက်ဆံရေး နည်းပညာဖြင့် ပွဲထုတ်ခဲ့သည်ဟု စဉ်းစားမိသည်။ ယင်းအုပ်စုထဲသို့ စစ်ဖြစ်ခါနီးတွင် အမေရိကန်တို့ ဝင်လာကြသည်။ အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



သည် အင်ပိုင်ယာဝါဒသမားတို့နှင့်နီးစပ်သော အရင်းရှင်စနစ်ဖြင့် ကြီးပွား နေသည့်နိုင်ငံ ဖြစ်သည်။

သို့သော် ကိုလိုနီနယ်ချဲ့တို့၏ ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ စိတ်ကူးကောင်းရုံမျှသာ ဖြစ်သည်။ လက်တွေ့၌ကား ဗြိတိသျှတို့သည် (Imperial Idea)အင်ပိုင်ယာဝါဒကို စာသင်ကျောင်းများမှအစ သွတ်သွင်း ပြီးလျှင် တစ်ဆင့်စီ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာမည့် တိုင်းရင်း သားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အုတ်မြစ်ချပေးလိုက်ဘသကဲ့သို့ ပြုမူ သည်။ သို့သော် ဝါဒဖြန့်ပုံက တစ်မျိုး၊ လက်တွေ့လုပ်ပုံက တစ်ဖုံဖြစ် သည်။ ဤသည်ကို အိန္ဒိယ၊ မြန်မာနှင့် အလားတူ ကိုလိုနီနယ်ပယ်များ က နားလည်ကြသည်။ ထို့ကြောင့် တစ်စတစ်စနှင့် လွတ်လပ်ရေး ကြိုးပမ်း မှုသည် ပြင်းထန်လာသည်။ ဤပြင်းထန်သောအရှိန်သေအောင် အစိုးရ အာဏာပိုင်တို့က ပြန်ကြားရေးလုပ်ငန်းသဘောတရားနှင့် ပြည်သူ့ဆက်ဆံ ရေး သဘောတရားတို့ကို အသုံးချလာသည်။ သို့သော် ဦးစွာ၌အစိုးရ၏ ပြန်ကြားရေးလုပ်ငန်းတို့ကို ပြည်ထဲရေးဌာနလက်အောက်ခံ ရုံးခန်း ကလေးတစ်ခု ဖွင့်လှစ်၍ သူကြီးဂေဇက်ကိုလည်းကောင်း ၊ ရွှေပြည်တော် ကိုလည်းကောင်း ပုံနှိပ်ထုတ်ဝေ ဖြန့်ချိသည်။

ယင်းအစိုးရထုတ် ပြန်ကြားရေးသတင်းစားတို့သည် အစိုးရ၏ အမိန့်ကြော်ငြာစာများကို ဖော်ပြရုံမျှသာ ရှိသည်။အစိုးရ၏ လုပ်ငန်းတို့ကို လယ်သမား၊ အလုပ်သမား စသော အခြေခံလူတန်းစားများ သိရှိနားလည် ကျွမ်းကျင်အောင် ပညာဖြန့်ဖြူးသော သဘောတရား နည်းပါးသည်။

ပထမကမ္ဘာစစ်တွင် ဂျာမန် အင်ပိုင်ယာ၊ ဩစတြီးယား၊ ဟန်ဂေရီ အင်ပိုင်ယာ၊ ရုရှားအင်ပိုင်ယာတို့ ပြိုကွဲပျက်စီးသည်။ ဗြိတိသျှအင်ပိုင်ယာ ကား ကမ္ဘာ့လေးပုံတစ်ပုံခန့် ကြီးထွားလာသည်။

သို့သော် ပထမကမ္ဘာစစ်ပြီး၍ ၂၁ နှစ်ကြာသော် ဗြိတိသျှနိုင်ငံသည် ဟစ်တလာ၏ နာဇီဂျာမနီနိုင်ငံကို စစ်ကြေညာရသည်။ စစ်ဖြစ်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်းမှာ ပထမကမ္ဘာစစ်အပြီးတွင် စာချုပ်ဖြင့် မဟာမိတ်တို့က ဖိနှိပ်ခဲ့သော ဂျာမနီသည် နာဇီဝါဒကို လက်ကိုင်ပြု၍ ဗြိတိသျှဦးစီးသော ဥရောပနိုင်ငံတို့ကို တွန်းလှန်တိုက်ဖျက်လိုခြင်းကြောင့် ဖြစ်သည်။ ဂျာမနီသည် အီတလီနှင့် ဂျပန်တို့ကို စည်းရုံး၍ ဝင်ရိုးစွန်းနိုင်ငံကို ထူထောင်ပြီးလျှင် ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ အမေရိကန်နိုင်ငံတို့ ပါဝင်သော မဟာမိတ်အင်အားစုကို ငါးနှစ်ကြာတိုက်ခိုက်သည်။ ဥရောပမှစခဲ့သော ထိုစစ်သည် နှစ်နှစ်၊ သုံးနှစ်မျှမကြာမီ အာရှတိုက်သို့ ကူးစက်လာခဲ့ရာ ၁၉၄၂-၄၅ ခုနှစ်များတွင် ဗြိတိသျှကို လက်လွှတ်စွန့်ခွာခြင်းဒဏ်ကို မြန်မာတိုင်းရင်းသားတို့ မရှုမလှ ခံခဲ့ရလေသည်။

ဤတွင်ဗြိတိသျှတို့သည် တိုင်းရင်းမြန်မာတို့၏ နှစ်ကိုယ်တစ်စိတ်ဆက်ဆံခြင်း မပြုခဲ့သော အမှားကို ပြင်ရန် ဒေလီမြို့မှနေ၍ အသံလွှင့်၏။ ရွှေပေလွှာချ၏။ သို့သော် ခိုကိုးရာမဲ့သော မြန်မာတိုင်းရင်းသားတို့သည် ဖက်ဆစ်ဂျပန်တို့၏ အနှိပ်အစက်ကို အလူးအလဲခံရ၏။ ဂျပန်က ထူထောင်ပေးသော လွတ်လပ်သည့် မြန်မာနိုင်ငံအစိုးရအဖြစ်ဖြင့် သတင်းနှင့်ဝါဒဖြန့်ချိရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတို့ကို အဟာမိတ်တို့ ဗုံးကြဲနေသည့်ကြားထဲမှာပင် မိမိတို့ဘာသာမိမိ တီထွင် လုပ်ကိုင်ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်အတွင်း ပြည်သူလူထုနှင့် အစိုးရတို့ ဆက်ဆံသောလုပ်ငန်းနှစ်မျိုးကို တွေ့ရ၏။ နာဇီဂျာမနီအုပ်စုသည် ပြည်သူလူထုကို နားလှည့်ပါးလှည့်လုပ်၍ ဝါဒဖြန့်ကာ မိမိဘက်သို့ပါအောင် သိမ်းသွင်းသောနည်းကို အသုံးပြု၏။ ထိုနည်းသည် လိမ်နည်းဖြစ်၍ မုသာဝါဒီဟု ခေါ်ဆိုလိုက်ပါသည်။

ထိုနည်းအရပြောစရာရှိလျှင် ပရိယာယ်ဝေဝုစ်တို့ဖြင့် ပြောဆိုရသော နည်းဖြစ်ရာ တစ်ခါတစ်ရံလိမ်လည်လှည့်ဖြားသူသည် မိမိလိမ်ထားသော အချက်ကိုပင် ဟုတ်ပြီမှန်ပြီဟု ထင်မှတ်လာလေသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



မုသာဝါဒပူပေါင်းကြီး ပေါက်ကွဲသောအခါ အဖတ်ဆယ်၍ မရနိုင်လောက်အောင် ဖရိုဖရဲ ဖြစ်ရလေသည်။ ထိုနည်းကို နာဇီဂျာမနီတို့က အသုံးများသည်။

သို့သော် ထိုနည်းသည် အစပထမ၌ အလွန်ထိရောက်သည်။ ဗြိတိသျှ ပါဝင်သော မဟာမိတ်တို့သည် ရှေးရိုးအတိုင်း အမှန်ကို အမှန်ဟု ဖော်ပြတတ်သော ဓလေ့ရှိသည်။ ယင်းအချက်ကို အမှတ်ရလွယ်အောင် သစ္စာဝါဒီဟု ခေါ်လိုက်ပါသည်။ အကြိတ်အနယ် ဆောင်ရွက်ရသော အချိန်ကာလတွင် ပြည်သူ့ဆက်ဆံရေးအတွက် ရိုးရိုးစင်းစင်း ဆောင်ရွက်နေရသောကြောင့် လိုရင်းသို့ရောက်ရန် အလွန်ခက်သည်။ ထို့ကြောင့် သူလိမ်လျှင် ငါညာမည်ဟူသော အတွေးအခေါ်များ ပေါ်ပေါက်လာမည်။ စစ်တိုက်နေသော ကာလအတွင်း သတင်းစာဆရာလောကထဲတွင် မုသာဝါဒီနှင့် သစ္စာဝါဒီတို့ ငြင်းခုံကြသည်။ ထိုအခါ ထင်ရှားသော သတင်းထောက်ကြီး ဝစ်ခမ်စတီ(Wickham Steed) က အမှန်တရားကိုသာ ဆုပ်ကိုင်၍ စိတ်ရှည်ရှည်ထားပြီး ဝါဒဖြန့်ရန် အကြံပေးခဲ့သည်။

လိမ်ညာလှည့်ဖျားခြင်း၌ ပထမဟုတ်နိုးနိုးရှိသော်လည်း အရှည်ကို ကြည့်၍ ပြောလျှင်မူကား အမှန်ကို အမှန်အတိုင်း သုဘာသိတာစ ယာဝါစာဟူသော မင်္ဂလာတရားနှင့်အညီ ပြောဆို၍ ပြည်သူလူထုနှင့် ဆက်ဆံသောအခါ နိုင်ငံတော်အစိုးရတို့သည်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုစသော လုပ်ငန်းကြီးများကို လုပ်ကိုင်နေရသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း နောက်ဆုံးတွင် အောင်မြင်မှုကို ရရှိသည်ချည်းဖြစ်သည်။ ထို့ကြောင့် အဆိုပါသတင်းထောက်ကြီးက အဟာမိတ်အင်အားစုတို့အား စိတ်ရှည်ပါရန် တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

ယခုခေတ်၌ ပြည်သူ့ဆက်ဆံရေးနှင့်ဆိုင်သော နည်းနိဿယတို့သည် အလွန်များပြားပါသည်။ သို့ရာတွင် ယခု ပြဆိုခဲ့သော စကားစဉ်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို စဉ်းစားကြည့်လျှင် ဝါဒဖြန့်ရာ၌ဖြစ်စေ၊ စိတ်တူသဘောတူ အချင်းချင်း တိုင်ပင်ရာ၌ ဖြစ်စေ၊ လုပ်ငန်းဆောင်တာ ကြီးကြီးကျယ်ကျယ်တို့ကိုဆောင်ရွက်ရာ၌ဖြစ်စေ အမှန်တရားကို ထုတ်ဖော်၍ စည်းရုံးခြင်းသည် အခြေခံဖြစ်သည်ဟု တွေးကြည့်ရလိမ့်မည်။ အခြေခံကို မူတည်၍ အလိမ္မာဖြင့် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်လျှင် ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၌ အောင်မြင်မှု မုချရလိမ့်မည်။ အမှန်တရားအပေါ်၌ တွေဝေနေစရာမလိုပါ။

**မြဝတီဂျာနယ်၊ ၁၅၊ မေလ ၁၉၉၇**

www.burmeseclassic.com

# မေတ္တာသည်သာလျှင်

ကျွန်တော်သည် တောင်ကြီးမြို့သို့ နှစ်ခေါက်သုံးခေါက်လောက် ရောက်ဖူးပါ၏။ ရောက်သည့်အခါတိုင်း ငွေဥဒေါင်းနှင့် တွေ့ချင်သော်လည်း မတွေ့ခဲ့ရပါ။ သူ့ကို တွေ့ချင်လျှင် သွားဆရာဝန် ဒေါက်တာအောက်ကျော်နှင့် တွေ့ရပါလိမ့်မည်။ သူနှင့် နဖူးစာ မဆုံခဲ့ပါ။ ထိုအတွင်း ကျွန်တော်၏ သားဖြစ်သူ ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာန တွဲဖက်ပါမောက္ခသည် တွဲဖက်မဖြစ်သေးမီ တောင်ကြီးကောလိပ်၌လည်း နှစ်အနည်းငယ်မျှ အမှုထမ်းခဲ့ဖူးသောကြောင့် သူ့ကို အကြောင့်ပြုပြီး စာဖြင့်ဆက်သွယ်၍ မိတ်ဆွေဖြစ်ခဲ့ရပါသည်။ ကျွန်တော်က ဒေါက်တာအောင်ကျော်သည် သွားဝေဒနာကိုသာ ကုသသောဆရာဝန်ဖြစ်သည်။ တရားဓမ္မကို ပြသ၍ သွာဝေဒနာရှင်တို့ကို သက်သာအောင် ကုသနိုင်မည်မဟုတ်ဟု ထင်မှတ်မှားမိသည်။ သူနှင့် အတော်အသင့် ကျွမ်းဝင်လာသောအခါ ဒေါက်တာအောင်ကျော်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မကို အများ သက်ဝင်ယုံကြည်လေးစားအောင် ဟောပြောနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု နားလည်လာပါသည်။ ဒေါက်တာအောင်ကျော် နေထိုင်ရာဒေသမှာ ခရစ်ယာန်ဘာသာဝင်တို့ အခြေစိုက်ရာဒေသဖြစ်သည်။ ထို့ကြောင့် ဘာသာအယူ

www.burmeseclassic.com

www.burmeseclassic.com



ကွဲပြားသဖြင့် ပေါင်းသင်းဆက်ဆံရေး၌ သင့်သင့်မြတ်မြတ် ရှိနိုင်ပါမည်လောဟု စဉ်းစားစရာရှိနေသည် သို့သော် ဆရာဒေါက်တာအောင်ကျော်၏ စာအရေးအသား၌ အကျွမ်းဝင်လာသောအခါ ဒေါက်တာအောင်ကျော်သည်(၁)ချမ်းသာစွာ အိပ်ရခြင်း၊ (၂)ချမ်းသာစွာ နိုးရခြင်း၊ (၃)အိပ်မက်ဆိုးမမက်ခြင်း၊ (၄) လူချစ်လူခင်ပေါများခြင်း၊ (၅)နတ်များ၏မေတ္တာကိုခံယူရခြင်း၊ (၆)နတ်တို့၏ စောင့်ရှောက်မှုကို ခံယူရခြင်း၊ (၇)လောင်မီးကျ၍ လက်နက်ဒဏ်၊ အဆိပ်ဒဏ်ကို မခံရခြင်း၊ (၈)သမာဓိ ရလွယ်ခြင်း၊ (၉)စိတ်နှလုံး ကြည်လင်ခြင်း၊ (၁၀)ဘဝနိဂုံး၌ တွေဝေခြင်းမှကင်းခြင်း၊ (၁၁)ဘဝပြောင်းသည့်အခါ အရဟတ္တဖိုလ်သို့ မရောက်သေးမီစပ်ကြား၌ ပြဟ္မာဖြစ်ရခြင်းစသော မေတ္တာဘာဝနာ၏ အကျိုးကိုခံစားရသောကြောင့် တရားရှာသူတို့၏ အသိုက်အဝန်းထဲမှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသင့်မြတ်စွာ နေထိုင်ရပါလိမ့်မည်ဟု သူ၏အပေါ်တွင် ထင်မြင်ယူဆ၍ သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။

ထို့ကြောင့် ဒေါက်တာအောင်ကျော်အပေါ်၌ ကျွန်တော်စိတ်ဝင်စားသည့်အတိုင်း ကျွန်တော်ယခု အကဲခတ်သည်ကို စာရှုသူတို့က တစ်ဆင့်အကဲဖြတ်ကြည့်ကြပါ။ သူ့အပေါ် ကျွန်တော် ပုဂ္ဂိုလ်စွဲဖြင့် ရေးသော်ငြားလည်း စင်စစ်ကျွန်တော်၏ အာသီသမှာ အများနှင့်ဆိုင်သော ဓမ္မဓိဋ္ဌာန်သဘောဖြစ်ခြင်းကြောင့် ကျွန်တော်စဉ်းစားသကဲ့သို့ ဓမ္မမိတ်ဆွေများစဉ်းစားနိုင်အောင် တင်ပြလိုက်ပါသည်။ တရားဓမ္မနှင့် စပ်လျဉ်း၍ကျွန်တော့အမြင်မှာ သမာဓိအရာ၌ ရင့်သန်နေသူများ၏အမြင်နှင့် နှိုင်းစာလျှင် အနိမ့်ဆုံးအခြေခံမျှသာ ရှိပါလိမ့်မည်။ သို့သော် အခြေခံမှစ၍နှိုင်းစာလျှင် အမြင်ကတ်စရာအကြောင်းသာ ရှိပါလိမ့်မည်။ ကျွန်တော်တို့သည် သင်ပုန်းကြီးကုန်အောင် ကကြီး၊ ခကွေး အခြေခံမှစ၍ သင်ယူခဲ့ကြသောကြောင့် မင်္ဂလသုတ်၏ အကျိုးတရားကို နားလည်ကျင့်သုံးနိုင်ကြပါသည်။ ဤအခြေခံသဘောကို နားလည်လျှင် ဒေါက်တာအောင်ကျော်၏

www.burmeseclassic.com

www.burmeseclassic.com



အာသီသကို နားလည်လာကြလိမ့်မည်ဟု ယူဆ၍ ဤစာကိုရေးပါသည်။ ကျွန်တော့စာထဲမှာ အယူအဆအများအယွင်းပါလျှင် ထိုအမှားအယွင်းတို့သည် ဒေါက်တာအောင်ကျော်နှင့် မဆိုင်၊ ကျွန်တော့အပြစ်သာ ဖြစ်ပါသည်။ အပြစ်ကိုမြင်သည်ရှိသော် ကျွန်တော်ကို ပြင်ပေးကြပါ။

၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီဟု ကျွန်ုပ်တို့မှတ်သားခံရ၏။ ၁၉၁၄-၁၈ ခုနှစ်အတွင်း ပထမကမ္ဘာစစ်ဖြစ်သောအခါ ကျွန်တော်တို့မှာ ပုဆိုးကွင်းသိုင်းအရွယ်မျှသာ ရှိသေးသဖြင့် ဝေးလံသော ဥရောပ၌ စစ်ဖြစ်ရာ ကမ္ဘာသူ ကမ္ဘာသားတို့ ဒုက္ခရောက်နေကြစဉ် ကျွန်တော်တို့ ကျောင်းသားလူငယ်များသည် 'ဆန်တစ်ပြည်သုံးပဲ၊ ဂျာမနီဗုံးကြဲ' ဟူသော သီးချင်းကို ဟစ်၍ ဆိုကာ ကခုန်ခဲ့ကြ၏။ စစ်ကြီးပြီးသွားသောအခါ ကျွန်တော်တို့လူကြီးမဖြစ်သေးသောကြောင့် ဆရာက သင်ပေးသော'ဂျော့ဘုရင် ရွှေဘုန်း၊ နေတန္ခုန်းပမာယူ'ဟု ဟစ်အော်ကာ ကမြူတိုင်း ကကြပြန်သည်။ စစ်ဖြစ်တာ ပျော်စရာဟု ကျွန်တော်တို့ ထင်မှတ်ခဲ့ကြဟန် တူသည်။ ၁၉၃၉-၄၅ ခုနှစ်အတွင်း ဒုတိယကမ္ဘာစစ် ဖြစ်တော့မှ သတ္တန္တရကပ်ဆိုသဟာကို ကျွန်တော်တို့ နားလည်လာကြသည်။ ကံကောင်းထောက်မ၍ မြန်မာနိုင်ငံသို့ စစ်ဦးလှည့်လာခိုက် ရုတ်တရက် စစ်ပြေငြိမ်းသောကြောင့် ကျွန်တော်တို့သည် စစ်ကြီးပြီးပြီဟုဆို၍ ကလေးဘဝက ကကြခုန်ကြဘိသကဲ့သို့ ခုန်ကြပြန်သည်။ သို့သော် ယခု ဤစာကိုရေးနေသည့်အချိန်အထိ ကျွန်ုပ်တို့ ကမ္ဘာသူကမ္ဘာသားများသည် ငြိမ်းချမ်းရေး မရကြသေး။ သတ်ဖြတ်ခြင်းဟူသော သတ္တန္တရကပ်၏အရှိန်ကြောင့် ငတ်မွတ်ခေါင်းပါးခြင်းဟူသော ဒုဗ္ဘိက္ခန္တရကပ်နှင့် ရင်ဆိုင်နေကြရသည်။ ငတ်မွတ်၍ အာဟာရနှင့် မပြည့်စုံသောအခါ ရောဂါဘေးတည်းဟူသော ရောဂန္တရကပ်ကြီး ဆိုက်ပြန်သည်။ ယင်းအခြေခံကပ်ကြီးသုံးပါးအပြင် အခြားအခြားသော ကပ်များကိုလည်း ရင်ဆိုင်နေကြရသည်။ လူမျိုးရေးကို စွဲ၍လည်းကောင်း၊ နယ်မြေကိုစွဲ၍လည်းကောင်း၊ ဝါဒီကိုစွဲ၍ လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဥစ္စာပစ္စည်းကိုစွဲ၍လည်းကောင်း အချင်းချင်း လုယက်တိုက်ခိုက် သတ်ဖြတ်နေကြသောကြောင့် ကမ္ဘာဦးအာဒိကပ္ပခေတ်သို့ ပြန်ရောက်နေကြပါပြီ။ လူသားတို့၏ သဘာဝဖောက်ပြန်မှုကြောင့် ရေကြီးသောဒဏ်၊ မိုးသည်းသောဒဏ်၊ ရေခဲတောင်များရေပျော်၍ သမုဒ္ဒရာရေ တက်သောဒဏ်၊ ငလျင်လှုပ်၍ မြေပြိုသောဒဏ် စသော ဘေးဒဏ်ရန်မာန် ခပ်သိမ်းတို့ကြောင့် ကမ္ဘာပျက်မည့်ရက်ကို သိပ္ပံပညာရှင်တို့ လက်ချိုးရေတွက်နေကြပြီ။ လူတို့၏ဖောက်ပြန်သော ကာမဂုဏ်အကျင့်တို့ကြောင့် ရောဂနန္တရကပ်ထဲမှာ ကိုယ်ခံစွမ်းအားကျဆင်းသောရောဂါသည် သစ်ဆန်းကာ ယစ်မျိုးငါးပါး၊ ဆယ်ပါးတို့နှင့်အတူ မနုဿလူ့ဘောင်ကို ဖျက်ဆီးလျက်ရှိသည်။

ထုံးစံအတိုင်းပြောရလျှင် ခန္ဓာကိုယ်တစ်ခုလျှင် နှလုံးသည်းပွတ်တစ်ခုသာ ရှိစမြဲဖြစ်သည်။ ဖောက်ပြန်သော လောကကို ကျွန်ုပ်တို့တည်ဆောက်လည်ကြသောအခါ သန္ဓေသားနှစ်ဦးအတွက် နှလုံးက တစ်ခုတည်းသာ ရှိနေခြင်းကြောင့် ခန္ဓာကိုယ်နှစ်ခုအတွက် အသက်တစ်ချောင်းသာ ဝေစားမျှစားလုပ်ရမည့်အခြေသို့ ဆိုက်နေသည်။ စာရှုသူတို့သည် ဤဆောင်းပါးကိုဖတ်ရင်း ခန္ဓာနှစ်ခုအတွက် နှလုံးသားတစ်ခုတည်းနှင့် အသက်တစ်ချောင်းကို အဖတ်ဆယ်ရန် ဆရာဝန်ကြီးတို့က ခွဲစိတ်ကုသပေးရသော သတင်းကို ကြားသိပြီးဖြစ်ပါလိမ့်မည်။ 'ဇာတိ' ဟူသည်မှာ 'ဖြစ်ခြင်း' ပင်တည်း။ သို့သော် ယခုအခါ 'တစ်ဝက်တစ်ပျက်ဇာတိ'ကို တွေ့ကြရပြီဖြစ်သောကြောင့် လူ့ဘောင်ထဲသို့ ပြိတ္တာများ ချဉ်းနင်းဝင်ရောက်လာတော့မည်ဟု ဆိုရန်ရှိနေသည်။

ယခုအခါ ဤသို့စဉ်းစားစရာပေါ်ပေါက်နေပြီဖြစ်၍ ကမ္ဘာစစ်ကြီးပြီးပြီဟုဆိုသော်လည်း ကမ္ဘာ့ရန်များ မစဲဘဲ တဖွဲဖွဲတိုက်နေသည်ကို မြင်နေရသောအခါ မသင့်မြတ်သောသဘာဝကို ဒေါက်တာအောင်ကျော်က ဝိပဿနာတင်၍'မေတ္တာသည်သာလျှင် . . .'ဟူသော စာတမ်းကိုရေးသား

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဓမ္မဒါနပြုသည်ကို ကျွန်တော်ဝမ်းသာအားရနှင့် သာဓုခေါ်ပါသည်။ ဤအကြောင်းကိုရေးရန် စိတ်ကူးရသော်လည်း အကြောင့်မညီညွတ်၍ မကူးခဲ့ပါ။ ယခု မိတ်ဆွေဦးအောင်သင်းက ဆောင်းပါးရေးရန် တိုက်တွန်းသောကြောင့် ဒေါက်တာအောင်ကျော်၏အာဘော်ကို ထပ်မံထင်ရှားအောင် ကျွန်တော်ကြိုးစားလိုက်ပါသည်။

ဒေါက်တာအောင်ကျော်က သင့်မြတ်ခြင်းဟူသော မြန်မာစကားရိုးရိုးကို သုံးသည်။ ဒေါသအာဃာတတရား ကင်းလျှင် သင့်မြတ်စမြဲဖြစ်သည်။ ထိုဒေါသအာဃာတတရား ကင်းလျှင် မေတ္တာဟု ကျွန်တော်နားလည်ပါသည်။ ထို့ကြောင့် မေတ္တာကို အခြေခံသော ဒေါက်တာအောင်ကျော်၏ အာဘော်ကို တင်ပြလိုပါသည်။ မေတ္တာ၌ လောင်မီးမရှိပါ။ ဖြစ်ချင်တာများနေလျှင် လောဘထွက်လိမ့်မည်။ ဖြစ်ချင်တာ မဖြစ်ရ၍ လောဘထွက်သော် စိတ်ဆိုးလိမ့်မည်။ စိတ်ဆိုးခြင်းမှာ ဒေါသဖြစ်၏။ စိတ်ဆိုးသောအခါ အမှားအမှန်ကို မခွဲခြားနိုင်သောကြောင့် မောဟတည်းဟူသော အမိုက်မှောင်ပေါ်လာသည်။ ယင်းလောဘ၊ ဒေါသ၊ မောဟတို့သည် လောင်မီးများဖြစ်သည်။

လောဘ၊ ဒေါသ၊ မောဟဟူသောမီးများ တောက်လောင်သောအခါ ဒါန၊ သီလ၊ ဘာဝနာတို့၌ လစ်ဟင်းလာလိမ့်မည်။ ထိုအခါ အနိစ္စ ဒုက္ခ၊ အနတ္တဟူသော တရားကို မေ့လျော့လာပါလိမ့်မည်။ ထိုအခါ ချမ်းသာအေးငြိမ်းသော နိဗ္ဗာနိသို့ သွားရာဖြစ်သော မဂ္ဂင်ရှစ်ပါးယာဉ်ကြီးကို မစီးလိုက်ရ ဖြစ်ကုန်ကြလိမ့်မည်။ သင့်မြတ်နေသောအခါကျမှသာ ငြိမ်းချမ်းရေးမုခ်ဦးသို့ ညီညီညာညာ ချီတက်နိုင်ကြပါမည်။ ယင်းမုခ်ဦးမှာ နိဗ္ဗာန်တံခါးဝဖြစ်သည်။ ဤအချက်တို့ကို ဒေါက်တာအောင်ကျော်၏ စာတမ်း၌ ဖတ်ရှုရပါသည်။

သင့်မြတ်ခြင်းဟူသောလမ်းစဉ်မှ မဂ္ဂင်ရှစ်ပါးလမ်းစဉ်သို့ ချီတက်ရခြင်းမှာ ကျွန်တော်သို့ ဗုဒ္ဓဓမ္မကို ယုံကြည်သူတို့အဖို့ အဓိကကိစ္စဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကိစ္စ၌ ဒေါက်တာအောင်ကျော်က အများနားလည်အောင် နိဗ္ဗာန်သို့ လမ်းညွှန်သည်မှာ အလွန်တရားရစရာဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် မဂ္ဂင်ရှစ်ပါးဟူသော ကျင့်စဉ်ကို ဆင်ခြင်မိပါသည်။ ကျွန်တော်တို့ ကမ္ဘာသူ ကမ္ဘာသားများသည် ဒုတိယ ကမ္ဘာစစ်ကြီးပြီးပါပြီဟု ဆိုသော်လည်း အေးကွက်ကို မနင်းနိုင်ကြသေးပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသော အရေးကိစ္စတို့၌ အချင်းချင်း သင့်မြတ်၍ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါပြီဟု ဒိဋ္ဌဓမ္မ ပြောရန် ခက်လှပါသည်။

ထို့ကြောင့် မနုဿလူသားတို့သည် ငြိမ်းချမ်းရေးကို တောင့်တနေကြပါသည်။ ငြိမ်းချမ်းရေးကို မျက်မှန်းတန်းမိသည်မှာ အမြင်မှန်မြင်ခြင်း ပင်ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မစကြာတရား တော်အလိုအရ အမြင်မှန်ကို မြင်ဖို့ ပထမ အရေးကြီးသည်။ သမ္မာဒိဋ္ဌိဟူ သော အမြင်ကို မြင်မှသာ ငြိမ်းချမ်းရေးကို ရလိမ့်မည်။

အမြင်မှန်ကိုမြင်သောအခါ မှန်ကန်စွာ တွေးတောစဉ်းစားကြံဆရ ပါလိမ့်မည်။ ပါဠိလိုပြောလျှင် သမ္မာသင်္ကပ္ပဟု ပြောကြသည်။ ငြိမ်းချမ်း ရေးဟု ပါးစပ်ကပြော၍ တုတ်တပြက် ဓားတပြက်လုပ်နေလျှင် ကမ္ဘာ ပျက်ဖို့သာ ရှိမည်။ ပထမကမ္ဘာစစ်အတွင်း စစ်လက်နက်နှင့် စစ်ယာဉ်များ တိုးတက်လာသည်။ ယင်းတို့နှင့် ပြည့်စုံသော အင်္ဂလိပ်၊ ပြင်သစ်ဟူသော အင်အားစုက စစ်နိုင်သဖြင့် စစ်ပြေငြိမ်းသည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွား သောအခါ အဏုမြူဗုံးကို ထုတ်လုပ်နိုင်သည်အထိ တိုးတက်လာသော မဟာမိတ်နိုင်ငံများက စစ်ကို အောင်နိုင်၍ ဝင်ရိုးတန်းနိုင်ငံတို့ ခွက်ခွက် လန်အောင် အရေးနိမ့်ခဲ့သည်။

ယနေ့အခြေအနေကိုကြည့်လျှင် စစ်ဖြစ်နိုင်သော အကြောင်းအရာ တို့ကို ကမ္ဘာ့နိုင်ငံကြီးများက ဖယ်ရှားနိုင်အောင် လက်နက်ထိန်းချုပ်၍ ကပ်ကြီးသုံးပါး အဆိုက်ရောက်ရဘဲ ငြိမ်းချမ်းစွာ နေထိုင်ကြဖို့ရာ ဆော်ဩ

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု ယူဆစရာ အကြောင်းရှိသည်။ သို့သော် ဤကိစ္စမှာ လွယ်လိမ့်မည် မဟုတ်။ ဤခေတ်၌ အဏုမြူစွမ်းအင်ကို မနုဿလူသား အများပင် သိရှိနားလည်လာကြပြီ။ ထို့ကြောင့် နိုင်ငံကြီးများက အဏုမြူစွမ်းအင်ကို ထိန်းချုပ်ရန် ကြံရွယ်ရသောကြောင့် နိုင်ငံငယ်များကမူ သူတို့၏နိုင်ငံကလေးများ၏လုံခြုံရေးအတွက် အဏုမြူလက်နက်တို့ကို တိတ်တိတ်ပုန်းလုပ်နိုင်ရန် ကြိုးစားကြလိမ့်မည်။ ဤအချက်ကို စဉ်းစားလျှင် စစ်ဖြစ်ခြင်းသည် လက်နက်ကြောင့် ဖြစ်ရကား လက်နက်ကို မစွန့်နိုင်ကြသမျှကာလပတ်လုံး စစ်ဟူသောအကြောင်းတရားသည် ကြောက်စရာကောင်းသည်ထက် ကောင်းလာဖို့သာရှိသည်။

ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို သမ္မာသက်ပွနှင့်ညီအောင် မှန်မှန်ကန်ကန် စဉ်းစားတတ်ဖို့လိုသည်။ ကံသုံးပါးတွင် မနောကံသည် အခရာဖြစ်၍ ယင်းကို ရှေးဦးစွာ စဉ်းစားရမည်။ ထို့နောက် သမ္မာဝါစာကို ဂရုပြုကြရမည်။ မှန်ကန်သောစကားကိုပြောဆိုကြသည်။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြစ်၏။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသည် မှန်ကန်သောအလုပ်ကို လုပ်ခြင်းဖြစ်၍ သမ္မာကမ္မန္တဖြစ်၏။ ကာယ၊ ဝစီ၊ မနောချီမှန်ကန်ကောင်းမွန်သောအလုပ်ကို လုပ်သည်ရှိသော် ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်း ကောင်းပြီဟုသာ ယူဆဖွယ်ရှိသည်။

ထိုအခါ ကျွန်ုပ်တို့ ပြောဆိုနေကြသော သမ္မာအာဇီဝတရားများ ဖြစ်ထွန်းလာဖို့သာရှိသည်။ ဤသမ္မာအာဇီဝကို ဖြစ်ထွန်းအောင် ကြိုးစားအားထုတ် လုပ်ကိုင်သည်ရှိသော် သမ္မာဝါယမ ဖြစ်ထွန်းလာပါလိမ့်မည်။ ဤသို့ သမ္မာဒိဋ္ဌိမှစ၍ သမ္မာဝါယမအထိ ကောင်းမြတ်မှန်ကန်သောလမ်းစဉ်ကို ကျွန်ုပ်တို့ လောကီဘုံသားများ လိုက်နိုင်ပြီ ဆိုပါက လောကီလူ့ဘောင်နှင့်ဆိုင်သော အကျိုးတရားများကို ခံစားနိုင်ကြပါလိမ့်မည်။ ဤလောကီလုပ်ငန်းစဉ်၌ လမ်းခြောက်သွယ် ရှိပါသည်။ မဂ္ဂင်ခြောက်ပါးနှင့်ပြည့်စုံပြီဟုဆိုနိုင်ပါသည်။ သို့ရာတွင် လောကီမှာနေစဉ် လောကုတ္တရာ

www.burmeseclassic.com

www.burmeseclassic.com



သို့တက်လှမ်းလိုသော် နီဝရဏတရားငါးပါးတို့မှကင်းသော သမ္မာသတိလမ်းစဉ်နှင့် ကုသိုလ်တရားတို့၌ အာရုံစူးစိုက်၍ သမ္မာသမာဓိလမ်းစဉ်တို့ကိုကျင့်ရပါမည်။ ထိုအခါ နိဗ္ဗာန်တံခါး ပွင့်လာပါလိမ့်မည်။

မြတ်စွာဘုရား၏ တရားဓမ္မ၌ တည်နေသော ကျွန်ုပ်တို့လက်ထဲတွင် မဂ္ဂင်ရှစ်ပါးဟူသော ပတ္တမြားကြီး ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မေ့လျော့နေကြသောကြောင့် အဖိုးတန်ရတနာတို့ပယ်၍ ဂဝံကျောက်ကို အဟုတ်ကြီးမှတ်ပြီးလျှင် အချင်းချင်း အလုအယက် ရှာဖွေနေကြသည်။ သို့ရာတွင် ကျွန်ုပ်၏နိုင်ငံသည် အခြားတစ်ပါးသော နိုင်ငံတို့နှင့် နှိုင်းစာကြည့်လျှင် အထူးပင် ကုသိုလ်ကံကောင်းနေသည်ဟု ယူဆရန်ရှိသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားများသည် ယခု ကျွန်တော်ပြောဆိုခဲ့သော ဘေးဥပါဒ်အန္တရာယ်များ၏အကြားတွင် ဒါန၊ သီလ၊ ဘာဝနာတို့ကို ကျင့်သုံးနေကြဆဲ ဖြစ်သည်။ တိုင်းပြည်ဆင်းရဲနေသည်ဟု ယေဘုယျပြောနေကြစေကာမူ ကျွန်ုပ်တို့၏ တိုင်းရင်းသားများသည် အလှူရေစက်လက်နှင့်မကွာ နေ့စဉ်ဒါနပါရမီကို ဆည်းပူးနေကြသည်။ အလှူဒါနပြုသည့်အခါ အနည်းဆုံး ငါးပါးသီလကို စောင့်ထိန်းကြသည်။ ဤငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့နှင့်သာဆိုင်သော ကျင့်စဉ် မဟုတ်ပါ။ ဗုဒ္ဓဘာသာမဟုတ်သူများ ကိုယ်တိုင်ကျင့်သုံးလျှင် ကျင့်သုံးသူတို့၌ ကုသိုလ်ဖြစ်ထွန်းနိုင်ပါသည်။ ကမ္ဘာကြီးကို တည်ဆောက်ပေးသောကျင့်စဉ်မှာ ဤအခြေခံငါးပါးသီလဖြစ်သည်ဟု ကျွန်တော် စဉ်းစားမိပါသည်။

ဒါနသီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် ကုသိုလ်တရားများကို စိတ်ထဲတွင် ပွားများဆင်ခြင်ကြစမြဲဖြစ်ရာ ဘာဝနာကိစ္စသည်လည်း ပြီးမြောက်နိုင်ပါသည်။ ဤတရားသုံးပါးသည် သေခြင်းကင်းသော သန္တသုခကို ရစေနိုင်သောတရားများ ဖြစ်သည်။ ဤအချက်ကို ရည်စူး၍ မြန်မာနိုင်ငံတွင် ဘုရားတန်ဆောင်း ကျောင်းကန်တို့ကို တကောင်းခေတ်မှ အစပြု၍ ယနေ့တိုင်အောင် တည်ဆောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် ဘုရာပုထိုးများမှာ လက်ညှိုးထိုး၍မလွတ်အောင် ပေါများသည်။ ဤသည်ကို ရည်သန်၍ နိုင်ငံခြားသားအားလုံးတို့က မြန်မာနိုင်ငံကို'ဘုရားပုထိုးပေါများရာဒေသ' ဟု သတ်မှတ်ကြသည်။ဒါန၊ သီလ၊ ဘာဝနာတရားများ ထွန်းကားရာဒေသဟူ၍လည်း ယူဆနိုင်ပါသည်။

ဤတရားများ ထွန်းကားလာသောအခါ ကမ္ဘာကြီးကို မေတ္တာဓာတ်က လွှမ်းခြုံပေးလိမ့်မည်ဖြစ်သောကြောင့် ကမ္ဘာသူကမ္ဘာသားတို့ အေးချမ်းသာယာသောအခြေသို့ ဧကန်ဆိုက်ရောက်လိမ့်မည်ဟု ယူဆနိုင်ပါသည်။ ဤအချက်ကို လေးလေးနက်နက် ယုံကြည်သောကြောင့် ဒေါက်တာအောင်ကျော်က ပို့သသောမေတ္တာသည် တစ်လောကလုံး၌ ပျံ့နှံ့ပါစေသတည်းဟု ဆုတောင်းလိုက်ပါသည်။

**နဝဒေးဂ္ဂဇင်း၊ အမှတ် ၁၄၊ ဖေဖော်ဝါရီ ၂၀၀၁**

www.burmeseclassic.com

www.burmeseclassic.com

## မနောကံ

ကျွန်တော် ဤစာကို ရေးသည်မှာ စာရေးဆရာ၊ သတင်းစာဆရာတစ်ဦး အဖြစ်ဖြင့် ရေးခြင်း မဟုတ်ပါ။ သာမန် မြန်မာ့ဇာတိ တိုင်းရင်းသား၊ အရပ်သားတစ်ဦးအဖြစ်ဖြင့် ရေးခြင်း ဖြစ်ပါသည်။

သာမန်အရပ်သားဆိုသည်ကို ယခုခေတ် တီထွင်သူ စာရေးဆရာ လူငယ်တို့က "လမ်းပေါ်ကလူ"ဟူ၍ တင်စားခေါ်ဝေါ်ရေးသားနေကြ သည်။ လမ်းပေါ်တွင် တွေ့ရသော လူထဲတွင် လယ်သမား၊ ယာသမား၊ စက်ရုံ၊ အလုပ်ရုံ၊ လက်လုပ်လက်စား၊ ဈေးသည်၊ ကုန်သည်၊ စာရေးစာချီ၊ အစိုးရအမှုထမ်းစသော လူထုလူတန်းစားအားလုံး ပါဝင်ပါသည်။ သူတို့ ကို ရှေးရိုးသမားတို့က ပြည်သူဟုခေါ်လေ့ရှိကြပါသည်။

ထိုလမ်းပေါ်ကလူများ တညီတညွတ်တည်း ကြံစည်နေသော အကြောင်းကို ကျွန်တော် အကဲခတ်မိပါသည်ဟုဆိုရာ၌ ကျွန်တော်ကိုယ်တိုင် ကလည်း ကြံစည်မိခြင်းကြောင့် ဖြစ်ပါသည်။

ကြံစည်သည်မှာ စိတ်ဖြင့်ကြံခြင်းဖြစ်သည်။ ယင်းကြံစည်ခြင်း အလုပ်ကို မနောကံဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ကလူများ ယနေ့ စိတ်ဖြင့် အလုပ်လုပ်နေကြသည်မှာ ငြိမ်းချမ်းရေး အာသီသဖြစ်သည်။ ငြိမ်းချမ်းရေးဟု ကြီးကြီးကျယ်ကျယ် ပြောလိုက်တော့ နိုင်ငံရေးဝေါဟာရဟု ထင်မှတ်ကြလေမလား မပြောတတ်။ အမှန်မှာတော့ ယင်းအာသီသသည် လမ်းပေါ်ကလူထု၏ အရင်းခံဝေါဟာရသက်သက်ဖြစ်သည်။

လူထုက ငြိမ်းချမ်းလိုသောအခါ ငြိမ်းချမ်းရေးကိုရအောင် ကြံဆောင်လိုသောဆန္ဒ ပွားလာသည်။ လူထု၏စကားနှင့် ရိုးရိုးပြောရလျှင် အေးအေးချမ်းချမ်း နေချင်သည်ဟု ပြောရလိမ့်မည်။

လူ့ပြည်မှာလူဖြစ်သောအခါ ကိုယ့်ထမင်းကိုယ် အေးအေးချမ်းချမ်း စားချင်သည်။ ကိုယ့်အိမ်မှာကိုယ် အေးအေးချမ်းချမ်း နေချင်သည်။ ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်ဆွေများနှင့် အေးအေးချမ်းချမ်း ပြောဆိုတိုင်ပင်ချင်သည်။ ယင်းကိုပင်လျှင် ငြိမ်းချမ်းရေး လိုအင်ဆန္ဒဟု ပြောဆိုကြသည်။

ကျွန်တော်တို့ လွတ်လပ်ရေးကိုရခဲ့တာ နှစ်ပေါင်းငါးဆယ်ပြည့်ပါတော့မည်။ ထိုနှစ်ပေါင်းငါးဆယ်အတွင်း အေးအေးချမ်းချမ်းနှင့် ဒူးနှန့်၍ နေနိုင်သူများမှာ အလွန်ကုသိုလ်ထူးပါသည်။ သို့သော် ယေဘုယျအများစုမှာ ကိုယ့်လူမျိုး၊ ကိုယ်အမျိုးသားချင်းများနှင့်အတူ ချစ်ခင်စွာလက်တွဲ၍ အေးအေးမနေနိုင်ကြရသေး။ ထို့ကြောင့်လည်း ယနေ့တိုင် လူထု အကြီးအမှူးတို့က ငြိမ်းချမ်းရေးအလုပ်ကို လုပ်နေကြဆဲ ဖြစ်သည်။

နှစ်ပေါင်းငါးဆယ်နီးပါး ကြိုးစားလာလိုက်ကြတာ ကျွန်တော့အမြင်မှာတော့ ငြိမ်းချမ်းသောရွှေပြည်ကြီးနှင့် နီးစပ်လာပါပြီဟု မြင်ပါသည်။ ထို့ကြောင့် လိုချင်သောပန်းတိုင် ရောက်ခါနီးမှ ခရီးတွင်အောင် အသော့နှင့်ကြဖို့ သင့်ပြီဟု စဉ်းစား တွေးတောမိပါသည်။

ငြိမ်းချမ်းရေးလိုချင်သည့် အာသီသမှာ စိတ်အလုပ်ဖြစ်သည်။

စိတ်အလုပ်၊ နှုတ်ကပြောသော စကားအလုပ်၊ ကိုယ်ထိလက်

www.burmeseclassic.com

www.burmeseclassic.com



ရောက် ဆောင်ရွက်ပြုမူသော အလုပ်ဟူသော မနောကံ၊ ဝစီကံ၊ ကာယကံ ဟူ၍ ကံ(အလုပ်) သုံးပါးရှိသည်။

ယင်းကံသုံးပါးအနက် မနောကံသည် အရေးကြီးသည်။ ပဓာန ဖြစ်သည်။ စိတ်အလုပ်ဖြူစင်မှ ဝစီကံအလုပ် ကောင်းမွန်သည်။ ပြောဆို သောစကား ချိုသာမှန်ကန်မှ ကာယကံအလုပ် အောင်မြင်မည်။ 'အောင် မြင်' ဆိုရာ၌ ကောင်းလည်းကောင်း၊ မှန်လည်းမှန် ဖြစ်နိုင်သည်ကို ဆိုလို ခြင်းဖြစ်သည်။

မနောကံအရေးကြီးပုံကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြား တော်မူခဲ့သည်။

လောကီရေးရာနှင့် စပ်ဟပ်ပြောရလျှင် မနောကံကို အခြေခံမှသာ ကာယကံမြောက်နိုင်သည်။ လူသတ်မှုမှာ သေစေလိုသော မနောကံပါမှ သာလျှင် လူသတ်မှု အထမြောက်သည်။

ဤသည်ကို ထောက်လျှင် မနောကံသည် အဓိကဖြစ်သည်။ ပဓာန ဖြစ်သည်။ အရေးကြီးဆုံး ဖြစ်သည်။

ကျွန်ုပ်တို့ ငြိမ်းချမ်းရေးကို ကြံစည်ကြသည်။ တကယ်ကြံ၍ တကယ်ပြောပြီး တကယ်အလုပ်လုပ်လျှင် ငြိမ်းချမ်းရေးကို ရနိုင်သည်။ ငြိမ်းချမ်းရေးသည် ပြည်သူလူထု၏လက်ထဲမှာ အမြဲကိန်းအောင်းနေ သည်။ လူထုက နှိုးလျှင် ငြိမ်းချမ်းရေး နိုးလာလိမ့်မည်။

ငြိမ်းချမ်းရေးကို ကြံသောအခါ မိတ်ဆွေသည် မည်သည့်စိတ်ဖြင့် ကြံပါမည်နည်း။

ဒေါသ၊ ကောဓ၊ အာဃာတ စသော အမြင်ကတ်စရာကောင်း သည့်စိတ်တို့ဖြင့် ကြံလျှင် ရနိုင်ပါ့မလား။

ကုလသမဂ္ဂဖြစ်နေပုံကို ကြည့်ပါ။ ငြိမ်းချမ်းရေးကို ပြော၍ ဖိနှိပ်၊ ပိတ်ဆို့၊ ချုပ်ချယ်၊ လည်ပင်းကိုညှစ်သော လုပ်ရပ်မျိုးနှင့် ဆောင်ရွက်ခဲ့တာ မည်မျှ အောင်မြင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့၍ လည်ပင်းညှစ်သော အလုပ်သည် မနောကံအားဖြင့်၊ မကောင်း၊ မမှန်၊ အသင့်မြတ်။ ထို့ကြောင့် ဝစီကံ၊ ကာယကံတို့၌ မအောင်မြင်။ ယင်းအချက်ကို သဘောပေါက်သူတို့သည် စိတ်ထားမှန်အောင်၊ အပြောချိုအောင်၊ အလုပ်ကောင်းအောင် ဆောင်ရွက်လိုသော သဘောရှိကြ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် မနောကံမှ အစပြု၍ ကောင်းအောင်၊ မှန်အောင်၊ သင့်မြတ်အောင် ဆောင်ရွက်ကြရန် ရှိပါသည်။

အရပ်သားတစ်ဦးအနေဖြင့် ကျွန်တော်သည် လွတ်လပ်ရေး ရွှေရတုသဘင်ကို တိုင်းရင်းသားအားလုံးနှင့် လက်တွဲ၍ ဆင်နွှဲချင်ပါသည်။

ငြိမ်းချမ်းရေးစိတ်သည် ဒေါသ၊ အာဃာတတို့နှင့် မအပ်စပ်သော ဗြဟ္မစိုရ်စိတ် ဖြစ်သည်။

ကျွန်တော်တို့ အမျိုးသားအချင်းချင်း မနောကံမှ အစပြု၍ ချစ်ခင်ကြရမည်။ ဤကား မေတ္တာ၏ သဘောဖြစ်၏။

ထို့နောက် သနားကြင်နာရမည်။ ဤကား ကရုဏာဖြစ်၏။

ကရုဏာစိတ်ဖြင့် အမျိုးသားအချင်းချင်းကို ဒုက္ခမှ လွတ်အောင် ဆောင်ရွက်ရာ၌ အောင်မြင်ပါလျှင် ဝမ်းသာရမည်။ ဤကား မုဒိတာပင်တည်း။

သို့သော် တစ်ခါတစ်ရံ ကံတရားက လူ့သဘာဝကို စီရင်သည်။ ကံတရားက စီရင်သောအခါ ကျွန်တော်တို့သည် ဥပေက္ခာသဘောဖြင့် လျစ်လျူရှုတတ်ကြရလိမ့်မည်။ သည်းခံတတ်ကြရလိမ့်မည်။ ခွင့်လွှတ်တတ်ကြရလိမ့်မည်။

မနောကံမှအစပြု၍ မိမိတို့၏ စိတ်ကို ကောင်းအောင်၊ မှန်အောင် ကြံစည်တွေးတောလျှင် ဗြဟ္မစိုရ်တရားနှင့် ယှဉ်၍ ဖြစ်ပေါ်၍လာမည့် ငြိမ်းချမ်းရေးသည် အကောင်အထည် ဖော်ရမည် ဖြစ်သည်။

ပြည်သူ့တို့၏ စိတ်ဝမ်းသည် ငြိမ်းချမ်းပါစေသတည်း။

**ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၄၁၇)၊ ဒီဇင်ဘာလ၊ ၁၉၉၅**

www.burmeseclassic.com

# ရှေးလူကြီးနှင့် နှောင်းလူငယ်

မြောင်းမြမြို့သည် အစိုးရမှုထမ်း ရာထမ်းများ အငြိမ်းစားယူပြီးလျှင် အေးအေးလူလူ နေထိုင်ရာမြို့တစ်မြို့ဖြစ်သည်ဟု ရှေးခေတ်က လူကြီးမိဘများ ပြောသံဆိုသံကို ကျွန်တော် ကြားခဲ့ဖူးသည်။ ကြားဖူးသည့်အတိုင်းလည်းမှန်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် အသက်ဆယ့်နှစ်နှစ်ကျော်အရွယ် မြောင်းမြမြို့၌ ပညာသင်ယူသောအခါ မြောင်းမြမြို့မြောက်ပိုင်းတွင် စာရေးစချီများနှင့်တကွ အငြိမ်းစားယူပြီး ကသောအရာရှိအရာခံတို့သည် သဘာဝအလျောက် တိုးချဲ့လာကြသော မြေကွက်များတွင် မိမိတို့ စုဆောင်းထားသော ငွေဖြင့် အိုးသစ်အိမ်သစ် ထူထောင်ကြသည်ကို ကျွန်တော် သတိပြုမိသောကြောင့် ဖြစ်ပါသည်။ မြောက်ပိုင်းရပ်တွင် ယင်းကဲ့သို့ အငြိမ်းစားများ အိုးသစ်အိမ်သစ် ထူထောင်ဘိသကဲ့သို့ ရှမ်းကုန်းပိုင်းတွင်လည်းကောင်း၊ နတ်စင်လမ်း(ယခု ဗောဓိပင်လမ်း) တစ်လျှောက်တွင်လည်းကောင်း၊ ခရိုင်နှင့်စက်ရှင်တရားသူကြီး အငြိမ်းစားဦးဘိုးပြေ၏ ခြံမြေတစ်လျှောက်တွင်လည်းကောင်း၊ ကိုပိတ်ကုန်းတွင်လည်းကောင်း အငြိမ်းစား စာရေးစာချီ အရာရှိ အရာခံများသည် အိုးသစ်အိမ်သစ်များကို ဆောက်လုပ်၍ မြောင်းမြဇာတိ အရပ်သားများနှင့်အတူ ဆက်ဆံပေါင်းသင်းနေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို အကြောင်းပြု၍ မြောင်းမြမြို့ကို အစိုးရအမှုထမ်းများ၏ မြို့ဖြစ်သည်ဟု မြောင်းမြခရိုင်နှင့်တကွ အနီးအနား အခြားခရိုင်များက အသိအမှတ်ပြုကြသည်။

ဤကဲ့သို့ အသိအမှတ်ပြုကြသည်ကို အကြောင်းပြု၍ နှောင်းလူတို့က မြောင်းမြမြို့၌ နိုင်ငံရေး ကြိုးပမ်းသော ခေါင်းဆောင် မရှိသယောင်ယောင် ပြောဆိုကြသည်။ အချို့ကား ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီး ဖက်ဆစ်ဂျပန်တို့ မြောင်းမြမြို့မှ ဆုတ်ခွာသွားသောအခါ တို့ဗမာအစည်းအရုံးဝင် လူငယ်များနှင့်တကွ ထိုလူငယ်များ၏ တော်လှန်ရေးလုပ်ငန်းထဲတွင် ပါဝင်ဆောင်ရွက်သူ မြောင်းမြနယ်သူနယ်သား အများစုတို့ အသတ်ခံရသောကိစ္စ၌ပင်လျှင် လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ မြောင်းမြခရိုင်အတွင်း မြောင်းမြသား၊ ဝါးခယ်မသား၊ မော်လမြိုင်ကျွန်းသား၊ အိမ်မဲသား၊ လပွတ္တာသား၊ ကျုံမငေးသား စသည်တို့၏ ဆောင်ရွက်မှုများ အလျဉ်းမရှိသည့်ပမာတမျှ ပေါ့ပေါ့ဆဆ ပြောကြဆိုကြသည်။ တစ်ခါတစ်ရံ ထိုမသိသူတို့ ပြောဆိုကြပုံမှာ ဗြိတိသျှနှင့် ဂျပန်ခေတ်တော်လှန်ရေးလှုပ်ရှားမှုများတွင် လူမျိုးနှင့်တိုင်းပြည်ကို ချစ်မြတ်နိုးကြသော မြောင်းမြနယ် ဇာတိသားများသည် ဆိုင်ရာဆိုင်ရာခေတ်တို့၌ မပါဝင်ခဲ့ကြဘဲ လွတ်လပ်ရေးအကျိုးကျေးဇူးကို ခံစားနေကြသော ပစ္စုပ္ပန်ခေတ်လူတို့သာလျှင်ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသယောင်ယောင်၊ ရှင်သူတို့က သေသူတို့ကိုလေးစားသော ဂါရဝတရားကင်းမဲ့စွာဖြင့် မေ့လျော့ပေါ့တန်ပြောကြဆိုကြသော သဘောသို့ တက်ရောက်လျက်ရှိနေသည်မှာ ကတညုတကတဝေဒီတရားနှင့် ညီပါသလောဟု တွေးတောဆင်ခြင်၍ သံဝေဂရဖွယ်ကောင်းလှပေသည်။

တစ်သက်လုံး ကိုယ့်မင်းကိုယ့်ချင်းဘဝ၌ ကြီးပြင်းခဲ့ကြသော ကျွန်ုပ်တို့၏ မိဘဘိုးဘွား ရှေးလူကြီးများသည် သီပေါမင်းပါသောနေ့မှစ၍ လွတ်လပ်ရေးကို တိတိလင်းလင်းသော်လည်းကောင်း၊ စိတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးသိပ်၍သော်လည်းကောင်း ကြိုးပမ်းခဲ့ကြသည်ချည်းဖြစ်သည်။ အခြေအနေကပေးလာသောအခါ ကျယ်လောင်မာလောင်နှင့် လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့ကြသည်။ အခြေအနေမပေးသောအခါ အတွင်းကျိတ်သဘောဖြင့် တိုက်ပွဲကို ဆင်နွှဲခဲ့ကြသည်။ ဤကြိုးပမ်းမှုကို ကျွန်ုပ်တို့ရှေးလူများက မမေ့ခဲ့ကြသောကြောင့်သာလျှင် ၁၉၄၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်အတွင်း ကျွန်ုပ်တို့တစ်နိုင်ငံလုံး လွတ်လပ်ရေးတိုက်ပွဲကို ကာယကံ၊ ဝစီကံ၊ မနောကံမြောက် ဝင်ရောက်ဆင်နွှဲနိုင်ခဲ့ကြသည် မဟုတ်ပါလော။

ထို့ကြောင့် နှောင်းလူတို့သည် ရှေးခေတ်က လူကြီးများ ကြိုးပမ်းခဲ့သည်တို့ကို သာမညဟု မအောက်မေ့သင့်ပါ။ သူ့ခေတ်နှင့်သူ၊ သူ့အတိုင်းအတာနှင့်သူ ဆောင်ရွက်ခဲ့ကြသည်ချည်းဖြစ်ပါသည်။ သို့ရာတွင် သမိုင်းသဘောအားဖြင့်ကြည့်လျှင် လွတ်လပ်ရေးကို အတွင်းကျိတ် ကြံစည်သမျှတို့ကို စာနှင့်ပေနှင့် မှတ်တမ်းတင်နိုင်သည်လည်းရှိ၏။ မတင်နိုင်သည်လည်းရှိ၏။ စင်စစ်လျှို့ဝှက်ဆောင်ရွက်ရသည့်အရာ၌ အများသိသည်လည်းရှိမည်။ မသိသည်လည်းရှိမည်။ မိမိက လက်လှမ်းမမီ၍သော်လည်းကောင်း၊ ဉာဏ်မမီ၍သော်လည်းကောင်း မသိရှိသောကြောင့် မိမိတို့က မသိသူကို မသိသလို ဝေဖန်ပြောဆိုခြင်းမှာ အရာမရောက်ချေ။ အကျိုးရှိ၊ မရှိ စဉ်းစားသင့်ကြသည်။

ကျွန်တော်ကျောင်းနေသောနှစ်မှာ တစ်နိုင်ငံလုံး၏ အမျိုးသားရေးလှုပ်ရှားမှုနှစ်နှင့် တိုက်ဆိုင်နေသည်။ ထို့ကြောင့် ကျွန်တော်တို့အဖို့ အသိတရား ပွားနိုင်ခဲ့ပါသည်။ ထိုခေတ်တွင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်းသဘောတရားတို့ကို တစ်နိုင်ငံလုံးက ဝေဖန်နေကြသည်။ သာမန်အားဖြင့် ဟုမ္မရူးအုပ်ချုပ်ရေး လှုပ်ရှားမှုက တစ်ဖက်၊ ဒိုင်အာခီအုပ်ချုပ်ရေး လှုပ်ရှားမှုကတစ်ဖက် ဤကဲ့သို့ နှစ်ဖက်နှစ်လမ်း အခြေအတင် ဆွေးနွေးနေကြသော ပတ်ဝန်းကျင်တွင် ကျွန်တော်တို့ လူငယ်များ ကြီးပြင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ကြီးပြင်းလာသောအခါ နိုင်ငံရေးကြိုးပမ်းသူ၊ အမျိုးသားရေးကြိုးပမ်းသူတို့ကို ကျွန်တော်တို့ မှတ်မိခဲ့ကြသည်။ ငယ်သောအရွယ်တွင် သမိုင်းဆရာများကဲ့သို့ အားလုံးဥဿုံကို စီကာပတ်ကုံး ကျွန်တော်ပြန်မပြောတတ်ပါ။ သို့သော် ထိုခေတ်သမယတွင် ထင်ရှားသော လူကြီးများ၏ အမည်များနှင့်တကွ ယင်းတို့၏ ဆောင်ရွက်ပုံတို့ကို ကျွန်တော်မမေ့ပါ။ ကျွန်တော်ကဲ့သို့ ရှေးလူကြီးများကို မမေ့ကြစေရန် ဤဆောင်းပါးဖြင့် ဆော်ဩလိုက်ပါသည်။

အမျိုးသားရေး လှုပ်ရှားမှုဟူသော ၁၉၂၀ ပြည့် ကျောင်းသားသပိတ်ကိစ္စတွင် အမိန့်တော်ရ ရှေ့နေဦးဘိုးလူသည် မြောင်းမြမြို့တိုင်းရင်းသား အထက်တန်းကျောင်း တည်ထောင်ရေး၌ စွမ်းစွမ်းတမံကြိုးပမ်းခဲ့သည်။ ဤသို့ ကြိုးပမ်းခဲ့ခြင်းကြောင့် ဦးဘိုးလူ၏ တူတော်သူကျောင်းအုပ်ဆရာကြီး ဦးဘထွန်းလှိုင်သည် ဒုတိယကမ္ဘာစစ်ကြောင့် မြောင်းမြမြို့ တိုင်းရင်းသားကျောင်းကို ပိတ်လိုက်ရသည်အထိ ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့၏။ နေရှင်နယ်ကုန်းဟုတွင်သောရပ်ကွက်တွင် မြောင်းမြမြို့ တိုင်းရင်းသားကျောင်းဟူ၍ တင့်တင့်တယ်တယ်ဖြစ်ပေါ်လာခြင်းမှာ မြောင်းမြမြို့သူ မြို့သားတို့၏ မျိုးချစ်စိတ်၊ မျိုးချစ်စေတနာကို ဖော်ပြလျက်ရှိသည်။

ဦးဘိုးလူနှင့်အတူ တွဲဖက်ဆောင်ရွက်ခဲ့ကြသော မျိုးချစ်ရှေးလူကြီးများမှာ မြောက်ပိုင်းမှ မြေပိုင်ရှင် ဦးဘိုးထွေး၊ တောင်ပိုင်းကမ်းနားလမ်းမှ ဦးရန်ဝေး၊ ဆရာကြီး ဦးဖိုးချန် စသူတို့နှင့်တကွ ယခုကျွန်တော်နာမည်မမှတ်မိသော ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ဤအထဲတွင် အစိုးရကျောင်းတွင် သုံးတန်း(ဘီ)၌ အတန်းပိုင်ဆရာအဖြစ်ဖြင့် ကျွန်တော်တို့ကိုသင်ကြားပေးခဲ့သူ ဆရာကြီးဦးကံကြီးသည်လည်း အမျိုးသားရေးကို အတွင်းကျိတ်အားပေးပြီးလျှင် ကျွန်တော်တို့ကို မျိုးချစ်စိတ်နှင့်စပ်လျဉ်း၍ သွန်သင်ဆုံးမခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် ပြန်ပြောင်း၍ ရာဇဝင်ခင်းသောအခါ စာဖတ်သူတို့သည် နာမည်လောက်ကိုသာ ကြားဖူးလိမ့်မည်။ သို့သော် ထိုထိုသော ပုဂ္ဂိုလ်ကြီးတို့သည် မြောင်းမြဇာတိသားများဖြစ်သောကြောင့် နှောင်းခေတ်လူငယ်တို့က သုတေသနပြုကြပါလျှင် ရှေးလူကြီးများ၏ အမျိုးသားရေးလှုပ်ရှားမှုအကြောင်းကို နားလည်ကြလိမ့်မည်။

ဥပဒေဘောင်အတွင်းမှနေ၍ လွတ်လပ်ရေး ကြိုးပမ်းခြင်းကို အင်္ဂလိပ်လို(Constitutional Struggle) ဟု ပြောဆို ရေးသားရသည်။ ဤစကားမှာ နယ်ချဲ့အင်္ဂလိပ်တို့နားခံသာအောင် ဥပဒေအကြောင်း အရအပြစ်လွတ်စေရန်အလို့ငှာပြောရသော နိုင်ငံရေး စကားပရိယာယ် ဖြစ်သည်။ ဗြိတိသျှတို့ ဘုန်းမီးနေလတောက်ပနေသော ခေတ်ကာလထဲတွင် မည်သည့်လူပေါ်သည် အင်္ဂလိပ်ကို ခဲနှင့်ပေါက်ပြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းနိုင်ပါမည်နည်း။ အိန္ဒိယနိုင်ငံ၌ မဟတ္တမဂန္ဒီကဲ့သို့သော အာဇာနည်ယောကျ်ားသည်ပင်လျှင် လွတ်လပ်ရေး ကြိုးပမ်းရာ၌ နယ်ချဲ့၏ နှိပ်စက်ဖိစီးခြင်း အမျိုးမျိုးကို ခံခဲ့ရသည်။ သမိုင်းကြောင်း၌ ခံဘက်ကနေရသူကို အဂါရဝဖြင့် ကဲ့ရဲ့ပြစ်တင်ဝေဖန်ခြင်းသည် တိုင်းကြီးပြည်ကြီးသားတို့၏ ဓလေ့မဟုတ်ချေ။မျက်မှောက်ကမ္ဘာ့သမိုင်းကို ခေတ်လူငယ်တို့ သိရှိနေကြပြီးမဟုတ်ပါလား။တောင်အာဖရိက ပြည်သူတို့၏ခေါင်းဆောင် မင်ဒဲလားသည် လူဖြူတို့၏ ညှဉ်းပမ်းနှိပ်စက်ခြင်းကို နှစ်ပေါင်း အစိတ်ကျော်မျှ ခံစားရပြီးမှ မကြမီက လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ မင်ဒဲလားသည် ကျွန်ုပ်တို့နောက် နှစ်ပေါင်းများစွာကြာမှ လွတ်လပ်ရေးကို ယူနိုင်ခဲ့ခြင်းကြောင့် ယင်းပုဂ္ဂိုလ်ကြီးကို "ငါတို့လောက် အစွမ်းသတ္တိမရှိပါဘူး"ဟု ပြောကြလျှင် နှပ်ချေးတွဲလောင်း အရွယ်ကလေးများ ပြောသောစကားဟု မှတ်ယူကြရပေမည်။ လူ့သမိုင်းတွင် ကံမကောင်း၍ သူတစ်ပါး လက်အောက်၌ တုံးအောက်က ဖားဖြစ်ခဲ့ရသော ရှေးလူကြီးများကို ထိုလူကြီးများကြောင့် လွတ်လပ်သောလူမျိုးဖြစ်လာကြသည့်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တို့က ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုကြလျှင် တိုင်းကြီးပြည်ကြီးသားတို့က "အောက်တန်းကျလှချည့်လား" ဟု ပြောကြလိမ့်မည်။

၁၉၂၀ ပြည့်နှစ် ခေတ်ကာလသည် ဗြိတိသျှနှင့်မဟာမိတ်တို့ ပထမကမ္ဘာစစ်ကို အောင်နိုင်သဖြင့် "ဗြိတိသျှဘုန်း မိုးသို့ချွန်း"ဟု ပြောရသည့်ကာလဖြစ်သည်။ မြန်မာတို့သည် ထိုခေတ်ကစ၍ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ဥပဒေကြောင်းအရလည်းကောင်း၊ ဥပဒေအပြင်ဘက်မှလည်းကောင်း (ယနေ့အိုင်ယာလန်တိုင်းရင်းသားတို့ ဗြိတိသျှကိုတော်လှန်နေကြသည့် ပုံစံအတိုင်း) ဆင်နွှဲခဲ့ကြသည်။ ဤသတ္တိကို ခေတ်လူငယ်တို့ နားလည်ကြစေလိုသည်။ ထိုခေတ်ကာလတွင် ဦးချစ်လှိုင်နှင့်အပေါင်းအပါတို့ခေါင်းဆောင်သော ဝံသာနုအင်အားစုနှင့် ဦးဘဖေပါ ၂၁ ဦးတို့ ခေါင်းဆောင်သော ဒိုင်အာခီအင်အားစုတို့သည် ဗြိတိသျှအုပ်ချုပ်ရေးကို စတင်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ထိုအချိန်တွင်မြောင်းမြသားဖြစ်သူ လူပျိုပေါက်အရွယ် မောင်ဘချိုသည် အမျိုးသားရေးကြိုးပမ်းမှုထဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုခေတ် ထိုအခါက သဘာဝအတိုင်းပြောရလျှင် မောင်ဘချိုသည် ရန်ကုန်တက္ကသိုလ်မှဘွဲ့ကို ရပြီးနောက် အင်္ဂလိပ်အစိုးရ၏ မင်းမှုထမ်းဘဝတွင်ကျင်လည်၍ ကောင်းစားနေလိမ့်မည်ဟု ပြောရပေမည်။ သို့သော်မောင်ဘချိုသည် မိမိ၏ကလောင်ကို အားကိုး၍ ဒီးဒုတ်ဂျာနယ်ကို တည်ထောင်ပြီးလျှင် ထိုခေတ်က လက်ဝဲလက်ယာ အစွန်းတရားနှစ်ပါးထဲတွင် မပါဝင်ဘဲ အလယ်အလတ်သဘောဖြင့် လူကြီးလူငယ်အုပ်စုနှစ်ခုထဲတွင် အကျုံးဝင်အောင် မိမိ၏လွတ်လပ်သော အတွေးအခေါ်တို့ဖြင့် နိုင်ငံအကျိုးကိုဆောင်ရွက်ခဲ့လေသည်။ နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်း များကို လုပ်ဆောင်ရသော အဆစ်အပိုင်းသို့ ရောက်သောအခါဆရာဒီးဒုတ်ဦးဘချိုသည် ဦးဘဖေ၊သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော လူကြီးပိုင်း၊ လူလတ်ပိုင်း၊ လူငယ်ပိုင်းတို့အထဲတွင် ဝင်ဆန့်ကာ

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးကို ကြိုးပမ်းရင်း လွတ်လပ်ရေး ယဇ်ပလ္လင်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အသက်ကို ပူဇော်ခဲ့လေသည်။ ယခုခေတ် မြောင်းမြသားလူငယ်ကလေးများသည် မြောင်းမြမြို့၌ ဦးဘချိုလမ်းဟူ၍ မရှိခဲ့ပါလျှင် ဆရာ ဒီးဒုတ်ဦးဘချိုဟူသည်ကို သိမှသိပါဦးမည်လောဟု ကျွန်တော် သံသယ ဖြစ်မိသည်။

မြန်မာနိုင်ငံမှ ဗြိတသျှတို့ အောင်မြင်စွာ ဆုတ်ခွာပြီးနောက် ဖက်ဆစ်ဂျပန်တို့ မင်းမူသောခေတ်တွင် မြောင်းမြမြို့နယ် နယ်တွင်ရှိကြသော တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်အပေါင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတ်ဦးဘချိုတို့၏ လိုအင်ဆန္ဒများ ပြည့်ဝလေအောင် ငယ်ရွယ်သူတို့၏ ဉာဏ်အမြင် ငယ်ရွယ်သူတို့၏ ရဲစွမ်းသတ္တိတို့ဖြင့် အမျိုးသားရေးလုပ်ငန်းတို့ကို ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေများကြားတွင် ဆောင်ရွက်ခဲ့ကြသည်။

သို့သော်များစွာသောလူငယ်တို့သည် ဖက်ဆစ်ရန်မှ လွတ်မြောက်ဖို့ကြိုးပမ်းရင်းနှင့် ဖက်ဆစ်ဂျပန်တို့၏ လက်ချက်ဖြင့် အသက်သေခဲ့ကြသည်။ ထိုလူငယ်တို့ကို လူထုက စွန့်စားသူများဟု အသိအမှတ်ပြုကြ၏။ စင်စစ် ယင်းတို့သည် ကျွန်ုပ်တို့ အသက်ရှင်စေရန် သူတို့၏ အသက်ကို ပေးလှူခဲ့ကြခြင်း ဖြစ်သည်။ သူတို့သည် ကိုယ်ကျိုးမှန်သမျှကို စွန့်ခဲ့ကြ၏။ ကိုယ်ကျိုးစွန့်ခြင်းကြောင့် ရအပ်သော ဆုလာဘ်သပ္ပကာတို့ကိုမူ မခံစားခဲ့ကြချေ။ သူစွန့်လျှင် ငါစားမည်ဆိုသော လူတန်းစားမျိုး မဟုတ်။ ငါစွန့်လျှင် သူ စားပါစေဟူ၍ စေတနာထားသူများ ဖြစ်သည်။

ထိုလူငယ်များထဲတွင် ဦးစီးခေါင်းဆောင် ပြုခဲ့သူအချို့တို့သည် ကံကောင်းထောက်မ၍ ယနေ့တိုင် ကျန်းမာပကတိ ချမ်းသာစွာ ရှိနေကြသည်။ ဤဆောင်းပါးမှာ ပကာသနအတွက် ရေးသားသော ဆောင်းပါးမဟုတ်သဖြင့် ထိုခေတ်က ဦးဆောင်ခဲ့သူများ၏ အမည်ကို ဖော်ပြရန် မလိုပါ။ ရှေးလူငယ်တို့သည် ယခုအခါ ရှေးလူကြီးများ ဖြစ်ကုန်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုရှေးလူကြီးများ၏ ဆောင်ရွက်ချက်တို့ကို ယခုခေတ် လူငယ်တို့က သမိုင်းအလို့ငှာ ထုတ်ဖော်နိုင်ကြပါလျှင် ရှေးလူကြီးနှင့် နှောင်းလူငယ်တို့ ဆက်စပ်မိကြလိမ့်မည်။ ထိုအခါ လူကြီးနှင့် လူငယ်တို့ လက်တွဲ၍ အလုပ်လုပ်ကြရန် ရှိသည်။ အတိတ်နှင့် ပစ္စုပ္ပန် ချိတ်ဆက်မိလေသော် အနာဂတ် လူမျိုးနှင့် တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်ခိုင်ခံ့လာလိမ့်မည်။

**မြောင်းမြမဂ္ဂဇင်း၊ ဒီဇင်ဘာလ ၁၉၉၅**

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်၏ ငယ်ဆရာများ

မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်တော်သည် မှတ်သားဖွယ်တို့ကို အလျဉ်းသင့်သလို ရေးက ရေးခဲ့ဖူးပါသည်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ယူနီဗာ စီတီအက်ဥပဒေကို ရန်ကုန်ကောလိပ်ကျောင်းသားကြီးများက သပိတ် မှောက်ကြသည်။ ဤလူငယ်တို့၏ လှုပ်ရှားမှုကို အကြောင်းပြု၍ အမျိုး သားပညာရေးစနစ်ကို ချမှတ်ခဲ့ကြပြီးနောက် မကြာမီ ယင်းသပိတ်မှောက် သောနေ့ကိုအမျိုးသားနေ့ဟု တစ်နိုင်ငံလုံးက အသိအမှတ်ပြုလာကြ သည်။ ဤဖြစ်ရပ်ကို မူတည်၍ မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်း ကျောင်းတွင် အဦးအစ ဆောင်ရွက်ခဲ့ကြသော ဆရာဆရာမများသည် လခရသည်ဆိုရုံမျှဖြင့် ချို့ချို့ငဲ့ငဲ့နှင့် အနစ်နာခံ၍ တပည့်တို့ကို ပညာ သင်ကြား ပို့ချခဲ့သည်။ ယင်းအကြောင်းကို တစေ့တစောင်း ရေးသားခဲ့ ဖူးပါသည်။ ယခုလည်း မြောင်းမြမြို့နယ်အသင်း မြဝန်းဧရာမဂ္ဂဇင်း အတွက် သမိုင်းဝင်မှတ်တမ်း အချက်အလက်များကို နှောင်းလူတို့ မှတ်သားဖွယ်ဆောင်းပါးစာစောင် ရေးပေးပါဟု မေတ္တာရပ်ခံသောအခါ ကျွန်တော့စိတ်ထဲတွင် ကျွန်တော်၏ ငယ်ဆရာများနှင့်တကွ ထိုဆရာ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် နှီးနွှယ်နေသော အခြားဆရာများကိုပါ ရုတ်တရက် သတိရမိပါသည်။ အချို့နေရာများ၌ အကြောင်းအရာချင်းထပ်၍ နေကောင်းနေပါလိမ့်မည်။ သို့သော် ယခုဆောင်းပါးမှာ အနန္တဂိုဏ်းဝင် အာစရိယအပေါင်းကို ရည်ညွှန်းပူဇော်သောဆောင်းပါးဖြစ်လေရာ အဟောင်းတို့သည် အသစ်ပြန်ဖြစ်လာလိမ့်မည် ထင်ပါသည်။ အထူးသဖြင့် တိုင်းရင်းသားကျောင်းမတည်ထောင်နိုင်သေးမီက မြောင်းမြမြို့ အင်္ဂလိပ် မြန်မာ နှစ်ဘာသာအစိုးရအလယ်တန်းကျောင်း၌ ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာအပေါင်းကို မှတ်မိသမျှ တင်ပြမည်ဖြစ်ရာ ယင်းကား အချက်အလက်အသစ်များ ဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၂၀ ပြည့်နှစ်၊ ဇွန်လတွင် မြောင်းမြမြို့အစိုးရအလယ်တန်းကျောင်း၌ စတင်၍ ပညာသင်ယူခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သော ကောလိပ်သပိတ်နှင့် အမျိုးသား (တိုင်းရင်းသား) ကျောင်းများ ထူထောင်ပြီးသောခေတ်တွင်အဆိုပါအလယ်တန်းကျောင်းကို ဗြိတိသျှအစိုးရပညာရေးဌာနက အထက်တန်းကျောင်းအဖြစ်ဖြင့် တိုးမြှင့်ပြီးလျှင် ယင်းအထက်တန်းကျောင်းအဆောက်အအုံ ယခင်ကထက် နှစ်ဆတိုးချဲ့၍ အလယ်တန်းကျောင်းဟု သမုတ်ခဲ့ပါသည်။ ယခုအခါ ယင်းကျောင်းမှာ အထက အမှတ်တစ်ဟု အမည်တွင်လျက်ရှိပါသည်။

ကျွန်တော် ကျောင်းဝင်ခွင့်ရသောအခါ မြန်မာစာ စတုတ္ထတန်းအထိ သင်ကြားပြီးခဲ့သောသူဖြစ်သည့်အလျောက် အစိုးရ အလယ်တန်းကျောင်း တတိယတန်းမှစ၍ ပညာသင်ခွင့်ရပါသည်။ သာမန်အားဖြင့် မြန်မာစာ စတုတ္ထတန်းပင်ဖြစ်စေကာမူ အင်္ဂလိပ်လို အေ ဘီ စီ ဒီကိုမျှ မသင်ဖူးသေးလျှင် ပထမတန်းမှာသာ နေရာချထားပေးပါသည်။ အေဘီစီဒီ သင်ဖူးလျှင် ဒုတိယတန်းမှာ နေရာချပေးတတ်သည်။ ကျွန်တော်ကားတောကျောင်းမှာပင် ပညာသင်ခဲ့ရသော်ငြားလည်း ကျွန်တော်၏ ငယ်ဆရာ ဦးဘိုးထွန်း၏ကျေးဇူးကြောင့် မန်းနီးအော်ဒါခေါ် စာတိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



ငွေလှူပို့သော နည်းနာနိဿယတို့ကို အသင့်သင့်တတ်ကျွမ်းနားလည်သည့်အလျောက် ထိုစဉ်က ကျွန်တော့စိတ်ထဲတွင် ဧရာမအတန်းဟု ထင်မိသော တတိယတန်း၌ စတင်၍ ပညာသင်ယူခွင့် ရပါသည်။ ကျွန်တော်သည် အစိုးရအလယ်တန်းကျောင်းတွင် ကျောင်းတက်ခဲ့စဉ်က မြောက်ပိုင်းလေးလမ်းရှိဦးလေး မောင်ဟိန်အိမ်တွင် နေထိုင်၍ ကျောင်းတက်ပါသည်။

အစပထမ၌ ကျွန်တော်သည် အင်္ဂလိပ်စာကို စနစ်တကျ သင်ယူခဲ့ဖူးသူ မဟုတ်သောကြောင့် စာလိုက်မှ လိုက်နိုင်ပါ့မလားဟု စိုးရိမ်မိပါသည်။ သို့သော် တတိယတန်းဘီ အတန်းပိုင်ဆရာ ဆရာဦးကံကြီးသည် အသင်အပြ အလွန်ကောင်းသည်။ ရိုက်လည်း အလွန်ရိုက်ပါသည်။ ဆရာဦးကံကြီး၏ စားပွဲပေါ်တွင်တစ်လံမျှရှည်သော ထားဝယ်ကြိမ်တစ်ချောင်း၊ တစ်လံကျော်သော ကုန်းကြိမ်တစ်ချောင်း၊ နှစ်လံကျော်ရှည်သော ဘာကြိမ်မှန်းမသိရသည့် ကြိမ်လုံးခေါင်းကြီးတစ်ချောင်း အမြဲရှိပါသည်။ ဆရာဦးကံကြီး၏ ကျေးဇူးသည် ကျွန်တော်တို့အပေါ်၌ အလွန်ကြီးမားဘိသကဲ့သို့ သူရိုက်နေကျ ကြိမ်လုံးများ၏ ကျေးဇူးသည်လည်း အလွန်ကြီးမားလှပါသည်။

ဆရာသည် ဘယ်ကျောင်းက ဘာအောင်ခဲ့သည်ကို ကျွန်တော်တို့ မသိနားမလည်ပါ။ သို့သော် သူ၏ အင်္ဂလိပ်လိုအသံထွက်နှင့် စာပြပုံတော်သည်ကို ထောက်ရှုကြည့်လျှင် ထိုခေတ်က အမည်ကျော်ကြားသော သာသနာပြု ကျောင်းတစ်ကျောင်းမှ ထွက်ခဲ့သည်ဟု ထင်မှတ်မိပါသည်။ အထူးသဖြင့်ဆရာသည် ငယ်စဉ်က ကရစ်ကက်(Cricket) ကစားခြင်းနှင့် ဘေ့စ်ဘောလ်(Base-ball)ကစားခြင်းတို့၌ ဝါသနာပါ၍ ကျွန်တော်တို့အား ယင်းကစားနည်းမျိုးကိုလည်း သင်ပြလေ့ကျင့်ပေးပါသည်။ သူအမြဲပြောသောစကားတစ်ရပ်မှာ ကျောင်းသားကရစ်ကက်အသင်းထောင်ရန် ရည်ရွယ်သည်ဟူသော စကားဖြစ်သည်။ သို့သော် သပိတ်မှောက်ကိစ္စနှင့် တိုင်းရင်းသားကျောင်းများကို အပြိုင်အဆိုင် စာသင်ရသော

www.burmeseclassic.com

www.burmeseclassic.com


ကိစ္စများပေါ်ပေါက်လာသောအခါ သူ၏ ရည်ရွယ်ချက် အထမမြောက်ခဲ့ပါ။

ဆရာသည် ကျွန်တော် တက္ကသိုလ်သို့ ရောက်တ္တ အငြိမ်းစားယူသွားပါသည်။ ထို့နောက် ဆရာနှင့် ကျွန်တော် အဆက်ပြတ်ခဲ့ပါသည်။ ကျွန်တော် ကျောင်းနေစက လပွတ္တာမှ ရန်ကုန်သို့ သွားလိုလျှင် မြောင်းမြမှတစ်ဆင့် အမြန်သင်္ဘောဖြင့် သွားရပါသည်။ ဤကဲ့သို့ သွားရသောအခါတိုင်း ကျွန်တော်သည် ဆေးရုံကြီးမျက်နှာစာနှင့် မျက်စောင်းထိုးမှာရှိသောဆရာ့အိမ်သို့သွား၍ ကန်တော့လေ့ရှိပါသည်။ ဆရာက ကျွန်တော်ကန်တော့လျှင် ပြုံးပြုံး ပြုံးပြုံးနှင့် ကျွန်တော်စာသင်ပုံကို မေးမြန်းပြီးလျှင် ဆုပေးလေ့ရှိပါသည်။ နောက်ဆုံးအကြိမ်၌ ဆရာ၏ကျန်းမာရေးမှာ များစွာကောင်းဟန်မတူပါ။ အိမ်ဦးခန်းတွင် ထိုင်နေသောဆရာကို ကျွန်တော်က ဦးချသောအခါ သူ၏ပြုံးနေသော မျက်စိမျက်နှာမှာ မျက်ရည်ဥများ ကျနေမလားဟု ထင်မှတ်မိသည်။ နောင်သောအခါ လပွတ္တာနှင့် ရန်ကုန်တိုက်ရိုက် သင်္ဘောခုတ်မောင်းပြီဖြစ်၍ မြောင်းမြသို့ မဝင်ရသောကြောင့် ဆရာနှင့် မတွေ့ရတော့ပါ။ နှစ်အနည်းငယ်ကြာသော် ဆရာ ကွယ်လွန်ပါသည်။

ဆရာဦးကံကြီးသည် ဘာသာစုံသင်ပေးပါသည်။ ထိုစဉ်က ပုံဆွဲပညာကိုလည်း တစ်ကျောင်းလုံးအတွက် ဆရာတစ်ဦးက သတ်သတ်သင်ပေးသည်။ ထိုဆရာသည် တခြားပုဂ္ဂိုလ်မဟုတ်ပါ။ ကျွန်တော်နှင့် အလွန်ချစ်ခင်ရင်းနှီးသော ကိုဘသောင်းတင်၏ ဖခင်ဖြစ်သည်။ ကိုဘသောင်းတင်သည် ဂန္ထလောကမဂ္ဂဇင်းတွင် ဣန္ဒနီအမည်ဖြင့် မြန်မာစာအရေးအသားတို့ကို ဝေဖန်သူဖြစ်သည်။ သူသည် ကျွန်တော်မြို့အုပ်ဖြစ်ပြီး မကြာမီသူက တရားမမြို့အုပ် ဖြစ်လာပါသည်။ ထိုရာထူးမှ စက်ရှင်မင်းကြီးရာထူးအထိ တိုးတက်ခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်းများစွာက မန္တလေးမြို့မှာ ကွယ်လွန်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့ငယ်ဆရာဟူ၍ အစိုးရအလယ်တန်းကျောင်းတွင် ထိုပုဂ္ဂိုလ်နှစ်ယောက်သာ ဖြစ်ပါသည်။ ဤသို့ ဆိုခြင်းကြောင့် အခြားသောဆရာများကို ကျွန်တော်က ဆရာဟု မမှတ်ပါသလောဟု မေးဖွယ်ရှိသည်။ စင်စစ် ကျွန်တော်တို့ ကျောင်းသားခေတ်က ကျောင်းသားတို့သည် မိမိတို့၏ အတန်းပိုင်ဆရာကိုသာ ငါ့ဆရာဟု သဘောမထားကြပါ။ ဆရာကြီးမှစ၍ တစ်ကျောင်းလုံးရှိ အခြားဆရာများကိုလည်း ငါ့တို့ဆရာဟု အမှတ်သညာပြုကြပါသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်ဆရာမဆို မိမိကျောင်းတွင် စာသင်နေကြသော မည်သည့်အတန်းက တပည့်ကိုမဆို ကျောင်းစာသင်ခန်းပြင်ပတွင် မတော်တာကို တွေ့လျှင် ဆုံးမလေ့ရှိခြင်းကြောင့် ဖြစ်သည်။ မှတ်မိသမျှကို ပြောရလျှင် မြန်မာမူစလင်ဆရာ ဗာရကတ်သည် ဆဋ္ဌမတန်း တန်းပိုင်ဆရာ ဖြစ်သော်လည်း ကျွန်တော်တို့ကို သူ့တပည့်များဟု အသိအမှတ်ပြု၍ ဆိုဆုံးမလေ့ရှိပါသည် ။ ဆရာဗာရကတ်သည် အစိုးရအလယ်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင် နောင်အခါ၌ (စာရေးကုန်းလမ်း) ဟုတွင်သော ဘွက်ကြီးတန်းလမ်းတွင် နေထိုင်ပါသည်။ ထိုလမ်းတွင် ကျွန်တော်၏အဘိုး ဦးစောတင် နေထိုင်သည်။ ကျွန်တော်သည် သပိတ်မှောက်ကျောင်းသားတစ်ဦးအဖြစ်ဖြင့် မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်သောအခါ မြောက်ပိုင်း ဦးလေးအိမ်မှ စာရေးကုန်းအဘိုးအိမ်သို့ ရွှေ့ပြောင်းခဲ့ပါသည်။ ထိုအခါ ဆရာဗာရကတ်နှင့် နီးစပ်လာသည်။ ဆရာသည် သူ့အိမ်အနီးတွင် ကျွန်တော်တို့ဆူဆူညံညံကစားနေလျှင် အိမ်အပြင်ဘက်ထွက်၍ မတ်တတ်ရပ်ပြပါသည်။ ဆရာ့မျက်နှာမှာတင်းမာသည်မဟုတ်ပါ။ ဣန္ဒြေရရ မျက်နှာထားဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့်တကွ ကျွန်တော့ညီများ၊ သူငယ်ချင်းများသည် သူ့ကိုမြင်လျှင် အလိုလို ငြိမ်းသွားကြသည်။ မိမိတို့၏ အတန်းပိုင်ဆရာ မဟုတ်သော်လည်း ဆရာဟူသောပုဂ္ဂိုလ်မှန်သမျှ တပည့်တို့က ချစ်ကြောက်ရိုသေလေးစားသော သဘောဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။စင်စစ် ဆရာဗာရကတ်က အစိုးရကျောင်းဆရာဖြစ်၍ကျွန်တော်က"နေရှင်နယ်" ကျောင်းသားဖြစ်ခြင်းကြောင့် သူနှင့် ကျွန်တော် ဘာမျှမဆိုင်ပါ။ သို့ရာတွင် မိမိနေခဲ့ဖူးသောကျောင်းမှဆရာတစ်ဦးကို ကျွန်တော် သည် ဆရာဟူသော အမှတ်ဖြင့် ရှိသေပါသည်။

အစိုးရအလယ်တန်းကျောင်းဆရာသည် အသားလတ်လတ် အနေတော် ဝဖိုင့်ဖိုင့် နှုတ်ခမ်းမွှေး ရေးရေးနှင့် အလွန်ဥပဓိရုပ်ကောင်းသူဖြစ်သည်။ သူ့အမည်မှာ ဦးမောင်မောင်ဖြစ်သည်။ သူ့ကိုလည်း မြန်မာမူစလင်ဟု ပြောကြပါသည်။ တပ်အပ်သေချာမသိပါ။ သို့သော် ဝတ်စားဆင်ယင်ပုံမှာ ရှေးရိုးမြန်မာအတိုင်း ဖြစ်ပါသည်။ သူသည် စကားပြောလျှင် ညင်ညင်သာသာ ပြောတတ်သူဖြစ်သည်။ သူ့ကိုလည်းကျောင်းသားအများက ရိုသေလေးစားသည်။ ကျွန်တော်ကား ဆရာ့ကို အလွန်ကြောက်တတ်သူဖြစ်ရာ နှုတ်ဖြေစာမေးပွဲတွင် ဆရာကြီးဦးမောင်မောင်က"မင်းဘယ်အတန်းမှာ နေသလဲ"ဟု အင်္ဂလိပ်လို မေးသောအခါ ကျွန်တော့ပါးစပ်ထဲ အားစေးထည့်ထားသကဲ့သို့ဖြစ်၍ ကြောက်ဒူးတုန်ပြီးလျှင် ဘယ်လိုမှ အသံမထွက်လာပါ။ ဤကြောင်းအရာကို သိသောအခါ ဆရာဦးကံကြီးက ကျွန်တော့ကို မုချရိုက်တော့မှာပဲဟု ထင်၍ ပိုပြီးကြောက်ဒူးတုန်လာပါသည်။ သို့သော် ဆရာဦးကံကြီးသည် ကလေးစိတ်ကို သိရှိနားလည်ပါသည်။ သူက အကြောက်တရား ပြောကြား၍ ကျွန်တော့အားနှစ်သိမ့်အားပေးပါသည်။

စတုတ္ထတန်းကို ဆရာဦးပျော့ကြီးက သင်ပြပါသည်။ သူကားနာမည်သာ ပျော့သော်လည်း တပည့်တို့ကို စာသင်ရာ၌ အလွန်မာသူဖြစ်ရာ သူ၏ စတုတ္ထ အခန်းနှင့် အတန်ငယ် နီးစပ်သော ကျွန်တော်တို့မှာ သူ့ကိုလည်း အလွန်ကြောက်ကြပါသည်။ ပဉ္စမတန်းကို ဆရာဦးကြာဒိုးက သင်ပြပါသည်။ ဆရာဦးကြာဒိုးကို ကျွန်တော်တို့ အများစုက ဆရာကြာဒိုးဟုပင် ခေါ်ပါသည်။ မရိုသေ၍ မဟုတ်။ လေးစားစွာ ခေါ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဆရာကြာဒိုးဆိုသော ပုဂ္ဂိုလ်မှာ အခြားမဟုတ်။ ဗိုလ်မှူး ချုပ် စောကြာဒိုး၏ ဖခင် ဖြစ်ပါသည်။

ဆရာများအကြောင်းကို ပြောရင်းနှင့် ထိုစဉ်က နာမည်ကြီးခဲ့သော ကျောင်းသားနှစ်ယောက်အကြောင်းကို ပြောပါရစေ။ တစ်ယောက်မှာ ယခုအခါ အငြိမ်းစားအင်္ဂလိပ်စာ ပါမောက္ခ ဦးမျိုးမင်းဟုတွင်သော ပုဂ္ဂိုလ် ဖြစ်သည်။ တစ်ဦးကား သစ်တောမင်းကြီးအဖြစ်ဖြင့် ကွယ်လွန်ခဲ့သော ဦးစံဖြစ်သည်။ သူတို့နှစ်ဦးက စတုတ္ထတန်းမှာ စာသက်ကြသည်ဟု မှတ်မိ ပါသည်။ မောင်စံသည် သျှောင်ပေစူးကလေးနှင့် ကျောင်းတက်သည်ကို သတိရပါသည်။ မောင်မျိုးမင်းလည်း ထိုနည်းလည်းကောင်းဟု ထင်ပါ သည်။ ကောင်းကောင်း မမှတ်မိပါ။ အသက်ငယ်ငယ်နှင့် ဧရာမစတုတ္ထ တန်းသို့ ရောက်နေကြသော ကျောင်းသားနှစ်ဦးကို ဆရာတို့က အလွန် ဂုဏ်ယူ၍ ပြောဆိုကြပါသည်။ ကျွန်တော်ကား သူတို့နှင့် အတန်းချင်း မတူ၍ ထိုစဉ်က သူငယ်ချင်း မဖြစ်ခဲ့ပါ။ တက္ကသိုလ်သို့ရောက်သောအခါ မှာမှ မိတ်ဆွေဖြစ်လာကြပါသည်။

မြောင်းမြမြို့ အမျိုးသား (နောင်အခါ တိုင်းရင်းသား) ကျောင်းကို တည်ထောင်ဖွင့်လှစ်သောအခါ ကျွန်တော်သည် တတိယအဆင့်မှစတင်၍ ပညာသင်ယူခဲ့ရပါသည်။ ကျွန်တော် စ၍တွေ့ရသော ဆရာများမှာ မြန်မာ စာပြဆရာ ဦးလှမြင့်၊ ပထဝီပြဆရာ ဦးနိုင်းနားနှင့် အင်္ဂလိပ်စာ၊ ဂဏာန်း သင်္ချာ၊ အက္ခရာသင်္ချာပြဆရာ ဆရာဦးအုန်းဖေတို့ ဖြစ်ကြသည်။

တတိယတန်းဟုဆိုသော်လည်း မြန်မာစာအတော်အဆင့်အတန်း မြင့်သည်ဖြစ်ရာ ဆရာဦးလှမြင့်သည် ဝေဿန္တရာစသော ဇာတ်ကြီးဆယ် ဘွဲ့တို့ကို သင်ကြားပေးရသောအခါ ခက်ဆစ်အဓိပ္ပာယ်တို့အတွက် ရဟန်း တော်များထံတွင် နည်းနိဿရခံယူပြီး ကျွန်တော်တို့ကို အဆင့်ဆင့် သင်ကြားပေးပါသည်။ အမျိုးသား (တိုင်းရင်းသား) ကျောင်းဆရာတို့သည် ခုနစ်တန်းနှင့် သပိတ်မှောက်လာကြ၍ ယင်းပညာအခြေခံဖြင့်ပင် တတိယ

www.burmeseclassic.com

www.burmeseclassic.com



ဆင့် စတုတ္ထဆင့်၊ ပဥ္စမဆင့်တို့ကို သင်ပြပေးကြပါသည်။ သူတို့ကိုယ်တိုင် မိမိတို့ သင်ကြားပေးရမည့်ဘာသာကို မိမိတို့ဘာသာ မိမိ အလွတ်ပညာ သင်သဘောဖြင့် သင်ယူပြီးလျှင် သူတို့တတ်သမျှကို ကျွန်တော်တို့အား အိတ်သွန်ဖာမှောက် သင်ပေးကြသည်။

ဆရာနိုင်နားသည် ကျွန်တော်နေသောအဘိုးဦးစောတင်၏အိမ်နှင့် နှစ်အိမ်ခြားတွင် နေထိုင်ပါသည်။ သူ၏အမိသည် အာပုံရောင်းရင်းနှင့် ကိုယ်ပိုင်အိုးအိမ် တည်ဆောက်နိုင်ပြီး မုဆိုးမဘဝနှင့်ပင် ကိုနိုင်နားနှင့် ကိုစံတီးအမည်ရှိသော သားနှစ်ယောက်ကို ကျောင်းထားပေးနိုင်သူ ဖြစ်သည်။ အမိသည် ဇာတိအားဖြင့် အိန္ဒိယမျိုးနွယ်ပင်ဖြစ်သော်လည်း သားနှစ်ယောက်မှာ မြန်မာ့ယဉ်ကျေးမှုဖြင့် ကြီးပြင်သူများဖြစ်ရာ ဆရာနိုင်နားကို ကျောင်းသားများက မျိုးခြားဟု မယူဆဘဲ အလွန်လေးစားကြသည်။ သူ့ညီကိုစံတီးသည် ကျွန်တော့ထက် အသက်ကြီးသော်လည်း ဆရာဦးစံကြီး၏ တတိယတန်းတွင် ကျွန်တော်နှင့်အတူတူ ဖြစ်သည်။

ဆရာဦးအုန်းဖေသည် တတိယဆင့်မှ ပဥ္စမဆင့်ထိ အင်္ဂလိပ်စာ၊ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂဲဩမေတြီဘာသာရပ်တို့ကို ကျွန်တော်နှင့် ထက်ကြပ်မကွာလိုက်၍ သင်ကြားပြသပေးသောဆရာဖြစ်သည်။ သူသည် လူချောတစ်ယောက် ဖြစ်၏။ အသားဖြူဖြူ နှာတံပေါ်ပေါ် မျက်တောင်ကော့ကော့နှင့်မို့ မိန်းမသားအပျိုအရွယ်တို့သည် သူ့ကိုမြင်လျှင်အတော်ပင် စိတ်ဝင်စားကြပေလိမ့်မည်ဟု ကျွန်တော်ငယ်စဉ်က အတွေးဖြင့် တွေးမိပါသည်။ သို့သော် ဆရာသည် အချစ်ကံမကောင်းဟန်တူသည်။ ကျွန်တော်တို့ကို ထိထိရောက်ရောက်စာပြပါသည်။ မသိနားမလည်လျှင် သိအောင်စိတ်ရှည်လက်ရှည် သင်ပြပါသည်။ သို့သော် စာသင်ချိန်ကုန်သောအခါ အူသည် ပြတင်းပေါက်မှနေ၍ မြောင်းမြမြစ်ကို ကျော်ကာ အဝေးသို့ မျှော်ငေးလေ့ရှိပါသည်။ ဤရုပ်ပုံလွှာကို ကြည့်၍ ကျွန်တော်တို့ သူငယ်ချင်းများသည် ဆရာနှင့်တကွ ဆွေးသလိုလို လွမ်းသလိုလို ဖြစ်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ သို့သော် သူ့အတွင်းရေးကို ကျွန်တော်တို့ လူပေါက်စကလေးများ နားမလည်ပါ။ ကျွန်တော် ခြောက်ဆင့်စာမေးပွဲအောင်၍ ရန်ကုန်မြို့၊ မြို့မတိုင်းရင်းသား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး မကြာမီ ဆရာဦးအုန်းဖေတစ်ယောက် ပျောက်သွားသည်ဟု ကြားရပါသည်။ အဘယ်ပုံ ပျောက်သွားသည်ကို မသိပါ။

ဆရာကိုမောင်ကြီးကား အင်္ဂလိပ်လို ရှိရှိမြည်အောင် ပြောတတ်သူ ဖြစ်သည်။ အင်္ဂလိပ်စာအပြင် မြန်မာစာ၊ အက္ခရာသင်္ချာ၊ ဂဲသြမေတြီ၊ ဂဏာန်းသင်္ချာ၊ ပထဝီဘာသာရပ်များကို ဆဋ္ဌမဆင့်၌ သင်ပြသည်။ ဘာသာရပ်အားလုံးတွင် အသင်အပြကောင်းပါသည်။ သူ့ကို ဆရာ ကိုမောင်ကြီးဟု ခေါ်ရာမှာလည်း ရိုင်းသည်ဟု မထင်ကြစေလို။ စင်စစ် ထိုခေတ်က ဆရာများမှာ သပိတ်မှောက်ကျောင်းသားက အများစုဖြစ်ရာ အသက်နှစ်ဆယ် အစိတ်အရွယ်ရှိသူတို့ကို ကျွန်တော်တို့က အစ်ကိုကဲ့သို့ သဘောထား၍ "ကို" တပ်ပြီး ခေါ်ခြင်းဖြစ်သည်။ တစ်ကျောင်းလုံးမှာ မူလတန်းများအတွက် တာဝန်ယူရသူ ကျောင်းဆရာကြီး ဦးဖိုးချိန်နှင့် အသက်အတန်ငယ်ကြီးသူ ဆရာဦးဘဒင် စသည်တို့မှတစ်ပါး ကျန်ဆရာ များကား လူငယ်များသာ ဖြစ်ပါသည်။

ဆရာကိုမောင်ကြီးသည် မောင်ခင်၊ ချစ်ဖေနှင့် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို သူ့အိမ်ခေါ်၍ အပိုသင်ကြားပေးပါသည်။ ဆရာ သည် ချာလ်စ်ကင်းဆလီ (Charles Kingsley) ရေးသားသော ဂရိ အာဇာနည်များ (The Heroes) စာအုပ်ကို ကျွန်တော်တို့အား သင်ကြား ပေးရာ ဂရိနတ်သမိုင်းသည် အတော်ပင် ရှုပ်ထွေးလှခြင်းကြောင့် သူ ကိုယ်တိုင်လေ့လာရန် ဆိုင်ရာစာအုပ်များကို သူ့ချေးနှဲစာဖြင့် မှာယူ ဝယ်ခြမ်း၍ မှတ်စုထုတ်ပြီးလျှင် ကျွန်တော်တို့ကို သင်ကြားပေးပါသည်။ ကျွန်တော်တို့သည် ဆရာကိုမောင်ကြီး၏ အိမ်သို့ရောက်လျှင် ယင်းနတ် သမိုင်းစာအုပ်ကို အရအမိ ရှာဖွေ၍ ဖတ်ရှုကြပါသည်။ ဖတ်ရှုဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှ အဆင့်မြင့်သော အင်္ဂလိပ်စာများကို ဖတ်ရှုခြင်းမဟုတ်၊ စာအုပ်ထဲတွင်ပါသော မိမွေးတိုင်း၊ ဖမွေးတိုင်း နတ်သမီးရုပ်များကို အလုအယက်ကြည့်ခြင်းသာ ဖြစ်ပါသည်။

ထိုစဉ်က သတ္တမဆင့်၊ အဋ္ဌမဆင့်၊ နဝမဆင့် ဟူသော အထက်တန်းများကို ဆရာဦးဘဒင်က ဒိုင်ခံ၍ စာသင်ပေးပါသည်။ တစ်ခါတစ်ရံ ဆရာကိုမောင်ကြီးက ဆရာဦးဘဒင်ကို ကူညီ၍ သင်ပေးပါသည်။ ဆရာကိုမောင်ကြီး ခွင့်ယူရသောအခါ၌ အင်္ဂလိပ်သဒ္ဒါနှင့် စာစီစာကုံးကို ဆရာဦးဘဒင်က သင်ပြပါသည်။ ကျွန်တော် ဆဋ္ဌမဆင့်အောင်၍ ရန်ကုန်သို့သွားရောက်ရန်ရှိသောအခါ ဆရာဦးဘဒင်သည် ကျွန်တော့်ကို ခေါ်ယူ၍ အီစွပ်ပုံပြင်များ၊ အင်ဒါဆန်၏ဒဏ္ဍာရီများစသည်တို့ကို ဖတ်ရှုလေ့လာရန် ဩဝါဒပေးပါသည်။

ထိုအတန်းပိုင်ဆရာများအပြင် အခြားအတန်းများကို အုပ်ချုပ်သင်ကြားပေးရသော ဆရာများကိုလည်း ကျွန်တော်မှတ်မိပါသည်။ သူငယ်တန်းနှင့် ပထပတန်းကို တာဝန်ယူရသော ဆရာမ မရင်လေးကာ ဦးစွာ၌ တစ်ကျောင်းလုံးတွင် အမျိုးသမီးဆို၍ သူတစ်ယောက်သာရှိသည်။ နောင်အခါ ဆရာကြီးဦးဖိုးချိန်၏သမီး ဆရာမသန်းသန်းက ဆရာမအဖြစ်ဖြင့် ကူညီသည်။ တိုင်းရင်းသားကျောင်းဘောလုံးအသင်းတွင် ကပ္ပတိန်လုပ်သူ ဆရာကိုကိုကြီးကား အရပ်အမောင်းအလွန်ကောင်းသူဖြစ်ရာ သူ့ကိုလည်း တပည့်များကခန့်ညားကြသည်။ သူ့ကိုအကြောင်းပြု၍ မြောင်းမြတိုင်းရင်းသား ကျောင်းဘောလုံးအသင်း နာမည်ရလာသည်။ တစ်ခါသော် ဆရာတစ်ဦးလိုသဖြင့် ပြင်ပမှ ခေါ်ယူရာ ဆရာဦးဖိုးရုံလည်း မူလတန်းများအတွက်တာဝန်ယူရန် ရောက်ရှိလာပါသည်။ သူ့ကို အတန်ငယ် အသက်ကြီး၍ ဦးဖိုးရုံဟု တပည့်များက ခေါ်ကြသည်။ သူသည် အင်္ဂလိပ်စကားတတ်ကြောင်းပြလို၍ ဘောလုံးပွဲများတွင် Run on , you! ဟုဟစ်အော်လေ့ရှိရာ နောင်သောအခါ သူ့ကို ရန်နွန်ယူ ဦးဖိုးရုံဟု တပည့်တို့က

www.burmeseclassic.com

www.burmeseclassic.com



နာမည်းပေးကြသည်။ ခါတ်သိဆရာအချင်းချင်းကမူ သူ၏ အင်္ဂလိပ်စာကို ရယ်မောကြသည်။ တစ်နေ့သော် ဦးဖိုးရုံနေမကောင်း၍ ခွင့်တိုင်သည်။ သူက ခွင့်စာထဲတွင် “The sun stroke me” ဟုရေးသည်။ နေပူမိသည်ဟုဆိုလိုသည်။ စင်စစ် အင်္ဂလိပ်အသုံးအနှုန်း၌ sunstroke ဟူ သောစကားကို နာမ်အဖြစ်ဖြင့် သုံးစွဲရမည် ဖြစ်သည်။ ကျွန်တော်တို့သည် တစခါတစ်ရံ ဤကဲ့သို့ မတတ်တတတ်နှင့် သင်ပေးသောဆရာများကို တွေ့ရဖူးပါသည်။ သို့သော် သူတို့ကို ဘယ်အခါမျှ အထင်မသေးပါ။ အဂါရဝ အပြုအမူ မပြခဲ့ဖူးပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့၏ဆရာများသည် မတတ်တတတ်နှင့်ပင် ကျွန်တော်တို့ကို တတ်အောင် ကြိုးစားသင်ပေးခြင်းကြောင့် ဖြစ်သည်။ သူတို့၏ ကြိုးစားမှုသည် သူတို့၏ဝမ်းရေးကို ဖြေရှင်းပေးခြင်း မရှိခဲ့ပါ။ သို့သော် ကြိုးစားမြဲ ကြိုးစားကြပါသည်။ စင်စစ်သူတို့၏ဘဝမှာ နှောင်းလူတို့ ‘စား’ စေရန် ‘စွန့်’ ရသောဘဝပင် ဖြစ်ပါသည်။

ဆရာကြီး ဦးဖိုးချိန်ကား ဆရာများနှင့်တကွ တပည့်များပါ လေးစားရသော ဆရာကြီး ဖြစ်သည်။ ဆရာကြီးသည် ကျောင်းတက်ချိန်တွင်ဖြစ်စေ၊ ကျောင်းဆင်းချိန်တွင်ဖြစ်စ တစ်ချိန်ချိန်တွင် ကျောင်းသားအားလုံးကို စုရုံးစေ၍ ဘုရားကို ဝတ်ပြုစေပါသည်။ ဘုရားရှိခိုးဝတ်ပြုရာ၌ ကျောင်းသားနှင့်ဆိုင်ရာ ဆုံးမစရာ ရှိသည်တို့ကို ဆုံးမလေ့ရှိပါသည်။ အလွန် အဆုံးအမကောင်းသူဖြစ်ပါ၏။ သို့ရာတွင် သူသည် သူ့သားကို သူ မနိုင်ပါ။ အချို့ကျောင်းဆရာကြီးများသည် မိမိသားသမီးများကို မိမိမနိုင်တတ်ပါ။

ပညာသင်သည်ဟူရာ၌ စာကိုသာ သင်ခြင်းမဟုတ်။ စာရိတ္တကိုပါ သင်ခြင်းဖြစ်သည်။ စာရိတ္တဖွံ့ဖြိုးရေးကို လက်မွန်မဆွ ပြုစုပျိုးထောင်ပေးသူများသည် မူလတန်း၊ အလယ်တန်း စသော ဆရာ၊ ဆရာမများဖြစ်သည်။ သူတို့သည် အသက်လေးနှစ်၊ ငါးနှစ်အရွယ်ကလေးများကို ပြုစု

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ အချို့မှာ ၆ နှစ်အရွယ်မှ ၁၂ နှစ်အရွယ်အထိ တပည့်တို့ကို ပြုစုပျိုးထောင်ပေးရသည်။ ထိုနုနယ်သော အရွယ်တွင် တပည့်တို့သသည် မိမိတို့၏ ရှေးဦးဆရာများကို ကြီးပြင်းလာသောအခါ ကောင်းစွာ မမှတ်မိကြတော့ချေ။ အထက်တန်းကျောင်းနှင့် တက္ကသိုလ်များတွင် ဆရာမည်သူမည်ဝါက မိမိကိုမည်သို့မည်ပုံ သွန်သင်ဆုံးမသည်ကို ကောင်းစွာအမှတ်ရကြမည်ဖြစ်သော်လည်း မသိတတ် သိတတ်အရွယ်တွင် ကကြီး ခခွေး ဒေ ဘီ စီ ဒီတို့ကို မည်သူက မည်သို့သင်ကြားပေးသည်ကိုမူကား မှတ်မိချင်မှ မှတ်မိကြလိမ့်မည်။ စင်စစ် လူဟူ၍ဖြစ်လာအောင် ရှေးဦးစွာ သင်ကြားပေးခဲ့ရသောဆရာများကိုတပည့်တို့က အဦးအစ ဆရာများအဖြစ်ဖြင့် ယင်းတို့၏ ဂုဏ်ကျေးဇူးကို အမှတ်တရ ရှိနေကြရမည်သာ ဖြစ်သည်။

မနုဿလူသားသည် လူတစ်လုံးသူတစ်လုံးဖြစ်လာဖို့ရာ ငယ်စဉ်မှစ၍ မြောက်မြားလှစွာသော ဆရာတို့၏ ဥပနိဿယကို ခံယူကြရသည်။ သမိုင်းအစဉ်အဆက်ဆိုသည်ကို သဘောပေါက်လျှင် မူလတန်းဆရာတို့၏ ကျေးဇူးကြော့် အလယ်တန်းသို့ ရောက်ရသည်။ အလယ်တန်းဆရာတို့၏ ကျေးဇူးကြောင့် အထက်တန်းသို့ ရောက်ရသည်။ အထက်တန်းဆရာတို့၏ကျေးဇူးကြောင့် တက္ကသိုလ်သို့ ရောက်ရသည်။ တက္ကသိုလ်ဆရာတို့၏ကျေးဇူးကြောင့် လူ့လောကတည်းဟူသော တံခါးပေါက်ကို ဖွင့်၍ ဝင်နိုင်ကြသည်။ ဤသဘောကို စဉ်းစားဆင်ခြင်မိသူတို့သည် အာစရိယဂုဏော အနန္တောဟူသော အနက်အဓိပ္ပယ်ကို ကောင်းစွာ သဘောပေါက်ကြလိမ့်မည်။ ဆရာဦးကံကြီး၏ ကျေးဇူးသည် ကြီးမားလှပေသည်။ ထိုနည်းတူစွာ ဆရာဦးကံကြီး၏ ကြိမ်လုံး၏ကျေးဇူးသည် လည်းကြီးမားလှပေစွ။

**မြဝန်းဇရာမဂ္ဂဇင်း၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၊ ဇွန်လ ၁၉၈၇**

www.burmeseclassic.com

www.burmeseclassic.com

# ဘွဲ့ရသောအခါ ပညာရှာ

၁၉၂၆-၂၇ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော်တို့ဝင်ခွင့်ရကြသောအခါ ယနေ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့ ကျက်စားရာ ရန်ကုန်တက္ကသိုလ်ပင်မကြီးမှာ တောကြီးမျက်မည်း အခြေ၌သာ ရှိပါသည်။ ယင်းတောကြီးကို တက္ကသိုလ်နယ်မြေအတွက် ရည်ရွယ်ထားသောကြောင့် မကြာမီ တောရှင်းလာပါသည်။ တက္ကသိုလ်အဆောက်အအုံများ မပြီးသေးမီ ကျွန်တော်တို့သည် ယနေ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်၌တည်ရှိသောရန်ကုန်ကောလိပ် အဆောက်အအုံဟောင်းတွင်ပညာသင်ယူကြရပါသည်။ ပညာသင်နှစ်တစ်နှစ်ကုန်ဆုံးသောအခါ အောင်မြင်ပြီးမြောက်သော ပညာသင်သားကို ဘွဲ့ချီးမြှင့်ရသော ထုံးစံရှိပါသည်။ ရန်ကုန်တက္ကသိုလ်ဟု ဖွဲ့စည်းပြီးစနစ်များ၌ တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံ မရှိသေးသောကြောင့် ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟောထဲတွင် ဘွဲ့နှင်းသဘင် ကျင်းပရပါသည်။ အကြမ်းအားဖြင့် ပြောရလျှင် ၁၉၃၀ ပြည့်နှစ်တစ်ဝိုက်တွင် မြို့ထဲ၌ရှိသော ရန်ကုန်ကောလိပ်မှ အင်းလျားကန်စောင်း၌ရှိသော ရန်ကုန်တက္ကသိုလ် (ပင်မ) ကျောင်းတော်ကြီးနှင့်တကွ ရွှေတိဂုံဘုရားလမ်းရှိ 'ဟော့စတယ်' (Hostel) ဟုခေါ်ခဲ့ကြသော ကျောင်းဆောင်များသည် အလုံးအရင်းနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့လာကြသည်။ ထိုသည်မှစ၍ ယနေ့ တက္ကသိုလ်စာသင်သားတို့ နေ့စဉ်တွေ့နေရသော ဘွဲ့နှင်းသဘင်အဆောက်အအုံထဲတွင် ဘွဲ့အသီးသီးကို တက္ကသိုလ် အာဏာပိုင်တို့က ချီးမြှင့်ကြပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပသောအခါ တက္ကသိုလ်အဓိပတက ဘွဲ့နှင်းသဘင်မိန့်ခွန်းကို မြွက်ကြားရသည်။ ထိုခေတ်က တက္ကသိုလ်ဆိုင်ရာ အက်ဥ်ပဒေအရ တက္ကသိုလ်၏အုပ်ချုပ်ရေးစနစ်တွင် မြန်မာပြည် ဘုရင်ခံသည် အဓိပတိဖြစ်၍ ဘုရင်ခံကိုယ်တိုင်က ဘွဲ့နှင်းသဘင်မိန့်ခွန်းကို မြွက်ကြားလေ့ရှိသည်။ သို့သော် အကြောင်းအခွင့် မညီညွတ်သောအခါ အဓိပတိ ဘုရင်ခံ၏ကိုယ်စား ဒုတိယအဓိပတိတစ်ဦးဦးက မိန့်ခွန်းမြွက်ကြားသည်။ ကျွန်တော့အတွေ့အကြုံအရ ထိုခေတ်တရားလွှတ်တော်တရားလူကြီးတစ်ဦးကလည်းကောင်း၊ ရန်ကုန်မြို့နီစပယ်မင်းကြီး ဦးဆက်ကလည်းကောင်း ဆိုင်ရာဆိုင်ရာနှစ်တို့တွင် ဘွဲ့နှင်းသြဘင်မိန့်ခွန်းကို မြွက်ကြားကြပါသည်။

ဘွဲ့နှင်းသဘင် မိန့်ခွန်းဆိုသည်မှာ တက္ကသိုလ်ကျောင်းထွက်များအတွက် သြဝါဒကထာ ဖြစ်၏။ ဆရာတို့က တပည့်တို့ကို တတ်သိနားလည်ပါစေဟုသော စေတနာဗရပွဖြင့် မှာကြားလိုက်သော စကားများဖြစ်၏။ ကောင်းစေလိုသော စေတနာဖြင့်ပြောသောစကားကို တစ်စွန်းတစ်စမျှ ကြားရစေကာမူ ကြားရသူအတွက် မင်္ဂလာရှိပါလိမ့်မည်။

တစ်ခုသော ဘွဲ့နှင်းသဘင်တွင် လွှတ်တော်တရားဝန်ကြီးတစ်ဦးက သြဝါဒပေးသည်။ သူ၏သြဝါဒထဲတွင် ကြီးကြီးကျယ်ကျယ်စကားလုံးများ မပါပါ။ ရိုးရိုးပင် ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်စကားကို ယခု ပြန်ပြောင်းတွေ့မိ၍ ပြောသောအခါ လုံးစေ့ပတ်စေ့ မှတ်မိချင်မှ မှတ်မိလိမ့်မည်။ သို့သော် အနှစ်သာရတစ်ခု ယနေ့တိုင် ဦးခေါင်းထဲတွင် စွဲကျန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ယနေ့ ဘွဲ့ယူကြသော လူငယ်၊ လုံမငယ်တို့သည် ပညာတို့ကို သင်ယူရာ၌ ပြည့်စုံပြီးမြောက်ပြီဟု တက္ကသိုလ်အာဏာပိုင်တို့က ယူဆသောကြောင့် ယင်းတို့ကို ဘွဲ့အသီးသီးကို ချီးမြှင့်ခဲ့ပြီးပါပြီ။ ထို့ကြောင့် ပညာစုံပြီဟု ယူဆလိုက ယူဆနိုင်ပါ၏။ သို့သော် အမှန်စင်စစ်မှာမူ အမောင်တို့ အမိတို့သည် ယနေ့မှအစပြု၍ လောကထဲတွင် ပညာကို ရှာကြရမည်။ တက္ကသိုလ်ဟူသည်မှာ ပညာရှာသော နည်းနိဿယကို သင်ကြားပေးရာ ဌာနမျှသာဖြစ်သည်။ အမောင်တို့၊ အမိတို့သည် ဘွဲ့နှင်းသဘင် ကျင်းပပြီးသောအချိန်မှစ၍ လူ့လောကထဲတွင် တက္ကသိုလ်က ညွှန်ပြသော နည်းနိဿယတို့ဖြင့် ပညာကို ရှာကြကုန်လော့'

နက်နက်နဲနဲ စဉ်းစားကြည့်လျှင် ဤဩဝါဒမှန်ကြောင်း တွေ့ရပါလိမ့်မည်။ အမှန်မှာ တက္ကသိုလ်က စာသင်သားတို့အား နည်းနိဿယကို သင်ပေးလိုက်သည်။ ထိုနည်းနိဿယတို့ကို အသုံးချ၍ မိမိတို့ဘဝရပ်တည်ရေးကို မိမိကိုယ်တိုင်ပို့ချသော ဆရာသမား၏ အာဘော်အတိုင်း လုပ်ဆောင်ရမည်။

လွယ်လွယ်စဉ်းစားလျှင်လည်း ထိုဩဝါဒ မှန်ကြောင်း သိရပါလိမ့်မည်။ တက္ကသိုလ်ဆရာက တွက်နည်းကို ပေးလိုက်သည်။ ထိုတွက်နည်းကို ကျွမ်းကျင်အောင် နှစ်နှစ်လီလေးဟုလည်း နှုတ်တက်ချပေးလိုက်သည်။ ၂×၂=၄ ဟူသော ပုံသေနည်းမှန်ကြောင်း သက်သေထူရန်အလို့ငှာ စာသင်သားတပည့်တို့ကို နှစ်ယောက်တစ်တွဲ လက်ချင်းဆက်၍ တွဲခိုင်းသည်။ နှစ်တွဲရလျှင် လေးယောက်ဖြစ်ကြောင်းကိုလည်း ထင်ရှားအောင်ပြခဲ့၏ တပည့်သည် သဘောတရားနှင့်လက်တွေ့တို့ကို မှတ်သား၍ နည်းယူသည်။ ဤနည်းအတိုင်း လုပ်ဆောင်လျှင် ပြီးမြောက်အောင်မြင်မည်။

တက္ကသိုလ်ကပေးသော တွက်နည်းကို ရယူလျှင် ဘွဲ့ရပြီဟု မှတ်ပါ။ တွက်နည်းကို ရအောင်မယူနိုင်လျှင် ကကြီး ခခွေး အေ ဘီ စီ ဒီ

www.burmeseclassic.com

www.burmeseclassic.com



များကို မိမိ၏နာမည်နောက်ကွယ်၌ တရားဝင်နည်း၊ မဝင်နည်း နည်းမျိုးစုံဖြင့် ဆိုင်းဘုတ်ရေးသော်ငြားလည်း ဘာတန်ဖိုးမျှ ရှိမည် မဟုတ်ပေ။

မိမိရသောဘွဲ့၏ဂုဏ်သိန်ကို မိမိကသာ စောင့်ထိန်းရမည်။ ရန်ကုန်တက္ကသိုလ်နှင့်ဆိုင်သော ဘွဲ့ကို ရန်ကုန်တက္ကသိုလ်ကသာ ပေးနိုင်သည်။ မန္တလေးတက္ကသိုလ်နှင့်ဆိုင်သောဘွဲ့ကို မန္တလေးတက္ကသိုလ်ကသာ ပေးနိုင်သည်။ အခြားမဆိုင်သော အဖွဲ့အစည်းတို့က ပေးနိုင်သည် မဟုတ်။ မိမိကိုယ်တိုင်ကလည်း မိမိဘွဲ့ကို မိမိပေးနိုင်သည် မဟုတ်။ တက္ကသိုလ်က ပေးသောဘွဲ့သည် ပကတိအတိုင်းသာလျှင် တည်ရမည်။ ဘွဲ့ကို ကြီးကျယ်အောင် ဆွဲဆန့်၍ မရနိုင်။ ဗေဒင်သုံးပုံကို တတ်ကျွမ်းသောသူသည် လူအထင်ကြီးအောင် မဟာဘုတ်တိုင်ထူတတ်ပါသည်ဟု ကြော်ငြာရန် မလို။ မိမိရသောဘွဲ့ကို သူ့ပကတိအတိုင်းထားလျှင် ဘွဲ့၏ဂုဏ်ကို စောင့်ရှောက်ထားရာ ရောက်သည်။ ဘွဲ့ကို မျှော့ကြိုးလို သဘောထားပြီး ရှည်အောင်ဆွဲဆန့်လျှင် အရောင်တောက်ပလိမ့်မည်။ ထွန်းတောက်ခြင်းကို ပို၍ အလိုရှိလျှင်မူကား တက္ကသိုလ်က ပေးလိုက်သောတွက်နည်းကို လူ့လောက၌ ဆက်ဆံရသောအခါ အမြဲလေ့ကျင့်ပေးရလိမ့်မည်။ ဤနည်းဖြင့်သာ ပညာရောင်ထွန်းလင်းစေရန် ကြိုးပမ်းရလိမ့်မည်။ ပညာအလင်းရောင် မှိန်နေသော လောက၌ လူသည် ကြီးပွားတိုးတက်ခြင်း မရှိနိုင်။

တက္ကသိုလ်ကပေးသော ဘွဲ့ကို ရသည်နှင့်တစ်ပြိုင်နက် လူငယ်၊ လုံမငယ်တို့သည် လောကနှင့် ဝင်ဆံ့အောင် ပညာကို ရှာကြရမည်။ ဘွဲ့သည် ထိုပညာဘဏ်တိုက်ကို ဖွင့်ရန်အတွက် သော့တွဲကြီးဖြစ်သည်။ ထိုသော့တွဲကြီးကို တချွင်ချွင်မြည်အောင် လှုပ်ပြရုံမျှနှင့် ဘဏ်တိုက်ကြီး ပွင့်လိမ့်မည် မဟုတ်။ ဖွင့်တတ်သောနည်းကို သိအောင်လုပ်၍ ဖွင့်တတ်အောင်ကြိုးစားမှ ဘဏ်တိုက်ကြီး ပွင့်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှ ပညာရပြီး လောကထဲ ဝင်လာသူသည် လောကထဲ ရောက်သည်နှင့် တစ်ပြိုင်နက် အထက်ကဆိုခဲ့သော တွက်နည်းကို လက်ကိုင်ပြု၍ ပညာကို အဆက်မပြတ် ထပ်မံရှာဖွေရမည်။ သို့မှသာလျှင် ဘွဲ့ရသူသည် ဘွဲ့မရသေးသော ပြည်သူလူထုကို အသိပညာ၊ အတတ်ပညာဝေငှနိုင်မည်။ ပညာရှိသူသည် ပညာကို ဝှက်ထားလေ့မရှိ။ ပညာကို အများတကာနှင့်အတူ ဝေငှသုံးစွဲလေ့ရှိသည်။ ဘွဲ့ရသူကိုပြည်သူများအတွက် ပညာတံခါးကို ဖွင့်ပေးလျှင် တိုင်းပြည်ကြီးပွားတိုးတက်လိမ့်မည်။

**ပုသိမ်ဒီဂရီကောလိပ်မွဂဇင်း၊ ၁၉၉၄**

www.burmeseclassic.com

www.burmeseclassic.com

# ငယ်စဉ်အခါ ပညာရှာ

လူ၌အရွယ်သုံးပါးရှိသည်။ အကြမ်းအားဖြင့် လူငယ်လူရွယ်၊ လူလတ်၊ လူကြီးဟူ၍။ မြန်မာ့ရိုးရာစကား၌ "ငယ်စဉ်အခါ၊ ပညာရှာ' ဟူ၍ လည်းရှိသည်။ ယင်းမှတ်စဆင့် တက်၍ စဉ်းစားလျှင် လူငယ်ဘဝ၌ ပညာရှာရ၏။ လူလတ်ပိုင်းသို့ ရောက်သောအခါ ဥစ္စာရှာရ၏။ လူကြီးပိုင်းဖြစ်လာသောအခါ ကုသိုလ်ရှာရ၏ဟူသော အခြေခံသဘောတရားတို့သည် ထွန်းကားလာသည်။

ငယ်ရွယ်သောကာလ၌ ကျွန်ုပ်တို့၏ ၃၂ ကောဋ္ဌာသဟုဆိုသော အသွေးအသားအင်္ဂါစုတို့သည် နိုပျို၍လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားသည်။ သိစရာရှိလျှင် ချက်ချင်းသိသည်။ မှတ်စရာရှိလျှင် ချက်ချင်းမှတ်သည်။ ကျွန်ုပ်တို့ သိကြ မှတ်ကြသည်မှာ အာရုံခြောက်ပါး၏ စွမ်းအင်ကြောင့် သိမှတ်နိုင်ခြင်း ဖြစ်သည်။ မျက်စိဖြင့် မြင်လျှင် ထိုအမြင်အာရုံကြောင့် အမှောင်အလင်း၊ အရောင်အဆင်း၊ ထုထည်သဏ္ဌာန်တို့ကိုသိသည်။ မြင်သောပုံသဏ္ဌာန်အမျိုးမျိုးတို့ကို မှတ်သား၍ ဤကား မြေ၊ ဤကား ရေ၊ ဤကား သစ်ပင်၊ ဤကား တောတောင်၊ ဤကား ကောင်းကင်ဟု မှတ်သားလာတတ်သည်။ ထိုနည်းတူစွာ အသံကိုကြားလျှင် အော်သံ

www.burmeseclassic.com

www.burmeseclassic.com



ဟစ်သံ၊ စကားသံ၊ မိုးချုန်းသံ စသည်တို့ကို သိသည်။ မှတ်သားသည်။ အရာဝတ္ထုတို့ကို လျှာဖြင့် တို့ကြည့်သောအခါ အထက်နည်းအတိုင်းချို သည်၊ ခါးသည်၊ ချဉ်သည်၊ ငန်သည်ဟူသော အရသာ တို့ကို သိသည်။ မှတ်သည်။ အနံ့ရသောအခါ၌လည်း ထိုသဘောအတိုင်း နံသည်၊ မွှေ သည်တို့ကိုသိ၍မှတ်သားသည်။ ခန္ဓာကိုယ်နှင့် ထိတွေ့စမ်းသပ်ကြည့်ပြန် လျှင် မာသည်၊ ပျော့သည် နူးညံ့သည်၊ ကြမ်းတမ်းသည်ဟူ၍ သိသည်။ မှတ်သည်။ အဆိုပါအာရုံငါးပါးဖြင့် သိသော အသိတရားကို စူစမ်း ဆင်ခြင် မှတ်သားသောအာရုံကား မနောအာရုံဖြစ်သည်။ လွယ်အောင် ပြောရလျှင် စိတ်အာရုံဖြစ်သည်။ အပြင်ပန်းမျာ ရှိသော အာရုံငါးပါးကို စိတ်အာရုံက အကောင်အထည်ပေါ်သည်အထိ ဆင်ခြင်မှတ်သားတတ် သည်။ ထို့ကြောင့် မနောအာရုံကိုပါ ထည့်သွင်းရေတွက်လျှင် အာရုံ ခြောက်ပါးဟု ဆိုရသည်။ စိတ်အာရုံကြောင့် ကောင်းသည်၊ ဆိုးသည်၊ သင့်သည်၊ မသင့်သည် အစရှိသော အခြင်းအရာတို့ကို သိရသည်။ ဝတ္ထု ပစ္စည်းတစ်ခု၏တန်ဖိုးကို သိအောင်ပြုရာ၌ အာရုံခြောက်ပါး အစုံအလင် ဖြင့် စူးစမ်းကြည့်မှ အမှန်ကို မြင်ကြရသည်။

ဤပထမအဆင့်ဖြစ်သော အသိပညာသည် မည်မျှအရေးကြီးသည် ကို ယခု အမြွက်လောက် နိဒါန်းသဖွယ်ပြောသည်နှင့်ပင် ဉာဏ်ဖွံ့ဖြိုးစ အရွယ်၌ရှိသော လူငယ်တို့ ကောင်းစွာသဘောပေါက်ကြပါလိမ့်မည်။ သို့သော် အဆိုပါအသိပညာများ ဝမ်းဗိုက်ထဲမှာ အပြည့်ရှိနေစေကာမူ ဝမ်းဗိုက်က အာဟာရကို မမှီဝဲရလျှင် ခန္ဓာစဲ၍ သေပွဲဝင်သာ ရှိလိမ့်မည်။ ဤအချက်ကို သတိမူလျှင် အသိတရား ဖွံ့ဖြိုးရေးအတွက် ဝမ်းဗိုက်ထဲမှာ အစာပြည့်အောင်ရှိနေမည်ဟု ကျောင်းသားအရွယ် လူငယ်တို့ ကောင်းစွာ သဘောပေါက်ကြလိမ့်မည်။ ထို့ကြောင့် လူငယ်တို့ အသိတရားကို စုဆောင်း၍ ထိုအသိတရားကို အခြေခံသောအတတ်ကို တတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားကြရလိမ့်မည်။ ဤအချက်ကို ကြည့်လျှင် လူရွယ်လူလတ်ပိုင်းသို့ ရောက်သောအခါ ဥစ္စာကို ရှာကြရလိမ့်မည်။ အများနားလည်အောင် ပြောရလျှင် ဝမ်းစာရှာပါဟု ပြောရလိမ့်မည်။

ဝမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာ၌ ပညာတတ်ဖို့မလိုဟု အချို့အမြင်ကျယ်သူတို့က ပြောလေ့ရှိကြသည်။ သို့သော် အတတ်ပညာဖြင့် ဥစ္စာရှာသူသည်သာလျှင် ကြီးပွားတိုးတက်သည်။ ပညာမဲ့သောသူသည် မိမိ၏ ဝမ်းရေးမျှတအောင် အလွန်အမင်း ချွေးထွက်သံယို ကြိုးစားအားထုတ်ရသည်။

အမောင်လူငယ် ယခု အမောင်သည် ပညာတတ်ပြီး ဥစ္စလည်းရှာတတ်ပြီ။ ထို့ကြောင့် လောကအလယ်မှာ တင့်တင့်တယ်တယ် နေနိုင်ပြီ။ ဤသို့ အထင်ကြီးပြီး ကမ္ဘာကို လွှမ်းမိုးတော့မည်ဟု ကြုံးဝါးနေလျှင် အမောင်တတ်ထားသောပညာတို့သည် အမောင့်ဗိုက်ထဲမှာ မကျန်တော့ဘဲ ဟောင်းလောင်းကြီး ဖြစ်နေတော့မည်။

လောကထဲ လူလာဖြစ်ရသည်မှာ ကပ်ကမ္ဘာကြီးနှင့် နှိုင်းစာကြည့်လျှင် တစ်ခဏမျှသာ ရှိသည်။ ထိုခဏမျှသော အချိန်ကာလအတွင်း မနုဿလူသားသည် စားဝတ်နေရေးအတွက် လုံးပန်းရသည်မှာ အလိုပြည့်သည်ဟုမရှိချေ။ တစ်ခုပြည့်စုံလျှင် နောက်တစ်ခုလိုနေပြန်သည်။ လောဘကြီးလာပြီကိုး။ လောဘဇော ကြွလာသောအခါ မိမိသာလျှင် ထိပ်ဆုံးမှာ နေချင်သည်။ ထို့ကြောင့် ပြိုင်ဘက်များကို နည်းမျိုးစုံနှင့် ဖြိုခွင်းလိုသော အကုသိုလ်စိတ်များ ထကြွလာသည်။ လောဘကြောင့် ဒေါသကြီးလာသောအခါ မောဟတည်းဟူသော အမိုက်တိုက်ကြီးသည် မိမိကို လွှမ်းမိုးလာလေသည်။ ကမ္ဘာကြီးကို မိမိက လွှမ်းမိုးရန် ကြုံးဝါးနေစဉ် မိမိကို မောဟကြီးက လွှမ်းမိုးလာသောကြောင့် ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား၍ မသိဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် တတိယအရွယ်မှာကုသိုလ်ကိုရှာရမည်။သို့ရာတွင် မောဟတရားက ထူပြောနေသောကြောင့် မနုဿလူသားအချင်းချင်း ပြဟ္မစိုရ်တရားဖြင့် ကူညီစောင့်ရှောက်ရန် စိတ်မကူးဘဲ မိမိနှင့် ယှဉ်လာသူတို့ကို ချိုးနှိမ်ရန် အကုသိုလ်အမျိုးမျိုးတို့ကို ကြံဆတီထွင် လုပ်ကိုင်လာကြသည်။

ငယ်စဉ်အခါ ပညာကို ရှာခဲ့မသာလျှင် လူကြီးဖြစ်လာသောအခါ တစ်ဝမ်းတစ်ခါးအတွက် ပစ္စည်းဥစ္စာကို စုဆောင်းပြီး ကုသိုလ်တရားများကို ဆည်းပူးနိုင်မည်။ ဗုဒ္ဓမွေ့၌ တည်သော ကျွန်ုပ်တို့ အမျိုးသားများသည် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရခြင်းအကျိုးငှာ ကုသိုလ်ပြုကြသည်။ တတိယအရွယ်ရောက်မှ ထိုကုသိုလ်ကို မပြုလိုက်ရလျှင် ကျွန်ုပ်တို့သည် လူဖြစ်ရကျိုး နပ်တော့မည် မဟုတ်။ ထို့ကြောင့် ငယ်စဉ်အခါ ပညာရှာဟူသော ဩဝါဒအတိုင်း ငယ်စဉ်ကပင် အသိရှိအောင်ကြိုးစားခဲ့ပါလျှင် စီးပွားရေးအဆင်ပြေ၍ ကုသိုလ်ရေးကို ကြိုးပမ်းနိုင်ကြပေလိမ့်မည်။

မည်သည့်အဓိကရလုပ်ငန်းမဆို အခက်အခဲနှင့် ရင်ဆိုင်ရစမြဲဖြစ်သည်။ သို့ရာတွင် ငယ်စဉ်ကပင်လျှင် အသိပညာကို လက်ကိုင်ပြုလာလျှင် အမောင်လူငယ်တို့သည် အခက်အခဲကိုကျော်လွှားနိုင်ကြသဖြင့် အောင်မြင်မှုကို ရကြလိမ့်မည်။ ကျော်လွှားစရာ အခက်အခဲမရှိသော လောကထဲတွင် အမောင်တို့နေခဲ့ပါလျှင် ပျင်းစရာဟူ၍ပင် ထင်မြင်မိကြလိမ့်မည်။ မည်မျှပင်ခက်ခက်၊ ပညာကို အရယူနိုင်အောင် လူငယ်တို့ ကြိုးစားကြစေလိုသည်။ အခက်အခဲကိုတွေ့လျှင် ပညာအသိတရားကိုတွေ့ပြီဟု အောက်မေ့ပါ။

**ပဲခူးမြို့နယ် အမှတ်(၂)၊ အစိုးရအထက်တန်းကျောင်း၊**
**ရွှေရတုအကြိုမဂ္ဂဇင်း (၁၉၉၉)**

www.burmeseclassic.com

www.burmeseclassic.com

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မိဘတို့၏တာဝန်

ထုတ်လုပ်မှုသည် သုံးစွဲမှုအပေါ်တွင် တည်သည်။ ပစ္စည်းတစ်ခုကို မည်သူမျှ အသုံးစွဲလျှင် ထိုပစ္စည်းကို မည်သူမျှ ထုတ်လုပ်လိမ့်မည် မဟုတ်။

ယခုအခါ မူးယစ်ဆေးဝါးပစ္စည်း ထုတ်လုပ်မှုအင်္ဂါရပ်တို့ကို ကမ္ဘာပေါ်ရှိမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ပေါင်းစုံတို့က ပူးပေါင်းတိုက်ဖျက်လျက် ရှိကြသည်။ ဤကား မလွဲမသွေ လုပ်သင့်လုပ်ထိုက်သောကိစ္စတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ထိုလုပ်ငန်းကို လူမျိုးတိုင်း၊ နိုင်ငံတိုင်း အားပေးရမည် မုချဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် အစပထမ၌ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အရေးမျှသာ ဖြစ်သည်။ သို့သော် သုံးစွဲမှု ပျံ့နှံ့ကျယ်ဝန်းလာသောအခါ လူတစ်ဦးတည်း၏ အရေးသည် လူထုတစ်ရပ်လုံး၏ အရေးဖြစ်လာလေသည်။ ထိုမျှထက် ကြီးကျယ်လာသောအခါမူကား လူမျိုးနှင့် နိုင်ငံကိုပါ ထိခိုက်လာသည်။ ထို့ကြောင့် ထုတ်လုပ်မှုအင်္ဂါရပ်တို့ကို တိုက်ဖျက်ခြင်း မပြုနိုင်လျှင် တစ်ကမ္ဘာလုံး ပျက်စီးမည့်အခြေအနေသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ဤသဘောကို နှလုံးပိုက်၍ မူးယစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါး ပြဿနာ အမျိုးသားရေးပြဿနာ ကမ္ဘာ့ပြဿနာအနေဖြင့် ဖြေရှင်းကြရန် ရှိနေလေသည်။

ဤသဘောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု အင်္ဂါရပ်တို့ကို ဖျက်ဆီးခြင်းသည် မှန်ကန်သောနည်းလမ်းတစ်ခု ဖြစ်သည်ဟု ကျွန်တော် ဆိုပါသည်။

သို့သော် သုံးစွဲသူရှိခြင်းကြောင့် ထုတ်လုပ်သူရှိနေသည်ကို ပြန်ကြည့်လျှင် သုံးစွဲမှုပပျောက်အောင် ဆောင်ရွက်ခြင်းသည်လည်း အဓိက ဖြစ်သည်ကို ကျွန်ုပ်တို့ သတိမူရလိမ့်မည်။ ထို့ကြောင့် ဤအချက်နှင့် စပ်လျဉ်းသောအခါ၌ ကျွန်တော်သည် အရင်းစစ် အမြစ်မြေကပဟူသော စကားကို ရှေးကဆိုခဲ့ဖူးသည်။ သို့ပါသော်လည်း တစ်ခါတစ်ရံ ထို စကားသည် လူမရှိသော သဲကန္တာရထဲမှာ တစ်ယောက်တည်း အော်ဟစ်နေသော စကားနှင့်တူနေလေမည်လောဟု တွေးတောမိခဲ့ပါ၏။ ထို့ကြောင့် အားငယ်မိသလိုလိုလည်း ရှိခဲ့၏။

ယခုမူကား အားတက်စရာအကြောင်းကို တွေ့လာပြန်သည်။

မကြာမြင့်မီက မူးယစ်ဆေးဝါး သုံးစွဲမှုကို တိုက်ဖျက်ခြင်း၌ ဦးဆောင်နေသော အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အကြီးအကဲတို့က "မူးယစ်ဆေးဝါးကပ်ဆိုက်အောင် ဖန်တီးနေသော သုံးစွဲမှုလိုအင်ကို တစ်မျိုးသားလုံးက တိုက်ဖျက်မှသာ မူးယစ်ဆေးဝါး အလွဲသုံးစားပြုခြင်း လျော့ပါးသွားအောင် ပြုလုပ်နိုင်မည်" ဟု ပြောဆိုခဲ့သည်။

"လိုအင်"နှင့် "အလိုဖြည့်မှု" နိယာမကို ဘောဂဗေဒပညာကို သင်ယူသော ကျောင်းသားလူငယ် လုံမငယ်တို့ပင်လျှင် နားလည်နေကြပါပြီ။ "လိုအင်"မှာ စားသုံးသူတို့ အလိုရှိခြင်းဖြစ်၍ "အလိုဖြည့်ခြင်းမှာ" စားသုံးသူ၏ အလိုလိုက်လျော၍ ထုတ်လုပ်ခြင်းပင်ဖြစ်သည်။ ဘောဂဗေဒအလိုအရ စားဝတ်နေရေးအတွက် ပြည်သူလူထု အလိုရှိသောဝတ္ထုပစ္စည်းကို မျှတလုံးလောက်အောင်ထုတ်လုပ်ပါလျှင် သာယာဝပြော

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုရမည်။ သို့သော် ဤနိယာမ တရားသည် စားဝတ်နေရေးနှင့် မဆိုင်သော မူးယစ်ထုံထိုင်း အန္တရယ်ဖြစ်စေမည့် ဝတ္ထုပစ္စည်းတို့နှင့် ယှဉ်လာသောအခါ ကမ္ဘာကြီး ပျက်လိမ့်မည်။

ထို့ကြောင့် သုံးစွဲမှု ထုတ်လုပ်မှုတို့၏ ဓမ္မကို ရှေ့တန်းတင်၍ ထုတ်ဖော်ပြသလိုက်ပါသည်။

သို့သော် ပလုဋ္ဌိ လုဋ္ဌိ လောကော ဟူသော စကားအရ လောက သည် ဖောက်ပြန်တတ်၏။ ထုံးစံမှာ သုံးစွဲသူက အဓိက ထုတ်လုပ်သူက နောက်လိုက်ဖြစ်သည်။ သို့သော် ဝိသမဘောဘ စိုးမိုးလာသောအခါ ထုတ်လုပ်သူသည် စားသုံးသူ၏ အကျိုးကို ပမာဏမပြုဘဲ မိမိ၏ အကျိုး ငှာ လူထုအတွက် အကျိုးယုတ်သော ကုန်စည်ပစ္စည်းကို စွဲမက်အောင် နည်းအမျိုးမျိုး ကြံဆ၍ ထုတ်လုပ်သည်။ ဤကဲ့သို့ လူထုအပေါ်၌ မတော်မတရားကြံစည်၍ အောင်မြင်သောအခါ ထုတ်လုပ်မှုသည် အဓိက နေရာယူလာသောကြောင့် စားသုံးသူများမှာ ထုတ်လုပ်မှု၏ စေစားရာကို ခံရသော နောက်လိုက်ဖြစ်လာသော်လည်း ဤအခြေအနေသို့ ဆိုက် ရောက်လာသောအခါ လူကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း၊ နိုင်ငံ ကိုလည်းကောင်း အန္တရာယ်ပြုနိုင်သော ပစ္စည်းများကို ထုတ်လုပ်ခြင်း သည် အဆောက်အအုံကြီးမားလာပြီးလျှင် ယင်းအဆောက်အအုံကို ဖြိုဖျက် ရန် လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံတည်းက ဆောင်ရွက်၍ မနိုင်နိုင်လောက် အောင် ကြီးထွားလာလေသည်။ ထို့ကြောင့် ဤကိစ္စကို ဆောင်ရွက်နေ သော နိုင်ငံတို့သည် မည်မျှပင် တန်ခိုးရှိန်စော် ကြီးမားစေကာမူ နိုင်ငံ တကာတို့ကို "အရပ်ကူပါ၊ လူဝိုင်းပါ" ဟု ဟစ်အော်ကြွေးကြော်လျက် ရှိနေလေသည်။

ယခုအခါ ထုတ်လုပ်ရေး အင်္ဂါရပ်တို့ကို ဖြိုခွင်းရာ၌ မနိုင်မနင်းဖြစ် လာသောကိစ္စတို့ကို ကျွန်ုပ်တို့ တွေ့နေရသည်။ ယခုခေတ်၌ သိပ္ပံနည်း ပညာတို့သည် ပညာရှိသုခမိန်တို့၏ လက်ထဲမှ ခုန်ထွက်၍ လူဆိုး၊လူမိုက် ဗာလာနံတို့၏ လက်ထဲသို့ ရောက်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မူးယစ်ဆေးဝါးပစ္စည်းတို့ကို အာနိသင် ထက်မြက်အောင် အလွယ်တကူ ဝှက်နိုင် ကဲ့နိုင်အောင် မှောင်ခိုသမားတို့ နည်းအမျိုးမျိုးဖြင့် ထုတ်လုပ်နေကြသည်။ စားရန်၊ မျိုရန်၊ လျက်ရန်၊ ရှူရန်၊ ဆေးထိုးအပ်ဖြင့် သွင်းရန် အလွန်လွယ်ကူအောင် စီမံထားသော မူးယစ်ဆေးဝါးပစ္စည်းများသည် စားသုံးသူ (အထူးသဖြင့် လူငယ်လူရွယ်) တို့၏ လက်ထဲတွင် နေ့စဉ်သုံးစွဲနေကျဖြစ်သော သကြားလုံး၊ လျက်ဆား၊ နှာ၊ ဆေးလိပ် စသည်တို့နည်းတူ ပျံ့နှံ့လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူအရွယ် လူငယ်တို့ကိုပင်လျှင် မူးယစ်ဆေးဝါး ဖျက်ဆီးလာသည်မှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ ဗြိတိန်နိုင်ငံတွင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးပေါလ်ချန်နွန်၏ ၂၂ နှစ်အရွယ် အိုလီဗာယာချန်နွန်(Olivia Channon) သည် အင်္ဂလန်နိုင်ငံ ကမ္ဘာကျော် အောက်စဖို့တက္ကသိုလ်တွင် ပညာသင်၍ ဘွဲ့ယူသောအခါ ဘွဲ့ယူသည့် အထိမ်းအမှတ်အဖြစ် သူငယ်ချင်းတို့နှင့်အတူ "ပါတီ" ထောင်ရာ "ဟီးရိုးအင်း"(Heroin)ခေါ် နံပတ်ဖိုး (Number 4) ဘိန်းဖြူစားသုံးမှု လက်လွန်သဖြင့် အသက်ဆုံးရှုံးခဲ့လေသည်။ မူးယစ်ဆေးဝါးသည် အားကစားလောကကိုလည်း အကျည်းတန်အောင်လုပ်နေသည်။ လွန်ခဲ့သော ဇွန်လကုန်ခါနီးတွင် ဘောလတီမိုပြည် မေရီလန်တက္ကသိုလ်တွင် ဘော့စ်ဘောကစားရာ၌ ထိပ်သီးတစ်ဦးဖြစ်သူ လင်ဘိုင်ယ(Len Bias) သည် ကိုကင်းမှီဝဲ၍ ဦးနှောက်အလုပ်မလုပ်ဘဲ နှလုံးရပ်သွားသောကြောင့် လွယ်လွန်လေသည်။ (Bankok Post 26 - 6 -86)။ သူမှီဝဲသော ကိုကင်းမှာ မများလှပါဟု ဆိုကြသည်။ သို့သော် ယခုခေတ် ကိုကင်းမှာ အလွန်အာနိသင်ပြင်းထန်သည်။ အရပ်ခြောက်ပေ ရှစ်လက်မရှိသော ဘိုင်ယကို မေရီလန်တက္ကသိုလ်၏ ကြယ်တစ်ပွင့်ဟု အများက အသိအမှတ်ပြုကြသည်။ ထိုကြယ်တစ်ပွင့်သည် လက်သည်းခွံ မမာဏရှိသော ကိုကင်း၏ လက်ချက်ဖြင့် မြေသို့ခရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါး မှောင်ခိုထုတ်လုပ်ရေးကို လူသူမနီး တောကြီးမျက်မည်းတွင် ဆောင်ရွက်ကြသည်။ အချို့နေရာဒေသတို့၌ သယ်ယူပို့ဆောင်ရေးအတွက် ခေတ်မီလေယာဉ်များကို သုံးစွဲကြသည်။ လုံခြုံရေးအတွက်လည်း ခေတ်မီလက်နက်မျိုးစုံ ကိုင်ဆောင်ကြသည်။ အမေရိကန်ပြည်ထောင်စု ပြည်နယ်အစပ်တို့တွင် မှောင်ခိုသမားတို့ အသုံးပြုသောလေယာဉ်များမှာ အလွန်ကြီးမား လျင်မြန်သော လေယာဉ်များဖြစ်၍ မှောင်ခိုကို တိုက်ဖျက်ရသော ရဲအဖွဲ့ဝင်နှင့် တပ်မတော်သားတို့မှာ ခဲခဲယဉ်းယဉ်း သက်စွန့်ဆံဖျားဆောင်ရွက်ကြရသည်။ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့ရာ မိမိတို့ဘက်မှလည်း အထိအခိုက် အနာတရများစွာရခဲ့ကြသည်။ အမေရိကန်အစိုးရ၏ တိုက်ဖျက်ရေးလုပ်ငန်းသည် ဒေါ်လာသန်းပေါင်း ထောင်သောင်းမက ကုန်ကျ၍ ငါးနှစ်တိုင်တိုင် ကြမြင့်ခဲ့သော်လည်း အောင်မြင်မှုကား ငွေကုန်၊ အချိန်ကုန်နှင့် မညီမမျှလောက်အောင်နည်းပါးနေပါသည်ဟု အချို့က ဝေဖန်ကြသည်။ အမေရိကန်ဒုတိယသမ္မတ ဘွတ်ရှ်က မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းတိုက်ဖျက်ရေးကို အမေရိကန်တပ်မတော်က ယခုထက်ပို၍ တာဝန်ယူရမည်ဟုဆိုနေသည်။ အမေရိကန်စသော နိုင်ငံအချို့တို့တွင် စစ်တပ်နှင့်ပြည်သူ့ဝန်ထမ်းတို့၏ တာဝန်ဝတ္တရားများကို ကတ္တားခြား၍ ထားလေရာ တစ်ခါတစ်ရံတပ်မတော်သားများသည် မူးယစ်ဆေးဝါးလုပ်ငန်းနှင့် ပက်ပင်းပါ တိုးသောအခါ အရေးယူပိုင်ခွင့် အာဏာအလုံအလောက် မရှိ၍ အကျပ်တွေ့ကြရသည်။ ထို့ကြောင့် တပ်မတော်သားတို့ကို လုပ်ပိုင်ခွင့် တိုးပေးရန်အဆိုပြုလျက် ရှိနေကြသည်။

ဆက်သွယ်ရေးသည် အလွန်တိုးတက်လျက်ရှိရာ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းသမားများအတွက် သယ်ယူပို့ဆောင်ရေး၊ ဖြန့်ဖြူးရေးစသော လုပ်ငန်းများ အစိုးရလုပ်ငန်းများထက် သွက်လက်သည်။ ထို့ကြောင့် ခတ်မီနိုင်ငံများတွင် စုံစမ်းထောက်လှမ်းရေးအတွက် ရေဒါကိုပင်

www.burmeseclassic.com

www.burmeseclassic.com



လျှင်သုံးစွဲနေရသည်။ သို့သော် မှောင်ခိုလုပ်ငန်းများမှာ ကြီးထွားလာသော ကြောင့် တိုက်ဖျက်ရေးကို စစ်ဆင်ရေးသဘောနှင့် လုပ်ကိုင်ဆောင်ရွက် နေကြရသည်။ ယခုခေတ်၌ တိုင်းနိုင်ငံအသီးသီးတို့တွင် သက်ဆိုင်ရာ နယ်စပ်ဒေသသည် အလွန်အန္တရာယ်ပြုသော ဒေသများဖြစ်နေကြသည်။ သို့ပါလျက် အချို့သော နိုင်ငံတို့တွင် ဥပဒေကို ထိန်းသိမ်းရန်တာဝန်ရှိသူ အရာရှိကြီးငယ်တို့သည်ပင်လျှင် မှောင်ခိုလုပ်ငန်းကို ဦးဆောင်နေသည် ဟုကြားသိရသည်မှာ အံ့ဖွယ်တစ်ပါးပင် ဖြစ်သည်။

ပနားမားနိုင်ငံတွင် တန်ခိုးအာဏာ လွှမ်းမိုးနိုင်သူ ဗိုလ်ချုပ်ကြီး နိုရီဇဂါ (Gen-Noriega) ကိုပင်လျှင် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းနှင့် ပတ်သက်သည်ဟု စွပ်စွဲသူတို့က စွပ်စွဲနေကြသည်။

အမေရိကန်ပြည်ထောင်စုသည် မက္ကဆီကိုနိုင်ငံ၏ နယ်ခြားဒေသ ကို အမြဲတမ်း စိုးရိမ်ကြီးစွာဖြင့် စောင့်ကြပ်ကြည့်ရှုနေရသည်။

နှစ်နိုင်ငံစပ်ကြားရှိ နယ်နိမိတ်ရှည်လျားလျှင် ရှည်လျားသလောက် စိုးရိမ်ကြောင့်ကြရသည်။ မိမိနိုင်ငံဘက်က မူးယစ်ဆေးဝါးကို နှိမ်နှင်းနေ စဉ် သူတစ်ပါးနိုင်ငံဘက်၌ မူးယစ်ဆေးဝါးကို မှီ၍ တရားဥပဒေကို ထိန်းသိမ်းရမည့်သူတို့ကိုယ်တိုင်က အမြတ်ထုတ်နေသောအခါ ရိုးသား သော စေတနာနှင့် နှိမ်နင်းရေးကို လုပ်နေရသော နိုင်ငံ့ဝန်ထမ်းတို့မှာ မည်မျှလောက် အန္တရယ်ကြီးစွာနှင့် အလုပ်လုပ်ရသည်ကို စဉ်းစား၍သာ ကြည့်ကြပါ။

ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးရစဉ်၌ ရှေးယခင်က တစ်လုံး တစ်စည်းတည်း တည်ရှိနေသော နိုင်ငံတို့တွင် ခွဲထွက်ရေးစနစ် သီးခြား ပြည်နယ် စနစ်စသည်တို့ ပေါ်ပေါက်အောင် လှုံ့ဆော်ပေးသူတို့က လှုံ့ဆော် ပေးကြသည်။ ဤလှုံ့ဆော်ချက်တို့သည် ယနေ့တိုင်အောင် အရှိန်မသေ သေးချေ။ ညီညွတ်နေသော တိုင်းပြည်ကြီးမှ ပြည်ငယ်ကလေးများ အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် သူတစ်မျိုး ငါတစ်ဖုံနှင့် အမျိုးမျိုး ဖန်တီးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရာ နိုင်ငံရေး ဆူပူသောင်းကျန်းမှုသည် ပျားအုံ တုတ်နှင့်ဆွတိသကဲ့သို့ နိုင်ငံများစွာတို့၌ အနှံ့အပြား ဖြစ်ပေါ်လာခဲ့သည်။ အစပထမ၌ သောင်းကျန်းမှုဆိုသည်မှာ သူပုန်ထခြင်းမျှသာ ဖြစ်သည်ဟု ယူဆကြသည်။ တစ်စတစ်စနှင့် ကြီးကျယ်လာသောအခါ သောင်းကျန်းသူတပ်ဖွဲ့နှင့် နိုင်ငံအစိုးရတို့ ရင်ဆိုင်တိုက်ရသော စစ်ပွဲများပမာတမျှ ဖြစ်ပေါ်လာသည်။ ထိုအခါ ဥပဒေပြင်ပ၌ရှိသော သောင်းကျန်းသူ အင်အားစုသည် အစိုးရကို တော်လှန်ပုန်ကန်တိုက်နိုင်ရန် လက်နက်စုဆောင်းလာလေသည်။ သောင်းကျန်းမှုကိုအများသူတို့ လက်မခံသည့် အခြေသို့ ဆိုက်ရောက်လာသောအခါ သောင်းကျန်းသမားတို့သည် လက်နက်ဖိုးငွေကြေးဘဏ္ဍာ ရရာရကြောင်းအတွက် မတရားသော မှောင်ခိုစီးပွားရှာနည်းတို့ကို တီထွင်လာကြသည်။ ယင်းမှောင်ခိုစီးပွားရှာနည်းတွင်မူးယစ်ဆေးဝါး ထုတ်လုပ် ဖြန့်ဖြူးရောင်းချသောနည်းသည် အလွယ်ဆုံးနှင့် ငွေကြေးအရနိုင်ဆုံးနည်းဖြစ်သည်။ ထို့ကြောင့် မှောင်ခိုသမား စီးပွားရေးနှင့် သောင်းကျန်းသမားစီးပွားရေးသည် တစ်စပ်တည်း ဖြစ်လာလေသည်။

ထိုမှတစ်ဆင့် တက်လာသောအခါ သောင်းကျန်းမှု အမျိုးမျိုးတို့ကြောင့် အကြမ်းဖက်ဝါဒကြီး ပေါ်လာလေသည်။ သောင်းကျန်းသမားသည် မနိုင်လျှင် နိုင်ရာက ကိုင်မည်ဟု အကြံရှိထားသူ ဖြစ်လေရာ သူလိုလားသော အချက်တစ်ခုခုကို အကြောင်းပြု၍ ပြန်ပေးဆွဲသော စနစ်၊ ဗုံးဖောက်သောစနစ် ပေါ်လာသောအခါ အကြမ်းဖက်သမားတို့၏ စီးပွားရေးနှင့် မှောင်ခိုသမားတို့ စီးပွားရေးသည်လည်း တစ်ဆက်တည်း တစ်စပ်တည်း ဖြစ်လာပြန်သည်။ ဤအချက်ကို သတိပြုမိသော နိုင်ငံအစိုးရကြီးတို့သည် အလွန်တရာမှ စိုးရိမ်ကြောင့်ကြလျက် ရှိနေကြလေသည်။

မျက်မှောက်၌ ကြားသိရသော နေ့စဉ်အဖြစ်အပျက်တို့ကို ကျွန်ုပ်တို့အမြဲတစေ သတိသမ္ပဇဉ်နှင့်ယှဉ်၍ အကဲခတ်ကြရမည်။ အန္တရာယ်မလာမီ ရှောင်ကွင်းနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရသောအခါကျမှ လာမည့်ဘေးကို ပြေးတွေ့မည်ဟု ဆိုခြင်းသည် နဖူးကွဲဒူးပြဲစေသော ဆိုခြင်းဖြစ်သည်။ ရန်ကို ပြေးပြီတွေ့လိုက်သောအခါ မိမိ၌ ခွန်အားရှိလျှင် ကောင်း၏။ ခွန်အားနှင့် မပြည့်စုံလျှင် ကွဲရုံမျှသာမက မထနိုင်ဘဲ ရှိလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ကို နိုင်ငံတစ်ခုတလေက ထူပေးကောင်းထူပေးပါလိမ့်မည်။ သို့သော် ရန်သူတို့ကမူ နူရာဝဲစွဲ လဲရာသူခိုးထောင်း ပြုကြပါလိမ့်မည်။

မူးယစ်ဆေးဝါး ထုတ်လုပ်ရေး အင်္ဂါရပ်တို့ကို တိုက်ခိုက်ဖျက်ဆီးနေသော အချိန်ကာလတွင် မူးယစ်ဆေးဝါးသုံးစွဲရေးကို အမြစ်ပြတ်အောင်ဖြတ်ကြရမည်။ ဤကိစ္စ၌ လူငယ်လူရွယ်တို့သည် အဓိက ဖြစ်သည်။ အထူးသဖြင့် ပစ္စည်းဥစ္စာ၊ ရာထူး၊ ဌာနန္တရ၊ ဂုဏ်သိန်မြင့်မားသော မိဘတို့၏ သားသမီးများကိစ္စသည် ပို၍သတိပြုသင့်သောကိစ္စ ဖြစ်သည်။ ယခုခေတ် မူးယစ်ဆေးဝါး မှီဝဲသုံးစွဲကြမည်မှာ ပိုက်ဆံကြေးငွေ သုံးနိုင်ဖြုန်းနိုင်သောသူဖြစ်သည်။ မျက်နှာကြီး သားသမီး အသိုက်အဝန်းထဲတွင်ကြေကွဲဝမ်းနည်းစရာ အဖြစ်များကို များစွာတွေ့နိုင်သည်။ အချို့ဖြစ်ရပ်မှာ ယုံလောက်စရာပင် မရှိချေ။ မိဘနှစ်ပါးသည် ဥစ္စာပစ္စည်းတင့်တောင့်တင့်တယ်ရှိသည်။ ရာထူးဌာနန္တရကို မှီ၍ ဩဇာအာဏာလည်းကြီးမားသည်။ ဂုဏ်သရေရှိ လူကြီးဖြစ်လာသည်မှာလည်း စာရိတ္တဗလပြည့်စုံခြင်းကြောင့်ဖြစ်သည်။ လူချစ်လူခင်လည်း ပေါများသည်။ အလှူအတန်း ကုသိုလ်ကောင်းမှုပြုရာ၌လည်း ပါဝင်ဆောင်ရွက်သူများ ဖြစ်ကြသည်။

သို့သော် သားသမီးကံကား ကောင်းခဲလှချေသည်။ သားသမီးတို့က အလိုလိုက် အမိုကစော်ကား ပြုကျင့်ကြသည်။ အပေါင်းအသင်းမကောင်းခြင်းကြောင့် သားသမီးက မိဘနှင့် ဆန့်ကျင်ဘက်ကြီး ဖြစ်နေလေသည်။ အသိပညာ နည်းပါးသော သားသမီးဖြစ်ပါမူ မိဘတို့၏အရှိန်ကြောင့် မျက်နှာရှိနေသည်ကို သူက ဟုတ်လှပြီထင်၍ မာနတက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပတ်ဝန်းကျင်၌ အတုအပကလည်း ပေါများသည်။ ဟန်ဆောင်လောကထဲတွင် မြှောက်ပင့်ပြောဆို ပေါင်းသင်းသူတို့ကို လူငယ်၊ လုံမငယ်တို့က အထင်ကြီးလေ့ ရှိတတ်သည်။ မိဘက ရိုးရာဓလေ့ ယဉ်ကျေးမှုတို့ကို လမ်းညွှန်လျှင် သားသမီးတို့က "အဘိုးကြီးခေတ်မမီ၊ အဘွားကြီးခေတ်နောက်ကျ"စသည်ဖြင့် ဝေဖန်ကြသည်။ "လူကြီးတွေ ဘာနားလည်လို့လဲ" ဟုပြောရလျှင် သူတို့ကိုသူတို့ "ခေတ်ဆန်" လူငယ် လုံမငယ်များဟု အထင်ရောက်ကြသည်။ သို့နှင့်ပင် ဒုစရိုက်နှင့် တွေ့သောအခါ ဒုစရိုက်၏ သားကောင်များအဖြစ်သို့ ရောက်၍ ငမိုက်သားသည် မိဘ၏ မျက်နှာကို အိုးမည်းသုတ်ပေးသည်။

မိဘကမူ တောင်းဆိုး ပလုံးဆိုးကိုသာ ပစ်မည်။ သားသမီးကို မပစ်နိုင်ဟုဆို၍ မျက်နှာကို အောက်ချပြီးလျှင် လူကြီးလူကောင်းတို့ မရောက်သင့်သော နေရာဌာနကို နေပူမရှောင် မိုးရွာမရှောင် အရောက်သွားရသည်။ တောင်းပန်သနားခံသော မျက်နှာနှင့် အောက်ကျို့၍ စကားပြောရသည်။ သားသမီးတို့ ဒုစရိုက်နှင့် အဆက်ပြတ်ဖို့ အရေးအတွက် အတွင်းပစ္စည်းများကို ပေါင်နှံရောင်းချသုံးစွဲရသည်။ အိမ်နီးချင်း အရပ်သူ အရပ်သားများ၏မျက်မှောက် ဣန္ဒြေမပျက်ရလေအောင် မရှိသည်ကို အရှိသကဲ့သို့ ဟန်ဆောင်၍ ငွေကုန်ကြေးကျခံရသည်။ အတွင်းပစ္စည်းကုန်လျှင် ထာဝရပစ္စည်းများကို ထုခွဲရောင်းချ၍ သားသမီးကို အဖတ်ဆည်နိုင်ဖို့ရာ လုံးပန်းကြသည်။

ဤသို့ လုံးပန်းရာ၌ အောင်မြင်၍ သားသမီးများ အိမ်ပြန်ရောက်သောအခါ အလွန်ဝမ်းသာကြသည်။ သို့သော် ယူကျုံးမရဖြစ်ကြသည်လည်းရှိသည်။ အဘယ်ကြောင့်ဟူမူ သားသမီးတို့သည် မူးယစ်ဆေးဝါး မာရ်နတ်၏ နှိပ်စက်ခြင်းကို ခံခဲ့ရသောကြောင့် လူစင်မမီဖြစ်နေသောကြောင့်ပင်တည်း။ သို့သော် ချည့်နဲ့နေသောလူမမာကို လူကောင်းပကတိဖြစ်အောင် ပြန်လည်ကျွေးမွေးသုတ်သင်နိုင်သောအခါ မိဘတို့က ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ဂြိုလ်စီးဂြိုလ်နင်းလွတ်ပြီဟု အောက်မေ့၍ ထကတော့မလောက် ဝမ်းသာကြပြန်သည်။ မပြောကောင်း မဆိုကောင်း မူးယစ်ဆေးဝါး စိတ္တဇလူနာပျက်စီးဆုံးပါးလျှင်မူကား မိဘတို့၏ အသည်းသည် ဟက်တက်ကွဲရလေတော့သည်။

သားသမီးတို့ကို ဤကဲ့သို့ မိဘဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်တတ်သော မိဘတို့၏ အသိုက်အဝန်း၌ပင်လျှင် ဤကဲ့သို့သော လွမ်းစရာဆွေးစရာ အဖြစ်အပျက်များ ရှိတတ်သည်ဟုဆိုလျှင် မျက်နှာမဲ့မိဘအုပ်ထိန်းဆုံးမနိုင်စွမ်း မရှိသောမိဘ အစရှိသော ချွတ်ယွင်းသည့် မိဘများ၏ အသိုက်အဝန်း၌ကား လွမ်းဆွေးရုံမျှမက ရင်ကွဲနာကျရသည့် အဖြစ်အပျက်များကို တွေ့ရှိနိုင်သည်။

ကမ္ဘာပေါ်၌ အန္တရာယ်အမျိုးမျိုး ပေါ်ပေါက်နေသည်ကို ကမ္ဘာ့အဖြစ်အပျက်တို့က ကျွန်ုပ်တို့အား အစဉ်အသိပေးနေသောအခါ ကျွန်ုပ်တို့ကလည်း အစဉ်သတိရှိဖို့လိုသည်။ သားသမီးတို့ ကောင်းစားဖို့အရေး၌ မိဘတိုင်း မိဘတိုင်းသည် ပုဗ္ဗာစရိယဟူသော ဂုဏ်ဒြပ်နှင့်အညီ သားသမီးတို့ကို ကောင်းရာသို့ ပို့ဆောင်နိုင်အောင် စည်းရုံးကြရပေလိမ့်မည်။ မည်သို့မည်ပုံ စည်းရုံးရမည်ဟူသောအချက်မှာ မိဘတို့ အသီးသီး ကြုံတွေ့နေကြသော သဘာဝကို အမှီပြု၍ နေလေရာ မိမိတို့ ပြဿနာကို မိမိတို့ကိုယ်တိုင် အဖြေရှာကြရလိမ့်မည်။ တစ်ဦးတည်းနှင့် အဖြေရှာမရနိုင်သော် ဆွေမျိုးဉာတိ အပေါင်းအသင်း ရောင်းရင်းတို့နှင့် တိုင်ပင်ဆွေးနွေး၍ နည်းလမ်းများကို ရှာဖွေကြရမည်။ သားသမီးများကို လမ်းမှန်ရောက်အောင် စည်းရုံးဖို့တာဝန်မှာ မိဘများ၏မူလတာဝန်ဖြစ်လေရာ အတိုင်းမသိ ကြီးမြတ်သော မိဘတို့၏ မေတ္တာသည် သားသမီးအပေါ်၌ ကောင်းမြတ်စွာ ကျရောက်နိုင်ပါစေရန် ဤဖြစ်ရပ်အမျိုးမျိုးတို့ကို စဉ်းစားစရာတင်ပြလိုက်ပါသည်။ သားသမီးတို့ကိုလည်း မိဘတို့၏ မေတ္တာသည် မည်မျှကြီးမားသည်ကို သတိတရားရကြစေခြင်းငှာ အထူးနိုးဆော်လို

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သားသမီးနှင့် မိဘတို့၏ အကြား၌ မေတ္တာကြောင့် ဖြစ်ပေါ်လာသော သံယောဇဉ်နှောင်ကြိုးသည် သံမဏိအလား ခိုင်မာလျက်ရှိပါလျှင် ဘေးအန္တရာယ်အသွယ်သွယ်တို့သည် ပပျောက်နိုင်ပါသည်။ ပပျောက်စေပါသတည်းဟူ၍လည်း မေတ္တာပို့လိုက်ပါသည်။

**မူးယစ်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၇၈ ခုနှစ်**

www.burmeseclassic.com

www.burmeseclassic.com

# ပရဟိတလုပ်ငန်း

ယခုခေတ်၌ ကြီးပွားရေးဦးသိန်းကို လူငယ်တို့မှတ်မိကြတော့မည်မဟုတ်ချေ၊ သို့သော် သူအသုံးချခဲ့သော 'ကြီးပွားရေး' ဝေါဟာရနှင့် လူငယ်များကြီးပွားရေးအသင်းဟူသောအမည်ကား ယနေ့တိုင် အထင်အရှား ကျန်ရစ်သည်။ ထိုအမည်နှင့်အတူ 'ကြီးပွားရေး' ဟူသော စိတ်ဓာတ်သည် ယခုခေတ်အထိ လူငယ်များ၏ စိတ်ဓာတ်တွင် ကိန်းအောင်းလျက်ရှိသည်။ ထိုစိတ်ဓာတ်မှာ ကျွန်တော်တို့ တိုင်းရင်းသားလူငယ်များ ဗလငါးတန်တိုးတက်စေရန် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုသောအာသီသ ဖြစ်သည်။ 'ဗလငါးတန်' ဟူသည်ကား ကျန်းမာသန်စွမ်းခြင်းနှင့်ဆိုင်သော ကာယဗလ၊ အသိဉာဏ်ပညာနှင့်ဆိုင်သော ဉာဏဗလ၊ အဆွေခင်ပွန်းနှင့်ဆိုင်သော မိတ္တဗလ၊ စီးပွားရေးနှင့်ဆိုင်သော ဘောဂဗလ။ အကျင့်သီလနှင့်ဆိုင်သော စာရိတ္တဗလဟူ၍ ဖြစ်သည်။

ကြီးပွားရေးဦးသိန်းဟု နာမည်ကြီးသော ပုဂ္ဂိုလ်သည်(၁၉၂၅-၂၆) ခုနှစ်တွင် ရန်ကုန်မြို့အတွင်းဝန်များရုံး၌ စာရေးအဖြစ်ဖြင့် အစိုးရအမှုကို ထမ်းရွက်လျက်ရှိသည်။ သူ၏ အသက်မှာ အစိတ်မျှပင်မရှိဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထင်ပါသည်။ ထိုခေတ်က အတွင်းဝန်ရုံးတစ်ရုံးလုံးမှာ အိန္ဒိယလူမျိုးစသော နိုင်ငံခြားသားအများစုက ဆောင်ရွက်လျက်ရှိသည်။ မြန်မာတိုင်းရင်းသားတို့ကား အနည်းငယ်မျှသာ ရှိသည်။ ဤသည်တွင် အတွင်းဝန်ရုံးစာရေး မောင်သိန်းသည် မိမိတိုင်းပြည်ကို မိမိအုပ်ချုပ်ရမည့် ကိစ္စတွင် တိုင်းရင်းသားအားလုံးတို့ ဗလငါးတန်နှင့် ပြည့်စုံစေရန် ပရဟိတစိတ်ဓာတ်ကို ရှေ့တန်းတင်၍ လူမှုဝန်ထမ်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ငယ်စဉ်ကစ၍ ကြိုးပမ်းရမည်ဟု သဘောပေါက်ခဲ့လေသည်။

ယင်းသို့ သဘောပေါက်၍ ကျွန်တော်ကဲ့သို့သော လူငယ်များကို စည်းရုံးပြီးလျှင် ‘လူငယ်များကြီးပွားရေးအသင်း’ကို တည်ထောင်လေသည်။

ထိုအသင်းကို တည်ထောင်စတွင် မြို့ရွာဖွံ့စည်းရေးစနစ်၌ အလွန်အဆင့်နိမ့်သော ကျေးရွာများ၏ တိုးတက်ရေးကို ရှေးရှုလျက် ကျေးလက်ပြုပြင်ရေးလုပ်ငန်းမှစပြု၍ ကြီးပွားရေးလုပ်ငန်းကို လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

ရွာလမ်းဖောက်ခြင်း၊ လမ်းဘေးရေသွားလမ်းသွယ်ခြင်း၊ အိမ်သာဆောက်ခြင်းလုပ်ငန်းတို့ကို အသက် ၁၆ နှစ်မှ အသက် ၂၀ကျော်အရွယ်ရှိ အထက်တန်းကျောင်းသားများ၊ တက္ကသိုလ်ကျောင်းသားများ ၊ အလုပ်အကိုင်ရစ လူငယ်များ စသည်တို့သည် စိတ်ပါလက်ပါ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ကြရာ စာနယ်ဇင်းအများစုက အားပေးကြသည်။ လူထုအများကလည်း ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသည်မှအစပြု၍ လူမှုဝတ်ထမ်းလုပ်ငန်းများကို ချမ်းသာကြွယ်ဝသောပုဂ္ဂိုလ်များ၊ အရာရှိ အရာခံများ။ သမာဓိဂုဏ်နှင့်ပြည့်စုံသူ လူကြီးလူကောင်းများကပင်လျှင် အထူး ချီးမြှင့်အားပေးကူညီသောကြောင့် ပရဟိတစိတ်ဓာတ်သည် နိုင်ငံကျေးရွာ မြို့နယ်အနှံ့ ကျယ်ပြန့်၍လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေလွင့်သောလူငယ်ဟူ၍ မရှိစေရန်အလို့ငှာ လူငယ်များဂေဟာစသည်တို့ကို ရပ်ကြီးရွာကြီးမြို့ကြီးများတွင် တည်ထောင်ကြ၏။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ ကြီးပွားတိုးတက်လာ၏။ အလားတူ လူမှုဝန်ထမ်းလုပ်ငန်းများ ကျယ်ဝန်းလာသောအခါ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည်သူလူထုကြီးပွားတိုးတက်ရေး ကိစ္စတို့ကို ဆောင်ရွက်ခဲ့ကြ၏။ အထူးသဖြင့် သိသာထင်ရှားသော လုပ်ငန်းတစ်ရပ်မှာ သမဝါယမစနစ်ကို ခိုင်ခံ့အောင်၊ ပျံ့နှံ့အောင် လူထုက စိတ်ဝင်စားအောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့ လွတ်လပ်ရေးကို ကြေညာသောအခါ နိုင်ငံတော်၏ လူငယ်များသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီ ဟူ၍ပင် ပြောဆိုလောက်ပါသည်။

လွတ်လပ်ရေးရပြီဟုဆိုလျှင် တိုင်းရင်းသားတို့ စီမံအုပ်ချုပ် ကွပ်ကဲသောအစိုးရကို တည်ထောင်ကြရပေတော့မည်။ ထိုအခါ အုပ်ချုပ်ရေးနှင့်ဆိုင်သော လုပ်ငန်းတို့၌ မြန်မာတိုင်းရင်းသားလူငယ် လုံမငယ်အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုကို ထူထောင်ရပေတော့မည်။

အစိုးရဟူသည် တိုင်းသူပြည်သားလူအများတို့ကို သူပုန်သူကန်လူဆိုး၊ သူခိုး၊ မုဒိမ်းအန္တရာယ်များကို ဖယ်ရှားနှိမ်နင်း၍ လူတိုင်းလူတိုင်းအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် နိုင်ငံတော်၏ လုံခြုံရေးကို တည်ဆောက်ပေးရန် တာဝန်ရှိသည်။

သို့သော် တိုင်းကားပြည်ရွာ ကြီးကျယ်လာလျှင်မူကား လုံခြုံရေးကိစ္စ တစ်ခုတည်းဖြင့် ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ချေ။

ရှေးဦးစွာ တိုင်းသူပြည်သား လူအများ၏ ကျန်းမာရေးကို အစိုးရက ဂရုပြုရသည်။ ထို့နောက် ပညာရေးကိုလည်း အားပေးရသည်။ အတတ်ပညာနှင့်တကွသော ကျွမ်းကျင်မှုတို့ကို တိုင်းသူပြည်သားများလက်ဝယ် ရရှိစေရန် ဆောင်ရွက်ပေးရသည်။ ပြည်သူတို့ အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝမ်းမကွဲရလေအောင် ပေါင်းသင်းဆက်ဆံရေး အင်္ဂါရပ်တို့ကို တိုးတက်ကောင်းမွန်စေရန်ကိုလည်း ဆောင်ရွက်ရသည်။ စီးပွားရေးကိုလည်း လူမှုရေးနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုစုပျိုးထောင်ရာ၌ အစိုးရက ပြည်သူကိုဦးဆောင်၍ ကူညီရသည်။ စာရိတ္တဖွံ့ဖြိုးရေးအတွက် ဘာသာရေး၊ သာသနာရေး စသည်တို့ကိုလည်း လူမျိုးအသီးသီးတို့၏ ဓလေ့ထုံးစံအတိုင်း အလိုက်သင့်၊ အလျားသင့် အဆင်ပြေအောင် ရှေ့ဆောင်ရွေ့ရွက် လုပ်ကိုင်ရမည်။ အထူးသဖြင့် တိုင်းသူပြည်သားလူ အများသည် မွေးသည့်နေ့မှစ၍ သေသည့်တိုင်အောင် ကြောင့်ကြမှု ကင်းစွာဖြင့် နေထိုင်နိုင်စေရန် အစိုးရဆိုသူက ခေါင်းဆောင်၍ လမ်းညွှန်နိုင်ရသည်။

ထိုကိစ္စအားလုံးသည် လူမှုရေးကိစ္စများပင်ဖြစ်သည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းပေးရန် တာဝန်ရှိသော အစိုးရအဖို့ ယာရာဝါသ၊ သမ္ဘာဝဟု၊ ကိစ္စများမြောင် လူတို့ဘောင်ဝယ် မည်သည့် အစိုးရမျှ လူမှုရေးလုပ်ငန်းအားလုံးကို လုပ်နိုင်ပါမည်နည်း။ ထို့ကြောင့် အစိုးရတို့သည် ပြည်သူတို့၏ စည်းရုံးမှုအင်အားကို ယူပြီးလျှင် ပရဟိတလုပ်ငန်းမှာ ထွန်းကားအောင် ရှေ့ဆောင်လမ်းပြဆောင်ရွက်ပေးရစမြဲဖြစ်သည်။

အထက်ပါ သဘောသွားတို့ကြောင့် ကျွန်ုပ်တို့ လွတ်လပ်ရေးရသောအခါ လူထုအစိတ်အပိုင်းတို့က လူမှုဝတ်ထမ်းအဖွဲ့အစည်းများဖြင့် အစိုးရလုပ်ငန်းများ မလစ်ဟင်းရလေအောင် ပရဟိတစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီကြပါသည်။

ထို့ကြောင့် တိုတိုပြောရလျှင် လူထုပညာရေးဟူသော အဖွဲ့အစည်းမှသည် နိုင်ငံတော်အစိုးရ၏ လူမှုဝန်ထမ်း ဗဟိုအဖွဲ့ကြီးတစ်ခုပေါ်လာခဲ့သည်။ ထိုသဘာဝကို ယနေ့တိုင် တည်ရှိနေသော လူမှုဝန်ထမ်းဝန်ကြီးဌာနစသည်တို့၌ တွေ့မြင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ လူမှုဝန်ထမ်းလုပ်ငန်းများတွင် လူငယ်များကြီးပွားရေး အသင်းနှင့်တကွ အလားတူ ပရဟိတအသင်းများက စုပေါင်း၍ တက်ညီ လက်ညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြ၏။

သို့သော် လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးလမ်းစဉ်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံသစ်တို့၏ ဓမ္မတာအတိုင်း အမျိုးမျိုးပြောင်းလဲခဲ့သောကြောင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးလမ်းစဉ်များ ပြောင်းလဲခဲ့သည်နှင့်အမျှ လူမှုဝန်ထမ်း လုပ်ငန်းများလည်း အမျိုးမျိုးပြောင်းလဲခဲ့၏။ သို့သော် ပရဟိတ စိတ်ဓာတ်ဖြင့် လူမှုဝန်ထမ်းလုပ်ငန်းကို ဆောင်ရွက်မြဲ။ ဆောင်ရွက်ရာ၌ တစ်စုံတစ်ရာ အထွေအထူး ပြောင်းလဲခြင်းမရှိချေ။ မြန်မာတိုင်းရင်းသား တို့စိတ်ထဲတွင် မူလကပင်လျှင် ထွန်းကားနေသော 'သူတစ်ပါးအကျိုး ဆောင်လျှင် ကိုယ့်အကျိုးလည်း အောင်ရမည်' ဟူသည့် အာသီသအတိုင်း မိမိတို့အမျိုးသားချင်း၏အကျိုးကို ယေဘုယျအားဖြင့် ရှေးရှုမြဲ ရှေးရှုခဲ့ကြသည်။

ဤသဘောတရားကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်းငါးဆယ်ခန့်အချိန်လောက်အတွင်း တိုင်းပြည်၌ နိုင်ငံရေးလမ်းစဉ်ကိစ္စ၊ အုပ်ချုပ်ရေး စနစ်ကိစ္စ များသည် ပုံစံအမျိုးမျိုး ပြောင်းလဲခဲ့သော်ငြားလည်း မြန်မာ တိုင်းရင်းသားတို့၏ ရင်တွင်း၌ အခိုင်အမာကြီးထွားနေသော ပရဟိတ စိတ်ဓာတ်မှာ ပြောင်းလဲခြင်း မရှိချေ။

ကျွန်တော် စဉ်းစားမိသည်မှာ ယင်းပရဟိတ စိတ်ဓာတ်၏ ခိုင်မာမှုကြောင့် ယနေ့ဆိုလျှင် လူမှုဝန်ထမ်းလုပ်ငန်းကို ရည်မှန်းလျက် တိုင်းရင်း သားအချင်းချင်းအပေါ် ကြင်နာသနား၍ စောင့်ရှောက်ရန် ရည်သန်ချက်ဖြင့် လူမှုဝန်ထမ်းလုပ်ငန်းစဉ်များကို အသက်သွင်းပေးလျက်ရှိနေပြီဟု စဉ်းစားမိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့သမိုင်းစဉ်ထဲတွင် တရွေ့ရွေ့ခရီးနှင်လျက်ရှိသည်။ ကျွန်ုပ်တို့၏ တိုင်းပြည်တိုးတက်ရေး အာသီသသည် တစ်သမတ်

www.burmeseclassic.com

www.burmeseclassic.com



တည်းရှိနေသည်ဟု ကျွန်တော်မြင်မိသည်။ ထိုကြောင့် အနာဂတ်ကို ရှေးရှု၍ ဆင်ခြင်ဖွယ်ရှိသည်တို့ကို ကြိုတင်ပြုပြင်ရလိမ့်မည်။

ယနေ့ ကမ္ဘာ့နိုင်ငံများသမိုင်းကို ပြန်ကြည့်လျှင် မထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့၏ ဒဏ်ကြောင့် လူဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံး ယိုယွင်းစပြုနေပြီကို မြင်ရလိမ့်မည်။

ပထမနှင့် ဒုတိယကမ္ဘာစစ်ကိုတွဲ၍ ဖော်ပြခြင်းမှာ ပထမကြောင့် ဒုတိယစစ်ဖြစ်ရသည်ကို ရည်ညွှန်းလို၍ ဖြစ်သည်။ ပထမကမ္ဘာစစ်မှာ အရင်းရှင်နယ်ချဲ့နိုင်ငံများ နယ်ပယ်လုရာမှ အင်္ဂလိပ်နှင့် ဂျာမန်တို့ကစ၍ စစ်ဖြစ်ခြင်းဖြစ်သည်။ ပထမကမ္ဘာစစ်၌ ဂျာမနီအရေးနိမ့်၍ စစ်ပြေငြိမ်းသောအခါ စီးပွားရေး အလွန်တရာ နိမ့်ကျညံ့ဖျင်းသွားခဲ့သည်။ ယင်းအချက်ကို အာဃာတထား၍ ဂျာမန်တို့သည် ဖက်ဆစ်အာဏာရှင် ဟစ်တလာ၏လက်အောက်တွင် စစ်နိုင်သူတို့ကို လက်စားချေနိုင်ရန် ကြိုးစားခဲ့သည်။ သို့သော် ဤဒုတိယအကြိမ် စစ်ဖြစ်ရာ၌လည်း အရေးနိမ့်ခဲ့ပြန်သည်။ ထို့ကြောင့် ဂျာမနီနှင့် ဝင်ရိုးတန်းနိုင်ငံတို့ စစ်ပြေငြိမ်းသည့်နောက်ပိုင်း ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်လာလေသည်။

သို့သော် ကမ္ဘာ့လူသားအဖွဲ့အစည်းကြီးသည် သိပ္ပံနည်းပညာ တိုးတက်မှုအကျိုးကို ခံစားနေရပါသော်လည်း လူ၏စိတ်နေစိတ်ထားနှင့်စာရိတ္တတို့၌ လွန်စွာကျဆင်းခဲ့သောကြောင့် စစ်ကြီးအပြီးမှာ စီးပွားရေးအားဖြင့် အလွန်တိုးတက်နေပါသော်လည်း လူမှုရေးအရ လူ့အမူအကျင့်များသည် လွန်စွာယိုယွင်း ပျက်ပြားလာလေသည်။

ထိုပျက်ပြားနေသော အနိဋ္ဌာရုံတို့ကို ခရေစေ့တွင်းကျ မရေးလိုပါ။ ဟုတ်တိုင်းမှန်ရာအားလုံးကို ရေးပြလျှင် စာဖတ်သူအားလုံး စိတ်ဆင်းရဲကုန်ပါလိမ့်မည်။ လိုရင်းကို အမြွက်မျှပြောပြလိုက်လျှင် လူကြီးမိဘ ဆရာသမားအရာ၌ တည်သောပုဂ္ဂိုလ်တို့သည် သားသမီးမြေးမြစ် တပည့်

www.burmeseclassic.com

www.burmeseclassic.com



တပန်းများကို စောင့်ရှောက်ကြရန် သတိမူနိုင်ကြပါလိမ့်မည်ဟု ယူဆပါသည်။

စစ်ဘေးဒဏ်ကြောင့် စာရိတ္တမဏ္ဍိုင် ပြိုလဲလာခဲ့ရာ သာမန်မြန်မာတိုင်းရင်းသားတို့ မကြားဝံ့မနာသာ အချက်များကို ကြားရကပါလိမ့်မည်။

ရှေးဦးစွာ လူပျိုဘော်ဝင်စ၊ အပျိုဘောဝင်စ ယောက်ျားကလေး၊ မိန်းကလေးများကို ကာမပွဲစားတို့က ဘဝရုံးအောင် ဖျက်ဆီးနေကြသော အခြင်းအရာကို ယခုကြားသိလျက်ရှိပါလိမ့်မည်။ လူယုတ်မာတို့ကြောင့် အရွယ်ရောက်စ မိန်းကလေး၊ ယောကျ်ားလေးများသည် ကမ္ဘာ့ဈေးကွက်ထဲတွင် ရောင်းကုန်ပစ္စည်းဘဝသို့ ကျရောက်လျက် ရှိနေပြီ။

ကျွန်ုပ်တို့၏ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံသည် ကာမဂုဏ်လုပ်ငန်းနှင့် ပတ်သက်၍ အလွန်နာမည်ကြီးနေသည်။ လူကြီးများသာမက ကလေးများပင်လျှင် ကောင်းစွာ ကြားဖူးနေကြသည်။ ယခုခေတ်၌ ထိုကာမဂုဏ်ငါးပါး အရောင်းအဝယ်လုပ်ငန်း၏ အတိုးအဆုတ်ရေချိန်ကို စာနယ်ဇင်းနှင့် တယ်လီဗေးရှင်းတို့က ဖော်ပြနေသည်။ ကာမဂုဏ်၌ ဖောက်ပြားကြခြင်းကြောင့် လူငယ်လုံမငယ်များ၏ ဘဝ ပျက်ပြားလာသည်ကို ကျွန်ုပ်တို့ရင်နင့်စရာ ကြားသိနေရသည်။

လူပျို ၊ အပျိုတို့ ကာမဂုဏ်မှောက်မှား၍ ပဋိသန္ဓေရရှိသောအခါ ထိုပဋိသန္ဓေကို တိတ်တိတ်ပုန်းဖျက်ချကြသည့်အပြင် လူ့အခွင့်အရေးဟု လွဲမှားစွာကြွေးကြော်၍ သန္ဓေဖျက်ခြင်းကိုပင်လျှင် တရားဥပဒေနှင့်ညီသယောင်ယောင် ပြောဆိုနေကြသည်။

ယခုခေတ်၌ ကာမရာဂဖောက်ပြန်မှုတို့ကြောင့် ယောကျ်ားအချင်းချင်း၊ မိန်းမအချင်းချင်း ဃရာဝါသ ပြုကြသည်ကိုပင်လျှင် ဧရာမလူ့အခွင့်အရေးကြီးတစ်ရပ်ဟုဆို၍ ထိုအခွင့်အရေးကို ကိုင်ပြီးလျှင် မဲဆွယ်နေကြသည်ကိုလည်း လူကြီးမိဘဆရာသမားတို့ ကြားဖူးနားဝ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆင်း၊ အနံ့၊ အရသာ၊ အသံ၊ အတွေ့တည်းဟူသော ကာမဂုဏ်ငါးပါးကို ခံစားရာ၌ ဥရောပ စသော နိုင်ငံအချို့တို့တွင် အထူးဖောက်ပြန်လျက်ရှိရာ၊ ယင်းတို့နှင့်ပတ်သက်နေသော ရုပ်မြင်သံကြားပြကွက်တို့ကို ကလေးသူငယ်များ မကြည့်ရအောင် တားမြစ်ပေးရသော လုပ်ငန်းကြီးပင်လျှင် လူမှုဝန်ထမ်း လုပ်ငန်းတစ်ရပ် ဖြစ်နေလေပြီ။

ကျွန်တော် ဆက်၍ရေးရမည်ဆိုလျှင် ကျွန်တော်၏စာများသည် အားလုံး ညစ်ပတ်ပေရေကုန်ပြီဟု ဆိုကြလိမ့်မည်။ ထို့ကြောင့် လူကြီးမိဘ၊ ဆရာသမားတို့ နားလည်လောက်အောင် ဤမျှနှင့်ပင် နိဂုံးချုပ်ပါရစေ။

နောင်လာမည့်ခေတ်တွင် ယခုဖော်ပြခဲ့သော အနိဋ္ဌာရုံတို့သည် မြန်မာတိုင်းရင်းသားလူ့ဘောင်ကို အကြွင်းမဲ့ ဖျက်ဆီးလာပါလိမ့်မည်။

ထို့ကြောင့် အရှည်ကို မျှော်တတ်သော လူထုခေါင်းဆောင်တို့က လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်သော အလေ့အထများ ပြန်လည်ရှင်သန်အောင် အနာဂတ်တွင် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အောင်မြင်ပါစေရန် ဆုတောင်းပါသည်။

ကရုဏာသည် ဗြဟ္မစိုရ်တရားလေးပါး၌ အကျုံးဝင်သည်။ ပရဟိတစိတ်အတွက် အခြေခံ ဖြစ်သည်။ ယင်းစိတ်ဓာတ်ဖြင့်သာလျှင် မြန်မာနိုင်ငံ၏ ကာယသုခ၊ စိတ္တသုခကို တည်ဆောက်နိုင်မည်။ ဤသို့ တည်ဆောက်မှသာလျှင် ကြီးပွားချမ်းသာ၍ အေးငြိမ်းသောမြန်မာ့လူ့ဘောင်ကို တည်ထောင်နိုင်မည်။

**ကရုဏာ မဂ္ဂဇင်း၊ အမှတ်(၃)၊ မေလ ၁၉၉၇ ခု**

www.burmeseclassic.com

www.burmeseclassic.com

# သတ်ထလောက

ကျွန်ုပ်တို့၏ စာပေကျမ်းဂန်၌ လောကသုံးပါးရှိသည်ဟုဆို၏။ ယင်းတို့မှာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟူ၏။

သတ္တလောကဆိုသည်မှာ သက်ရှိသတ္တဝါများကို ဆိုလိုသည်။ အသက်ဇီဝနှင့် ပြည့်စုံသော ၊ ခန္ဓကိုယ်အတ္တဘော သေးငယ်သော ရုပ်ဒြပ်ကလေးမှစ၍ မနုဿလူသားအပါအဝင် ဆင်ကြီး၊ ပြောင်ကြီးစသည့် သတ္တဝါများသည် သတ္တလောကထဲ၌ အကျုံးဝင်၏။ ယခုခေတ် သိပ္ပံပညာသင်ယူသော လူငယ်လုံမငယ်တို့ ပြောစကားအရဆိုလျှင် ဘက်တီးရီးယားနှင့် အမီးဗားအပါအဝင် သက်ရှိများကို သတ္တလောကထဲ၌ အကျုံးဝင်သည်ဟုဆိုရ၏။ ထို့ကြောင့်လည်း ခေတ်အသုံးအနှုန်းအရ ဆိုလျှင် သတ္တလောကထဲ၌ အကျုံးဝင်သော ရုပ်ဒြပ်တို့ကို လေ့လာသော ပညာသည် သတ္တဗေဒ ဖြစ်သည်။

သက်ရှိ သတ္တဝါတို့သည် တောတောင်ရေမြေတို့ကို အမှီးပြု၍ စားသောက်နေထိုင်ကြ၏။ သတ္တဝါတို့အမှီပြုရာ ထိုနေရာအားလုံးကို သိမ်းကျုံး၍ ဩကာသလောကဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရလောကကား ပြုပြင်ပြောင်းလဲခြင်း သဘောတရားဖြစ်၏။ သတ္တဗေဒပညာအရ အမီးဗားကဲ့သို့သော အကောင်ကလေးမှသည် ရေနေသတ္တဝါကြီးငယ်တို့ ဖြစ်လာပြီးလျှင် ကုန်းတစ်ပိုင်း ရေတစ်ပိုင်း ဖားစသော သတ္တဝါအဖြစ်သို့ ပြုပြင်စီရင်ခြင်း သဘောအရ ပြောင်းလဲလာသည်။ ထိုမှတစ်ဆင့် ကုန်းသတ္တဝါအဖြစ်သို့လည်းကောင်း ကောင်းကင်၌ ပျံဝဲတတ်သော သတ္တဝါအဖြစ်သို့လည်းကောင်း ဆင့်ကဲဆင့်ကဲ ပြောင်းလဲလာကြသည်။ ယင်းပြောင်းလဲခြင်းဖြစ်စဉ်ကို အီဘောလူးရှင်းဟု ခေါ်သည်။ သင်္ခါရတရားနှင့် အီဘောလူးရှင်းကို သဘောပေါက်လွယ်အောင် နှိုင်းယှဉ်၍ ပြလိုက်ပါသည်။ ကြိုက်နှစ်သက်လျှင် ယူကြပါကုန်။

ဤကဲ့သို့သော လောကသုံးပါးထဲတွင် သတ်ထလောကသည် အဘယ်ကြောင့် ဝင်၍နှောင့်ယှက်နေပါသနည်း။ တိုးတက်လာသည်ဆိုသော ဤခေတ်၌ လူလျှင်လူချင်း အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေကြသည်ကို လူကြီးများသာမက လူကလေးများပင်လျှင် တယ်လီဗေးရှင်းမှ အစပြု၍ သိမြင်နေကြသည် မဟုတ်ပါလော။ ဤ သတ်ထလောကသည် အလွန်ကြောက်စရာ ကောင်းပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင်က ကမ္ဘာကြီးပျက်စီးလုနီး ပြီလောဆောင်းပါးကို ရေးခဲ့၏။ ဦးချစ်မောင်သာလျှင် ယနေ့ အသက်ရှင်နေပါက "ကျုပ်ပြောတာ မဟုတ်ဘူးလား၊ ယခု ကမ္ဘာကြီးပျက်နေပြီ" ဟူ၍ ပြောလိမ့်လေမလားမဆိုနိုင်။

အာဖရိကတိုက် ပြည်နယ်အချင်းချင်း လူမျိုးရေးစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုအခါ လက်နက်ကိုင် အကြမ်းဖက်သူလူမျိုးတစ်မျိုးက သူတို့နှင့် ဆန့်ကျင်ဘက် အခြားလူမျိုးများကို အရပ်သူ အရပ်သားကလေးများပါမကျန် အကြွင်းမဲ့ သတ်ဖြတ်ခဲ့ကြသည်။ ဤစစ်ပွဲမှာ ဟိုဘက်ဆယ်ယောက် ဒီဘက်ဆယ်ယောက်တိုက်သော စစ်ပွဲမျိုးမဟုတ် လူတစ်ရာချင်း၊ တစ်ထောင်ချင်း၊ တစ်သောင်းချင်း တိုက်သောစစ်ပွဲမျိုးလည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ယနေ့တိုင် ဘယ်နှယောက်သေသည်ဟု စာရင်းကောက်၍ မရသေး။ သောက်သောက်လဲသေကြသည်မှာ သိန်းပေါင်းများစွာကမ သန်းပေါင်းများစွာ ဖြစ်သည်။

ကုလသမဂ္ဂက ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ပြီ။ ယခုအခါ စစ်ပြေငြိမ်းပြီ။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆောင်ရွက်နေပါသည်ဟု ကြေညာလျက်ရှိသည်။ ယခု အာဖရိကတိုက် ရဝမ်ဒါနှင့် ဘူရွန်ဒီနိုင်ငံရှိ လူမျိုးအချင်းချင်း အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေကြသည်မှာ စစ်ဖြစ်နေဆဲပင် မဟုတ်လော။

ယခုဤဆောင်းပါးကို ရေးသားနေဆဲတွင် ဘူရွန်ဒီနိုင်ငံ၌ စစ်တပ်အာဏာသိမ်းခြင်းတစ်ခု ဖြစ်ပွားနေရာ အာဏာသိမ်းသူက လူမျိုးရေးအရ တစ်နေ့လျှင် လူတစ်ယောက်နှုန်းကျ သတ်ဖြတ်နေသည်ကို ရပ်စဲအောင် ဆောင်ရွက်မည်ဟု ပြောဆိုနေသည်။ ကုလသမဂ္ဂအသင်းဝင်နိုင်ငံတို့က ပြောသည့်အတိုင်း ဟုတ် မဟုတ် စောင့်ကြည့်မည်ဟု ဆိုကြောင်း ရုပ်မြင်သံကြား သတင်းများက ပြောပြလျက်ရှိသည်။

အသည်းနာစရာကောင်းသော လူသတ်ပွဲတစ်ခုမှာ လက်တင်အမေရိကနိုင်ငံ ပြည်နယ်တစ်ခုတွင် ဖြစ်ပွားခဲ့၏။ ထိုပြည်နယ်ရှိမြို့တစ်မြို့၌ မိဘမဲ့ကလေးသူငယ်၊ ကျားမ မရွေး လူဦးရေ ထောင်ပေါင်းများစွာတို့သည် အိုးမဲ့၊ အိမ်မဲ့၊ မိဘမဲ့ ကလေးများ ဖြစ်ကြသည်။ ၎င်းတို့သည် လမ်းပေါ်မှာနေထိုင်၍ အမှိုက်ပုံများကို အမှီပြု၍ စားသောက်နေထိုင်ကြသည်။

ဤသို့ဖြစ်ရခြင်းမှာ ထိုဒေသ၌ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမ စသည်တို့သည် ဖိုမဆက်ဆံရေးကိစ္စတို့၌ လူမဆန်စွာ ပြုကျင့်သောကြောင့်ဖြစ်သည်။ ကာမေသု မိစ္ဆာစာရကံကို အကြွင်းမဲ့ ကျူးလွန်ကြသည်။ ထို့ကြောင့် လင်ကောင်မပေါ်ဘဲ မွေးသော ကလေးဦးရေ အဆမတန် များပြားလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအရေးခင်း၌ လူကြီးဆိုသူတို့က လူကြီးပီပီ လူမှုရေးကို ဆောင်ရွက်တတ်လျှင် မိဘမဲ့ကလေးများကို လူငယ့်ဂေဟာများဖြင့် ကောင်းစွာ စောင့်ရှောက်နိုင်ကြပေလိမ့်မည်။

သို့သော် မိုက်မဲလှသော လူကြီးတို့က ကလေးသူငယ်များကို ခွေး၊ ကြက်စသော တိရိစ္ဆာန်များလို သဘောထားပြီးလျှင် မြူနီစီပယ်အဖွဲ့ လုပ်ငန်းကဲ့သို့ ရှင်းလင်းသတ်ဖြတ် သုတ်သင်ပစ်ကြသည်။ ဤကဲ့သို့ လူငယ်များကို ခွေးလေခွေးလွင့်ပမာ သုတ်သင်ရှင်းလင်းသည့် ကိစ္စ၌ မည်သူမည်ဝါဟု တရားခံကို အကောင်အထည်ဖော်ခြင်း မပြုချေ။ ထိုမျှ လောက် ရက်စက်ကြမ်းကြုတ်သည်။ တရားဥပဒေမဲ့ ပြုကျင့်ခြင်းဖြစ် သည်။ ဤကိစ္စမှာလည်း ယနေ့တိုင် ဟိုးလေးတကျော် ဖြစ်နေသည်။

ဘာသာရေးကိုအကြောင်းပြု၍ လက်နက်အားကိုးပြုလုပ်နေသော သာဓကများလည်း ရှိသည်။ အာရပ်၊ အစ္စရေးနိုင်ငံများနှင့် ဘော့စနီးယား ဒေသများတွင် ဘာသာရေးကို အကြောင်းပြု၍ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်သော ကိစ္စများကို ကုလသမဂ္ဂအဖွဲ့ကလည်းကောင်း ၊ နေတိုး အဖွဲ့ကလည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ထောင်ပေါင်း များစွာသော မူစလင်တို့ကို အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်သည့်ကိစ္စ၌ စစ်ရာဇဝတ်ကောင်ကို စီရင်သော ရုံးတော်က သင်္ချိုင်းကို တူးဖော်၍ စုံစမ်းစစ်ဆေးရန် အမိန့်ချသည်။

ထိုအမိန့်အရ လူထောင်ပေါင်းများစွာကို သတ်၍မြှုပ်နှံထားသော ဧကပေါင်းများစွာ ကျယ်ဝန်းသည့် သင်္ချိုင်းကို ဆိုင်ရာတို့က တူးဖော်ကြည် ကြသည်။ ထိုအခါ သေသူတို့သည် စစ်တိုက်ရင်း သေကြသည် မဟုတ်။ ရန်သူတို့က လက်ပြန်ကြိုးတုပ်၍ နောက်စေ့ကို သေနတ်နှင့် ပစ်၍သေ ဆုံးရကြောင်း တွေ့ရှိရသည်။ ဤလူသတ်ပွဲမျိုးကြောင့် သတ်ထ လောက ဟု ခေါ်ဆိုသည်မှာ မဆီလျော်ဟု မပြောထိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကြောက်ခမန်းလိလိ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေသော အဖြစ်အပျက်များမှာ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နိုင်သော လက်နက်များကြောင့် ဖြစ်သည်။ ထိုလက်နက်များကို ထိန်းချုပ်သော လုပ်ငန်းများဟူ၍ စနစ်တကျ အောင်အောင်မြင်မြင် မရှိသေးချေ။ အီရက်နိုင်ငံတွင် အစိုးရတို့ကိုယ်တိုင် အစုလိုက် အပြုံလိုက် သတ်ဖြတ်သော လုပ်ငန်းရပ်များကို ကြံစည်လျက်ရှိသည်ဟု ပြောဆိုနေကြသည်။

လောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ စသည်တို့၌ လွန်ခဲ့သောနှစ်များက အချင်းချင်းတိုက်ခိုက် သတ်ဖြတ်ခဲ့ကြရာတွင် မြေမြှုပ်ဗုံးများကို အသုံးပြုခဲ့ကြသည်။ ယခုအခါ ထိုနိုင်ငံတို့တွင် တိုက်ခိုက်သတ်ဖြတ်ခြင်းများ မရှိတော့ပေ။ သို့ရာတွင် သန်းပေါင်းများစွာသော မြေမြှုပ်ဗုံးများသည် ယခင်ဖြစ်ပွားခဲ့သော စစ်တလင်းများ၌ မပေါက်ကွဲဘဲ ကျန်ရစ်ခဲ့ကြသည်။ ဤအကြောင်းကြောင့် စစ်နှင့်မဆိုင်သော အရပ်သူ၊ အရပ်သားများသည် နေ့စဉ် မြေမြှုပ်ဗုံးဒဏ်ကို ခံနေရသည်။ မြေမြှုပ်ဗုံးများကို ရှင်းလင်းရန်မှာ နောင်နှစ်ပေါင်း ၁၀ နှစ်ခန့်ကြာဦးမည်ဟု ကျွမ်းကျင်သူတို့က တင်ပြပြောဆိုနေကြသည်။

ဤလူသတ်စာရင်းကို သိသာရုံနှင့် နမူနာတင်ပြလိုက်ပါသည်။ စစ်ကြီးပြီးပြီဟု ဆိုသည်မှာ တကယ်ပင်ဟုတ်ပါသလော။ စစ်ကြီးပြီးပြီဆိုသော နှစ်ပေါင်း ၅၀ အတွင်း နေ့စဉ်နေ့စဉ် စစ်နှင့်ဆိုင်သူရော၊ မဆိုင်သူပါ သေကျေ ပျက်စီးနေကြသည်။ သတ္ထန္တရကပ် ဆိုက်သောအခါ ငတ်မွတ်ခေါင်းပါးခြင်း၊ ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂန္တရကပ်တို့လည်း ဆိုက်ရောက်လာစမြဲ ဖြစ်သည်။ ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ခြင်း စသော အန္တရာယ်တို့ကြောင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေးကို မဆောင်ရွက်နိုင်သောကြောင့် လူအများ ငတ်နေကြသည်။

ရောဂါအမျိုးမျိုးတို့လည်း လူတို့ကို နှိပ်စက်နေကြသည်။ ဤဆောင်းပါးကို ဖတ်ရှုနေသောအချိန်တွင် ကိုယ်ခံအားကျဆင်းခြင်းရောဂါ

www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွသော အခြားကပ်ရောဂါများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် စိတ်တူသဘောတူ နိုင်ငံအများတို့က ဆောင်ရွက်နေကြသည်ကို ရုပ်မြင်သံကြားသတင်းများမှ သိရှိနိုင်ကြပါလိမ့်မည်။

ထိုနည်းတူစွာ မြောက်ကိုရီးယားနှင့် တကွသော အခြားနိုင်ငံများတွင် ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်လျက်ရှိနေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရေကြီးသဖြင့် ဧကပေါင်းသိန်းသန်းမက ပျက်စီးသည်။ ထို့ကြောင့် ငတ်မွတ်ခေါင်းပါးခြင်းဘေးမှ ကယ်တင်ကြစေရန် ဆိုင်ရာတို့က မေတ္တာရပ်ခံလျက် ရှိသည်။

အထက်ပါကဲ့သို့ ကပ်ကြီးသုံးပါး ဘေးဒဏ်အန္တရာယ် အပေါင်းတို့ ဝိုင်းနေသော ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများနှင့် နှိုင်းစာကြည့်လျှင် အများကြီးသက်သာသည်ဟု ဆိုနိုင်ပါသည်။ ဒုက္ခတွေ ပင်လယ်ဝေနေသောကြားထဲမှာ မေတ္တာတရားပွားများ၍ ကုသိုလ်တရားကို ဆည်းပူးရန် ဆရာတော်၊ သံဃာတော်တို့က ဟောကြားနေကြသည်။

သံဃာတော်မြတ်တို့၏ အာဏာစက်သည် ထက်မြက်ဆဲပင်ရှိသည်ဟု ယုံကြည်ပါသည်။ အရပ်ထဲတွင် လူကြီးသူမနှင့် ရာဇဝတ်မှု ထိန်းသိမ်းရေးအာဏာပိုင်တို့က ဆိုဆုံးမ၍ မရသောသူတို့ကို သံဃာတော်တို့က တစ်ခွန်းမျှ ပြောဆိုလိုက်လျှင် သောင်းကျန်းသူတို့သည် ငြိမ်ကျသွားတတ်ပါသည်။ ထို့ကြောင့် သံဃာတော်တို့၏ အဆိုအမိန့် တစ်ရပ်ကို ကျွန်တော် တင်ပြလိုပါသည်။

သံဃာတော်တို့က "ဒကာတို့၊ ကပ်ကြီးသုံးပါးဘေးမှလွတ်အောင် ကုသိုလ်ကောင်းမှုပြုကြ" ဟုပြောကြားပါသည်။

သံဃာတော်တို့၏ အဆိုအမိန့်ကို ချဲ့၍ ပြောလိုပါသည်။

ကုသိုလ်ကိုလည်း ဆည်းပူးရာ၌ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဟူသော တရားသုံးပါးကို တစ်ပြိုင်တည်းဆည်းပူးလျှင် မွန်မြတ်သည်ဟု ဟောကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လှူသော ဒါယကာ ဒါယိကာမသည် လှူဆဲခဏ၌ သီလနှင့်ပြည့်စုံလျှင် ကောင်းသောအကျိုးကို ချက်ချင်း ခံစားရပါလိမ့်မည်။ သီလနှင့်ပြည့်စုံသောသူက အလှူဒါနပြုသောအခါ မိမိပြုခဲ့သော အလှူဒါနကို အကြိမ်ကြိမ် အဖန်ဖန်စိတ်တွင် အောက်မေ့၍ ဝမ်းမြောက်ဝမ်းသာရှိနေလျှင် ဤဝမ်းမြောက်သောစိတ်ကို အဖန်ဖန်သုံးသပ်သောကြောင့် ဘာဝနာတရားကို ကျင့်သည်နှင့် အတူတူ ဖြစ်ပါသည်။

ကုသိုလ်ပြုသောပုဂ္ဂိုလ်သည် ဤအချက်ကို ဂရုမူလျှင် စိတ်ထဲတွင် မေတ္တာတရား အလိုလိုပေါက်ပွားလာပါလိမ့်မည်။ ထိုအခါ မေတ္တာနှင့်ယှဉ်၍ ပြုသောကုသိုလ်ကြောင့် ကုသိုလ်ဆည်းပူးသူ၏ ပတ်ဝန်းကျင်သည် ကိုယ်စိတ်နှစ်ပါး ချမ်းသာအေးမြပါလိမ့်မည်။ ထိုအခါ မကောင်းသောဘေးအန္တရာယ်များ ကင်းစင်သွားပါလိမ့်မည်။ အလှူဒါန ပြုကြရာ၌ ဒါနရှင်သည် ရည်ရွယ်ချက်အမျိုးမျိုး ရှိပါလိမ့်မည်။ အချို့က ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရန် ရည်ရွယ်သည်။ အချို့က လာဘ်လာဘကိုမျှော်ကိုးသည်။ အချို့က ရာထူးတိုးတက်ပါစေဟု ဆုတောင်းသည်။ အချို့က မိမိ၏ရန်သူကို နိုင်နင်းပါစေဟု ဆုတောင်းသည်။

ထိုအာသီသ အမျိုးမျိုးကို ပတ်ဝန်းကျင်က အထွေအထူး မဝေဖန်ပါနှင့်။ သင့်မြတ်သော ဝေဖန်မှုကြောင့် အလှူရှင်နှင့်အတူ အကျိုးတရား ခံစားကောင်း ခံစားရပါလိမ့်မည်။ သို့ရာတွင် ကဲ့ရဲ့ပြစ်တင် ရေရွတ်သော ဝေဖန်မှုကြောင့် မိမိသည် ကုသိုလ်မရဘဲ ငရဲသို့သွားရလျှင် မည်သူမျှကယ်နိုင်ကြမည်မဟုတ်ပါ။

သူတစ်ပါးကုသိုလ်ပြုနေသည့်အခါ မိမိက အကုသိုလ်ကို အမှုမယူပါနှင့်။

ကုသိုလ်ပြုသောအခါ စေတနာမှန်လျှင် မှန်သလောက် အကျိုးများပါသည်။ မှန်ကန်သောစေတနာဖြင့် သူတစ်ပါး၏အလှူကို သာဓုခေါ်လျှင် မိမိသည် အထွေအထူးမဆောင်ရွက်ဘဲနှင့် ကုသိုလ်တရားနှင့် ပြည့်စုံလာပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာသည် အကျိုးပေးတတ်၏။ စေတနာကောင်းလျှင် ကောင်းကျိုး၊ စေတနာမကောင်းလျှင် မကောင်းကျိုး၊ ဤကား ကံ ကံ၏ အကျိုးတရားပေတည်း။

လာမည့် ခရစ်နှစ် ၂၀၀၀ အရောက်တွင် ကျွန်ုပ်တို့အားလုံး ကံ ကောင်းကြပါစေ။

**ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၄၄၀)၊ မတ်လ၊ ၁၉၉၇**

www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်စွဲ

အလုပ်တစ်ခုကို လုပ်မည်ကြံလျှင် ကျွန်ုပ်တို့သည် ထုအလုပ်နှင့်စပ်ဆိုင်သောသူကို ဖြစ်စ၊ ထိုသူ၏လုပ်ပုံကိုင်ပုံ အခြင်းအရာကို ဖြစ်စေ လေ့လာ၍ အကြောင်းအကျိုး အကောင်းအဆိုးကို ဆန်းစစ်ကြည့်ကြရစမြဲ ဖြစ်သည်။ အထူးသဖြင့် အလုပ်ကြီးအကိုင်ကြီးကို လုပ်မည်ကြံလျှင် သက်ဆိုင်သူ လူကိုလည်းကောင်း ၊ ထိုသူ၏ လုပ်ရပ်ကိုလည်းကောင်း ပိုင်းခြားဝေဖန်ကြည့်လေ့ရှိကြသည်။

ဤသို့ ဝေဖန်ဆန်းစစ်ကြည့်ပြီး အလုပ်လုပ်မှသာလျှင် လုပ်ငန်းသည် ချောချောမောမော အောင်မြင်နိုင်လိမ့်မည်။

ယခုတလော နိုင်ငံအရပ်ရပ်တွင် သမ္မတရွေးကောက်ပွဲ၊ ပြည်သူ့ကိုယ်စားလှယ် ရွေးကောက်ပွဲ၊ ပြည်နယ်ကိုယ်စားလှယ် ရွေးကောက်ပွဲစသည်တို့ ကျင်းပနေကြသည်ကို စာဖတ်ပရိသတ်တို့ သိရှိပြီး ဖြစ်လိမ့်မည်။

ထိုရွေးကောက်ပွဲတို့တွင် အပြိုင်အဆိုင် အရွေးခံသူတို့သည် အချင်းချင်း တစ်ဦးက တစ်ဦးကို ဝေဖန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ဟူသောဝေါဟာရမှာ စာတတ်သူတို့က နားခံသာအောင် သုံးနှုန်းသော စားစကားဖြစ်သည်။ အရပ်စကားနှင့်ပြောရလျှင် တစ်ဦးကို တစ်ဦး အပြစ်တင်ခြင်းဖြစ်သည်။

တရားနှင့် ညီအောင် ပြောရလျှင် ထိုအပြစ်တင်ခြင်း ခံရသော လုပ်ငန်းသည် တစ်ဖက်သား အကျိုးနည်း၊ အရှက်တကွဲဖြစ်အောင် မဟုတ်က ဟုတ်က စွပ်စွဲပြောဆိုခြင်းမျိုးကို မဆိုလို။ လူတစ်ဦးတစ်ယောက်၏ ဆောင်ရွက်ချက် မှန်သည် မှားသည်၊ သင့်သည် မသင့်သည်၊ အကျိုးရှိသည် မရှိသည်တို့ကို ထုတ်ဖော်ပြောဆိုခြင်း ဖြစ်သည်။

အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားခြင်းနှင့် အမနာပပြောဆိုခြင်းဟူသော သဘောနှစ်ခု၏ အကြားတွင် ပိုင်းခြားထားသော ကန့်လန့်ကာမှာ ကြက်သွန်ခွံကဲ့သို့ အလွန်ပါးလွှာလှပေသည်။ ထို့ကြောင့် အပြောမတတ်က ဆဲသလိုဖြစ်သွား၍ ဝေဖန်သူရော၊ ဝေဖန်ခံရသူပါ အကျိုးယုတ်တတ်သည်။

လူပုဂ္ဂိုလ်ကိုစွဲ၍ ဝေဖန်ခြင်းသည် ပုဂ္ဂလိကဓိဋ္ဌာန် ဖြစ်သည်။

"ဟောဒီ အမတ်လောင်းဟာ စကားပြော အင်မတန်ကောင်းတယ်၊ ကြမ်းပိုးကို လိပ်ဖြစ်အောင်လည်း ပြောတတ်တယ်၊ ဆင်ပြောင်ကြီးကိုလည်း ကြွက်ဖြစ်အောင်လည်း ပြောတတ်တယ်၊ ရုပ်ချောပြီး အပြောကောင်းတော့ ဒီအမတ်လောင်းကို ရွေးချယ်သင့်ပါတယ်"

မဲဆွယ်ပွဲတို့၌ ဤကဲ့သို့ လူ့အင်္ဂါရုပ်ကို စွဲပြီးပြောဆိုရွေးချယ်သော အဖြစ်မျိုးလည်း ရှိတတ်သည်။ လူ့အတွင်းသဘောကို မကြည့်၊ အပြင်ပန်းရုပ်ကိုသာကြည့်၍ ပိုင်းခြားဝေဖန်သည့်အခါ ပုဂ္ဂလဓိဋ္ဌာန် ရွေးချယ်ခြင်းဟု ပြောဆိုကြသည်။

အကျည်းတန်၊ အရုပ်ဆိုးဖြစ်စေကာမူ အတွင်းသဘော၌ ရိုးဖြောင့်မှန်ကန်သည်ဟုဆိုလျှင် ယင်းရိုးသားဖြောင့်မတ်သော အခြင်းအရာကိုစွဲ၍ ဝေဖန်ပိုင်းခြားပြုလုပ်လျှင် ဓမ္မဓိဋ္ဌာန်ကျသည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်ငယ်က သရဲကလေးအောင်စိန်၏ ဇာတ်ပွဲကို ကြည့်ဖူးသည်။

သရဲကလေးသည် အမှန်ပင် သရဲကလေးနှင့် တူသည်။ မျက်နှာကို သနပ်ခါးနှင့်ပေါင်ဒါ ဖွေးအောင်လိမ်းထားသော်လည်း အရုပ်ဆိုးသူကို အောင်စိန်သည်လှပခြင်းဟူသော ဂုဏ်နှင့် နည်းနည်းမျှ မအပ်စပ်ချေ။

သို့သော် ကုပ်တိုတို၊ ရင်ကားကား၊ လက်မောင်းသား ထွားဆိုင်ရှိသော သရဲကလေး မင်းသားလို ကလိုက်လျှင် ပရိသတ်မြူးသွားသည်။ သူ၏အသံကို ကြားလိုက်လျှင် အများက သနား၊ ချစ်ခင်၊ ကြင်နာလာကြသည်။ အလွမ်းအသောပိုင်နိုင်စွာ ကပြသီဆိုအသုံးတော်ခံနိုင်သောကြောင့် သရဲကလေးအောင်စိန်ကို ပရိသတ်က ကောင်းသည်ဟု ဆိုကြသည်။

ဤကား ပုဂ္ဂိုလ်စွဲမကြည့်ဘဲ ဓမ္မဓိဋ္ဌာန်ဖြင့် ဝေဖန်ဆန်းစစ်ခြင်းဖြစ်၏။

ပုဂ္ဂိုလ်စွဲဖြင့် အမှန်ကိုရှာဖွေလျှင် ပုဂ္ဂိုလ်အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းတည်းဟူသော အစွဲတို့ကြောင့် မျက်နှာလိုက်မိလိမ့်မည်။ ဤသည်ကို ဘက်လိုက်၍ ဆုံးဖြတ်သည်ဟု ဆိုကြသည်။ အပြင်ပန်းအလှကို ကြည့်၍ ဆုံးဖြတ်သောအခါ အဇ္ဈတ္တသန္တာန်၌ ကိန်းဝပ်နေသော ကောင်းမြတ်သည့်အရည်အသွေးတို့ကို မြင်ရတော့မည် မဟုတ်ချေ။

အင်္ဂါရုပ်ကိုကြည့်၍ အတွင်းသဘောကို မဆုံးဖြတ်နိုင်၊ ဂရိသမိုင်း၌ ဆော့ခရေးတိဟူသော ပုဂ္ဂိုလ်သည် ရုပ်ဆင်းသဏ္ဌာန်၌ အလွန်အကျည်းတန်သည်။ သူ့ရုပ်ကိုကြည့်၍ အကဲဖြတ်လျှင် ဆိုးသွမ်းမည့်သူဟု ထင်ရသည်။ သို့သော် သူ၏အတွင်းသန္တာန်၌မူကား ပညာအပြည့်အဝရှိသည်။ ထို့ကြောင့် သူ၏ အတွေးအခေါ် ဒဿနတရားတို့သည် ယနေ့တိုင် ပညာဆည်းပူးသူတို့ လေ့လာသုံးသပ်ရသော တရားများ ဖြစ်သည်။

ထို့ကြောင့် အခြင်းအရာတစ်ခုကို တန်ဖိုးဖြတ်လိုလျှင် ပုဂ္ဂိုလ်စွဲဖြင့် ပိုင်းခြား မကြည့်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ အကြောင်းခြင်းရာကို ရှုမြင် သုံးသပ်

www.burmeseclassic.com

www.burmeseclassic.com



ကြလိမ့်မည်။ ပုဂ္ဂိုလ်မျက်နှာကို မကြည့်ဘဲ တရားကြောင်းအတိုင်း (ဓမ္မကြောင်းအတိုင်း) ကြည့်၍ ပြဿနာကို ပိုင်းခြားဝေဖန်သုံးသပ်လျှင် အမှန်နှင့် နီးရုံမျှသာမက လူ့ဆက်ဆံရေးသဘော၌ အားလုံးပြေပြစ်၍ ညီညွတ်ခြင်း၏ အရသာကို ခံစား စံစားနိုင်ကြလိမ့်မည်။

လူတစ်ကိုယ်လျှင် စိတ်တစ်မျိုးစီ ရှိကြသည်။ ညီအစ်ကို မောင်နှမအချင်းချင်းထဲ၌ပင် စိတ်သဘောချင်း တစ်မျိုးစီ၊ အကြိုက်ခြင်း တစ်မျိုးစီ ရှိကြသည်။စိတ်ချင်းမတူသည့်အတွက် မိမိတို့ကြိုက်နှစ်သက်ရာ အယူဝါဒသဘောတရားတို့ကိုလိုက်၍ သီးခြားကင်းလွတ်စွာ နေထိုင်ကြမည်ဆိုပါက ဤလူ့ဘောင်အသိုက်အဝန်းသည် မည်သူကမျှမခွဲရဘဲ အလိုအလျောက် ပြိုကွဲရဖို့သာ ရှိလိမ့်မည်။ လူ့လောက ပြိုကွဲလျှင် လူသည် ကျားသတ္တဝါ၊ ခြင်္သေ့သတ္တဝါတို့၏ အစာသာ ဖြစ်ပေလိမ့်မည်။

သို့သော် လူလျှင်လူချင်း သဘောထားမတူစေကာမူ ဆက်ဆံပေါင်းသင်းနေထိုင်ရာ၌ ပုဂ္ဂိုလ်စွဲကို မကြည့်ဘဲ ဓမ္မဓိဋ္ဌာန်ဖြင့် ဆက်ဆံသောကြောင့် လူသားတို့သည် စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ ပတ်ဝန်းကျင်ကို အခိုင်အမာ တည်ဆောက်၍ သားရဲတိရစ္ဆာန်တို့၏ ဘေးမှလွတ်ကင်းအောင် ဆောင်ရွက်နိုင်ကြသည်။

ဓမ္မဓိဋ္ဌာန်သဘော၌ ချစ်သည်၊ မုန်းသည်ဟူ၍ မရှိ။ ရှိခြင်းရှိရမည်ဆိုလျှင် လူအချင်းချင်း ချစ်ခြင်းမေတ္တာသာ ရှိမည်။ တရားလမ်းကြောင်းအတိုင်းမှန်ရာကိုကြည့်၍ သဘောတူဆုံးဖြတ်သော ဓလေ့ကြောင့် လူ့အဆောက်အအုံသည် ခိုင်မြဲလာသည်။ ကြီးကျယ်လာသည်။ ဖွံ့ဖြိုးလာသည်။ တိုးတက်လာသည်။

စင်စစ် ဓမ္မဓိဋ္ဌာန်ဟူသောသဘာဝသည် ဗြဟ္မစိုရ်ဓာတ်ကို အထောက်အကူပြုသည်။ မေတ္တာနှင်နီးစပ်သောကြောင့် ကရုဏာနှင့် မုဒိတာတရားတို့ကို ပွားများကြသည်။ ဖြစ်သမျှအကြောင်းတရားတို့ကို မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်လျှင်၊ ကံနှင့်ကံ၏အကျိုးကို သဘောပေါက်ပြီးလျှင် ဥပေက္ခာဆိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနုဿလူသားသည် အေးချမ်းမှုကို အလိုရှိကြသည်။ အလိုရှိသည့် အလျောက် အအေးဓာတ်ကြီးကို ရှာကြံကြ၏။ သို့သော် ပုဂ္ဂိုလ်ဓိဋ္ဌာန် များလွန်းသောကြောင့် ပုဂ္ဂိုလ်ကို စွဲ၍ ပေါ်ပေါက်လာသော အယူဝါဒ သဘောတရားများကြားတွင် နစ်မွန်းကြရသည်။ အကြောင်းခြင်းရာတို့ ကို တရားနည်းလမ်းအတိုင်း ဆင်ခြင်သုံးသပ်သောအခါ၌မူ လောက နိယာမတရားတို့ကိုမြင်၍ ဖြစ်ပေါ်လာသော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကို သည်းခံနိုင်သောစိတ်ဖြင့် ခွင့်လွှတ်လာနိုင်ကြသည်။ ဤကဲ့သို့ ဒုက္ခ၊ သုခတို့ အပေါ်၌ လျစ်လျူရှုတတ်သော အခြေသို့ ဆိုက်ရောက်သောအခါ မနုဿအချင်းချင်း ပေါင်းသင်းဆက်ဆံရေး၌ ခွင့်လွှတ်တတ်သော အလေ့ အထတို့ကြောင့် ညီညွတ်သင့်မြတ်လာလေသည်။

ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စဉ်းစားလျှင် တိုင်းရင်းသားအချင်းချင်း၊ စိတ်နာကြည်းစရာ အကြောင်းကို တွေ့ရလိမ့်မည်။ သို့သော် သမိုင်းကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်လိုက်သောအခါ လူတို့၏ဖြစ်မြဲဓမ္မတာကို ဆင်ခြင်မိသောကြောင့် အာဃာတ တရားကို မုချပယ်နိုင်လိမ့်မည်။ နှလုံး သားထမှ မုန်းစိတ်များ အထပ်လိုက် အထပ်လိုက် ကွာကျသောအခါ အပြစ်ဟူသမျှကို သည်းခံနိုင်သောကြောင့် အချင်းချင်း သဘောထားမညီမျှ စေကာမူ မေတ္တာတရားပွားများ၍ အညီအညွတ် နေထိုင်နိုင်ကြလိမ့်မည်။

ကမ္ဘာဦးက မနုဿလူသားသည် လူသားစားသော ကျား၊ ခြင်္သေ့ စသည့် သတ္တဝါများ၏ အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြရ၏။ သို့ရာတွင် လူ သတ္တဝါတို့၏ယဉ်ကျေးမှုအဆင့်အတန်းသည် အလွန်မြင့်မားသောကြောင့် လည်းကောင်း၊ မနုဿအချင်းချင်း အပြစ်ကို သည်းခံခွင့်လွှတ်ခြင်း၊ ကြင်နာသနား၊ မေတ္တာထားခြင်း စသောတရားတို့ကြောင့် လည်းကောင်း ကျားစားခံရမည့် အန္တရာယ်မှ လွတ်မြောက်၍ လူ့လောကကို နေချင့် စဖွယ်ဖြစ်အောင် ဖန်တီးလာနိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားစာ၊ ခြသေ့်စာ၊ မဖြစ်ရအောင် ကျွန်ုပ်တို့လူသားသည် မည်သို့ကြံစည် ပြုလုပ်ရမည်နည်း။ အထက်ပါ စကားရပ်တို့၌ အဖြေကို ရှာကြည့် ကြပါကုန်လော့။

**မြဝတီဂျာနယ်၊ ဧပြီလ(၁)ရက် ၁၉၉၇**

www.burmeseclassic.com

www.burmeseclassic.com

# ပြောင့်

လူ့လောကကို လောင်ကျွမ်းစေသော မီးပုံ သုံးပုံရှိ၏။ လောဘနှင့်မောဟ မီးတို့သည် တငွေ့ငွေ့လောင်၏။ ထို့ကြောင့် ယင်းတို့ကို ရုတ်တရက် ငြိမ်းသတ်၍ မရနိုင်။ ဒေါသမီးကား ယေဘုယျအားဖြင့် ဝုန်းခနဲ ထ၍ တောက်တတ်၏။ ငြိမ်းသတ်လိုက်လျှင် မီးသေသွားလိမ့်မည်။

သို့ရာတွင် ဒေါသမီး တငွေ့ငွေ့လောင်လျှင်မူကား တော်တော်နှင့် ငြိမ်း၍ မရနိုင်။ ရန်ငြိုးကြောင့် ဖြစ်လာသော ဒေါသသည် ဖွဲအိတ်ကို လောင်သော မီးကဲ့သို့ ရုတ်တရက် မငြိမ်းနိုင်။

တငွေ့ငွေ့လောင်သောဒေါသသည် အာဃာတဖြစ်၏။ အာဃာတ သည် သူတစ်ပါးက ရန်စသဖြင့် ရုတ်တရက်စိတ်ဆိုးပြီး ထွက်လာသော ဒေါသမီး မဟုတ်။ ရုတ်တရက် ထွက်ပြီး ရုတ်တရက်ငြိမ်းသွားသော ဆိုးညစ်သည့်စိတ် မဟုတ်။ ရုတ်တရက် ဒေါသထွက်သူသည် ရုတ်တရက် ပင် စိတ်ပြေသွားတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါသစိတ်ကို တဒင်္ဂအတွင်း ပြေအောင်ဆုံးမလျှင် ရနိုင်သောကြောင့် ဖြစ်၏။

သို့ရာတွင် အာဃာတကား ထိုကဲ့သို့ မဟုတ်။ မုန်းတီးခြင်းကို အခြေခံ၍ သူတစ်ပါးကို ရန်ပြုလိုသောစိတ် ဖြစ်သောကြောင့် ရန်စကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် အမြဲတမ်းသိမ်းပိုက်၍ ရန်တုံ့ပြန်ရန် အစဉ်အပြတ် နှလုံးသွင်းလျက်ရှိသူသည် အာဃာတပြင်းပြသူ ဖြစ်သည်။ ငြိုးသူရန်ဘက်ကို လက်စားချေရာ၌ အောင်မြင်လျှင် ရန်စငြိမ်းပြီဟု ဆိုနိုင်ပါ၏။ သို့သော် ရန်တုံ့ပြန်ရာ၌ စိတ်တိုင်းကျမဖြစ်လျှင် ရန်မီးသည် တစ်စတစ်စနှင့် တောက်လောင်သောကြောင့် အာဃာတတရားသည် လူ့လောကကို အစွမ်းကုန် ဖျက်စီးလေသတည်း။

ယခုအခါ ကျွန်ုပ်သည် ငြိမ်းချမ်းသော သဘာဝကို တောင့်တလျက် ရှိကြ၏။ ငြိမ်းချမ်းစေလိုသော ဆန္ဒပြင်းပြလျှင် ငြိမ်းချမ်းအောင် ကြံစည်ပြောဆိုပြုမူသော နည်းနိဿယတို့ကို လက်ဝယ်ရအောင် ကြိုးစားအားထုတ်ရမည်။ ရန်လုပ်ရန်ကြံစည်လျှင် ရန်ဖြစ်နေကြလိမ့်မည်။ ရန်ဖြစ်သောအခါ ရန်စကားကိုသာ ပြောဆိုကြလိမ့်မည်။ ရန်စကား ပြောသောအခါ လက်သီးလက်မောင်းတန်း၍ တုတ်၊ ဓားကို ကိုင်လာကြလိမ့်မည်။ ဤနည်းဖြင့် ငြိမ်းချမ်းရေးကို ရအောင် လုပ်နိုင်သည်ဟု ရာဇဝင်က သက်သေ မခံနိုင်ချေ။ လူ့သမိုင်းအသီးသီးတို့၌လည်း အဆိုပါနည်းမျိုးဖြင့် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်ကို တည်ဆောက်၍ရသည်ဆိုသော သာဓကကို ရှာ၍မတွေ့နိုင်ချေ။ အာဃာတသည် ငြောင့်နှင့်တူ၏။ ခန္ဓာကိုယ်၌ ငြောင့်စူးလျှင် နုတ်၍ ရနိုင်သည်။ စိတ်နှလုံးထဲတွင်စူးသော ငြောင့်ကိုမူကား နုတ်ပယ်ရန် အလွန်ခက်သည်။ ဒေါသကို မေတ္တာကသာလျှင် တိုက်ဖျက်နိုင်သည်။ မေတ္တာတရားကို အကြိမ်ကြိမ် အဖန်ဖန် ဘာဝနာပွားပါမှ ဒေါသစိတ် ပျောက်လိမ့်မည်။ ဒေါသမရှိမှသာလျှင် အာဃာတတည်းဟူသော ဆူးငြောင့်ကို နုတ်နိုင်မည်။ ဆူးငြောင့်ကို နုတ်ပယ်သောအခါ စိတ်၏အေးချမ်းမှုကို တည်ဆောက်နိုင်လိမ့်မည်။ ထိုအခါ မနုဿလူသားတို့သည် အချင်းချင်း လည်ပင်းဖက်၍ အေးချမ်းစွာ နေထိုင်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နိုင်ငံ၏ အဖြစ်အပျက်ကို ဆင်ခြင်ကြည့်လျှင် ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားအားလုံးသည် နှလုံးသားထဲ၌ ပြောင့်စူးသောဒဏ်ကို မကြာခဏ ခံခဲ့ရလေသည်။ ရှေးဦးစွာ သရေခေတ္တရာမင်းဆက်ကို တည်ထောင်ခဲ့ရာ ပျူယဉ်ကျေးမှုဖြင့် သမိုင်းတွင် တင့်တောင့်တင့်တယ် ဖြစ်လာခဲ့သည်။ သို့ရာတွင် ပျူ ကမ်းယံ၊ သက်တည်းဟူသော လူမျိုးစုတို့၏ စိတ်ဝမ်းကွဲပြားခြင်းကြောင့် သရေခတ္တရာ၏ အသရေသည် ညှိုးနွမ်းခဲ့ရလေသည်။ အဘယ့်ကြောင့်ဆိုသော် ပြောင့်သုံးစင်း စူးသောကြောင့် ဖြစ်၏။ သို့ရာတွင် ယနေ့တိုင် ကျွန်ုပ်တို့ ပြောဆိုနေကြသော ပုဂံခေတ်သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ဤ၌လည်း တိုင်းတစ်ပါးသား မွန်ဂိုလူမျိုးတို့၏ ကျူးကျော်မှုတည်းဟူသော ဆူးပြောင့်ကြီးတစ်ခု ပေါ်ပေါက်လာခဲ့သဖြင့် ပုဂံပြည်ကြီး ပျက်ပြားခဲ့ရလေသည်။ သို့ရာတွင် ရှမ်းညီနောင်သုံးဦးတို့၏ လုံ့လကြောင့် စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ မြင်စိုင်းအစရှိသော ပဒေသရာဇ်နယ်ပယ်များသည် တစ်စနှင့်တစ်စ စုစည်းလာခဲ့ကြလေသည်။ ထို့နောက် အတိုချုံး၍ပြောရလျှင် တောင်ငူ၊ ဟံသာဝတီအစရှိသော မင်းဆက်များ ပေါ်ထွန်းလာရာ မွန်နှင့်မြန်မာတို့ တစ်သီးတခြား ကွဲပြားလာကြပြန်သည်။ ဤသည်မှာလည်း သမိုင်းတွင် ပြောင့်စူးသောသဘော ဖြစ်ပေသည်။

အလောင်းဘုရားခေတ်၌ မြန်မာနိုင်ငံတော်ကြီး စည်းစည်းလုံးလုံးနှင့် ပေါ်ပေါက်လာတော့မည်ဟု မျှော်လင့်ခဲ့ကြ၏။ သို့ရာတွင် အလွန်စစ်မက်အင်္ဂါအားဖြင့် အင်အားကြီးသော ဥရောပတိုက်သား အမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ထွက်သွားလာ၍ ပြောင့်ထောင်ကြလေသည်။ ထိုပြောင့်မှာ အလွန်ကြောက်စရာ ကောင်း၏။ အဘယ့်ကြောင့်ဆိုသော် ထိုပြောင့်တို့သည် လူမျိုးရေးအာဃာတဆိုင်ရာ ပြောင့်များဖြစ်သောကြောင့်ပေတည်း။ တစ်စတစ်စနှင့် မြန်မာနိုင်ငံတော်အဖြစ်ဖြင့် စည်းရုံးလာခဲ့ရာ ဥရောပတိုက်သားတို့၏ နယ်ချဲ့စနစ်ကြောင့် အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်ရမည့် လူမျိုးများသည် ဗမာက တစ်မျိုး၊ ရခိုင်က တစ်မျိုး၊ မွန်က တစ်မျိုး၊ ကယားက တစ်မျိုး၊ ကရင်က တစ်မျိုး၊ ကချင်က တစ်မျိုး၊ ချင်းက တစ်မျိုး စသည်ဖြင့် ကွဲပြားခြားနားလာကြလေသည်။ ဤသည်ကား ဥရောပတိုက်သား နယ်ချဲ့သမားတို့က 'ထောင်' သော ပြောင့်များ ဖြစ်ပေသည်။

အဆိုပါ ပြောင့်အမျိုးမျိုးတို့၏ ဒဏ်ကို ကျွန်ုပ်တို့ခံခဲ့ရသည်ဖြစ်ရာ မြန်မာတိုင်းရင်းသား အချင်းချင်းတို့သည် မြန်မာဇာတိသားများ မဟုတ်တော့ဘဲ အကွဲကွဲအပြားပြား ခြားနားသော လူမျိုးများ ဖြစ်လာကြလေသည်။

ကျွန်ုပ်တို့ လွတ်လပ်ရေးရသောအခါ ကွဲပြားခြားနားသောသဘာဝကို တော်လှန်၍ "သမဂ္ဂါနံ တပေါသုခေါ" ဟူသောစကားအတိုင်း ညီညွတ်စုပေါင်းထားသော မြန်မာပြည်ထောင်စုကို တည်ဆောက်ခဲ့ကြသည်။ သို့ရာတွင် ရင်ထဲမှာစူးနေသော ဆူးပြောင့်တို့၏ ဒဏ်ရာဒဏ်ချက်ကြောင့် အခဲမကျေ ဖြစ်နေဆဲပင် ဖြစ်သည်။

အဆိုပါ အာဃာတတရားကို မည်သို့ချေဖျက်ရမည်နည်း။ ရိုးရိုးပြောလျှင် မြန်မာတိုင်းရင်းသားအချင်းချင်း ချစ်ကြရမည်ဖြစ်သည်။ သို့ရာတွင် ယင်းချစ်ခြင်းသဘောကို တရားနှင့်ယှဉ်၍ ဆင်ခြင်သုံးသပ်ရန် အထူးတိုက်တွန်းလိုသည်။ တရားသဘော၌ ဗြဟ္မာစိုရ်တရားလေးပါးဟု ပြောဆိုကြသည်။ ယင်းတို့မှာ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်း၊ ကရုဏာ၊ မိမိနှင့် ထပ်တူထား၍ ဝမ်းမြောက်ခြင်း မုဒိတာ၊ ကံစီမံရာဖြစ်သည်ကို လျစ်လျူရှုခြင်း ဥပေက္ခာဟူ၍ ဖြစ်သည်။

ချစ်ခြင်းမေတ္တာကို အားလုံးအလွယ်တကူ နားလည်ကြသည်။ ကရုဏာတရားမှာကား မိမိကဲ့သို့ ချမ်းသာသုခ မရသည်ကို သနားကြင်နာခြင်းသဘောဖြင့် စောင်မကြည့်ရှုသောတရား ဖြစ်သည်။ မုဒိတာမှာကား မိမိထက်သာလွန်၍ ကြီးပွားတိုးတက်နေသောသူကို ဝမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ လက်ခံရန်ဖြစ်သည်။ လျစ်လျူရှုခြင်းဆိုသည်ကား သူတစ်ပါး အတိဒုက္ခရောက်နေသောအခါ မိမိက ငါနှင့်မဆိုင်ဟု ပစ်ထားသော သဘောတရား မဟုတ်ချေ။ ကံအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ကိစ္စတို့၌ လောကနိယာမအတိုင်း ဤကဲ့သို့ ဖြစ်တတ်သည်ဟူ၍ ဆင်ခြင်ကာ မိမိ၏ စိတ်ကို တည်ငြိမ်အောင် နှစ်ဖက်မျှ၍ စဉ်းစားတတ်ခြင်းကို ဆိုလိုသည်။ ကံအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသောကိစ္စတို့၌ မိမိ၏စိတ်ကို မတုန်မလှုပ်စေရအောင် ထိန်းသိမ်းခြင်း သဘောသည် ဥပေက္ခာနှင့် သက်ဆိုင်လေသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားအချင်းချင်းသည် အမှန်တကယ် ချစ်ခင်ကြရမည်။ မိမိတို့ တိုင်းရင်းသားထဲမှ တစ်ဦးတစ်ယောက် ဒုက္ခရောက်နေလျှင် သနားကြင်နာသောအားဖြင့် ကူညီစောင့်ရှောက်ကြရမည်။ မိမိတို့ အမျိုးသားချင်းထဲမှ တစ်ဦးတစ်ယောက်က ထူးချွန်၍ ကြီးပွားတိုးတက်နေလျှင် ဝမ်းမြောက်ဝမ်းသာ ရှိကြရမည်။ မနာလိုဝန်တို မဖြစ်စေရ။ ကံအကြောင်း တရားအတိုင်းဖြစ်လာသည့် ကိစ္စတို့၌ ဝမ်းမြောက်ရန်လည်း မလို၊ ဝမ်းနည်းရန်လည်း အကြောင်းမရှိ။ လောကနိယာမအတိုင်း ဖြစ်သည်ဟု ဆင်ခြင်တတ်ကြရမည်။

ကျွန်ုပ်တို့သည် အမျိုးသားအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ လောကနိယာမအတိုင်း သဘောချင်းတူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏။ ထိုအခါ စိတ်တူသဘောတူ မဖြစ်သောကြောင့် သူတစ်မျိုး ငါတစ်ဖုံနေထိုင် လုပ်ကိုင်ကြသောအခါ မူမတူဘဲ ကွဲပြားခြားနားသောကြောင့် ထုံးစံအတိုင်း  အချင်းချင်းရန်ဖြစ်လေ့ရှိကြ၏။

ထိုအခါ ရန်ကိုအကြောင်းပြု၍ သူ့ဘက်ကိုယ့်ဘက်ဟူသော ဘက်လိုက်သောသဘောများ ပေါ်ပေါက်လာတတ်သည်။ အမှန်စင်စစ် အမျိုးသားအချင်းချင်းသည် ဘက်လိုက်၍ မညီမညွတ် ကွဲပြားခြားနားခြင်းကို မလိုလားအပ်ချေ။ မှန်သည်ဖြစ်စေ ၊ မှားသည်ဖြစ်စေ အချင်းချင်း သည်းခံ

www.burmeseclassic.com

www.burmeseclassic.com



၍ ခွင့်လွှတ်တတ်ကြရမည်။ ဤသဘောတရားသည် လျစ်လျူရှုခြင်းဟူသော သဘောထဲ၌ အကျုံးဝင်၏။ လျစ်လျူရှုခြင်းဆိုသည်မှာ မိမိတို့အမျိုးသားထဲမှ တစ်စုံတစ်ဦးကို နှိပ်စက်ကလူပြုသည့်အခါ ငါနှင့်မဆိုင်ဟူသောသဘောဖြင့် လက်ပိုက်ကြည့်ရန် အဓိပ္ပာယ်သို့ မရောက်ချေ။ ချစ်သည်၊ ခင်သည်၊ ကြင်နာသည်ဆိုရာဝယ် အမှားကို ကျူးလွန်မိလျှင် ခွင့်လွှတ်သည်းခံနိုင်မှသာ ချစ်ခင်ရာ ရောက်ပေလိမ့်မည်။ ဤဥပေက္ခာသဘောကို အဓိပ္ပာယ်ပေါက်အောင် ဆင်ခြင်သုံးသပ်ကြစေလိုသည်။

ထိုသို့ အဓိပ္ပာယ်ဖွင့်ပြခဲ့သော ဗြဟ္မစိုရ်တရားလေးပါးတို့သည် မနုဿ လူသားအချင်းချင်း ချစ်ခင်ညီညွတ်စွာ ပေါင်းသင်းနေထိုင်နိုင်စေရန် လမ်းညွှန်သော တရားများဖြစ်ပေသည်။ ဤတရားတို့သည် ကျွန်ုပ်တို့ချည်းသာ ဆိုင်အပ်၊ ပိုင်အပ်သော တရားများမဟုတ်။ တစ်ကမ္ဘာလုံးနှင့် ဆိုင်သော တရားများ ဖြစ်သည်။ ထိုမွန်မြတ်သော တရားများဖြင့် တိုင်းပြည်ကို ထူထောင်လျှင် ငြိမ်းချမ်းသာယာသော အခြေသို့ မုချရောက်နိုင်ပါလိမ့်မည်။

**ငွေတာရီ မဂ္ဂဇင်း၊ အမှတ်(၄၄၇) အောက်တိုဘာလ ၁၉၉၇**

www.burmeseclassic.com